နိုင်ငံခြားသားဆရာမရှိသော်လည်း
အင်္ဂလိပ်ဘာသာစကားကိုကိုယ်တိုင်ကိုယ်ကျ
ဘယ်နေရာရောက်ရောက်လေ့လာနည်း

စတီဖင်၊ဗန်၊ဝစ်။

မိတ်ဆက်

မာတိကာ
အပိုင်း ၁ – စာအုပ်အကြောင်းအကျဉ်းချုပ်
အပိုင်း ၂ – စာအုပ်အကြောင်းအကျဉ်းချုပ် အသေးစိတ်ဖော်ပြချက်
အပိုင်း ၃ – စာ
– – – – – – – – – – – – –

အပိုင်း ၁ – စာအုပ်အကြောင်းအကျဉ်းချုပ်

၁။ စာအုပ်၏ ရည်ရွယ်ချက် မိတ်ဆက်
၂။ အင်္ဂလိပ်ဘာသာလေ့လာရာတွင် အရင်းခံ တွေးခေါ်ပုံ
၃။သင် ရင်ဆိုင်နေရသော ပြဿနာများ
၄။ပြဿနာများကို ရှောင်ရှားပုံနှင့် ယင်းတို့ကို ဖန်တီးမှုရှိရှိ အသုံးချနည်း
၅။ အဆင်သင့်ရှိအဖြေများ
၆။ အဖြေပေါ်အောင်လုပ်ဆောင်နည်း
၇။ ထည့်စဉ်းစားရမည့် အခြားထင်မြင်ချက်များ
၈။ နိဂုံး
× × × × × × × × × ×
အပိုင်း ၂။ စာအုပ်အကြောင်းအကျဉ်းချုပ် အသေးစိတ်ဖော်ပြချက်

၁။ စာအုပ်၏ ရည်ရွယ်ချက် မိတ်ဆက်
က။မိတ်ဆက်
၁။ အင်္ဂလိပ် ဘာသာစကားတစ္ဆေ
၂။ ဖြစ်ပေါ်လာမည့် အပြောင်းအလဲများ၏ ရှေ့တော်ပြေးနိမိတ်
၃။ဆန္ဒစောတတ်သည့်သဘော

ခ။စာကိုယ်
၁။ ကိုယ်စီကိုယ်ငှ ရသမျှအခွင့်အရေးကိုယူ
၂။တရုတ်ပြည်ရှိစာအုပ်ဆိုင်များ
၃။ တရုတ်ပြည်ရှိ နိုင်ငံခြားသားများ
၄။အင်္ဂလိပ်ဘာသာစကား ထွန်းကားခြင်းနှင့် ကျဆုံးခြင်း
၅။ စာအုပ်၏ ရည်ရွယ်ချက်
(က)စာတမ်းခေါင်းစဉ် " မိမိနေထိုင်ရာနေရာဒေသတွင် နိုင်ငံခြားသား ဆရာမရှိသော်လည်း အင်္ဂလိပ် ဘာသာစကားကို ကိုယ်တိုင်ကိုယ်ကျ စဉ်ဆက်မပြတ်လေ့လာနည်း။"
(ခ)စာတမ်းအဓိပ္ပာယ်လွဲ
(ဂ)စာတမ်းအဓိပ္ပာယ်မှန်
၆။ စာအုပ်၏ ကျန်အပိုင်းအကြောင်း အကျဉ်းချုပ်
(က)အင်္ဂလိပ်ဘာသာလေ့လာရာတွင် အရင်းခံတွေးပုံခေါ်ပုံ
(ခ)ဘွဲ့ရအင်္ဂလိပ်ဘာသာလေ့လာသူများရင်ဆိုင်နေရသည့် အခက်အခဲများ
(ဂ)ယင်းအခက်အခဲများကို ရှောင်ရှားနည်း
(ဃ)အင်္ဂလိပ်ဘာသာစကားလေ့လာနည်း အဖြေများ
(င)ထည့်စဉ်းစားရမည့် အခြားထင်မြင်ချက်များ

(ဂ) နိဂုံး
၁။ ငါ့မှာ ဘာမရှိလို့ . . ဟူသော အကြောင်းပြချက်
၂။ အကြောင်းပြချက်ကို စွန့်လွှတ်ရတော့မည့်အချိန်
၃။ဤစာအုပ်ရည်စူးသော စာဖတ်ပရိသတ်
၄။စာကြွင်း။ သင်၏ ဆင်ခြေများကိုသာ စွန့်လွှတ်လိုက်ပါ။

---------------

၁။ အင်္ဂလိပ်ဘာသာစကားလေ့လာရာတွင် အရင်းခံတွေးပုံခေါ်ပုံ

(ဃ)မိတ်ဆက်

(၁) စာအုပ်များက ပညာရေးကိုတွန်းအားပေးသည်။ သို့ရာတွင် လေ့လာသင်ယူမှုတွင် ကြိုးပမ်းအားထုတ်ခြင်းနှင့် စာအုပ်စာပေများကို နောက်ကွယ်မှ အတွေးအခေါ်များက တွန်းအားပေးနေ။

(၂) အင်္ဂလိပ်ဘာသာစကားလေ့လာရာတွင် အရင်းခံတွေးပုံခေါ်ပုံများကို ဆုံးဖြတ်ရန်လိုအပ်။

(င)စာကိုယ်

၁။ အရင်းခံတွေးခေါ်ပုံများ – နှိုးဆော်ချက်များ

(က)မဖြစ်မနေလေ့လာရခြင်း

(ခ)ကိုယ့်ထူကိုယ်ထ

(ဂ)ထွက်ရပ်လမ်း

(ဃ)သာအောင်လုပ်

၂။ အရင်းခံတွေးခေါ်ပုံများ – နောက်ကွယ်မှစေ့ဆော်ချက်များ

၃။အရင်းခံတွေးခေါ်ပုံများ – ပညာရေးနှင့် အခြားထည့်သွင်းစဉ်းစားစရာများ

၄။အရင်းခံတွေးခေါ်ပုံများ – မှီခိုမှုနှင့် အမှီအခိုကင်းမှု

(င)နိဂုံး

၁။ ဤတွင် အတွေးခံစားချက်နှင့် သဘောထားများကို ဆွေးနွေးပါ။ ဆွေးနွေးမှုများရှည်လျားနေပါက ယင်းတို့မှာ ဆင်ခြေများသာ။

၂။စာအုပ်၏ကျန်အပိုင်းမှာ သင်လုပ်ဆောင်ရမည့် အလုပ်များနှင့် ကိုင်တွယ်ဖြေရှင်းရမည့် အခြေအနေများအကြောင်း ဆွေးနွေးတင်ပြထား။

၁။သင် ရင်ဆိုင်နေရသောပြဿနာများ

(စ)မိတ်ဆက်

ဤအပိုင်းတွင် သင်အကြိတ်အနယ် လေ့လာထားသော အင်္ဂလိပ်စာအသိပညာ၊ တစ်နည်းအားဖြင့် အခြားသူများထံမှ စာအုပ်စာတမ်းအကူအညီအားဖြင့်သော် လည်းကောင်း၊ သင်ကြားပြသမှုအားဖြင့်သော်လည်းကောင်း၊ ကိုယ်တိုင်လေ့လာမှုဖြင့်လည်းကောင်း ရရှိထားသော အသိပညာကို ပယ်ဖျက်ပစ်စေမည့် တွန်းအားများကို ဆွေးနွေးခြင်း။

(ဆ) စာကိုယ်

၁။ အခြားသူများထံမှ လေ့လာသင်ယူခြင်း၊ ဘယ်သူနဲ့ ဘာ

၂။ကိုယ်တိုင်လေ့လာသင်ယူခြင်း၊ အတွင်းပိုင်း ပုပ်အဲ့၊ အပြင်ဘက်တစ်စစီ။

၃။ ဖိစီးမှု၊ စိတ်အနှောက်အယှက်ဖြစ်ရခြင်းနှင့် မက်လုံးများကဲ့သို့ ထပ်ဝင်လာသည့် အရာများ

၄။ သင်ထောက်ကူ၊စာအုပ်စာတမ်း – တဖြည်းဖြည်းပြုတ်လပ်လာခြင်း

(ဇ)နိဂုံး

၁။ ကိုယ့်ဘာသာဖြစ်နေတဲ့၊ မိတ်ဆွေ၊သူစိမ်းကြောင့်ဖြစ်တဲ့ ပြဿနာများ

၂။ ကိုယ်အသုံးမချရင်၊ ဆုံးရှုံးရမှာပဲ။

၃။ စိတ်ဓာတ်ကျစရာကောင်းသော်လည်း ရင်ဆိုင်နေရသည့်အခက်အခဲနှင့် လုပ်ဆောင်ရမည့်အရာ။

၄။ စာကြွင်း၊ ဒီပြဿနာတွေက အခြားပြဿနာတွေကို ဘယ်လိုရှောင်ရှားရမယ်ဆိုတဲ့ ပုံကြမ်းကိုပေးအပ်နိုင်ပြီး၊ အနည်းဆုံးတော့ ယင်းတို့ကိုစီမံခန့်ခွဲနိုင်လာမည်ဖြစ်ကာ၊ ယင်းတို့ကို ကြံ့ရည်ဖန်ရည်ရှိရှိအသုံးချလာနိုင်စေမည်ဖြစ်။ အခက်အခဲအများစုတွင် ယင်းတို့ကိုဖြေရှင်းနိုင်မည့် မျိုးစေ့များကိန်းအောင်းနေသဖြင့် သင်တူးဆွကြည့်မှသိမည်။ ဒီအချက်ကို လာမည့်အခန်းတွင် ဆက်ဆွေးနွေးမည်။ စာအုပ်၏ လေမှာ အပြုသဘောပိုဆောင်လာမည်။

ပြဿနာများကိုရှောင်ရှားနည်းနှင့် ယင်းတို့ကို ဖန်တီးမှုရှိရှိအသုံးချခြင်း

(ဈ) ဤအပိုင်းတွင် ယခင်အခန်းများ၌တင်ပြခဲ့သော အခက်အခဲများစွာကိုပြန်လည်သုံးသပ်ပြီး၊ နေရာမရွေ့ဆိုင်းပဲ၊ လက်ငင်းဖြေရှင်းရန် နည်းလမ်းအချို့ကို တင်ပြထား။

(ည)စာကိုယ်

၁။အခြားသူများထံမှ

၂။ကိုယ်တိုင်ကိုယ်ကျ

၃။ ထပ်ဝင်လာသည့်အရာများ

၄။ စာအုပ်စာတမ်း သင်ထောက်ကူပစ္စည်း

(ဂ)နိဂုံး
၁။အင်္ဂလိပ်စာလေ့လာခြင်းတွင် သင့်တွင်ရှိသောအရာကို အသုံးချခြင်းပါဝင်နေ၊ အခက်အခဲများကို အသုံးချပါ။ လူများကို အသုံးမချပါနှင့်။
၂။ပြဿနာတိုင်းကို အဖြေအဖြစ်ပြောင်းလဲနည်းကိုသိလျှင် အဖြေထွက်တာများသည်။ ( သံပုရာသီးကို သံပုရာရည်အဖြစ်ပြောင်းခြင်းမျိုး)
၃။အချို့သောပြဿနာများကို ဖြေရှင်းမရနိုင်၊ ထို့ကြောင့် ယင်းတို့ကိုရှောင်ပြီး ဖန်တီးမှုရှိရှိ စီမံခန့်ခွဲပါ။
၄။ဤချဉ်းကပ်ပုံကို လေ့ကျင့်ခန်းတစ်ခုလို လိုက်နာမှုအဖြစ်မြင်လိုက်ပါ။ အဲဒီနောက် အသင့်ပြင်ပြီး သင်၏ သန္နိဋ္ဌာန်ကို စမ်းသပ်ပါ။ ထို့နောက် ဖန်တီးမှုရှိပါ။
၅။ စာကြွင်း။ အင်္ဂလိပ်စာလေ့လာရာတွင် တဖြည်းဖြည်းအရေးတယူလုပ်ဆောင်ရမည့်ကိစ္စများဖြစ်သည့် ထွက်ပေါ်နိုင်သည့် အဖြေများ၊ ယင်းတို့ကိုလက်တွေ့ အကောင်အထည်ပေါ်အောင် လုပ်ဆောင်နည်းကို လာမည့် အခန်းတွင် ဆွေးနွေးလိမ့်မည်။ ယင်းသို့အကောင်အထည်ပေါ်အောင် လုပ်ဆောင်နည်းမှာ သင်လိုချင်နေသောအရာဖြစ်သည်။ အသင့်ပြင်ထားပါ။

အဆင်သင့်ရှိနေသော အဖြေများ

(က)မိတ်ဆက်
ဤအခန်းတွင် ခေါင်းစဉ်၅ ခုကို ဆွေးနွေးတင်ပြမည်။

(ခ)စာကိုယ်
၁။ကွန်မြူနစ်ကလာပ်စည်းများကိုကြည့်ပြီး ကွန်မြူးမိသော အင်္ဂလိပ်စာလေ့လာနည်း
၂။ကလာပ်စည်း၏ဖွဲ့စည်းပုံ
၃။ကလာပ်စည်း၏ ထင်ရှားသည့်လက္ခဏာ
၄။ကလာပ်စည်း၏ အဓိကတန်ဖိုးများ
၅။အလုပ်အကျွေးပြုမည့်သူများ
၆။မိမိကိုယ်ကိုယ် အားပေးကူညီခြင်း

(ဂ)နိဂုံး
ဤအပိုင်းတွင်ပါဝင်သည့် ကလာပ်စည်းကိုမှုတည်ပြီး ရှင်းလင်းတင်ပြမှုများမှာ ထိရောက်အသုံးဝင်သော အချက်များဖြစ်။
အခြားသူများကိုလည်းကူညီ၊ ကိုယ့်ကိုယ်ကိုယ်လည်း အထောက်အကူပြုနိုင်သည့် နည်းလမ်းပေါင်းများစွာပါရှိ။
စာကြွင်း။ အကယ်၍ ကလာပ်စည်းသဘောမှာ နိုင်ငံရေးဆန်လွန်းနေပြီး၊ အခြားသူများကို အကူအညီပေးရန်မှာလည်း လက်တွေ့မကျဟု ထင်မြင်ပါက အင်္ဂလိပ်စာလေ့လာခြင်းကို အပြည့်အဝထိန်းချုပ်ပြီး ယင်းကိုသင့်စိတ်တိုင်းကျသာလုပ်ပါ။ စစချင်းကတည်းက ရလဒ်ကိုဆုံးဖြတ်သတ်မှတ်ထားပါ။ သင့်အတွက်နေ့ရက်ပေါင်းများစွာမကျန်တော့ပါ။ နောက်အခန်းတွင် ဤအယူအဆများကို လက်တွေ့အကောင်အထည်ဖော်ပုံကို ဆွေးနွေးမည်။

အဖြေပေါ်အောင် လုပ်ဆောင်နည်း

(၄)မိတ်ဆက်။ ဤအခန်းတွင် ယခင်အခန်းများက မိတ်ဆက်တင်ပြခဲ့သော ခေါင်းစဉ်အချို့ကို မှတ်ချက်ပေးပြီး၊ လက်တွေ့လေ့လာချက်အချို့ကို ထည့်သွင်းထား။ သင်၏အနေအထားအရ သီးသန့်ကြုံတွေ့နေရသည့် အခက်အခဲများအတွက် အဖြေပေါ်အောင် နည်းလမ်းများစတင်စဉ်းစားတော့မည်ဖြစ်၍၊ ဤနေရာမှာ အစမှတ်ဖြစ်မည်ထင်သည်။

(၅)စာကိုယ်
၁။ ကလာပ်စည်း၏ ထင်ရှားသည့်လက္ခဏာများ
၂။ ကလာပ်စည်း၏ အဓိကတန်ဖိုးများ
၃။ ကိုယ့်ကိုယ်ကိုယ် ဖေးမခြင်း
၄။ အကူအညီရယူခြင်း

(၃)နိဂုံး
ယခုထက်ထိ သင်ကြုံနေရသော အခက်အခဲများ၊ ယင်းတို့ကိုဖြေရှင်းနည်း၊ အဆင်သင့်ရှိအဖြေများနှင့် ယင်းအဖြေများကို မဖြစ်မနေလက်တွေ့အကောင်အထည်ပေါ်အောင် လုပ်ယူနည်းများကို ဆွေးနွေးခဲ့ပြီးလေပြီ။
နားလည်အောင်၊ အကျိုးရှိအောင်၊ အောင်မြင်အောင်လုပ်ဆောင်ရာတွင် အသုံးတည့်စေမည့်နည်းများရရှိလေပြီ။
ကလာပ်စည်းနမူနာပုံစံမှာ အောင်မြင်သည့်နည်းလမ်းတစ်ခုပင်။ သင့်အတွက် သင့်တော်ပါက အသုံးချပါ။
အင်္ဂလိပ်စာလေ့လာရာတွင် အခြေအနေအရလုပ်ဆောင်ခြင်းနှင့် အခြေအနေကိုဖြစ်အောင်ဖန်တီးယူခြင်း နည်းနှစ်မျိုးစလုံးကို ကိုယ်နှင့်ကိုက်အောင်အသုံးပြုရာတွင် အားကောင်းသောအကျိုးကျေးဇူးများရရှိခဲ့ပြီ။ ကံကောင်းပါစေ၊ ကောင်းမွန်သောလေ့လာမှုဖြစ်ပါစေ။

ထည့်စဉ်းစားရမည့် အခြားအယူအဆများ
(ပ) အင်တာနက်အခြေပြု အောင်သွယ်လုပ်ငန်းများ၊ ဗီဒီယို တယ်လီဖုန်းများနှင့် အခြား တီထွင်မှုနည်းပညာများကိုသုံး၍ အင်္ဂလိပ်ဘာသာစကားကို နိုင်ငံနှင့် အဝှမ်းပြန့်ပွားအောင် ဆောင်ရွက်ခြင်း

(ဏ)စာကိုယ်
၁။ ဗီဒီယိုတယ်လီဖုန်းဖြင့် အဝေးသင် သင်တန်းများသင်ယူခြင်း
၂။ အင်တာနက် အောင်သွယ်လုပ်ငန်း
၃။အင်တာနက်ပေါ်ရှိ စိတ်ကူးသစ်များ သတင်းလွှာ၊ ထုတ်ပြန်ကြေညာချက်
၄။ အမှားကိုဆန်းစစ်ဝေဖန်ခြင်းအား ဘာသာစကားလေ့လာရာတွင် အသုံးချခြင်း

(န)နိဂုံး
ဒီစာတမ်းဟာ စာဖတ်သူတို့ကြားမှာ ယဉ်ကျေးမှုနဲ့ ပိုနက်ရှိုင်းသော တီထွင်ဖန်တီးမှုအခြေခံအဆောက်အအုံကို နှိုးဆွပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။

နိဂုံး
(ပ)ဤအခန်းတွင် ယခင်အခန်းများကတင်ပြခဲ့သည်များကိုပြန်လည်သုံးသပ်မည်။ စာဖတ်သူအတွက် မေးခွန်းတခုချန်ထားရစ်မည်။

(တ)စာကိုယ်
၁။ စာအုပ်အား အကျဉ်းပြန်လည်သုံးသပ်ခြင်း
၂။ ကြီးကျယ်သော မေးခွန်းများ
၃။ ပြဿနာများ
၄။ ဤသို့ ဆောင်ရွက်ပါ
၅။ စာအုပ်၏ ရည်ရွယ်ချက်

(ထ)နိဂုံး
စာဖတ်သူတို့အနေဖြင့် နိုင်ငံခြားသားတစ်ယောက်အကူအညီမပါဘဲ အင်္ဂလိပ်ဘာသာစကားကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စနစ်တကျ စဉ်ဆက်မပြတ် လေ့လာနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++

အခန်း ၁

စာအုပ် ရည်ရွယ်ချက်နှင့် မိတ်ဆက်

## I. Introduction and purpose of this book.

တရုတ်ပြည်သူ့သမ္မတနိုင်ငံကို တစ္ဆေတစ်ကောင်က ခြောက်လှန့်နေသည်။ ယင်းမှာ အင်္ဂလိပ် ဘာသာစကားတစ္ဆေဖြစ်သည်။ ကျောင်းသားနှင့်ဆရာ၊ သူဌေးနှင့် အလုပ်သမား၊ တက္ကစီယာဉ်မောင်းနှင့် တက္ကစီစီးသူ ခရီးသည်တို့အားလုံးမှာ ယင်းတစ္ဆေကလုပ်လိုက်သော စိန်ခေါ်မှုများမှ အကျိုးအမြတ်ရရန်၊ ယင်းစိန်ခေါ်မှုများကို အနိုင်ယူရန်၊ အသုံးချရန်နှင့် နားလည်သဘောပေါက်ရန် ကြံရာမရဖြစ်နေသော မဟာမိတ်များအဖြစ် ပူးပေါင်းလုပ်ဆောင်လျက်ရှိနေကြလေသည်။ ယင်းတစ္ဆေတွင် အင်္ဂလိပ်ဘာသာစကား ဟူသော နာမည်ရှိသော်လည်း သင်းရနံ့တစ်ခုလိုပင် ပို၍ကြီးမားသော၊ မဲနက်သော အထူးသဖြင့် မမြင်ရသော ပေါ်ထွက်လာအံ့ဆဲဆဲ အရာကို ရန့်ဖြင့် အရိပ်အယောင်ပြနေခြင်းသာဖြစ်သည်။ ကံကြမ္မာ၊ အင်အားလျှော့ချခြင်း၊ အောင်ပွဲများ၊ ကပ်ဆိုက်မှုများ၊ အကျိုးအမြတ်များ၊ အနောက်အယှက်များ၊ အကဲစမ်းမှုများနှင့် ပို၍ပို၍ကြီးကျယ်သော အပြောင်းအလဲများ လိုက်ပါဖြစ်ပေါ်ခဲ့သည့် ဤပင်လယ်ရပ်ခြားရေးဟောင်းတိုင်းပြည်ထဲမှ ရှိနှင့်ပြီးသား အပြောင်းအလဲများ၏ ရှေ့ပြေးနိမိတ်မှာ ယင်းအင်္ဂလိပ်တစ္ဆေခြောက်လှန့်နေမှုဖြစ်သည်။

ကမ္ဘာပြုဖြစ်စဉ်ကို မျက်ခြေမပြတ်ဖို့၊ ဘာသာရပ်နယ်ပယ်အားလုံးကို လွှမ်းမိုးနေရာယူထားခြင်းကို မျက်ခြေမပြတ်ဖို့တို့ ဆိုသည်များမှာ နားလည်လွယ်အောင်ဆိုပြီး ပြောလေ့ရှိကြသော စိတ်ပျက်စရာပြောပုံဆိုပုံမျိုးဖြစ်သည်။ အကြောင်းကတော့ အင်္ဂလိပ်စာမှာ ထို့ထက်ပိုသည် ။ ပြောင်းလဲမှုနှင့် စိန်ခေါ်မှုလှိုင်းလုံးကြီး တစ်လုံးကတော့ ဒီတိုင်းပြည်ကို ဝါးမျိုတော့မည်။ ပြောရမယ်ဆိုရင်တော့ အဲဒီလှိုင်းလုံးကြီးဟာ စတင်လှုပ်ရှားလာနေပြီဖြစ်လို့ စိုးရိမ်ပူပန်မှုတွေ၊ ဂယောင် ခြောက်ချားတွေဖြစ်နေကြပြီ။ ရေနစ်နေတဲ့သူတစ်ယောက်လိုပင်။ တွေ့သမျှရေပေါ်ပေါ်နေတဲ့ ကောက်ရိုးလေးတစ်မျှင်ကိုတောင် ကျောင်းသားတွေ၊ ဦးဆောင် ဦးရွက်ပြုနေသူတွေနဲ့ အလုပ်သမားတွေဟာ မရရအောင် လိုက်လံဖမ်းဆုပ် နေကြသည်။ အရေးပေါ်အခြေအနေအရ ဦးစားပေးကုသခံနေရတဲ့ သူနာတွေလို သူတို့အဖို့ သက်သာရာရစေမယ့် စကားတစ်ခွန်း၊ အခြေအနေတစ်ခုလို ဘယ်လိုအရာမျိုးဖြစ်ဖြစ် မျှော်လင့်နေကြသည်။ သူတို့တစ်တွေ ဖွဲ့နဘဲကြီးစွာ ရှာဖွေနေသည့်၊ သူတို့လိုအပ်နေသည်ဟု ထင်မြင်ထားသည့်အရာမှာ အလုပ်ဖြစ်ကာ၊ ကျင်လည်စွာဖြင့် အင်္ဂလိပ်ဘာသာစကားကို နားလည်သဘောပေါက်ရန်ဖြစ်သည်။ အထူးသဖြင့် အမေရိကန်အင်္ဂလိပ်စာဖြစ်သည်။ ရုပ်သံဖန်သားပြင်ထက်နှင့် ပြည်တွင်းမှ ချမ်းသာကြွယ်ဝသူများ နေထိုင်ရာ အိမ်ဂေဟာများတွင်သာ တွေ့မြင်ရလေ့ရှိသည့် အဆင့်အတန်းနှင့် လက်ရှိဘဝအဆင့်အတန်းတို့ကြား ပေါင်းကူးအဖြစ် အင်္ဂလိပ်စာကို ရှုမြင်ထားကြသည်။ ၁၇ ရာစုက ဒတ်ချ်လူမျိုးတွေ ကျူးလစ်ပန်းစိုက်ကြသလို၊ ၁၉၂၀ ပြည့်နှစ်များက နယူးယောက်မြို့က ဆယ်ကျော်သက် ဖိနပ်တိုက်သမားတွေ စတော့ရှယ်ယာတွေ လိုမ့်ဝယ်ကြသလို စိတ်အားထက်သန်မှုမျိုးဖြင့် လက်ရှိတရုတ်ပြည်မှ မျိုးဆက်ကလည်း အင်္ဂလိပ်စာကို လေ့လာသင်ယူလာကြသည်။

ယနေ့တရုတ်ပြည်ရှိစာအုပ်အရောင်းဆိုင်တစ် ဆိုင်ဆိုင်ကို ရောက်ဖူးသူတိုင်း အင်္ဂလိပ်စာလေ့လာမှု၊ ပြည်ပ ပညာသင်နှင့် ရွှေ့ပြောင်းအခြေချခြင်း တို့မှာ ပေါ်ပြူလာဖြစ်သော ခေါင်းစဉ်များဖြစ်ကြောင်း အထင်အရှားသိရှိနိုင်သည်။ သဒ္ဒါ၊ အသံထွက်၊ ဝေါဟာရဗေဒ၊ နှံ့စပ်စွာ ဖတ်ရှုခြင်း၊ စာဖတ်စွမ်းရည် စသည့် ကမ္ဘာသုံးဘာသာစကားကို ကျွမ်းကျင်စွာပြောတတ်စေနိုင်မည်ဟု ယူဆရသော စာအုပ်စာတမ်းများမှာ စာအုပ်စင်များတွင် အပြည့်နေရာယူထားကြသည်ကို တွေ့ရမည်ဖြစ်သည်။ TOEFL IELTS စသည့် စာမေးပွဲအမျိုးမျိုးကို အောင်မြင်အောင်ဖြေဆိုနည်း စာအုပ်များကိုလည်း တွေ့ပါလိမ့်မည်။ တိပ်ခွေများ၊ ဗီဒီယိုခွေများအပြင်၊ စံကျအမေရိကန် အင်္ဂလိပ်စကားဖြင့် နိုင်ငံခြားသားများပါဝင်သော အပြန်အလှန် ပြောဆိုလေ့ကျင့်နိုင်သည့် ဗီဒီယိုဖိုင်များနှင့် ဆော့ဖ်ဝဲများကိုလည်း အဆင်သင့်ပင် ဝယ်နိုင်ပါသည်။

နိုင်ငံခြားသားဆရာများဆိုလျှင်လည်း ကျောင်းသားများက တလေးတစား၊ တက္ကသိုလ်များက ငမ်းငမ်းတက်လိုချင်ကြပြီး၊ အင်္ဂလိပ် ဘာသာမိတ်ဆက်ဟူသောခေါင်းစဉ်ဖြင့် ဟောပြောပွဲများတွင် မျက်နှာပန်းလှကြသည်။ အကယ်၍ တရုတ်ပြည်ကြီးတွင် အင်္ဂလိပ်စာသင်ပြမည့် နိုင်ငံခြားသားဆရာ တစ်ယောက်မှ မရှိတော့လျှင် မည်သို့များဖြစ်သွားမည်နည်း။ တရုတ်ပြည်က တက္ကသိုလ်တွေမှာ နိုင်ငံခြားသားဆရာတွေဟာ အဓိကကျတဲ့ နေရာက ပါနေကြတာကြောင့် ဒီလိုပြောတာမျိုးဟာ ရူးကြောင်ကြောင်နိုင်တယ်လို့ ထင်ကြလိမ့်မည်။ နိုင်ငံခြားသားဆရာတွေထံကနေ ထောင်ပေါင်းများစွာသော ကျောင်းသားကျောင်းသူတွေဟာ တစ်ခုခုကိုသင်ယူပြီးနောက် ဘွဲ့တွေဘာတွေရ၊ သူတို့ဘဝခရီးကို ဆက်ကြတဲ့အခါမှာ သူတို့ရဲ့အင်္ဂလိပ်စာအရည်အသွေးနဲ့ဆိုင်တဲ့ အရာတစ်ခုက ပျယ် လွင့်ပျောက်ကွယ်သွားတော့သည်။။ ဘွဲ့ရတချို့ကတော့ အားလုံးကို ခေါင်းထဲကနေပျောက်သွားကြခြင်းဖြစ်သည်။ နှစ်စဉ်လိုပဲ ကျောင်းသားကျောင်းသူတိုင်းဟာ သူတို့ရဲ့အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုကို အဆင့်တစ်ခုအထိရောက်ဖို့ တပင်တပန်း ချွေးဒီးဒီးကျကြိုးစားကြရသည်။ ဒီလို မထွေးနိုင်မမျိုနိုင် နာတာရှည် ခံစားမှုဟာ အချိန်နဲ့ အခြားအကြောင်းချင်းရာတွေက သူ့အလုပ်သူ လုပ်သွားကြပြီးတဲ့နောက် (ကာလအတိုင်းအတာတစ်ခုကြာပြီးနောက်) မှာတော့ အပျက် ပျက်နဲ့ နာခေါင်းသွေးထွက် ဆိုသလို လေ့လာသင်ယူသမျှ အရာမထင်ပဲ အဆုံးသတ်သွားကြပါတော့သည်။

ကျွန်တော့်အင်္ဂလိပ်စာဆရာလုပ်သက် ၇ နှစ်အတွင်း ကျောင်းသားဟောင်းတွေဆီက အများအားဖြင့်ကြားရတတ်တဲ့ ဆင်ခြေတစ်ခုကတော့ သူတို့မှာ အင်္ဂလိပ်လို ပြောဆိုလေ့ကျင့်ဖို့ရာ နိုင်ငံခြားသားသူငယ်ချင်းတစ်ယောက်မှ မရှိဘူးဆိုတဲ့ ဆင်ခြေပင်ဖြစ်သည်။

ဒီစာအုပ်ငယ်ရဲ့ရည်ရွယ်ချက်က အင်မတန်ရိုးရှင်းသည်။ အင်္ဂလိပ်ဘာသာစကားကို နိုင်ငံခြားသားတစ်ယောက်မှ ကိုယ့်အနားမှာမရှိသော်လည်း ကိုယ်တိုင်ကိုယ်ကျ စဉ်ဆက်မပြတ်လေ့လာနည်းကို ရေးသားဖော်ပြထားခြင်းဖြစ်သည်။ အင်္ဂလိပ်ဘာသာစကားကို သူ့ချည်းသက်သက်လေ့လာရန်သာ တင်ပြထားခြင်းမဟုတ်ပါ။ ထိုသို့လေ့လာရန် စာအုပ်ဆိုင်တွင် စာအုပ်စာတမ်းတွေ တစ်ပုံကြီးရှိပါသည်။ ရဲရင့်ပြတ်သားပြီး လူအများလေးစားအားကျရသော စကားပြောကောင်းသူတစ်ဦးအကြောင်းကို ရေးသားတင်ပြထားခြင်းလည်းမဟုတ်ပါ။ တော်လှန်ရေးတစ်ခုကို ဖြေးဖြေးနှင့် မှန်မှန်လုပ်ဆောင်သွားသည်နှင့် တူသည့် လေ့လာနည်းကားတစ်ခုဖြစ်ပါသည်။ ထို့ကြောင့်ပင် ယခုစာအုပ်၏အဖွင့်စာပိုဒ်ကို မာ့က်စ်နှင့် အိန်ဂျယ်လ်တို့၏ ၁၈၄၈ ခုနှစ် ကွန်မြူနစ်ကြေညာစာတမ်းမှ အဖွင့်စာပိုဒ်ကို ကူးယူထားခြင်းဖြစ်သည်။

ဤစာအုပ်၏ ကျန်အပိုင်းများကို အောက်တွင် အတိုချုပ်ဖော်ပြထားသည်။ ပထမဆုံးအနေဖြင့် မေးလိုသည်မှာ အင်္ဂလိပ်စာလေ့လာရာတွင် အရင်းခံတွေး ခေါ်ပုံမှာ အဘယ်နည်း။ အင်္ဂလိပ်စာကို အဘယ်ကြောင့် လေ့လာကြသနည်း။ မည်သည့်အောင်မြင်မှုကိုရယူနိုင်မည်ဟု မျှော်လင့်ထားကြသနည်း။ ဒုတိယ

အဆင့်တွင် သည်မှာ ဘွဲ့ရပြီးနောက် အင်္ဂလိပ်စာလေ့လာသူများ ကြုံရသည့်အခက်အခဲများကို လေ့လာသုံးသပ်ခြင်းဖြစ်ပါသည်။ တတိယအနေဖြင့် ယင်းအခက်အခဲများကို မည်သို့မည်ပုံရှောင်ရှားနိုင်မည့် အကြံဉာဏ်များနှင့် ယင်းအခက်အခဲများကို ကြုံရည်ဖန်ရည်ရှိရှိ အသုံးချနိုင်မည့်နည်းများကို အစဉ်လိုက်ဖော်ပြထားပါသည်။

အခန်း ၂

အင်္ဂလိပ်ဘာသာစကားလေ့လာရာတွင် အရင်းခံတွေးခေါ်ပုံ

**<u>II. Philosophical Roots of Learning English.</u>**

ကောင်းပြီ။ တင်ပြစရာရှိသည်ကိုသာ ပြောမည်။အင်္ဂလိပ်စာလေ့လာခြင်းကို တရုတ်ပြည်မှာ လက်ခံထားကြပုံ၊ တွေးခေါ်ကြပုံတွေကို ဆွေးနွေးကြပါစို့။ အင်္ဂလိပ်စာလေ့လာတာ ဘယ်ကအစပြုသနည်း။ အင်္ဂလိပ်စာကို ဒီလောက်လူတွေအများကြီး လေ့လာအောင် ဘာကတွန်းအားပေးနေသနည်း။ ပညာရေးကို စာအုပ်စာတမ်းတွေက မောင်းနှင်နေကြသည်။ ဒါပေမယ့် အဲဒီစာအုပ်စာတမ်းတွေနဲ့ လေ့လာသင်ယူမှုအတွက် မိမိတို့ရဲ့ကြိုးပမ်းမှုတွေကို နောက်ကွယ်ကတွေးပုံခေါ်ပုံက တွန်းအားပေးနေခြင်းဖြစ်သည်။ အင်္ဂလိပ်စာလေ့လာဖို့ စာအုပ်စာတမ်းတွေ၊ ဘာသာစကားသင်ကျောင်းတွေ၊ ဗီဒီယိုတွေနဲ့ အခြား သင်ထောက်ကူပစ္စည်းတွေ တရုတ်ပြည်မှာ တပုံတခေါင်းရှိသည်။ သို့ရာတွင် ဘွဲ့ရပြီးနောက် အင်္ဂလိပ်စာကို ဆက်မလေ့လာကြတော့။ အဘယ့်ကြောင့်နည်း။

ဒီအပိုင်းမှာ တရုတ်ပြည်အတွင်း အင်္ဂလိပ်စာလေ့လာရာမှာ အရင်းခံ တွေးပုံခေါ်ပုံတွေက ဘာလဲဆိုတာကို တင်ပြသွားမည်ဖြစ်သည်။ ပထမအဆင့်မှာ စိတ်ပါဝင်စားမှုအရင်းခံနဲ့ ယင်းရဲ့ဒုတိယအဆင့်မှာ နောက်ကွယ်ကအကြောင်းရင်း၊ တတိယအဆင့်မှာတော့ ပညာရေးနဲ့ အခြားကိစ္စရပ်တွေကို အကျယ် ဆွေးနွေးပါမည်။ စတုတ္ထအဆင့်မှာ မှီခိုမှုနဲ့ အမှီခိုကင်းမှုတို့ဟာ အဟန့်အတားလည်းဖြစ်စေပြီး၊ အဆင်ပြေချောမွေ့မှုလည်းဖြစ်စေတဲ့အရာတွေဖြစ်တယ်ဆိုတာကို ဆွေးနွေးပါမည်။ အတိုချုပ်ပြောရလျှင် ဘွဲ့ရပြီးနောက်မှာ အင်္ဂလိပ်စာကို နိုင်ငံခြားသားတစ်ယောက်မှ အနားမှာမရှိပဲဘယ်လောက်ထိကောင်းကောင်း မွန်မွန်လေ့လာထားသလဲဆိုတာကို သင့်ရဲ့တွေးပုံခေါ်ပုံက အတိုင်းအတာတစ်ခုအထိ သတ်မှတ်ပေးလိုက်ခြင်းပင်ဖြစ်ပါသည်။

အရင်းခံတွေးခေါ်ပုံများ - တိုက်တွန်းနှိုးဆော်မှုများ ***<u>Philosophical roots— motivators.</u>***

မဖြစ်မနေလေ့လာရခြင်း

ဒီလိုစိတ်ဓာတ်လှုံ့ဆော်မှုမျိုးတွင် သင့်အနေဖြင့် ပြင်ပက လွှမ်းမိုးမှုတွေကနေ တွန်းအားပေးခံနေရခြင်းဖြစ်သည်။ လုပ်ငန်းခွင်သုံးအင်္ဂလိပ်စာ အသိပညာကို ယနေ့ခေတ်အလုပ်တွေမှာ ပိုပြီးလိုအပ်လာတာနဲ့အမျှ အင်္ဂလိပ်ဘာသာစကားကို ဦးတည်တဲ့ ကွန်ရက်ထဲကို လူတွေပိုပြီးဝင်ဆံ့အောင်လုပ်လာကြပါပြီ။ ဒီလိုနဲ့ ရေပန်းစားတဲ့အနေအထားတစ်ခုအဖြစ်ကနေ လာပါ ပူးပေါင်းလှည့်ပါ ဆိုပြီး ဂယက်ရိုက်တဲ့ အနေအထားကို ဖြစ်ပေါ်လာစေတော့သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်ခွင့်နှင့် ကမ္ဘာပြုဖြစ်စဉ်၏ မဖြစ်မနေတောင်းဆိုမှုများကြောင့်လည်း အင်္ဂလိပ်စာကို လေ့လာရန် ယခုထက်များပြားသော လူများကို ဖိအားပေးလာမည်ဖြစ်သည်။

ကိုယ်ထူကိုယ်ထ

ယနေ့ခေတ်မှာ ကိုယ့်ဘဝတိုးတက်ရေးကို လိုလားသူတွေများလာပြီ။ ဝင်ငွေပိုကောင်းချင်လာကြပြီ။ လက်ရှိထက်ပိုကောင်းတဲ့ အလုပ်အကိုင်ဟာ ကိုယ့်ဘဝတိုးတက်ဖို့ဖန်လာမှာဖြစ်သည်။ အချို့ကတော့ လက်ရှိထက်ပိုပြီး ဆည်းပူးလေ့လာလိုကြသည်။ အထွေထွေစွမ်းရည်နဲ့ နည်းပညာစွမ်းရည်တွေလိုပဲ အင်တာနက်အခြေပြု အသိပညာကိုလည်း ဆည်းပူးလိုကြသည်။ ဒီလိုလေ့လာဆည်းပူးမှုမှန်သမျှတွင် အင်္ဂလိပ်ဘာသာစကားက ၎င်းတို့၏ ရည်မှန်းချက်များကို အကျိုးပြုလိမ့်မည်ဖြစ်သည်။

ထွက်ရပ်လမ်း

ယနေ့ခေတ်တွင် မည်သူမျှ နောက်ကောက်ကျမကျန်ခဲ့လိုကြပေ။ တစ်ဆင့်ပြီးတစ်ဆင့်မြင့်အောင် ကြိုးစားနေကြသော ကောလိပ်ကျောင်းဆင်းများကို ကြည့်ပါ။ ပထမ တောက မြို့သို့တက်သည်။ နောက်မြို့မှ မြို့ ကြီးပြကြီးသို့တက်သည်။ ထို့နောက် မြို့ ကြီးပြကြီးမှသည် နိုင်ငံရပ်ခြားသို့ထွက်ခွာကြသည်။ မည်သူမဆို ကိုယ့်အလုပ်ကို လမ်းဆုံးနိဂုံးမဖြစ်ချင်ကြပေ။ မအောင်မြင်တဲ့ အလုပ်ခွင်တစ်ခုကို စွန့်ခွာတော့မှာပဲဖြစ်ဖြစ်၊ တက်သစ်စ ကုမ္ပဏီသစ်ထဲကို ထိုးဖောက်ဝင်ရောက်တော့မှာပဲဖြစ်ဖြစ် အင်္ဂလိပ်ဘာသာစကားဟာ အထက်ကိုတက်မယ့် လှေကားရဲ့အစိတ်အပိုင်းပင်ဖြစ်သည်။

သာအောင်လုပ်

ပြိုင်ဆိုင်မှုတွေဟာ ယနေ့ခေတ်မှာ အညှာအတာမဲ့လှသည်။ တခြားသူတွေထက် ပိုပြီးသာချင်သူတွေများလှသည်။ ကုမ္ပဏီတိုင်းမှာ အခြားကုမ္ပဏီတွေထက် ပိုပြီးအောင်မြင်လိုကြသည်။ ကုန်သွယ်စီးပွား ရေးကဏ္ဍကဲ့သို့ အေးဆေးစွာပြီးမြောက်နိုင်သည့် ကဏ္ဍများတွင်ပင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ အဘက်ဘက်တွင်သာလွန်တိုးတက်အောင် ကြိုးပမ်းအားထုတ်နေကြရသည်။ ညနေခင်းတိုင်း မှန်ကြည့်ကာ မနေ့ကထက် ပိုပြီးအခြေအနေတိုးတက်ကောင်းမွန်လာသလားဟု လူတိုင်းမေးခွန်းထုတ်နေကြသည်။ မျှော်လင့်ချက်ထားနေကြသည်။ အင်္ဂလိပ်စာကျွမ်းကျင်မှုဆိုသည်ကား ယနေ့ခေတ်ဝယ် လူတိုင်းက ဝယ်ယူကာ မြနေအောင်သွေးနေကြသော ဓားများစွာထဲမှ ဓားတစ်လက်ပင်ဖြစ်သည်။

အရင်းခံတွေးခေါ်ပုံ = နောက်ကွယ်မှစေ့ဆော်ချက်များ ***<u>Philosophical roots — underlying motivators.</u>***

အတွေ့နဲ့ ဆန္ဒကြား မှောင်ရိပ်ဖြတ်ကာသွား။(တီ၊အက်စ်၊ အီလီယော့)

အင်္ဂလိပ်စာလေ့လာတာပဲဖြစ်ဖြစ်၊ တခုခုကိုလေ့လာမယ်ဆိုရင် ဒီလိုလေ့လာမှုကို စေ့ဆော်တာရဲ့နောက်ကွယ်မှာ ဘာရှိနေလဲ။ သင်ဟာ အဆိုးမြင်တတ်သူဆိုရင်တော့ လောဘ၊ ကြောက်ရွံ့မှု၊ မနာလိုဖြစ်တာ၊ ရည်မှန်းချက်၊ ဂုဏ်ယူမှု၊ အားမလိုအားမရဖြစ်ရတာ စတာတွေကို အကြောင်းရင်းတွေလို့ပြောလိမ့်မည်။ အပြုသဘောဆောင်ပြီး အကောင်းမြင်တတ်သူဆိုရင်တော့ ဝတ်မွတ်မှု၊ စိုးရိမ်မှု၊ အလိုဆန္ဒ၊ မိမိကိုယ်ကိုယ် ရှိသေမှု၊ ဘဝရဲ့ပျော်ရွှင်ဝမ်းမြောက်စရာတွေထဲမှာ ပါဝင်လိုတဲ့ ဆန္ဒ၊ ကိုယ့်လက်ရှိအရည်အချင်းနဲ့ ပိုကောင်းအောင်လုပ်ချင်တာ လို့ပဲ ပြောမလား။ ဒီလိုမှမဟုတ်ရင်လည်း ဘာလို့ ခင်ဗျားမနက်စောစောမထသလဲ။ ဘာလို့များ တနေကုန်တနေခမ်း ရုန်းကန်နေတာတုန်း။ ညနေခင်းအချိန်တွေမှာ ဘာလို့စာဖတ်နေတာလဲ။ ကဲဒါတွေထားပြီး ဘာလို့ ညဘက်မှာ အိပ်မက်မက်တာလဲ။ ဘာကြောင့်လဲ။

ဒီမှာ သဘောထားထင်မြင်ချက်ပေးမည်။ မဆိုင်ဟုထင်ရသော်လည်း မိမိအမြင်တွင်တော့ ဆိုင်သည်။ ရုရှားနှင့် ပြင်သစ် ဘာသာစကားကိုလေ့လာကြရာတွင် အချို့သောကျောင်းသားများ၌ အင်္ဂလိပ်စာနှင့် ဂျပန်စာ လေ့လာသည့်ကျောင်းသားများနှင့် မတူပဲ အရည်အသွေးပိုင်းဆိုင်ရာ ခြားနားချက်များရှိနေပါသနည်း။ ထိုဘာသာစကားများမှာ မတူညီသောဆွဲဆောင်မှုများရှိနေခြင်းကြောင့်လော။ မတူညီသော စေ့ဆော်မှုများ ယင်းဘာသာစကားများက ဖြစ်ပေါ်လာစေသလော။ လေ့လာသည့်နိုင်ငံနှင့် ယဥ်ကျေးမှုတို့မှနေပြီး မတူညီသောအကျိုးကျေးဇူးများကို ပေးပါသလော။ ဆိုရလျှင်တော့ ဘာသာစကားတစ်ခုကို လေ့လာခြင်းသည် ရလဒ်တစ်ခုခု၊ ဆုလာဘ်တစ်ခုခုကို ဆွတ်ခူးရရှိလို၍ပင်ဖြစ်ပါသည်။

အရင်းခံတွေးခေါ်ပုံ – ပညာရေးနှင့် အခြားထည့်သွင်းစဉ်းစားဖွယ်ရာအချက်များ ***Philosophical roots—Educational and other matters to consider***

ဒီအပိုင်းမှာ ကိုယ့်နားမှာ နိုင်ငံခြားသားမရှိပေမယ့် အင်္ဂလိပ်စာကို စဉ်ဆက်မပြတ် ကိုယ်တိုင်လေ့လာမှုနဲ့ ဆိုင်တဲ့ တွေးပုံခေါ်ပုံ၊ အယူအဆနဲ့ အကြံပြုချက်တွေကို ပညာရေးရှုထောင့်ကနေ တင်ပြသွားမှာပါ။ ဒါကြောင့် စိတ်ရှည်ပါ။ သင့်အတွက်အသုံးတည့်မယ့်ဟာကို ယူပြီး မလိုတာကိုပယ်လိုက်ပါ။

ဘာသာစကားနဲ့ အသိပညာကို ပေါင်းစပ်ပါ။ အလွတ်မကျက်ရ။

တရုတ်ပြည်မှာ အလွတ်ကျက်တဲ့ အသိပညာကအရိုးစွဲနေတာ ကြာလှပါပြီ။ ရှစ်နှစ်ကနေ ဆယ့်တစ်နှစ်လောက်ထိကြာမြင့်တဲ့ ၎င်းတို့ရဲ့အင်္ဂလိပ်စာလေ့လာမှုသက်တမ်းတစ်လျှောက်မှာ အချက်အလက်တပြုံကြီးကို လေ့လာခဲ့ကြပြီးပါပြီ။ ကြက်တူရွေးလို နှုတ်တိုက်ကျက်လာခဲ့တဲ့ ပုံသေကားကျ အသိပညာကနေ ပေါင်းစပ်ခြင်း၊ ဖန်တီးတီထွင်ခြင်းနဲ့ပြန်လည်ဆန်းသစ်ခြင်းလုပ်မယ်ဆိုရင်တော့ ရလဒ်ဖြစ်တဲ့ စကားအသုံးအနှုန်းနဲ့ ဝေါဟာရတွေကို သိသိသာသာကြီးကို ထုတ်ဖော်ပြောဆိုနိုင်လာမှာဖြစ်သည်။ ပုံသေကားကျ နှုတ်တိုက်ကျက်တာကနေ ပြောင်းလဲရာတွင် စကားပြောတတ်စ ကလေးတစ်ဦး မိခင်ဘာသာစကားကိုပြောသလို ပြောခြင်းမျိုးဖြစ်သည်။ စံပြဝါကျ ဆယ်ကြောင်းကို အလွတ်ကျက်လျှင် ဆယ်ကြောင်းသာရလိမ့်မည်။ ဘာသာစကားနှင့် အသိပညာကိုပေါင်းပြီး ဝါကျများကို စိတ်ကူးပေါ်လာသည့်အတိုင်း ပြောင်းလဲပြောတတ်အောင်ကြိုးစားမည်ဆိုလျှင်တော့ ဝါကျပေါင်း သုံးဒါဇင်လောက်ကို ပြောတတ်လာပါလိမ့်မည်။ ဤအချက်ကြောင့်ပင်လျှင် နိုင်ငံခြားသား ကလေးငယ်များမှာ တရုတ်ပြည်က ကောလိပ်ကျောင်းသားများထက်ပိုပြီး ပြောနိုင်ဆိုနိုင်ခြင်းဖြစ်ပါသည်။ နိုင်ငံခြားသားကလေးငယ်များမှာ သူတို့သိသလောက်ကိုပင် အမျိုးမျိုးသော ဝါကျများအဖြစ်သို့ ပေါင်းစပ်ပြောင်းလဲပြောဆိုနိုင်ခြင်းကြောင့်ပင်ဖြစ်သည်။

လေ့လာမည့်ဘာသာစကားကို စိတ်ပါဝင်စားခြင်းသည် တစ်ဝက်အောင်နိုင်ခြင်းမည်၏

လက်တစ်ကမ်းတွင်ရှိသော လုပ်ဆောင်ရမည့်အရာများကို စိတ်ပါဝင်စားပြီး၊ အင်္ဂလိပ်ဘာသာစကားကိုနှစ်သက်သည်ဆိုပါက ယင်းကိုလေ့လာမှုမှာ အင်မတန်လွယ်ကူသွားစေမည်ဖြစ်ပါသည်။

ဘလွန်း၏ မေးခွန်းများကို အမျိုးအစားခွဲနည်း

ဘင်ဂျမင် ဘလွန်းကို အစွဲပြုခေါ်ဆိုသော ဤအယူအဆပိုင်းဆိုင်ရာစံနမူနာတွင် မေးခွန်းများကို အဆင့်ခြောက်ဆင့်ခွဲထားသည်။ ယင်းတို့မှာ အသိပညာ၊ သဘောပေါက်နားလည်နိုင်စွမ်း၊ လက်တွေ့အသုံးချခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ ပြုပြင်ပေါင်းစပ်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းတို့ ဖြစ်ကြသည်။ ကျောင်းဆရာဖြစ်လျှင် ဤနမူနာပုံစံကိုသုံးပြီး ကျောင်းသားကို အဆင့်တစ်ခုနှင့် တစ်ခုတွင် မေးခွန်းများမေးမြန်းကာ အမြဲတစေ အကဲစမ်းနိုင်စေမည်ဖြစ်သည်။ အင်္ဂလိပ်စာ လေ့လာသူကျောင်းသားအနေဖြင့်မူ မိမိနှင့်ကိုက်ညီမည့် အဆင့်မှ လုပ်ဆောင်ရမည့်အရာများကို ကိုယ်တိုင်ချဉ်းကပ်နိုင်မည်ဖြစ်သည်။ နောက်ပိုင်းကျသော အဆင့်များကိုအခြေခံသည့်မေးခွန်းများ (ဥပမာ – ပြုပြင်ပေါင်းစပ်ကြည့်ခြင်း) တွင်ပိုပြီး တီထွင်ဆန်းသစ်ရန်၊ ပင်ကိုယ်အတွေးအခေါ်ဖြင့်ဖြေဆိုရန်လိုအပ်မည်ဖြစ်သည်။ ရှေ့ပိုင်းမေးခွန်းများတွင်မူ အလွတ်ကျက်မှတ်ရန်နှင့် တိုတိုတုပ်တုပ်စဉ်းစားရန် လိုအပ်မည်ဖြစ်သည်။ နောက်ပိုင်းအဆင့်မေးခွန်းများတွင် စံပြအဖြေနှင့် အဖြေမှန်ဟူ၍မရှိပေ။

အင်္ဂလိပ်လိုပဲမှတ်သားစဉ်းစားပါ

ပြောဖို့တောင်လိုမည်မထင်ပါ။ ဘာသာစကားမှာ ပိုပြီးကျွမ်းကျင်လိမ္မာလာစေမယ့် ဝန်းကျင်တစ်ခုလုပ်ထားမယ်ဆိုရင် အင်္ဂလိပ်ဘာသာစကားနဲ့ စဉ်းစား၊ ဆောင်ရွက်ပါ။ စကားလုံးအသစ်တွေကိုသာ မိခင်ဘာသာစကားနဲ့မှတ်သားပါ။ ဒီလိုမိခင်ဘာသာစကားနဲ့မှတ်သားတာကိုပင် တချို့ကကန့်ကွက်ကြမည်ထင်သည်။

တစ်ယောက်နဲ့တစ်ယောက်မလှောင်ပြောင်ရ၊ မကဲ့ရဲ့ရ။

ဒါကတော့ အင်မတန်ရှင်းသည်။ မျက်နှာအမူအရာနဲ့ လူတစ်ယောက်ကို နှိမ့်ချ သိမ်ငယ်စိတ်ဝင်သွားစေပြီး၊ လူပုံအလယ် ဘုတ်လုပ်ခံရလို့ ကျောင်းသား ရဲ့ပင်ကိုယ်အစွမ်းအစကို သိသိသာသာတိမ်ကောသွားစေတတ်ပါသည်။ ရှက်တာ၊ ကြောက်တာ၊ လူအာရုံစိုက်ခံရမှာတွေကို ထည့်မတွက်ပါ

နင့်။ မည်သူမဆို မိမိထင်မြင်ချက်ကို အေးအေးဆေးဆေးပြောနိုင်သည်ဟု ယုံထားပါ။

အိပ်မက်နှင့် တကယ့်ဖြစ်ရပ်

တီ၊အီး၊ လောရင့်စ် (အော့ဖ် အာရေဗျ)က " လူတိုင်း အိပ်မက်မက်ကြသော်လည်း တစ်ယောက်နှင့် တစ်ယောက်မတူ။ ၎င်းတို့စိတ်အာရုံ၏ မှောင်မိုက်ဆုံးချောင်ကြိုချောင်ကြားတွင် အိပ်မက်မက်ကြသူများမှာ နိုးထချိန်တွင် အနှစ်သာရ ကင်းမဲ့မှုကိုသာ တွေ့လိမ့်မည်။ သို့ရာတွင် နေ့ခင်းကြောင်တောင် အိပ်မက်မက်သူများမှာမူ မျက်လုံးဖွင့်လျက်သား အိပ်မက်မက်မြင်ကြပြီး အိပ်မက်ကို လက်တွေ့အကောင်အထည်ဖော်တတ်ကြသူများဖြစ်၍ အန္တရာယ်ရှိသူများဖြစ်သည်။ "ဟု ရေးသားခဲ့ဖူးသည်။ အဆိုပါ နေ့လည်ဘက်အိပ်မက်မက်သူလိုပင် အိပ်မက်မက်ပါ၊ အိပ်မက်ကိုနားလည်အောင်လုပ်ပြီး လက်တွေ့အကောင်အထည်ဖော်ရန်ဆောင်ရွက်ပါလေ။

အလွန်အကျွံမမျှော်လင့်ပါနှင့်။

ရိုက်စပီးယားကို တစ်ပတ်အတွင်းဖတ်နိုင်လိမ့်မည်ဟု ထင်မထားပါနှင့်၊ အင်မတန်မြင့်မြင့်မားမားမျှော်မှန်းထားပြီးမှ ကျရှုံးခဲ့ပါလျှင် နောင်တစ်ကြိမ် ထပ်မံကြိုးစားသည့်အခါ မိမိအားဆန့်ကျင်နေသော ဖိအားများမှာ အားမတန် မာန်လျှော့ရမည့်ကိန်းဆိုက်လာလိမ့်မည်။ ရည်မှန်းချက်နိမ့်နိမ့်ထားပြီး ယင်းရည်မှန်းချက်များအောင်မြင်သည့် ပီတိကိုခံစားပါ၊ နောက်ထပ်ရည်မှန်းချက်နိမ့်နိမ့်များ ထပ်မံထားရှိပါ။

စလိုက်စလျောရှိခြင်း

တခါတလေမှာ သင့်ရဲ့စီမံကိန်းများ ထင်ထားသလိုဖြစ်မလာတတ်ဘူး။ ဒါကြောင့်မို့လို့ သင့်ရဲ့စီမံကိန်းတွေ၊ လုပ်ငန်းစဉ်တွေ၊ ရည်မှန်းချက်တွေ၊ ပန်းတိုင်တွေ၊ သတ်မှတ်ကာလတွေ၊ ဘာသာစကားလေ့လာဖော် လေ့လာဖက်တွေ စတဲ့စတဲ့ အရာတွေကို ပြုပြင်ပြောင်းလဲတာတွေလုပ်ဖို့ အဆင့်သင့်ဖြစ်နေပါစေ။

သင်ပျော်ပါရဲ့လား။

၁၉၉၄ ခုနှစ်မှာ တရုတ်ပြည်ကို မိမိစရောက်တုန်းက အဖွဲ့ခေါင်းဆောင်က အင်္ဂလိပ်စာပြဆရာတွေကို အောက်ပါအတိုင်းပြောခဲ့တယ်။ "မင်းတို့တွေ ဘယ်လောက်ထိလုပ်နိုင်သလဲဆိုတာ၊ ဘယ်သူနဲ့တွေ့သလဲဆိုတာနဲ့ ကိုယ်ဘာလုပ်မိခဲ့သလဲဆိုတာတွေ မမေးကြပါနဲ့။ "တဲ့။ ကိုယ်ပျော်သလား ဆိုတာပဲ မေးပါတဲ့။ ကိုယ်လုပ်နေရတဲ့ အလုပ်ကိုပျော်ရွှင်ကျေနပ်တာဟာ ခွန်အား၊ မျှော်လင့်ချက်နဲ့ သတ္တိတွေကို အတိုင်းအတာတစ်ခုထိရရှိစေနိုင်သည်။ ဒါကြောင့် အင်္ဂလိပ်စာလေ့လာရတာကို နှစ်နှစ်ခြိုက်ခြိုက်ရှိလို့ လေ့လာတာမျိုးဖြစ်စေချင်သည်။

ကံကြမ္မာကိုယုံသလား။

သင်ဟာ လူ့ပြည်ကိုအချိန်အပိုင်းအခြားတစ်ခုအတွင်း တစ်ခုခုကိုပြီးမြောက်အောင်ဆောင်ရွက်ဖို့ရည်ရွယ်ချက်နဲ့ ရောက်လာရတာလို့ တွေးမိဖူးပါသလား။ ခက်ခဲတဲ့၊ အန္တရာယ်များတဲ့၊ မဖြစ်နိုင်ပါဟုထင်ရသည့် အရာတွေကိုလုပ်ဆောင်နိုင်ခဲ့သူများဟာ သူတို့အနေနဲ့ ဒီအရာတွေကိုလုပ်ဖို့ လူ့ပြည်ကိုရောက်လာကြတာဟု ယုံကြည်ထားတာကြောင့် ထိုသို့လုပ်ဆောင်နိုင်ခဲ့ကြခြင်းဖြစ်သည်။ သမိုင်းစာမျက်နှာတွေထဲမှာ ထိုသို့သော လူစားမျိုးများဖြင့်ပြည့်နက်နေသည်။ ၎င်းတို့ဆောင်ရွက်ခဲ့သောကိစ္စများမှာ ကြီးကျယ်သော၊ ကျယ်ပြန့်သောအတိုင်းအတာရှိသည့် ကိစ္စများဖြစ်သည်။ မိမိတို့အတွက်ရော နေ့စဉ်၊ သာမန်၊ သေးဖွဲသောကိစ္စရပ်များကို အောင်မြင်အောင်အဘယ်ကြောင့်မဆောင်ရွက်နိုင်ရမည်နည်း။ ဤကဲ့သို့သော ကံကြမ္မာမျိုးကိုမိမိတို့စိတ်တွင် ကိန်းအောင်းထားနိုင်မည်ဆိုပါက မျှော်လင့်ချက်၊ အင်အား၊ ဦးတည်ချက်နှင့် စိတ်တူကိုယ်တူ အပေါင်းအသင်းများကို အဘယ်ကြောင့် မတွေ့ဆုံပဲရှိမည်နည်း။ ကံကြမ္မာက ကိုယ့်ကိုကစားမည့် အံစာတုံးဘဝအဖြစ်မခံပဲ၊ ကိုယ်ကသာ အံစာတုံးကိုကစားမည့်သူဖြစ်ပါစေလေ။

အချို့ကို ကိုယ့်နောက်လိုက်များဖြစ်အောင် သွန်သင်ပါ။

" အခြားသူများကို သင်ကြားပြသနိုင်သည့်အရည်အချင်းရှိသူများထံတွင် အပ်နှံထားသည့် အသိသက်သေအများအပြားရှေ့မှောက်တွင် မိမိအားပြောဆိုပါ။ " ဆိုသောဆိုရိုးစကားတွင် လေ့လာသင်ယူသူမျိုးဆက်လေးဆက်ပါနေသည်ကို တွေ့လိမ့်မည်။ တစ်ယောက်ချင်း သင်ကြားပြသသည့်နည်းစနစ်သည်သာ အကျိုးကျေးဇူးအရှိဆုံးဖြစ်ပါသည်။ အခြားသူများကို ကျေးဇူးပြုရင်း သင်လည်းကျေးဇူးတရားကိုခံစားရပါလိမ့်မည်။ ဤသို့သောအနီးကပ်သင်ပြပို့ချခြင်း သို့မဟုတ် အနီးကပ်ပို့ချသူဆရာဟူသည့် နမူနာပုံစံသည် ရံဖန်ရံခါတွင် အောင်မြင်မှုအတိုင်းအတာကြီးမားသည့် ထိရောက်အကျိုးရှိသော လေ့လာမှုနည်းစနစ်ဖြစ်တတ်ပါသည်။ ဤအချက်မှာ အရေးကြီးသည်ဟု မိမိယူဆသဖြင့် အခန်း၄ တွင် ထပ်မံ၍အကျယ်တဝင့် ဆွေးနွေးပါဦးမည်။

မဖြစ်မနေလုပ်ရမည့်အရာကို မလုပ်ပဲ၊ ကိုယ်ဆန္ဒရှိသည့်အရာကိုသာလုပ်ပါ

တိတ်တဆိတ်လက်မှိုင်ချနေသူအများအပြားကို လူထုကဦးဆောင်သွားသည်လို့ သိုရိုးကမိန့်ဆိုခဲ့သည်။ မှန်ပါသည်။ အသက်ရှင်ရပ်တည်ဖို့အရေး လုပ်စရာတချို့ကိုတော့ လုပ်ရပါမည်။ သို့ရာတွင် မိမိတို့ဆန္ဒရှိသည့်အရာကိုလုပ်ရသည့်အချိန်တွင် ဘဝမှာပို၍ နေပျော်ဖွယ်ရာဖြစ်လာသည်။ ထို့ပြင် ကိုယ်ဆန္ဒရှိသည့်အရာကိုလုပ်ခြင်းမှာ ပို၍အရာရောက်တတ်ပါသည်။ ကောင်းပြီ၊ ဤအချက်က အင်္ဂလိပ်စာလေ့လာရေးကို မည်သို့အထောက်အကူပြုသနည်း။ ကိုယ်စိတ်ပါဝင်စားသည့်အရာကို လုပ်ခြင်းကြောင့် အလုပ်ပိုလုပ်ဖြစ်ပြီး၊ ပို၍လည်းမြန်ဆန်တတ်ပါသည်။ ထို့ပြင် ပျော်စရာလည်းကောင်းလိမ့်မည်။ တရုတ်စာကို မိမိမည်သို့မည်ပုံလေ့လာခဲ့သည်ကို ဥပမာပေးပါရစေ။ "က" သည် တရုတ်ဘာသာစကားကြီးတစ်ခုလုံးဖြစ်သည်ဆိုပါစို့၊ "ခ" သည် နေ့စဉ်သုံး အလွယ်ဝါကျများဖြစ်သည်။ "ဂ"မှာ ကိုယ်ကျွမ်းကျင်သော နယ်ပယ်ဟုထားပါ။ (မိမိအဖို့တော့ တရုတ်ပြည်အနှံ့သွားလာခြင်းမှာ မိမိကျွမ်းကျင်ရာဖြစ်သည်)။ "ဃ"ကတော့ အခြားအရာများအားလုံးဖြစ်ပါသည်။ ထို့ကြောင့် "ဃ" သည် အင်မတန် ကြီးမားကျယ်ပြန့်သည်။ မိမိသည် "ခ" နှင့် "ဂ" တို့တွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှအားထုတ်သည်။ ကိုယ်ပျော်သလိုနေသည်။ လုပ်ချင်သည်ကိုလုပ်သည်။ တရုတ်ပြည်အနှံ့ခရီးသွားသည်။ ဤနမူနာကိုပင် နောင်တစ်ချိန် ရုရှားဘာသာစကား

သင်သည့်အခါပြန်သုံးကြည့်နိုင်မည်ဟု မျှော်မှန်းထားသည်။ မှန်ပါသည်။ အပေးအယူလုပ်လိုက်ရသည်ကတော့ရှိသည်။ "ယ" နှင့်ပတ်သက်ပြီး မိမိလွတ်သွားတာတွေ၊ မရလိုက်တာတွေ တပုံကြီးရှိနေနိုင်ပါသည်။ အဓိကပြောလိုသည့်အချက်မှာ ဘာသာစကားလေ့လာရာတွင် မိမိလုပ်ချင်သည်ကိုလုပ်လိုက်ခြင်းက ကောင်းမွန်သောရလဒ်ဖြစ်ပေါ်လာစေမည်ဆိုသည်ပင်ဖြစ်သည်။

ကိုယ့်နည်းကိုယ်ဟန်ဖြင့် တမူထူးအောင်လုပ်ဆောင်ပါ။

"ဒါငါ့ရဲ့နည်းလမ်းပဲ။ ဒီနည်းလမ်းအတိုင်းလုပ်ရင်လုပ်၊ မလုပ်ရင်ဒိုး။ ဟုတ်ပလား" လို့ သင့်ဆရာက သင့်ကိုပြောပါလိမ့်မည်။ ကောင်းပါပြီ။ သင့်ဆရာကိုထားပြီး ဒိုးသာဒိုးလာခဲ့ပါ။ ရံဖန်ရံခါမှာ ကိုယ့်နည်းကိုယ့်ဟန်က ကိုယ့်အတွက်အကောင်းဆုံးဖြစ်နေတတ်ပါသည်။ ဒါပေမယ့် သင့်သူငယ်ချင်းတွေနဲ့တော့ စိမ်းမသွားပါစေနဲ့။ တချို့လူတွေဟာ (မိမိလိုပဲ) ကိုယ့်ဘေးမှာ တစ်ယောက်ယောက်မရှိရင် မလုပ်တတ်မကိုင်တတ်ဖြစ်တတ်သည်။ သူတို့နည်းသူတို့ဟန်နဲ့ ဆိုတာမျိုးတော့ သူတို့ကလုပ်နေတတ်ကြပါတယ်။ အင်္ဂလိပ်စာလေ့လာရာမှာကြုံရည်ဖန်ရည်ရှိတဲ့ဖြစ်နိုင်ခြေတွေအားလုံးအတွက် ဇရာမနေရာကြီးရှိနေပါသည်။

ကိုယ့်ပင်ကိုယ်စရိုက်ကို ထုတ်ဖော်ခြင်းဟာ ထူးချွန်သူဖြစ်လာစေမှာပါ

ပြောရမယ်ဆိုရင် ဒီစာပိုဒ်ဟာ အထက်ကစာပိုဒ်နဲ့ သွားတူနေပါတယ်။ ကိုယ့်ပင်ကိုယ်စရိုက်ကိုထုတ်ဖော်ပြသခြင်းအားဖြင့် မိမိတို့ရဲ့အင်္ဂလိပ်စာလေ့လာမှုကို ပိုမိုတိုးတက်လာစေတတ်ပါတယ်။ မိမိတို့အနေနဲ့ ပိုပြီးစိတ်ဝင်စားမှုရှိလာသလို ပိုပြီးတော့လည်း ပျော်ရွှင်လာကြဖွယ်ရှိပါတယ်။ ဒုတိယအနေနဲ့ ထူးချွန်ထက်မြက်သူဆိုရာမှာ မိမိတို့မှာ တစ်ခုခုတော့ ထူးချွန်နေတတ်သည်ချည်းဖြစ်သည်။ ကိုယ့်အားသာချက်ကိုသိလျှင် ထိုအားသာချက်ကိုမြေတောင်မြှောက်ပေးပါ။ ထိန်းချုပ်ကိုင်တွယ်ပါ။ ယင်းထူးချွန်သည့်အချက်ကလေးကပင်လျှင် အင်္ဂလိပ်စာလေ့လာရာတွင် အထောက်အကူပြုတတ်ပါသည်။

အစီအစဉ်ဆွဲထားပါ။

အောင်မြင်အောင်အစီအစဉ်မဆွဲခြင်းသည် မအောင်မြင်အောင် အစီအစဉ်ဆွဲထားခြင်းဖြစ်သည်" ဆိုသည် ဆိုစကားအတိုင်းပင် ကိစ္စများပြီးမြောက်စေရန် အစီအစဉ်များဆွဲထားရမည်။

ကိုယ့်အတ္တကိုယ်သာယှဉ်ထိုးကြည့်ပါ။ သူတပါးနဲ့မယှဉ်ပါနဲ့။

ဒါဟာ သင်သွားမယ့်ခရီးပါ။ တခြားသူသွားမယ့်ခရီးမဟုတ်ပါဘူး။ ကိုယ့်အတွက်ကိုယ်လုပ်ပါ။ တခြားသူအတွက်မလုပ်ပါနှင့်။ ကိုယ့်ထက်သာတဲ့သူ ကိုယ့်ထက်နိမ့်ကျတဲ့သူဆိုတာအမြဲရှိနေမှာပါပဲ။ တခြားသူတွေနဲ့မယှဉ်ပါနှင့်။ မဟုတ်ရင်တော့ စိတ်ဓာတ်ကျတာ၊ဘဝင်မြင့်တာတွေဖြစ်လာပါလိမ့်မည်။ သင့်ရဲ့အတ္တကို ကိုယ့်တိုးတက်ရာ တိုးတက်ကြောင်းအတွက်ပဲအသုံးချပါ။

"ဇောက်" နဲ့ "နိုင်းရ" အပတ်တကုတ်လုပ်ဆောင်မှုများနှင့်ပြင်းပြသောဆန္ဒများ

အပေါ်ကစာပိုဒ်မှာပြောခဲ့သလိုပင်ဖြစ်သည်။ (အင်္ဂလိပ်စာလေ့လာရာတွင်) သင်က တစ်နှစ်ထိအင်္ဂလိပ်စာလေ့လာပြီးရင် အက်စ်အေတီဘယ်အဆင့်ကိုအောင်ရ မယ်၊ ရာခိုင်နှုန်း ၇၀ ထက်မနည်းရဘူးဆိုပြီးသတ်မှတ်လိုက်တယ်ဆိုပါတော့။ ဒါဟာ သင့်အနေနဲ့ အကဲဖြတ်လို့ရတဲ့ ပုံသေအဆင့်တစ်ခုကို သတ်မှတ်လိုက် တာပါ။ ကဲ၊ ခု "နိုင်းရ" စဉ်းစားပုံကိုကြည့်ပါ ။ တစ်နှစ်ထိ အင်္ဂလိပ်စာလေ့လာပြီးရင် ငါ့အတန်းထဲက အိုက်အက်စ်စာမေးပွဲရမှတ်မှာ ငါကထိပ်ဆုံးမှာရှိနေရမယ်လို့ စဉ်းစားမယ်ဆိုရင် သင်ဟာ တခြားသူတွေနဲ့နိုင်းယှဉ်ဖို့ ကြိုးစားနေခြင်းဖြစ်သည်။ ထိုသို့သတ်မှတ်မှုသည် ဆောင်ရွက်ချက် သို့မဟုတ် ရလဒ်အခြေပြုသတ်မှတ်ချက်ဖြစ်သည်။ ထို့ကြောင့် ဇောက်မှုချတိုးတက်ဖြစ်ထွန်းမှုအနေဖြင့် စဉ်းစားပါ။ နိုင်းယှဉ်မှုအခြေခံဖြင့် မစဉ်းစားပါနှင့်။

ကဲ ဘယ်နယ့်လဲ။

အချိန်အတိုင်းအတာတစ်ခုအထိ လေ့လာပြီးသောအခါ သင့်တိုးတက်မှုဘယ်လိုရှိလဲဆိုတာ သိချင်လာပါလိမ့်မည်။ ခက်ခဲသော လက်တွေ့ကျသောတိုင်းတာမှုများကို သတိရပါလေ။ ဆိုလိုသည်မှာ အမှန်တကယ်ဆောင်ရွက်လုပ်ကိုင်မှုများကိုသာ တိုင်းတာသတ်မှတ်ပါ။ သင်မည်သို့ မည်ပုံလုပ်ကိုင်ဆောင်ရွက်နေသည်ဟူသော သင့်ထင်မြင်ချက်ပေါ်တွင် မူတည်၍ သင့်ကိုယ်သင် အကဲမဖြတ်ပါနှင့်။ အချိန်အတိုင်းအတာတစ်ခုအတွင်း သင့်အနေဖြင့် အားကိုးအားထားပြုနိုင်လောက်သော ပြုမှုဆောင်ရွက်ချက်များမရှိခဲ့ဘူးဆိုပါတော့။ သင့်အနေနဲ့ "ဟာ ငါ့အင်္ဂလိပ်စာကတော့ ချာလွန်းပါတယ်" လို့ ပြောမိမယ်ဆိုရင် ဒါဟာ ခံစားချက်ကိုအခြေတည်ပြီး အကဲဖြတ်လိုက်တာပါပဲ။ နောက်တစ်ချက်ကတော့ စိတ်ဓာတ်ကျဆင်းမှုဟာ သင့်ရဲ့ဒုတိယမြောက်ဘာသာစကားကို သင်ယူလေ့လာရာမှာ သိသာတဲ့အတိုင်းအတာတစ်ခုအထိကျဆင်းသွားစေတတ်ပါတယ်။ ဒါကြောင့် လိုအပ်တာထက်ပိုပြီး ကိုယ့်ကိုယ်ကိုယ် စိတ်ဓာတ်မကျမိအောင်ထိန်းပါ။

စိတ်ဓာတ်လှုံ့ဆော်မှု အသေးစိတ်စစ်တမ်းလုပ်ပါ။ သင့်ကိုယ်သင် ငါဘာလို့ဒါကိုလုပ်နေသလဲလို့ မေးပါ။

ကျွန်တော် တရုတ်ဘာသာစကားကို ဘာလို့လေ့လာခဲ့သလဲဆိုတော့ တရုတ်ပြည်အနှံ့ တစ်ယောက်ထဲခရီးသွားချင်လို့ပါ။ (သွားလည်းသွားခဲ့ပြီးပါပြီ) နောက်ပြီးတော့ ဒေသခံတရုတ်မတစ်ယောက်နဲ့ လက်ထပ်ချင်လို့လည်းပါပါတယ်။ (လက်မထပ်ဖြစ်ပါဘူး)။ ကျွန်တော်လေ့လာခဲ့တဲ့ တရုတ်ဘာသာစကားနယ်ပယ်အပေါ်အထက်ပါစိတ်ဓာတ်လှုံ့ဆော်မှုအချက်နှစ်ချက်က လွှမ်းမိုးခဲ့ပါတယ်။ ဒါ့အပြင် ကျနော် ကျကျနနလေ့လာခဲ့တဲ့ အပိုင်းတွေနဲ့ ကျနော် လျစ်လျူရှုခဲ့တဲ့အပိုင်းတွေအပေါ်လည်း လွှမ်းမိုးခဲ့ပါတယ်။ သင်တန်းကာလတစ်ခုအပြီးမှာ ကျွန်တော် တရုတ်ဘာသာစကားကို အဆင့်တစ်ခုအထိ ကျွမ်းကျွမ်းကျင်ကျင်ပြောတတ်လာပြီး ထပ်လည်း မလေ့လာချင်တော့သလို ကြိုးလည်းမကြိုးစားချင်တော့ပါဘူး။ ဒီလိုနဲ့ ကျွန်တော်ဟာ တရုတ်စာ အလယ်အလတ်အဆင့်လောက်တတ်မြောက်၊ ခရီးတော်တော်ဆန့်မိလာပြီး၊ လက်မထပ်ဖြစ်ပဲရှိနေခဲ့တယ်ဆိုပါတော့။ ဒါကြောင့် ကိုယ့်စိတ်ထဲမှာ အင်္ဂလိပ်စာလေ့လာမှုကို လှုံ့ဆော်

တယ်လို့ယူဆတဲ့၊ စိတ်ထဲမှာတေးထားတဲ့အရာတွေကိုနားလည်ဖို့နဲ့၊ အဲဒါတွေကို ချရေးထားဖို့လိုပါတယ်။ တခြားသူတွေကို ကိုယ့်ရဲ့လျှို့ဝှက်ချက်တွေ ကိုယ့်လျှို့ဝှက်ချက်ကိုပြောပြရမှာစိုးပေမယ့် ကိုယ့်ကိုယ်ကိုယ်ပြောဖို့တော့ ရှက်မနေပါနဲ့တော့။ တခါတလေမှာ လှုံ့ဆော်တဲ့အရာတွေက အင်္ဂလိပ်စာမှာပေါက်မြောက်ဖို့ကြိုးပမ်းနေတဲ့ သင့်ရဲ့ရုန်းကန်ကြိုးပမ်းမှုအတွက် တကယ်ပဲတွန်းအားပေးနိုင်၊ အထောက်အကူလည်းပြုနိုင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် မလိမ်မိပါစေနဲ့။

ဘယ်နေရာတွေအားသာသလဲ။

အရေး၊အဖတ်၊အပြော၊နားထောင်စတဲ့ စွမ်းရည်လေးမျိုးမှာ ကိုယ်ဘယ်နေရာမှာ အားအသာဆုံးလဲ။ အားအနည်းဆုံးလဲ။ ထုတ်လုပ်အားကောင်းတယ်လို့ခေါ်ကြတဲ့ အရေးနဲ့ အပြောမှာ အားကောင်းသလား။ လက်ခံအားလို့ပြောကြတဲ့ နားထောင်တာနဲ့ ဖတ်တာမှာအားကောင်းသလား။ အဲဒီလိုအားသာတဲ့အချက်တွေက ဘယ်လိုအနေအထားမှာ အားသာတာလဲ။ အဲဒီနောက်မှာ ကိုယ်လုပ်နိုင်တာနဲ့ ကိုယ်လုပ်ချင်တာကို နှိုင်းယှဉ်စဉ်းစားပါ။ ကိုယ်က ဘယ်အဆင့်ထိရောက်ချင်တာလဲဆိုတာ စဉ်းစားပါ။

ဘယ်လိုအပြောင်းအလဲတွေက လေ့လာမှုကိုသက်ရောက်နိုင်သလဲ။

ကောင်းပြီ။ ဒါနောက်ဆုံး။ လေ့လာသင်ယူမှုသည် ပွေလီသောဖြစ်စဉ်ဖြစ်ပြီး ယင်းကို အပြောင်းအလဲများစွာက သက်ရောက်မှုရှိနိုင်သည်။ အချိန်ကာလအမျိုးမျိုးတွင် တစ်ယောက်နှင့်တစ်ယောက်မတူသည့်သူများကို သက်ရောက်သည့် အပြောင်းအလဲများမှာ တစ်ခုနှင့်တစ်ခု တူချင်မှ တူပါလိမ့်မည်။ ယင်းတို့အနက်မှာ အချို့ကို အောက်တွင်ဖော်ပြလိုက်ပါသည်။

– သင်ထောက်ကူပစ္စည်းများ

စာအုပ်များ၊ တိပ်ခွေများနှင့် ဗီစီဒီများ နှင့် ဖတ်စာအုပ်ကောင်းကောင်းတစ်အုပ် ( သို့မဟုတ် ညံ့ညံ့တစ်အုပ် ) တို့မှာ သင်၏လေ့လာသင်ယူမှုတွင် ထူးခြားမှုဖြစ်ပေါ်စေနိုင်ပါသည်။ ခိုင်မာတဲ့ ပညာရေးသီအိုရီကိုအခြေခံပြီး အချိန်ယူပြုစုထားတဲ့ သင်ထောက်ကူပစ္စည်းတစ်ခုဟာ စိတ်အားထက်သန်ပြီး၊ ဇောက်ချလုပ်ကိုင်တတ်တဲ့ စာသင်သားတွေကိုထွက်ပေါ်လာစေမှာဖြစ်ပြီး၊ အဲဒီလိုရင်းလိုက်တဲ့ သင်ထောက်ကူပစ္စည်းကနေ လိုချင်တဲ့ရလဒ်ကိုထွက်ပေါ်လာစေမည်ဖြစ်ပါသည်။ စာသင်နှစ် နှစ်ဝက်ကာလ စာသင်ချိန်တွေကြားမှာ (ရေးလေ့ရေးထရှိကြတဲ့အတိုင်း) ကတိုက်ကရိုက်ချရေးလိုက်တဲ့ ဖတ်စာအုပ်ဆိုရင်တော့ ရလဒ်ကသိပ်အားရစရာကောင်းမည်မဟုတ်။ စာအုပ်ဆိုင်က ဒါဇင်ပေါင်းများစွာရှိတဲ့ ဖတ်စာအုပ်တွေထဲကနေ ကိုယ့်အတွက် တကယ်ထိရောက်အကျိုးရှိမယ့် ဖတ်စာအုပ်ကိုပဲ ရွေးဝယ်ပါ။

– ဆရာများ

ကိုယ့်ရဲ့ပညာသင်သက်တမ်းတစ်လျှောက်မှာ ဘယ်လိုဆရာမျိုးက ရလဒ်ကောင်းထွက်အောင်လုပ်ပေးနိုင်တယ်ဆိုတာ စာသင်သားတိုင်းသိကြပြီးသားဖြစ်သည်။( ကျွန်တော်ငယ်စဉ်က လက်တင်နှင့် ပြင်သစ်ဘာသာသင်ဆရာဖြစ်သူက မူလတန်းတွင် ကျောင်းသားအားလုံးကို ဘဝတစ်လျှောက်လုံး စိတ် ပိုင်းဆိုင်ရာထိခိုက်သွားအောင်လုပ်ဆောင်ခဲ့သည်ကို ကြုံခဲ့ရဖူးသည်။ လူကြည့်တော့ မှုန်တေတေနှင့်၊ သို့သော် အင်မတန်လှုံ့ဆော်အားကောင်းသည့် ပြင် သစ်စာသင်ဆရာတစ်ဦးကိုလည်းကြုံခဲ့ရသည်။ သူပြောသည့် ဒါဘာလဲမသိဘူး ဆိုသောစကားသည် မိမိအား ဘာသာစကားလေ့လာသူတစ်ဦးအဖြစ်မှ ဘာသာစကားကိုအသုံးချပြီး ကမ္ဘာပတ်ပြီး အလုပ်လုပ်သည့်သူဘဝသို့ပြောင်းလဲပေးခဲ့သည်။ သူ့ကိုဘယ်တော့မှမမေ့။ ) သင့်ကိုယ်သင်မေးပါ။ ဆရာတစ်ယောက် (အသင်အပြ) ကောင်းတယ်၊မကောင်းဘူးဆိုတာကို သင်ဘယ်လိုသတ်မှတ်ထားလဲ။ လူအမျိုးမျိုးက ဒီကိစ္စနဲ့ပတ်သက်ပြီး အမျိုးမျိုးမြင်ကြတာတွေရှိမည်ပင်။ သို့ရာတွင် သင်၏ထင်မြင်ချက်က သင့်အတွက်အရေးကြီးသည်။ အင်္ဂလိပ်စာလေ့လာနေသူတစ်ဦးအနေနှင့်ရော၊ အနာဂတ် အင်္ဂလိပ်စာ စာပြဆရာတစ်ဦးအနေနှင့်ပါဖြစ်လာနိုင်သည့် သင့်အတွက် သင့်ထင်မြင်ချက်က အရေးကြီးသည်။

– အကဲဖြတ်ကိရိယာများ(စာမေးပွဲများ)

အကဲဖြတ်ခြင်းတွေ၊ အမှတ်ပေးခြင်းတွေဟာ ကျယ်ပြန့်တဲ့ကိစ္စတွေဖြစ်တာကြောင့် ဒီနေရာမှာငုံမိအောင်ပြောနိုင်မည်မဟုတ်ပေ။ ဒါပေမယ့် အချက် ၂ ချက်ကို တော့ပြောလိုသည်။ သင်ရိုးတွေဟာ ဒီအရှေ့တိုင်းလိုနေရာမှာတောင် ဘယ်လောက်အတိုင်းအတာအထိအမေရိကန်ဗဟိုပြုထားလဲ။ ကမ္ဘာပြုဖြစ်စဉ်ကြောင့်များလား။ ဒါမှမဟုတ် တိုဖဲလ်လို၊ အိုင်အီးအယ်လ်တီအက်စ်လို ဧရာမစာမေးပွဲကြီးတွေကြောင့် အဲဒီလို အမေရိကန်ဗဟိုပြုထားတာလား။ ဒါက ပထမအချက်ဖြစ်သည်။ ဒုတိယအချက်ကတော့ ဒီနေ့ခေတ် တရုတ်ပြည်မှာ ဘာသာစကားလေ့လာမှုကို ဘာတွေက တွန်းအားပေးနေလဲ။ ကိုယ်တိုင်လေ့လာမှု၊ အသိပညာနဲ့ပေါင်းစပ်မှု၊ ပြဿနာဖြေရှင်းမှုတွေလုပ်တဲ့ တိုင်းသူပြည်သားတွေ ပေါ်ထွန်းလာဖို့လား။ ဒါမှမဟုတ် တိုင်းတစ်ပါးကလူတွေကပဲ တစ်ချိန်လုံး စဉ်းစားရေးဆွဲ၊ ထိန်းချုပ်ထားတဲ့ စာမေးပွဲတွေအောင်ဖို့ တိုက်တွန်းမှုနဲ့လားဆိုသည်ကို လေ့လာသုံးသပ်ရပါမည်။ ဆရာတွေအားလုံးဟာ စာမေးပွဲအတွက်ပဲ ဦးတည်ပြီးသင်ပေးတတ်ကြတာကို မိမိတို့အနေနဲ့ လက်မခံချင်လောက်သော်လည်း နားလည်ပေးနိုင်သည့် အကြောင်းရင်းတွေရှိပါလိမ့်မည်။ ဒါကိုသတိရပါ။ တက္ကသိုလ် ဒါမှမဟုတ် ကောလိပ်၊ အထက်တန်းကျောင်းတို့ကနေ ကျောင်းပြီးလာတဲ့အခါမှာ အင်္ဂလိပ်စာကို ကိုယ့်အတွက်ကိုယ်ပဲ လေ့လာဖို့၊ သူများတကာတွေအတွက်လေ့လာတာမျိုးမလုပ်ဖို့လိုပါတယ်။ ဒါကြောင့် သင့်အတွက် သင့်ဘာသာသင် စဉ်းစားဆုံးဖြတ်ဆောင်ရွက်ပါ။ ယနေ့မှစပြီး ခေါင်းဆောင်တစ်ယောက်လို ပြုမူပါ။

နေရာ၊ နေ့ညာ၊ အခြားသူများ၊ အာရုံထွေပြားမှုနဲ့ ကိုယ့်ပေးနိုင်တဲ့ အချိန်စသည့် ပြင်ပမှ အကြောင်းရင်းများ

အင်မတန် အရေးကြီးသည့် ခေါင်းစဉ်ဖြစ်သည်။ ပထမဆုံးမှာ စာဂျပိုးများနေသည့်အခန်း၊ ပါတီပွဲတက်များနေသည့်အခန်းတို့ကိုနှိုင်းယှဉ်ကြည့်ပါ။ ပါတီပွဲတက်သမားများနှင့် စာဂျပိုးများတွဲနေကြရသည့်အိပ်ဆောင်များကို နှိုင်းယှဉ်ကြည့်ပါ။ ပါတီသမားတွေနဲ့ စာဂျပိုးတွေပေါင်းနေရသည့်အခန်းမှာ စိတ်နာစရာအကောင်းဆုံးဖြစ်နေလိမ့်မည်။ ပြောရရင်တော့ တရုတ်ပြည်မှာ တကိုယ်ရေ လွတ်လပ်ခွင့်စစ်စစ်ဆိုတာ မရှိပါဘူး။ သင့်အနေနဲ့ ခေါင်းလှတဲ့ တောင်တန်းတွေ

ပေါ်မှာ နေရင်နေ၊ မဟုတ်ရင်လည်း ကိုယ့်အခန်းထဲမှာနေရင်နေပဲ။ ဒါပေမယ့် ကျောင်းသားတွေအတွက်တော့ သူတို့အခန်းတွေဟာ ပါတီပွဲလုပ်တဲ့နေရာ၊ အညှာတာဆုံးပြောရရင်တော့ ကော်ဖီတည်ခင်းဧည့်ခံတဲ့ နေရာတွေဖြစ်ကုန်ကြပါပြီ။ သူတို့ရဲ့ (သီးသန့်နေတတ်တာ၊ ဘွင်းဘွင်းနေတတ်တာ) စတဲ့ စရိုက်တွေကြောင့် ကျောင်းသားတွေဟာ အခန်းကူးတာ၊ အခန်းလဲနေတာမျိုးမရှိကြဘူး။ စာဂျပိုးတွေဟာ ထိပ်တိုက်ရင်ဆိုင်တာမျိုးရှောင်ပြီး၊ ဣန္ဒြေဆယ်နေလိုကြတာကြောင့် သူတို့ရဲ့နောက်ဆုံးကွန်းခိုရာပျောက်သွားတော့သည်။ တရုတ်ပြည်တွင် ပျော်စရာ၊ ကဲစရာ၊ ပါတီပွဲတွေခြိမ့်ခြိမ့်သဲ ကျင်းပစရာနေရာတွေက တစ်ပုံတစ်ပင် တောင်လိုပုံနေပါသည်။ သို့ရာတွင် ကျောင်းသားများအနေဖြင့်မူ အိပ်စက်၊ နားနေ၊ တွေးတော၊ ကျက်မှတ်လေ့လာရာ ဆိတ်ငြိမ်သည့်နေရာဟူ၍ လက်ချိုးရေတွက်၍ပင်ရနေတော့သည်။ ထို့ကြောင့် ကိုယ့်အိပ်ဆောင်ကိုပြန်ရောက်သည်နှင့် အိပ်ဆောင်မှာ ပန်ဒါဝက်ဝံကလေးပုန်းခိုနေသည့်နေရာကို တွေ့လိုက်ရသလိုမျိုးဖြစ်သွားတော့သည်။ ဒုတိယအချက်ကိုပြောရလျှင် သင်ကျက်မှတ်လေ့လာနိုင်မည့်နေရာ။ ထိုနေရာမျိုးကို လိုက်ရှာပါ။ ပထမဆုံးအနေဖြင့် ကိုယ်နေသည့်အဆောင်ကိုကြည့်ကြည့်ပါ။ အဆင်မပြေပါက သင်ပဲသိသည့် နေရာတွင် နေလို့ရအောင်ကြိုးစားကြည့်ပါ။

နေ့တာ၊ညတာကိစ္စအကြောင်းပြောမည်ဆိုပါက သင့်ခန္ဓာကိုယ်၏ဇီဝနာရီအတိုင်း လိုက်နာဆောင်ရွက်ပါလေ။ သင့်ကိုယ်သင် ဘယ်အချိန်မှာ ဉာဏ်အရွှင်ဆုံးဆိုတာ သင်သာအသိဆုံးဖြစ်သည်။ ထို့ကြောင့် ည ၂ နာရီနှင့် ၄ နာရီကြားတွင် သင့်အတွက် ဉာဏ်အရွှင်ဆုံးဖြစ်ပါက ယင်းအချိန်တွင် သင်လေ့လာမှုပြုပါ။ သင့်ခန္ဓာကိုယ်က တောင်းဆိုသည့်အတိုင်းပဲ လုပ်ပါ။ ဒါ့အပြင် အစာခြေခြင်းနှင့် စားသောက်ဖွယ်တို့ရဲ့လွှမ်းမိုးမှုကိုလည်း မမေ့ပါနှင့်။ စတုတ္ထမြောက်အနေနဲ့ အပြင်ပန်းမဟုတ်ပဲ တိုးတက်ဖြစ်ထွန်းမှုက ပိုအရေးကြီးမကြီးဆိုတာကို သင်ဆုံးဖြတ်ရမည်ဖြစ်သည်။ ပဉ္စမမြောက်အချက်မှာ စိတ်အာရုံထွေပြားမှုဖြစ်သည်။ စိတ်အာရုံထွေပြားမှုကို ပိုးဟပ်များလို အမြစ်ဖြတ်သုတ်သင်ပါ။ လိုအပ်ပါက ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် လုပ်သားများဝတ်သည့် အထူးပြုလုပ်ထားသောနားကျပ်များ သို့မဟုတ် နားဆို့သည့်အရာများဝယ်ထားပါ။ အပေါင်းအသင်းများနှင့်လည်း ကင်းကွာစရာမလိုပါ။ ဆဋ္ဌမမြောက်အချက်မှာ အချိန်ဘယ်လောက်သုံးမလဲဆိုသည့်ကိစ္စ။ အချိန်အပိုင်းအခြားများကို တစ်ပတ်အတွင်းတစ်ရက်စီ၊ တစ်ရက်စီ တစ်ပတ်စာအချိန်ဇယားဆွဲပြီးလုပ်ထားခြင်းသည်လည်း သင်၏ဘာသာစကားလေ့လာရေးတွင် များစွာအကျိုးသက်ရောက်မှုရှိစေနိုင်မည်ဖြစ်သည်။ အချိန်ဇယားထဲတွင် အနားယူချိန်၊ အစားစားချိန်နှင့် ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ချိန်စသည့် ထွေလီကာလီကိစ္စများကိုပါထည့်ပါ။ သင့်အတွက် တစ်ပတ်တာအချိန်ဇယားကို ဂရုတစိုက်လုပ်ဖို့ မမေ့ပါနှင့်။ သင်ထိထိရောက်ရောက်အကျိုးရှိဖွယ်လုပ်ဆောင်နိုင်အောင်၊ သင်၏စိတ်ကူးများကို ဆထက်ထမ်းပိုးကြီးကျယ်လာအောင် သင့်အချိန်ဇယား၊ သင့်ဘဝကို ထိန်းချုပ်ပဲ့ကိုင်ပါ။ သင့်ဘဝနှင့် သင့်အချိန်ဇယားကို အခြားသူများက ထိန်းချုပ်ပဲ့ကိုင်ခြင်းမျိုးမခံရအောင် ရှောင်ပါ။ သင့်ကိုဖုန်းဆက်ပြီး လာဟေ့ ဒိုးကြစို့ ဆိုတာမျိုးလုပ်ပြီဆိုရင် သင့်အချိန်ဇယား၊ သင့်ဘဝကို အခြားသူကထိန်းချုပ်တော့မယ်ဆိုတာကို သတိရပါ။ သံယောဇဉ်၏အရေးပါမှုနှင့် ဆဲဖုန်းများအလွယ်တကူရရှိလာခြင်းမှာ နိုင်ငံတကာတွင်ကျင့်သုံးနေသည့် အစီအစဉ်ကျကျလုပ်ကိုင်နေထိုင်သည့် ဘဝကို အဆုံးသတ်လိုက်ခြင်းပင်ဖြစ်၏။ အောင်မြင်အောင် အစီအစဉ်ဆွဲမထားခြင်းသည် မအောင်မြင်ရန် အစီအစဉ်ဆွဲထားခြင်းဖြစ်တော့သည်ဟူသော စကားကို သတိရပါ။ စာကြည့်ချိန်ပိုရအောင်ဆိုပြီး အချို့ကျောင်းသူများမှာ ရှည်လျားလှပလှသော ဆံပင်ကို တိုတိုညှပ်ပစ်သလို ဆဲလ်ဖုန်းသုံးခြင်းကိုလည်း အလားတူအချိန်ကန့်သတ်ပစ်ရန်လိုပါသည်။

– အတွင်းရေးကိစ္စများဖြစ်သည့် ခံစားချက်၊ အတွေးနှင့် အစားစားချိန်

သင့်အတွင်းစိတ်တွင်ကိန်းအောင်းနေသည့် ကိစ္စများမှာ အပြင်ပန်းသဏ္ဍာန်ကိုလည်း သက်ရောက်လာပါလိမ့်မည်။ သင်၏အတွေးနှင့် ခံစားချက်များကို သူ့အတိုင်းအတာနှင့်သူဖြစ်အောင်လုပ်ပြီး ထိန်းချုပ်မှုရှိရှိဖြင့် စိတ်အပန်းဖြေမှုရှာပါ။ အချို့က တင်းကျပ်သိုသိပ်စွာ မိမိကိုယ်ကိုယ် ထိန်းချုပ်တတ်ကြသလို၊ အချို့ကတော့ ရေနွေးငွေ့အင်ဂျင်စက်များကို ရေနွေးငွေ့ဖိအားလျှော့သလို သင့်လျော်သည့်အတိုင်းအတာထိသာ စိတ်ဖြေရှာရှာကြလေသည်။ ဘယ်လိုနည်းလမ်းကကိုယ့်အတွက် အကောင်းဆုံးဖြစ်မလဲစဉ်းစားပါ။ အစားစားသည့်အခါ ဆာလောင်မှုနှင့် ခံတွင်းလိုက်မှုမတိုင်မီ စားသောအစားအစာများနှင့် အစာခြေဖျက်ပြီးနောက်ဖြစ်လာသည်နှင့် အလားတူ သင်ဘယ်အတိုင်းအတာထိ လေ့လာခဲ့သည်ဆိုသည်မှာ နောင်တွင် အဖြေပေါ်ကိုပေါ်လာမည်ဖြစ်ပါသည်။ ကမ္ဘာမြေဆွဲငင်အားကဲ့သို့ပင် မိမိ၏အတွေး၊ ခံစားချက်တို့ကို ကိုယ့်အတွက်သာ ဖြစ်စေပြီး ယင်းတို့အတွက် ရှင်သန်နေထိုင်နေရခြင်းမျိုးမဖြစ်ပါစေနှင့်။

– သင့်လေ့လာပုံနှင့် လုပ်နိုင်စွမ်းများ

ဤအပိုင်းမှာ အချို့နေရာများတွင် အတော်ပင် အငြင်းပွားတတ်ကြသဖြင့် ရှည်ရှည်ဝေးဝေးမပြောလိုပေ။ လူတိုင်းတွင် ပင်ကိုယ်စွမ်းရည်နှင့် လုပ်နိုင်ကိုင်နိုင်စွမ်းအသီးသီးရှိနေပြီးဖြစ်ရာ ယင်းတို့ကို ကိုယ့်အတွက် အကျိုးဖြစ်ထွန်းအောင်အသုံးချရမည်ဖြစ်သည်။ မျက်စိဖြင့် ဖတ်ရှုပြီး မျက်ဝါးထင်ထင်မြင်ရမှသာ ပိုနားလည်သိမြင်သည်ဟု ယူဆတတ်သူများရှိပါသည်။ တချို့ကတော့ နားဖြင့်ကြားရသည့်ဟာကိုသာ ယုံသည်။ တချို့ကတော့လည်း လက်ဖြင့်ထိတွေ့ကိုင်တွယ်ကြည့်နိုင်မှသာလျှင် ပြဿနာကို နားလည်လိမ့်မည်ဟု ထင်သူများလည်းရှိပါသည်။ အဆိုပါ အမြင်၊အကြား၊အတွေ့ဟူသော အာရုံအခြေပြုအဆိုမှာ ဟောင်းမြင်းသည့် အဆိုတစ်ရပ်ဖြစ်သည်မှာ အမှန်ပင်ဖြစ်ပါသည်။ တချို့ကတော့ အထက်ပါတင်ပြချက်များကို လုံးဝလက်မခံဘဲ လေ့လာသင်ယူမှုမှာ အခြားနည်းလမ်းဖြင့်သွားသည်ဟု ပြောပေလိမ့်မည်။ လွှမ်းမိုးကြီးစိုးမည့် ပညာရေးဒဿနမျိုးဖြစ်ပေါ်လာရန်ကြိုးပမ်းမှုများမှာ စစ်မက်အသွင်ပင်ဆောင်နေကြပြီဖြစ်ပါသည်။ မည်သူမဆို ကိုယ့်နည်းလမ်းသာ အကောင်းဆုံးဟုသာ ထင်သည်။ ကိုယ့်အတွက်ဟန်ကျမည့်နည်းလမ်းကိုသာ ရွေးချယ်ခြင်းသည်သာ အကောင်းဆုံးမဟုတ်ပါလားဟု အဘယ့်ကြောင့် မတွေးမိကြပါသနည်း။ မေတ္တာနှင့် စိတ်ရှည်မှုဆိုသည့် စကားလုံးနှစ်လုံးပြီးလျှင် ပညာရေးစနစ်တွင် အရေးအပါဆုံးစကားလုံးမှာ ထိရောက်အကျိုးရှိမှု ဆိုသည့် စကားလုံးဖြစ်သည်ဆိုသမုတ်လော။

### နိဂုံး<u>**Conclusion**</u>

အင်္ဂလိပ်စာလေ့လာရင်း ကိုယ်လေ့လာခဲ့ပုံ၊ ဘာတွေလေ့လာခဲ့ပုံနှင့် ဘာတွေဆောင်ခဲ့သည်၊ ဘာတွေရှောင်ခဲ့သည်တို့ကို အတိုချုပ် ရေးချမှတ်သားထားပါ။ ရလဒ်ကိုကြည့်သည့်အခါ ထူးထူးခြားခြား ကိုယ့်နည်းကိုယ့်ဟန်ဖြစ်နေသည်ကို တွေ့ရပါလိမ့်မည်။

အရင်းခံတွေးခေါ်ပုံများ – မှီခိုမှုနှင့် အမှီအခိုကင်းမှု<u>***Philosophical roots—dependence and independence.***</u>

(က)ပြဿနာများအကျဉ်းဖော်ပြချက်၊ ပြီးခဲ့သည့်အပိုင်းကိုရှည်ရှည်ဝေးဝေးဖတ်ပြီးသကာလ အင်္ဂလိပ်စာဘွဲ့ရများ ရင်ဆိုင်နေရသည့်ပြဿနာများကို ပြန် သုံးသပ်ကြပါစို့။ ပထမဆုံးအချက်မှာ ဆက်သွယ်ပြောဆိုရန် နိုင်ငံခြားသားမိတ်ဆွေမရှိခြင်း။ ဒုတိယအချက်တွင် နိုင်ငံခြားသားမိတ်ဆွေကို နိုင်ငံခြားဘာသာ စကားသင်ယူလေ့လာရာတွင် မရှိမဖြစ်ဓာတ်ကူပစ္စည်းလို သဘောထားခြင်း။ တတိယအချက်တွင် အမေရိကန်အင်္ဂလိပ်စာနှင့်

အမေရိကန်အသံထွက်တို့ကို ကျောင်းသားအများစုက ဘာသာစကားလေ့လာဆည်းပူးရာတွင် မရှိမဖြစ်အစိတ်အပိုင်းများအဖြစ်ယူဆကြခြင်း။ အတိုချုပ်ရလျှင် နိုင်ငံခြားသားမိတ်ဆွေမရှိ၊ ထို့ကြောင့် တက်လမ်းလည်းမရှိဟု ယူဆကုန်ကြတော့သည်။ ဤယုံကြည်ချက်က လေးကန်ထိုင်းမှိုင်းမှုဟူသည့် အတားအဆီးကိုဖြစ်ပေါ်လာစေပါတော့ သည်။ ယင်းလေးကန်ထိုင်းမှိုင်းမှု၏ဇာစ်မြစ်မှာ မှီခိုမှု၊ ယင်းကို အမှီအခိုကင်းအောင်လုပ်ခြင်းဖြင့် ဖြေရှင်းရမည်ဖြစ်ပါသည်။

(ခ) သင့်တွင်ဖြစ်နေသော မှီခိုမှု၊

သင်၏မှီခိုမှုကိုပြောလိုက်သည့်အတွက် မိမိကိုအမုန်းပွားပေလိမ့်မည်။ သို့ရာတွင် ဘာသာစကားနှင့်သက်ဆိုင်သော မှီခိုမှုမှာ စာသင်သားအများအပြားတွင်ရှိနေလေသည်။ ပထမဆုံးအနေဖြင့် စာသင်သားအများစုကို ကိစ္စတစ်ခုခုကိုမေးသည့်အခါတိုင်း ဒီလိုပါပဲဟူသော အသုံးအနှုန်းကိုသာ တွင်တွင်ပြောတတ်ကြခြင်းကိုတွေ့ရသည်။ ဤသဘောထားမျိုးမှာ စာသင်သားအများစုကြား စိမ့်ဝင်ပြန့်နှံ့နေသည်။ ဒီလိုစဉ်းစားပုံမျိုးမှာ လုပ်ဆောင်ချက်အသွင်သို့အကောင်အထည်ပေါ်လာတတ်သည်။ တကယ်တမ်းတွင်တော့ ဘာမျှအကောင်အထည်ပေါ်မလာတော့။ အဓိကလက္ခဏာသို့မဟုတ် ရောဂါဗေဒမှာ ကိုယ့်ဆန္ဒအမုန်ကို ထုတ်ဖော်ပြီး အရှိကိုအရှိအတိုင်း ထုတ်ဖော်ပြောဆိုခြင်းပင်ဖြစ်သည်။ ဆိုလိုသည်မှာ အင်္ဂလိပ်လိုအပြောလေ့ကျင့်သည့် သင်တန်းတွင် ဘက်တစ်ဖက်ဖက်ကိုယူပြီး ဆွေးနွေးပြောကြားခိုင်းသည့်အရာမျိုးကို ဆိုလိုခြင်းဖြစ်သည်။ ပထမဆုံး မတ်တပ်ထမရပ်ပဲ ပြေးလွှား၍ရနိုင်မည်မဟုတ်ပေ။

(ဂ) နိုင်ငံခြားသားများကို ကောလိပ်ကျောင်းသားများမှီခိုကြခြင်း၊

အင်္ဂလိပ်စကားပြောလေ့ကျင့်မှုစုရပ်များ၊ အလွတ်တန်းစကားပြောပွဲများစသည်တို့တွင် ကောလိပ်ကျောင်းသားများနှင့် နိုင်ငံခြားသားဆရာများ ဆက်နွှယ်ပုံကိုစဉ်းစားကြည့်ပါ။

၁။စကားပြောလေ့ကျင့်မှုစုရပ်များ – ယင်းစုရပ်များတွင် ကျောင်းသားများဝိုင်းအုံနေသည့်နေရာတွင် နိုင်ငံခြားသားဆရာများရှိနေသည်ကိုတွေ့ရပါလိမ့်မည်။ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှသာ ဆက်လက်ရပ်တည်နိုင်မည်ဟူသော ကျောင်းသားများကြားတွင်ထားရှိသည့် စိတ်ထား၊ နိုင်ငံခြားသားဆရာများ၏ ဘဝင်မြင့်မှု၊ ရှက်ရွံ့နှိမ့်ချတတ်ကြသော စာသင်သားများ၏ ကူကယ်ရာမဲ့ အားမလို အားမရဖြစ်မှု . . . စသည်တို့မှာ နိုင်ငံခြားသားဆရာများဘေးတွင် ပြုံတိုးနေခြင်းက သက်သေခံနေသည်။ အချို့သော နိုင်ငံခြားသားများအဖို့ လူသိများထင်ရှားသည့်အဆင့်မျိုးဖြင့် ဆက်ဆံခံရခြင်းမှာ စိတ်ဖိစီးမှုဖြစ်ကြရသည်။ အင်္ဂလိပ်လိုပြောသည့် ယင်းစကားပြောစုရပ်များ၏ ရည်ရွယ်ချက်မှာ အခြားသူများနှင့် တွေ့ဆုံပြီး အင်္ဂလိပ်လိုပြောဆိုလေ့ကျင့်ရန်ပင်ဖြစ်ပါသည်။ နိုင်ငံခြားသားတစ်ယောက် စကားပြောစုရပ်သို့လာ၊ မလာဆိုသည်က ဘာမျှထူးခြားမသွားပါ။

၂။ အလွတ်တန်းစကားပြောပွဲများ – အလွတ်တန်းစကားပြောပွဲအများစုတွင် စာသင်သားအများစုမှာ တိတ်နေတတ်ကြသည်။ တက်ရောက်လာသည့် ကျောင်းသားများထဲမှ ဦးဆောင်ပြောဆိုနေသော ကျောင်းသားများကိုလည်း ခွန်းတုံ့တင်ပြောကြားခွင့်ကို လက်လွှတ်ဆုံးရှုံးခံလိုက်တတ်ကြသည်။ ထိုသို့မဟုတ်လျှင်လည်း ဘာမျှပြောဖို့ဆိုဖို့ပြင်ဆင်မလာတတ်ကြ။ ဒီလိုနှင့် အာပေါင်အာရင်းသန်သန်ပြောနေသော ဆရာလုပ်သူကြောင့် စာသင်သားများမှာ တိတ်ကုန်ကြပြီး အလွတ်တန်းစကားပြောပွဲမှာ အလွတ်တန်းနားထောင်ပွဲများဖြစ်သွားတော့သည်။ (မိမိလည်း အလားတူပြဿနာကြုံနေရသည်)

၃။ နိုင်ငံခြားသားဆရာများမှာ ကျပန်းစကားပြောပြိုင်ပွဲကဲ့သို့ပွဲများကဲ့သို့ ကျောင်းသားများတွေ့ဆုံပွဲများတွင် အများစုက ဒိုင်လူကြီး၊ အခမ်းအနားမှူးစသူတို့ဖြစ်တတ်ကြသည်။ သို့ရာတွင် ဖြစ်သင့်ဖြစ်ထိုက်သည့်သဘောအတိုင်း တရုတ်ပြည်တွင်တော့ နိုင်ငံခြားသားဆရာများမှာ ဦးဆောင်သည့်အခန်းကဏ္ဍတွင် သိပ်မပါဝင်ကြ။

(ဃ) အမေရိကန်အင်္ဂလိပ်စာကို စစ်မှန်သည့်ဘာသာစကားသင်အတွေ့အကြုံအတွက် မရှိမဖြစ်ကြိုတင်သတ်မှတ်ချက်အဖြစ် အမှီအခိုပြုခြင်း

ဒီကိစ္စကိုရင်ဆိုင်ကြရအောင်လား။ ယနေ့ခေတ်ကျောင်းသားအများစု စိတ်အားထက်သန်စွာ လေ့လာလိုက်စားသည့်အရာမှာ အင်္ဂလိပ်ဘာသာစကားကို အမေရိကန်အသံထွက်ဖြင့် ပြောဆိုရေးဖြစ်ပါသည်။ စာအုပ်တွေဝယ်ဖတ်ကြ၊ တိပ်ခွေတွေဝယ်ကြ၊ လေ့ကျင့်ကြဖြင့် သူတို့အင်မတန်လည်းကြိုးစားကြပါသည်။ အမေရိကန်ရုပ်သံဇာတ်လမ်းတွဲ ဗီစီဒီများမှာ တစတစ လူကြိုက်များရေပန်းစားလာကြသည်။ ကာဆာဘလန်ကာဇာတ်လမ်းထဲမှ "လူလေးပါလား" ဆိုသည့် ဟန်ဖရေး ဘိုဂ့်တ်၏ ပြောပုံဆိုပုံမျိုးမှာ ဖြစ်ချင်တော့ ယနေ့ခေတ်တွင် ရေပန်းမစားတော့။

အပြန်အလှန်ပြောဆိုခြင်းနှင့် သဒ္ဒါထက် အသံထွက်ကိုကျောင်းသားအများစုပိုပြီး ဂရုစိုက်ကြခြင်း။ အချို့က အမေရိကန်လေသံပေါက်အောင် အားထုတ်ကြသည်။ အဆင်မပြေပါ။ သူတို့စကားပြောဆိုရာတွင် သဒ္ဒါပိုင်းအရ မှားယွင်းမှုများ တင်းကြမ်းပြည့်နေသည်။ အင်္ဂလိပ်စကားပြောခြင်းကို ရှင်းလင်း၍ သဘာဝကျကျပြောဆိုလာနိုင်အောင်လုပ်ဆောင်နိုင်စွမ်းဟူသည့် အလယ်အလတ်ကျသည့် အစိတ်အပိုင်းမှာ သိသိသာသာ သို့မဟုတ် တစ်စိတ်တစ်ပိုင်းပျောက်ဆုံးနေလေသည်။ ဤအလယ်အလတ်ကျသည့်အစိတ်သည်ပင်လျှင် ပြောဆိုဆက်သွယ်မှုဘာသာစကား၏ အဓိကနေရာတွင်ရှိနေပါသည်။ သို့ရာတွင် ယင်းကို အလေးမထားကြပဲ အသံထွက်နှင့် အမေရိကန်အသံဝဲအောင်သာ အပတ်တကုတ်ကြိုးစားတတ်ကြလေသည်။ ဘာသာဗေဒရှုထောင့်မှ ကြည့်ပါက အနှစ်သာရကို လေယူလေသိမ်းဟန်ဖြင့် ဖျက်ဆီးပစ်လိုက်ခြင်းဟု ဆိုရမည်ဖြစ်သည်။

အလုပ်အကိုင်ဈေးကွက်တွင် အမေရိကန်သံဝဲသူများကို မျက်နှာသာပေးခြင်း

အခြားသူများက မျှော်လင့်ထားသလို လိုက်နာလုပ်ဆောင်ရန်ရှာကြံတတ်ကြသဖြင့်  ဤအချက်မှာလည်း ဘာသာစကားသင်ယူလေ့လာသူတို့အဖို့ ဝန်ပိနေစေသော ကိစ္စတစ်ရပ်ပင်။

လက်ရှိအချိန်တွင် အမေရိကမှာ ကမ္ဘာ့အင်အားကြီးနိုင်ငံအဖြစ် လက်ခံထားကြရာ လွှမ်းမိုးမှု၊ အလုပ်အကိုင်၊ အခွင့်အလမ်း၊ ကြွယ်ဝချမ်းသာမှု၊ နောက်တစ်ဆင့်သို့သွားနိုင်မည့်အရာ၊ ဩဇာစသည်တို့ကို ပေးအပ်မည့်နိုင်ငံလည်းဖြစ်နေသည်။ သို့ဖြစ်ရာ ထိုဩဇာနောက်သို့ အမေရိကန်သံဝဲခြင်းက ထပ်ချပ်လိုက်ပါလာတော့သည်။ ယင်းသို့ အမေရိကန်အင်္ဂလိပ်စာ ခေတ်မစားခင်က ဗြိတိသျှအင်္ဂလိပ်စာ၊ ယင်းမတိုင်မီက ပြင်သစ်စာ၊ ပြင်သစ်စာမတိုင်မီကတော့ လက်တင်ဘာသာစကားစသဖြင့် သူ့ခေတ်နှင့်သူ ခေတ်စားသည့် ဘာသာစကားများပေါ်ပေါက်ခဲ့ကြသည်။ တစ်ချိန်တွင် ဤသို့သော ဘာသာစကားအခင်းအကျင်းမှာ ပြောင်းလဲသွားပြီး တရုတ်ဘာသာစကားက ကမ္ဘာသုံးဘာသာစကားအဖြစ်ပြောင်းလဲမသွားဟု မပြောနိုင်။ ကြိယာရော၊ နာမ်ပါ စာလုံးပေါင်းအသံထွက် ပြောင်းလဲစရာမလိုသည့် ဘာသာစကားလေ။

အမေရိကတိုက်မြောက်ပိုင်းမှာ ရွှေပြောင်းအခြေချသူများ အဓိကလာရောက်သည့်နေရာဖြစ်နေဆဲဆိုသည့်အချက်မှာလည်း အမေရိကန်သံဝဲရန်လိုအပ်

ချက်ကို အရေးပါလာအောင် သက်ရောက်စေသည့်အချက်ဖြစ်သည်။

ဒီလိုမျိုးပြောသည့်အတွက် မိမိ၏ကျောင်းသားအချို့က ဝေဖန်ကြသည်။ ဝေဖန်နိုင်ပါသည်။ အမေရိကန်သံဝဲရန်မှာ အရေးကြီးသော်လည်း (ဘာသာစကား၏ စည်းမျဉ်းဖြစ်သော) သဒ္ဒါနှင့် (ဘာသာစကားနှင့် တသားတည်းကျအောင်လုပ်နိုင်ခြင်းဟူသည့်) စကားပြောတို့ကို ဆုံးရှုံးခံပြီး အမေရိကန်အသံဝဲအောင်ပဲကြိုးစားမနေသင့်ပါ။ အကောင်းဆုံးအသံထွက်မှာ ဘီဘီစီအသံလွှင့်ဌာနက ထုတ်လွှင့်မှုပင်ဖြစ်သည်။ ( မိမိဘက်လိုက်သည်ပဲ ထားပါတော့)။ ဘာပဲပြောပြော စိတ်ဝင်စားစရာအကောင်းဆုံး အသံထွက်ကတော့ တရုတ်အစိုးရထိပ်တန်းခေါင်းဆောင်များအတွက် စကားပြန်လုပ်ပေးသူများ၏အသံထွက်ပင်ဖြစ်သည်။ အမေရိကန်အင်္ဂလိပ်စာရော၊ ဗြိတိသျှအင်္ဂလိပ်စာကိုပါ ယင်းစကားပြန်များက စည်းမျဉ်းတစ်ခုလို မလိုက်နာကြပါ။ တရုတ်လူမျိုးအများစုပြောသည့် အင်္ဂလိပ်အသံထွက်လိုလည်း သူတို့မပြောကြပါ။ ဘာသာစကားသင်ရိုးကို သူတို့ကိုယ်တိုင်ဆွဲပြီး မည်သူ့ကိုမျှအတုမခိုးပဲ သူတို့ကိုယ်ပိုင်ဟန်သပ်သပ်ရှိနေကြသည်။ သူတို့ပြောဆိုပုံမှာ ချက်ချက်ချာချာရှိလှပြီး နားထောင်၍လည်းကောင်းလှသည်။ သူတို့၏ အသံထွက်မှာ နားထောင်ကြည့်သင့်သည့် အသံထွက်များပင်ဖြစ်ပါသည်။ သူတို့ စကားပြန်လုပ်ခဲ့သည်များကို လေ့လာရန် အသံသွင်းတိပ်ခွေများဖြင့် အသံဖမ်းယူထားနိုင်လျှင် မည်မျှကောင်းမည်နည်း။ သူတို့ ဘယ်သူတွေဆိုတာလည်း သိချင်လှပါသည်။ သူတို့သည် မည်သူ့ကိုမျှ အတုမခိုးကြ။ သူတို့ကိုယ်ပိုင်ဟန်ကိုသာ ရအောင်လုပ်ကြသည်။ ဤသည်မှာ သူတို့၏ပင်ကိုယ်ဟန် စစ် စစ်ပင်ဖြစ်ပါသည်။

ဘာသာစကားလေ့လာရာတွင် မှီခိုမှုအကြောင်း

ယခု ဘာသာစကားလေ့လာရာတွင် မှီခိုမှုပြဿနာမှသည် အမှီအခိုကင်းမှုဟူသည့် ပြဿနာကို ပြောင်းလဲဆွေးနွေးပါမည်။ သင့်အနေဖြင့် နိုင်ငံခြားသား တစ်ယောက်မပါပဲ ဘွဲ့ရပြီးနောက်တွင် အင်္ဂလိပ်ဘာသာစကားကို စဉ်ဆက်မပြတ် ကိုယ်တိုင်ကိုယ်ကျ လေ့လာလိုပါလျှင် အမှီအခိုကင်းရန်လိုပါသည်။ အဘယ့်ကြောင့်နည်း။ အောက်ပါတို့ကို စဉ်းစားကြည့်ပါ။

၁။ ပေကျင်းမြို့တော်နှင့် ရှန်ဟိုင်းတွင်ပင် လူတစ်ဦးချင်းစီအတွက် စကားပြောလေ့ကျင့်နိုင်စေမည့် နိုင်ငံခြားသားအရေအတွက် အလုံအလောက်မရှိ။

၂။ သင့်ကိုကူညီနိုင်မည့်သူ ရှိချင်မှတောင်ရှိလိမ့်မည်။ ခဏတစ်ဖြုတ်လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသွားများက လွဲလျှင် တရုတ်ပြည်တွင်ရောက်နေသော နိုင်ငံခြားသားအများစုမှာ တရုတ်ပြည်အကြောင်း ထဲထဲဝင်ဝင်သိရှိနားလည်အောင် လုပ်ဖို့ရောက်နေကြသည်မဟုတ်။ တရုတ်ပြည်မှာ သူတို့တစ်တွေအတွက် ရှန်းကန်ကြိုးစားရာ၊ အားထုတ်ကြိုးပမ်းရာ၊ ၎င်းတို့၏တာဝန်အရပ်ရပ်ကို ထမ်းဆောင်ရာ နေရာဌာနပင်ဖြစ်သည်။ သူတို့တွင် ရည်ရွယ်ချက်အသီးသီးဖြင့် တရုတ်ပြည်တွင်နေနေကြခြင်းဖြစ်သည်။ (ပန်းတိုင်သို့သွားရာလမ်းသာဖြစ်ပြီး ပန်းတိုင်မဟုတ်ဆိုသည်ကို သတိရပါ)။ မဟာတံတိုင်းကြီးလို ကမ္ဘာလှည့်များလာရောက်ရာနေရာမှာ စကားစမြည်ပြောဆိုဖို့ဆိုပြီး သူတို့ရှေ့မှာ ရုတ်ခနဲပေါ်လာမှာကို နိုင်ငံခြားသားတွေက မလိုလားကြပါဘူး။ ဒါကိုတော့ နားလည်ထားပါ။ ဒီလိုဖြတ်ကျော်ခြင်းဟာ မစွမ်းသာတဲ့ ဘာသာစကားဆိုင်ရာအုတ်တံတိုင်းကြီးထဲမှာ အကျိုးရှိပြီး ကောင်းမွန်တဲ့ အရာကတော့ ကိန်းအောင်းနေသည်။ သင်တို့ထဲက တစ်ယောက်ယောက်အတွက် ဒီဘာသာစကားဆိုင်ရာ အုတ်တံတိုင်းကြီးဟာ အကျိုးဖြစ်ထွန်းမှုအဖြစ် ပြောင်းလဲသွားစေမယ့်အကြောင်းကို ထပ်မံပြီး အကျယ်တဝင့်တင်ပြသွားပါမည်။

မြို့ကြီးပြကြီးများမှ ဝေးသည့်နေရာတွင်နေလေလေ၊ နိုင်ငံခြားသားများနှင့် တွေ့ရန်ခက်လေလေဆိုသည့်အချက်

တရုတ်ပြည်ရှိ ဒေသအသီးသီးမှာ နိုင်ငံခြားသားအမျိုးမျိုးကို ဆွဲဆောင်မှုကိုယ်စီရှိနေပါသည်။ ဥပမာအားဖြင့် ချင်ကျန်းပြည်နယ်သည် လူဦးရေထူထပ်လာသည့် ဂျပန်နိုင်ငံမှ တိုးရစ်များနှင့် ပြည့်နေလေသည်။ မိမိလည်း ချင်ကန်းပြည်နယ်တွင် ပျော်စရာပေါများသည်ကို နှစ်သက်မိသည်။ အမေရိကန်အများစုကတော့ ပိုပြီးတည်ငြိမ်ကာ ကြိုတင်ခန့်မှန်းနိုင်သည့် ကမ်းရိုးတန်းဒေသများ၊ အရှေ့ခြမ်းပြည်နယ်များတွင် နေထိုင်ကြသည်။ ကင်ဟိုင်းနှင့် တိဘက်ဒေသကဲ့သို့ နေရာများတွင်တော့ စွန့်စားလိုသူ၊ အသစ်အဆန်းတွေ့မြင်လိုသူများစုပြုံသွားရောက်ကြသည်။ ကမ္ဘာလှည့်များလာရောက်ရာဒေသများနှင့် မြို့ကြီးပြကြီးများမှ ဝေးဝေးရောက်နေလေလေ၊( နိုင်ငံခြားသားတစ်ယောက်နှင့် မိတ်ဆွေဖြစ်ဖို့ အသာထားပြီး) နိုင်ငံခြားသားတစ်ယောက်နှင့်တွေ့ဆုံရန်မှာ ပိုပြီးခက်ခဲလှသည်ကိုသတိရပါ။

ယခုတင်ပြမည့်အချက်တွင် နိုင်ငံခြားသားနှင့်ဆိုင်သည့်ကိစ္စမပါပါ။ ဘာသာစကားသင်တန်း အများစုတွင် စာသင်သားကိုပဓာနပြုပြီး သင်ကြားသည် မဟုတ်ပါ။ (ဆိုလိုသည်မှာ သင်တို့အတွက် ဘာမှဦးစားပေးစဉ်းစားထားခြင်းမရှိ။) ယင်းသင်တန်းများမှာ ငွေမျက်နှာကိုသာကြည့်ကြပြီး အမြတ်ရအောင် ထောင်ထားသော လုပ်ငန်းများပင်မဟုတ်ပါလော။ ယင်းသင်တန်းများမှ ကျောင်းဆရာများ၊ ဝန်ထမ်းများမှာ ကျေနပ်အားရစရာမရှိ၊ အရည်အချင်းမပြည့်ဝပဲ ဘာမှထိရောက်အောင်လုပ်မပေးနိုင်သည်ကို ရံဖန်ရံခါကြုံရတတ်ပါသည်။ စာသင်သားများ ဘာဖြစ်ချင်သည်နှင့် ဘာရချင်သည်ဆိုသည့် အများစုကို နှိုးဆွနိုင်သည်တို့ကို ယင်းသင်တန်းများက နားလည်သိရှိထားကြသည်။ (ရွှေရှာသည့်လုပ်ငန်းတွင် ထုံးစံအားဖြင့် ငွေရသွားကြသည်မှာ ရွှေတူးသမားများမဟုတ်ပဲ ၎င်းတို့အတွက်လိုအပ်သော ကိရိယာတန်ဆာပလာရောင်းချသူများနှင့် ရိက္ခာရောင်းချသူများသာဖြစ်သည်) ထို့ကြောင့် ဘာသာစကားသင်တန်းကျောင်းများ တက်တော့မည်ဆိုလျှင် သေချာရွေးပါ။

ထပ်ပြောရလျှင် သင်အပေါ်သာမူတည်ပါသည်။ သင်သည်သာ သင့်အတွက်လိုအပ်သည့်အရာ၊ လိုချင်သည့်အရာကို နားလည်နိုင်သူဖြစ်ပါသည်။ တခြားဘယ်သူကမှ သင်လိုချင်သည်၊ လိုအပ်သည်ကို နားလည်မည်မဟုတ်ပါ။ အကယ်၍ နားလည်ပါသည်ဟုပြောသူများရှိလျှင်လည်း သင့်ဆီက ငွေရအောင် လုပ်ခြင်းဖြစ်ပါသည်။ တိုတိုပြောရလျှင် သူတစ်ပါးအပေါ်မမှီခိုပါနှင့်။ အမှီအခိုကင်းအောင်နေနိုင်ရန် သင်လိုချင်သည်ကို သိရန်လိုပါသည်။ လူအနည်းငယ်ကသာ သင့်ကိုကူညီပါလိမ့်မည်။ သင်တို့ထဲမှတချို့သူများကိုဆိုလျှင် ကူညီမည့်သူတောင် ရှိချင်မှရှိမည်။ ကိုယ့်နည်းကိုယ့်ဟန်ဖြင့်သာ အောင်မြင်အောင်လုပ်နိုင်သည့် လွတ်လပ်မှုသင့်တွင်ရှိပြီဟု ယုံကြည်ထားလိုက်ပါတော့။

နိဂုံး **Conclusion**

အင်္ဂလိပ်ဘာသာလေ့လာရာတွင် အရင်းခံတွေးခေါ်ပုံများဟူသည့် ခေါင်းစဉ်ဖြင့်ဆွေးနွေးခဲ့သော ဤအပိုင်းမှာ အတော်ရှည်ရှည်ဝေးဝေးဆွေးနွေးခဲ့ပြီးသားဖြစ်ပါသည်။ သို့ရာတွင် အင်္ဂလိပ်ဘာသာစကားကိုလေ့လာရာ၌ နိုင်ငံခြားသားဆရာမရှိပဲ ကိုယ်တိုင်ကိုယ်ကျ စဉ်ဆက်မပြတ်လေ့လာခြင်းကို အောင်မြင်အောင်လုပ်နိုင်ရန် သော့ချက်မှာ ဤအပိုင်းကို ကျေညက်စွာနားလည်ရန်လိုသည်ဟု မိမိထင်မြင်သောကြောင့်ဖြစ်ပါသည်။ ထို့ပြင် ယင်းသော့ချက်မှာ သဘောထားတစ်ခုသာဖြစ်ပြီး၊ ကောင်းမွန်သော သဘောထားအတွက် အခြေခံမှာ ကောင်းမွန်သော တွေးပုံခေါ်ပုံဖြစ်သည်။ ဤအပိုင်းတွင် အတွေးအခေါ်၊ ခံစားချက်နှင့် သဘောထားများကို ဆွေးနွေးချင်မိခဲ့သည်။ စာအုပ်၏ကျန်အပိုင်းများတွင် သင်လုပ်နိုင်သော ဆောင်ရွက်ချက်များ၊ သင်ဖြေရှင်းရမည့် အခြေအနေများကို ဆွေးနွေးတင်ပြသွားမည်ဖြစ်သည်။

အခန်း ၃

သင်ရင်ဆိုင်နေရသည့်ပြဿနာများ

**III. The Problems Facing You.**

မူလတန်း၊ အလယ်တန်း၊ အထက်တန်း စာသင်နှစ်ပေါင်းများစွာကို ဖြတ်ကျော်လာပြီးနောက် တက္ကသိုလ်တွင် လေးနှစ်တက်ပြီး ဘွဲ့ရခဲ့ပြီဖြစ်သည့် သင့်အတွက် ဂုဏ်ယူမိပါသည်။ သင်ဘွဲ့ ပြီးနောက်အလုပ်တစ်ခုလည်းရပေပြီ။ သင်အလုပ်ခွင်မှာရောက်နေပါပြီ။ ဘေးပတ်ဝန်းကျင်ကို လေ့လာကြည့်ရှုရင်း သင်ဘာကိုတွေးမိပါသနည်း။ ဆက်လက်ရပ်တည်နိုင်ရန် ဆန္ဒဖြစ်လာသည်။ အသစ်စက်စက်အလုပ်အကိုင်မှာ လောကသစ်ပင်ဖြစ်သည်။ သင့်အနာဂတ်မှာ မရေရာပါ။ နေ့စဉ်အလုပ်ကြိုးစားလုပ်ရင်း ပူပန်နေရသည်။ ညနေတိုင်လျှင် အိမ်ပြန်ပြီး အိပ်သည်။ စိတ်က ပူပန်နေသည်။ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် အပြင်ထွက်လည်ပတ်သည်။ စိတ်ကပူပန်နေရဆဲ။ ပထမဆုံးအလုပ်ဝင်သည့်နှစ်တွင် အထူးသဖြင့် စာသင်ပြသူတိုင်းအတွက် အခက်အခဲကြုံရတတ်ပါသည်။ ဤကဲ့သို့သော ပတ်ဝန်းကျင်နောက်ခံတွင် သင်ကြိုးစားပမ်းစား လေ့လာခဲ့သည့် အင်္ဂလိပ်စာအသိမှာ တိုးတက်လာချင်လာမည်။ အိပဲ့အိပဲ့လည်းဖြစ်ချင်ဖြစ်နေမည်။ မဟုတ်လျှင်လည်း ဘာမှရစရာမရှိအောင် ဖြစ်ချင်ဖြစ်သွားတော့မည်။ စာသင်နှစ်ပေါင်းများစွာက သင်လေ့လာသင်ယူလာခဲ့သော၊ ရေလည်ကျွမ်းကျင်အောင် ဆည်းပူးအင်္ဂလိပ်ဘာသာ စကားမှာ ခြိမ်းခြောက်ခံနေရပြီဆိုသည်ကို စစချင်းကတည်းက သိထားပါ။ သင်ရင်ဆိုင်နေရသော ရန်သူများမှာ များပြားလှသည်။ ဒီလိုပြောတာအဓိပ္ပါယ်မရှိဟုထင်ပါက အင်္ဂလိပ်စာဘွဲ့ရများ အဘယ့်ကြောင့် ၎င်းတို့၏ ကျွမ်းကျင်မှုအဆင့်တစ်ရပ်ကို ထိန်းထားနိုင်သည့်သူ မရှိသလောက်ဖြစ်နေရသနည်းဆိုသည်ကို မေးခွန်းထုတ်ကြည့်ပါ။ ထိုဘွဲ့ရများထဲမှ အနည်းငယ်ကသာ ၎င်းတို့၏ စူးစမ်းရှာဖွေမှုကို အောင်မြင်အောင်လုပ်နိုင်ကြသည်။ထို့ကြောင့် သင်ရင်ဆိုင်နေရသည့် ရန်သူများမှာ အလွန်ပင်များပြားပါသည်။ ဤအပိုင်းတွင် အခြားသူများထံမှဖြစ်စေ၊ သင်ကိုယ်တိုင်ကိုယ်ကျဖြစ်စေ ကြိုးစားပမ်းစားလေ့လာခဲ့သော အင်္ဂလိပ်စာအသိကို သင်ထောက်ကူ စာအုပ်စာတမ်းများနှင့်ဆိုင်သော၊ ပြင်ပမှ စိတ်နေစိတ်ထားအပေါ် သက်ရောက်လာသည့်အချက်များနှင့်ဆိုင်သော ရှုထောင့် မှ တင်ပြသွားမည်ဖြစ်ပါသည်။

အခြားသူများထံမှ သင်ယူခြင်း***From other people—"who" and "what".***

၁။ လုပ်ဖော်ကိုင်ဖက်များ – ဤအချက်ကို အံ့သြချင်ပါလိမ့်မည်။ သို့ရာတွင် သင့်အင်္ဂလိပ်စာကို ပိုတိုးတက်လာအောင် လေ့ကျင့်သည့်နေရာများတွင် အလုပ်ခွင်မှာ အဆိုးဆုံးနေရာဖြစ်သည်။ မိမိ၏ ကျောင်းသားဟောင်းတော်တော်များများက အလုပ်ခွင်တွင် အင်္ဂလိပ်လိုပြောခြင်းမှာ ထုတ်ပြောစရာမလိုအောင် နာခေါင်းရှုံ့ဖွယ်ကိစ္စဟု ဆိုကြသည်။ အကြောင်းမှာ စာသင်ခန်းသည်သာ အင်္ဂလိပ်လိုပြောရမည့်နေရာဟု သူတို့ကပြောကြသည်။ အလုပ်ခွင်သည် ခတ်ကွင်းပြင်သည့်နေရာ၊ တိုက်ပွဲဝင်သည့်နယ်မြေဖြစ်သည်ကို သတိရပါ။ သင့်လုပ်ဖော်ကိုင်ဖက်များသည် ပြိုင်ဘက်များလည်းဖြစ်ချင်ဖြစ်နေမည်။ သင်ယဉ်ကျေးပျူငှာစွာ ဖက်လှဲတကင်းနေနိုင်သည့် လူမှုရေးစုရပ်တစ်ခုမဟုတ်သည်ကို သတိရပါ။ ထို့အပြင် (အထူးသဖြင့် မြို့ ကြီးပြကြီးမဟုတ်သည့်နေရာများတွင်) တရုတ်လူမျိုးများ၏ လုပ်ငန်းခွင်ထဲ၌ အင်္ဂလိပ်လိုပြောခြင်းမှာ မျိုးချစ်စိတ်မရှိခြင်းဖြစ်သည်ဟု တချို့ကယူဆတတ်သည့် အလုပ်ခွင်တွင် ယဉ်ကျေးမှုအရတားမြစ်ချက်မျိုးကလည်းရှိနေသေးသည်။

၂။ အခန်းဖော်များ – ဒါလည်းမလွယ်ရေးချမလွယ်။ တရုတ်လူမျိုးအားလုံးနီးပါးမဟုတ်လျှင်တောင်မှ အများစုအတွက် အင်္ဂလိပ်စာမှာ စဉ်းစားဉာဏ်နှင့်ဆိုင်ပြီး နှလုံးသားနှင့်မဆိုင်ဟုယူဆကြသည်။ ကောလိပ်ကျောင်းပြီးကာစနှင့် လက်မထပ်ခင်စပ်ကြား သင်နေသည့်နေရာတိုင်းတွင် သင့်အခန်းမှာ လုံခြုံအေးချမ်းသည့်နေရာအဖြစ်ရှိနေသင့်ပြီး သင့်အခန်းဖော်မှာ ရင်းရင်းနှီးနှီးဖြင့် စလိုက်စလျောရှိသူ၊ မယုံသင်္ကာမဖြစ်တတ်သူဖြစ်ရန်လိုပါသည်။ တစ်နေကုန်အလုပ်မှာ ပင်ပန်းလာသည့်နောက်တွင် ကိုယ့်လိုပဲ သူသည်လည်း အိမ်ပြန်ရောက်လျှင် စိတ်လွတ်ကိုယ်လွတ်နေချင်မည်ပင်ဖြစ်သည်။ အင်္ဂလိပ်လိုကောက်ကာင်ကာပြောကြမည်ဆိုသည့်ကိစ္စမှာ ဘယ်လိုမှမဖြစ်နိုင်။ ကိုယ့်အခန်းဖော်မှာ ကျောင်းတုန်းက အင်္ဂလိပ်အထူးပြုယူချင်မှယူခဲ့လိမ့်မည်။ မယူခဲ့လျှင် သင်နှင့်အင်္ဂလိပ်လိုပြောဆိုလေ့ကျင့်နိုင်မည်မဟုတ်ပါ။ အကယ်၍ အခန်းဖော်မှာ လုပ်ဖော်ကိုင်ဖက်ဖြစ်နေလျှင် အလုပ်နှင့် အင်္ဂလိပ်စာမှာ တစ်ထပ်တည်းကျနေတော့မည်ဖြစ်သည်။ ဒါ့အပြင် ကောလိပ်ကျောင်းတုန်းက အခန်းဖော်များနှင့် အင်္ဂလိပ်လိုလေ့ကျင့်ပြောဆိုမှုကို အဘယ့်ကြောင့်မလုပ်ခဲ့မိသနည်း။ အဆင်မှမပြေပဲကိုး။

အတန်းဖော်များ – နှစ်စဉ်ဘွဲ့ရသွားကြသော ကောလိပ်ကျောင်းနေဖက်များမှာ ဘွဲ့ရပြီးသည်နှင့် အရပ်လေးမျက်နှာသို့ရောက်သွားကြပြီး ပြန်မဆုံဖြစ်ကြတော့ပေ။ စားသောက်ဆိုင်တွင် ကျောင်းနေဖက်များပြန်တွေ့ခြင်းမျိုး၊ ဆရာကန်တော့ပွဲနှစ်စဉ်ကျင်းပခြင်းမျိုးနှင့် မင်္ဂလာဆောင်များတွင် ပြန်ဆုံကြခြင်းမျိုးကလွဲပြီး တစ်ယောက်နှင့်တစ်ယောက် အဆက်အသွယ်ပြတ်သွားကြသည်မှာ အံ့သြစရာပင်ဖြစ်ပါသည်။ ငါရော နင်ရောအလုပ်နဲ့လက် ဖယ်ဆက်နေသလိုပဲ ဆိုသည့်အပြောမျိုးကို မိမိထပ်ခါထပ်ခါကြားဖူးပါသည်။ ကျောင်းနေဖက်၊ အတန်းဖော်များကြားတွင် အင်္ဂလိပ်ဘာသာစကားနှင့်ပတ်သက်ပြီး အဆက်အဆံရှိနေခြင်းမျိုးမတွေ့ရသည်မှာ ထုံးစံပင်ဖြစ်ပါသည်။ အရေးပေါ်ကိစ္စရပ်များအတွက် ကျောင်းနေဖက်ဟောင်းများမှာ လူမှုရေးအရင်းအနှီးအတွက် အကောင်းဆုံးပင်ဖြစ်ပါသည်။ ထိုလူမှုရေးအရင်းအနှီးကို အခြားနည်းဖြင့်အသုံးချခြင်းမှာမူ အရေးမကြီးသည့်လိုအပ်ချက်များအတွက် ယုံကြည်အပ်နှံထားသည့် ရန်ပုံငွေထဲမှ ရသလောက်ဖြောင်ရန်ကြံသလိုပင်ဖြစ်ပေတော့မည်။ အဆုံးသတ်တွင်တော့ သင်အကြီးအကျယ်ခံစားသွားရလိမ့်မည်။

အင်္ဂလိပ်စာ ဆရာဟောင်း – သင့်တွင်အင်္ဂလိပ်စာဆရာတစ်ယောက်ရှိခဲ့ဖူးမည်။ သူတို့မှာ တစ်ယောက်နှင့်တစ်ယောက်အရည်အချင်းမတူကြပါ။ တချို့ကသင့်ကို ကလေးပေါက်စလိုဆက်ဆံကြသည်။ တချို့ကသင့်အင်္ဂလိပ်စာပညာရေးကို အထောက်အပံ့ပြုကြသည်။ တချို့ကတော့ သူလိုကိုယ်လို သာမန်ဆရာများသာဖြစ်သည်။ သူတို့ထံကသင်ထွက်ခွာလာသည်နှင့် ( တကယ်တော့ သူတို့ကသာ သင့်ထံကထွက်ခွာသွားကြပြီး သူတို့ခရီးကို သူတို့နှင်သွားကြခြင်းသာ)ယခင်ကရှိခဲ့သည့် ရင်းနှီးမှုမျိုးပြန်မရနိုင်တော့ပေ။ နိုင်ငံခြားသားဆရာများမှာ ရာချီသောကျောင်းသားများထဲမှ ထူးချွန်သူကို အလားအလာကြည့်ပြီး ရွှေကျင်သလို ရွေးထုတ်တတ်ကြသည်ကို သတိရပါ။ ယင်းသို့ရွေးထုတ်ကြပုံမှာ မြစ်ကြောင်းတစ်လျှောက် ကျောက်စရစ်ခဲတောထဲတွင် ရွှေတိုရွှေစကို ဆန်ခါဖြင့်တိုက်၍ ကျင်သလိုပင်ဖြစ်ပါသည်။

တရုတ်ပြည်တွင် အင်္ဂလိပ်စာပြဆရာလုပ်ကြသည့် နိုင်ငံခြားသားများမှာ နေ့မြင်ညပျောက်သမားများ၊ တစ်ကိုယ်တည်းသမားများဖြစ်ပြီး ယဉ်ကျေးမှုပိုင်းအရဆိုလျှင်လည်း အပေါ်ယံသာ ဝင်ရောက်နေရာယူထားကြခြင်းဖြစ်သည်။ သူတို့တွင် ရေရှည်ဆက်ဆံသည့် မိတ်ဆွေစစ်စစ်ဟူ၍လည်းမရှိကြပါ။ ရေရှည်ဆက်ဆံနိုင်သည့်မိတ်ဆွေတွေ့သည့်အခါ နိုင်ငံခြားသားဆရာများမှာ ဝမ်းသာလိုက်သည့်ဖြစ်ချင်း။ တရုတ်ပြည်ရှိ မိမိ၏ မိတ်ဆွေစစ်စစ်များမှာ ကျောက်စရစ်ခဲတောထဲမှ ဆန်ကာတိုက်ပြီးရွေးယူထားသည့် ကျောင်းသားဟောင်းများသာဖြစ်သည်။ လက်ရှိသင်နေရသော ကျောင်းသားများမှာမူ မြစ်ကြမ်းပြင်မှ ဆန်ကာ

တိုက်ပြီး ရွေးယူထားသော ကျောက်စရစ်ခဲများဖြစ်သည်။ နိုင်ငံခြားသားဆရာတစ်ဦးက သင့်ကိုရွေးသည်ဆိုလျှင် သင်သည် သူမလုပ်နိုင်သော ကိစ္စတစ်ခုကို သင်က လုပ်ပေးနိုင်သဖြင့်ရွေးခြင်းဖြစ်သည်ဟုနားလည်ထားပါ။ ရထားလက်မှတ်ဝယ်ရန်၊ လုပ်ငန်းအဆက်အသွယ်များနှင့် မိတ်ဖွဲ့ပေးရန်စသည့်ကိစ္စများကို သင်ကလုပ်ပေးနိုင်သဖြင့် သင့်ကိုရွေးချယ်လိုက်ခြင်းဖြစ်သည်။ သင့်ကိုစိတ်ပျက်အားလျော့အောင်ပြောနေသည်မဟုတ်ပါ။ မိမိ၏ထင်မြင်ချက်ကိုသာပြောနေခြင်းဖြစ်ပါသည်။ နိုင်ငံခြားသားဆရာနှင့်ရင်းရင်းနှီးနှီးဖြင့် ဆက်ဆံရေးကို လက်တွေ့ကျကျဖြစ်ပါစေ။ အကယ်၍နိုင်ငံခြားသားဆရာက လက်စွဲတော်အဖြစ် ရွေးချယ်ခံရသူမှာ သင်မဟုတ်ပါက အမိပ္ပါယ်ပြည့်ဝပြီး၊ အင်္ဂလိပ်ဘာသာစကားလေ့လာမှုကို အကျိုးရှိစေမည့်ဆက်ဆံရေးရှုထောင့်မှကြည့်ပြီးပြောရလျှင် သင့်ဘက်တွင်အလေးသာမှုအင်မတန်နည်းပါးနေပါသည်။ နိုင်ငံခြားသားဆရာများမှာ ပြောင်းရွှေ့သွားကြသလို၊ သင်လည်းဆရာတစ်ယောက်ပြီးတစ်ယောက် ပြောင်းသွားရလိမ့်မည်။ ဒေသတစ်ခုထဲတွင် သုံးနှစ်လောက်နေပြီး စာသင်သည့်ဆရာများမှာ မြို့တစ်မြို့တွင် တစ်နှစ်နေပြီး စာသင်သည့်ဆရာများထက် ရေရှည်ဆက်ဆံနိုင်သည့် မိတ်ဆွေစစ်မျိုးရဖို့ အခွင့်အလမ်းပိုများ တတ်ပါသည်။ ယတိပြတ်မပြောလိုပါ။ ခြွင်းချက်တော့ရှိမည်။ အင်္ဂလိပ်စာသင်ပေးသည့် တရုတ်ဆရာနှင့်ပတ်သက်လျှင်တော့ သင်တို့ကဲ့သို့ကျောင်းသားများ(ကျောင်းသားဟောင်းများ)မှာ များပြားလှပြီး ဆရာတွေကတော့ နည်းလိမ့်မည်ဟု ခန့်မှန်းကြည့်နိုင်ယုံမှလွဲပြီး ဘာပြောရမှန်းမသိပါ။

ကိုယ့်ချစ်သူရည်းစား – ပထမဆုံးအချက်မှာ သင်တို့နှစ်ဦးရည်ငံခဲ့ကြရသည့် အကြောင်းရင်းမှာ အင်္ဂလိပ်ဘာသာစကားကို နှစ်ခြိုက်ခုံမင်ခြင်းထက် အားကစား၊ ရုပ်ရှင်၊ ကာရာအိုကေ၊ ကျောင်းသားရေးရာ ကော်မတီအဖွဲ့များတို့တွင်ဝင်လုပ်ရင်းစသည်တို့ကြောင့်သာဖြစ်ဖို့များပါသည်။ (တရုတ်ကျောင်းသားအများစုအတွက် အင်္ဂလိပ်စာမှာ ပန်းတိုင်မဟုတ်ပဲ ပန်းတိုင်သို့သွားရာလမ်းသာဖြစ်သည်ကို မမေ့ပါနှင့်) သင်တို့၏ သံယောဇဉ်ထဲတွင် အင်္ဂလိပ်ဘာသာစကားကို ထည့်ရန်လုပ်ပါက ဤသည်မှာ သဘာဝမကျလှဟု သင့်လက်တွဲဖော်က ယူဆပါလိမ့်မည်။ သင့်အပေါင်းအသင်းများကလည်း ထိုသို့သာသဘောထားကြမည်ဖြစ်ပြီး မျိုးချစ်စိတ်မရှိဟု ထင်ကြမည်။

ဒုတိယအချက်မှာ အင်္ဂလိပ်လိုပြောဖို့လေ့ကျင့်ရန် သက်သက်အတွက်ဆိုပြီး ရည်းစားတစ်ယောက်ကိုပြောင်ဖွင့်ပြောပြီး ချစ်ရေးဆိုလျှင်ရော မည်သို့နေမည်နည်း။ အခြားတရုတ်လူမျိုးတစ်ဦးနှင့်ဆိုပါက ခံစားချက်၊ စိတ်ပါဝင်စားမှုစသည်တို့တွင် လိုက်ဖက်မညီပဲဖြစ်တတ်သည့်သဘောကို သတိပြုပါ။ ထို့ပြင် အပေါင်းအသင်းများ၏ပြင်းထန်သော ဖိအားပေးတိုက်တွန်းမှုများနှင့် အတင်းအဖျင်းများ၊ ပစ်ပယ်လျစ်လျူရှုမှုများနှင့် ဝေဖန်မှုများကို သတိပြုပါ။ သွားစမ်းပါကွာဟု သင့်ကိုပြောကြလိမ့်မည်။ နိုင်ငံခြားသားတစ်ယောက်နဲ့ဆိုရင်ရော။ သင့်မှာ နိုင်ငံခြားသား ရည်းစားတစ်ယောက်ရှိလျှင် အင်္ဂလိပ်ကို မြန်မြန်ပြောနိုင်မည်ဖြစ်သည်။ သို့ရာတွင် နိုင်ငံခြားသူကို ရည်းစားထားခြင်းမှာ မရှိသလောက်ရှားသည်။ မည်သို့ဆိုစေကာမူ ကစားပွဲစည်းမျဉ်းများမှာ ခြားနားလှသည့်အတွက် အမှားလုပ်မိရန် နှင့် စိတ်အနှောက်အယှက်ဖြစ်စေမည့်ရာခိုင်နှုန်းက များနေသဖြင့် သတိထားပါ။

လင်နဲ့မယား – အိမ်ထောင်ရှင်များအဖို့ မိခင်ဘာသာစကားမှာ သင့်ရင်ထဲ အသဲထဲစွဲနေသည့် ဘာသာစကား၊ နှစ်ဦးသားတီးတိုးပြောကြားတတ်ကြသည့် ဘာသာစကားပင်ဖြစ်ပါသည်။ အင်္ဂလိပ်စကားမှာမူ သင်တို့အတွက် အစိမ်းသက်သက်ဖြစ်သည်။ အင်္ဂလိပ်စာမှာ ဦးနှောက်နှင့်စဉ်းစား သင်ယူလာခဲ့သည့် ဘာသာစကားဖြစ်သည်။ အကယ်၍ အင်္ဂလိပ်စာကို သင်တို့နှစ်ဦး၏ အရင်းနှီးဆုံးသံယောဇဉ်ထဲသို့ အဝင်ခံလိုက်လျှင် မမျှော်လင့်နိုင်သည့် တန်ပြန်သက်ရောက်မှုများဖြစ်ပေါ်လာနိုင်သည်။ လူတစ်ယောက်၏ နက်ရှိုင်းသော ခံစားချက်များကို နိုင်ငံခြားဘာသာစကားဖြင့် ပြောဆိုဆက်သွယ်ရန်မှာ ပိုပြီးခက်ခဲပါသည်။ သင်ကကြိုးစားပြောကြည့်သော်လည်း သင့်လက်တွဲဖော်က လက်ခံချင်မှလက်ခံမည်။ သင်ပြောဆိုနေသည့် အင်္ဂလိပ်စာ လယ်ဗယ်အတိုင်း လက်တွဲဖော်က ပြောမှပြောနိုင်ပါ့မလား။ ဤကဲ့သို့သော အင်္ဂလိပ်စာအခြေခံသည့် သံယောဇဉ်မျိုးကို မည်သည့်နည်းဖြင့် ခိုင်မြဲအောင်လုပ်ထားမည်နည်း။ သင်တို့စုံတွဲ ကို စိတ်ဝမ်းကွဲသွားစေမည်လား။ နောင်ရေးက မရေရာမှုနှင့်ဝါးနေသည်။ ယုံကြည်ချက်တူပြီး၊ အမြင်ချင်းတူသည့်၊ တာဝန်အတူထမ်းဆောင်သည့် စုံတွဲများတွင်တော့ အင်္ဂလိပ်စာအခြေခံသည့် သံယောဇဉ်မျိုးတည်ဆောက်ရနိုင်သည်ကတော့ ထူးခြားသည့်ခြွင်းချက်ဟု ဆိုရပါမည်။ တစ်နည်းပြောရလျှင် သူတို့၏ အိမ်ထောင်ရေးထက်အရေးကြီးသောအရာတစ်ခုခုအဖြစ် နိုင်ငံရေးခံယူချက်လို၊ ဘာသာရေးလို၊ လူလူချင်းစာနာထောက်ထားရေး လှုပ်ရှားမှုလို ကိစ္စရပ်များကို ခံယူချက်အဖြစ်ထားရှိထားကြသည်။ ထိုစုံတွဲမျိုးတွေကတော့ အင်္ဂလိပ်ဘာသာစကားကို အတူလေ့ကျင့်ပြောဆိုကြရင်း သက်ဆုံးတိုင်မခွဲပဲလက်တွဲသွားကြလိမ့်မည်။ ထိုသို့သော ကြင်ဖော်ကြင်ဖက်မျိုးကို သင်ကောမဆုံးစည်းချင်ဘူးလား။

သားသမီးငယ်များ – မိမိ၏ သားသမီးများနှင့် အင်္ဂလိပ်လိုပြောဆိုပါက မည်သို့နေမည်နည်း။ ဘယ်လိုပဲဖြစ်စေ သူတို့၏ ကျောင်းစာမေးပွဲရမှတ်နှင့် အဆင့်များကတော့ တက်လာလိမ့်မည်။ သို့ရာတွင် သတင်းဆိုးကိုပြောရမည်မို့ စိတ်မကောင်းပါ။ တရုတ်လူမျိုးမိသားစုတစ်စု အမေရိကန်သို့သွားရောက်ကာ အခြေချနေထိုင်ကြသည့် အတွေ့အကြုံဇာတ်လမ်းတစ်ပုဒ်ကို ပြောပြပါမည်။ နိုင်ငံသစ်သို့ရောက်လာသည့်အခါ သူတို့တစ်တွေအနေဖြင့် အင်္ဂလိပ်ဘာသာစကားကို ကြိုးစားပမ်းစားလေ့လာ၊ အလုပ်ရပြီး အတိုင်းအတာတစ်ခုအထိ လူ့အဖွဲ့အစည်းသစ်အတွင်းသို့ ဝင်ဆံ့လာခဲ့ကြသည်။ သူတို့၏ ကလေးငယ်များမှာ အမေရိကန်မှာပဲမွေး၊ ကြီးပြင်းပြီး အင်္ဂလိပ်စာကို နိုင်နိုင်နင်းနင်းရှိလာကြသည်။ ပြဿနာက ကလေးများကို အဘိုးအဘွားများ၊ မိဘများက တရုတ်စာသင်ခိုင်းတော့မှ ပေါ်လာသည်။ ပုံမှန်အားဖြင့်တော့ ကလေးတွေက မိဘတွေစကားကိုနားမထောင်လိုကြ။ အကြောင်းမှာ သူတို့တစ်တွေ၏ နေ့စဉ်ဘဝနှင့် တရုတ်စာမှာ လားလားမျှမဆိုင်။ "အဖေနဲ့ အမေ၊ သမီးသူငယ်ချင်းတွေတစ်ယောက်မှ တရုတ်လိုမပြောကြဘူး" ဟု ကလေးက ပြောလိမ့်မည်။ တရုတ်ပြည်က မိဘတွေက ကလေးတွေကို အင်္ဂလိပ်စာသင်ပေးဖို့ကြိုးစားသည့်အခါမှာလည်း "သူငယ်ချင်းတွေက တစ်ယောက်မှ အင်္ဂလိပ်လို မပြောကြဘူး" ဟု ကလေးတွေက ဆိုလိမ့်မည်။ အလားတူ သူတို့၏ မိဘများကို ကလေးများက ဆရာတစ်ယောက်လိုမြင်သည့် ပြဿနာလည်းရှိပါသေးသည်။ မိဘများက ကလေးများကို စာသင်ပေးနိုင်ပါသည်။ သို့ရာတွင် ထိုသို့စာသင်ပြပေးရန်မှာ ဖွဲ့ကောင်းကောင်းဖြင့် မဆုတ်မနစ် သင်ကြားပေးဖို့ လိုပါသည်။

ကိုယ့်ပတ်ဝန်းကျင်မှတစ်ယောက်ယောက် – ကိုယ်နေသည့်ရပ်ကွက်ဝန်းကျင်တွင် အင်္ဂလိပ်လို ပြောတတ်သူ တစ်ယောက်ယောက်ရှိပါလိမ့်မည်။ ထိုသူများက သင့်ကို ကူညီနိုင်ကြမလား။ မိမိအထင်ပြောရလျှင်တော့ နီးပါ။ ပထမအချက်ကတော့ သင်က သူ့ကိုတစ်ဖက်သက် မှီခိုရမည့်သူဖြစ်နေသည်။ သင်က သူ့ထံမှ အကူအညီတောင်းသည်။ သို့ပေမင့် သင်နှင့် အင်္ဂလိပ်လိုပြောပေးရန်သာ သင်ကတောင်းဆိုသည်မဟုတ်ပါ။ သို့ဖြစ်၍ လူမှုရေးအရဖင့်နေးနေမှု ရှိနေပါလိမ့်မည်။ သည်လိုနှင့် သင့်အိမ်ကို သူစိမ်းတရံစာလာလာနေသည့်အချက်ကြောင့် အိမ်သားတွေကို ကသိကအောက်မဖြစ်စေချင်တော့ပါ။ အရှည်ကို မျှော်တွေးစဉ်းစားပါ။

အင်္ဂလိပ်စာ ကပ်ပါးများ – ပြီးခဲ့သည့်အပိုဒ်တွင်ပါသည်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ သင်ကသူတို့ကို အင်္ဂလိပ်စာသင်ပေးရန် မျှော်လင့်သော လူစားမျိုးများဖြစ်သည်။ ရံဖန်ရံခါတွင် သူတို့၏လိုအပ်ချက်များမှာ အဆီအငေါ်မတည့်ကြ။ သူတို့လိုအပ်ချက်များကိုပါ သင်ကဖြည့်ဆည်းပေးရမည့်ပုံ။ သူတို့က သင့်ကို အမြတ်ထုတ်ပြီး သင်မျှော်လင့်ထားသလို သူတို့ဘက်က ပြန်လည်ပေးဆပ်မှုက မဆိုစလောက်လေးသာဖြစ်နေတတ်သည်။ (ထို့ကြောင့် နိုင်ငံခြားသားဆရာ

အများစုမှာ သူတို့ကို အင်္ဂလိပ်နွားမများလို သဘောထားသည်ဟု ခံစားကြရသည်)။ သင့်အနေနှင့် တစ်ခြားတစ်ယောက်ကို အင်္ဂလိပ်စာသင်မပေးနိုင်ပါ။ သူတို့ကိုယ့်ကိုယ်ကိုယ် အားကိုးချင်လာအောင်သာ ကူညီပေးရမည်ဖြစ်သည်။ သို့မဟုတ်ပါကလည်း အနည်းဆုံးတော့ နှစ်ဦးနှစ်ဖက်အကျိုးရှိရမည်၊ နှစ်ဦးနှစ်ဖက်သဘောတူထားသည့်ပုံစံဖြစ်ရပါမည်။ ကစားပွဲအမည်မှာ ရလဒ်များဖြစ်သည်။ ဆက်ဆံရေးမဟုတ်ပါ။ သို့ဖြစ်၍ အင်္ဂလိပ်ကပ်ပါးကောင်များက သင့်ကို ဘာမှကောင်းကျိုးမပေးနိုင်ပါ။ ထိုသို့သော ဆက်ဆံရေးမျိုးကို တတ်နိုင်သမျှရှောင်ပြီး၊ လက်ရှိဆက်ဆံရေးကိုလည်း ယတိပြတ်ဖြတ်လိုက်ပါ။

တစ်ဖက်ပိတ် ဆက်ဆံရေး – အမှန်ပြောရလျှင် အချို့သောသူများနှင့် မဆက်ဆံသင့်ပါ။ သင်အကူအညီပေးနေသည့်သူမှာ ကပ်ပါးကောင်ဖြစ်နေသည့်အတွက်မဟုတ်ပဲ၊ ၎င်းတို့တွင် အင်္ဂလိပ်စာနှင့်ပတ်သက်သည့် အနာဂတ်မျှော်လင့်ချက် လုံးဝမရှိသောကြောင့်ဖြစ်ပါသည်။ ဥပမာပေးရလျှင် အင်္ဂလိပ်စာအရည်အချင်းက ချာတူးလန်နေသလောက် သူ့ရည်မှန်းချက်က အမေရိကသွားပြီး ပညာသင်ချင်သည့် သူမျိုးဖြစ်ပါသည်။ ထိုသူမျိုးကို သင့်အနေဖြင့် ကူညီဖို့အရေးနစ်နဲ့ချီပြီး အချိန်ပေးရပါလိမ့်မည်။ ဘာများအကျိုးရှိမည်နည်း။ သင့်ဘဝထဲကအချိန်ကို ဘာကြောင့် အကုန်ခံရမည်နည်း။ အချို့မှာ ၎င်းတို့၏အထူးပြုဘာသာရပ်ကိုပြောင်းခိုင်းပြီး အဆင်မပြေသည့် အင်္ဂလိပ်ဘာသာရပ်ကို မိဘတို့အုပ်ထိန်းသူတို့က ပြောင်းယူခိုင်းကြသည်။ ယခုပြောနေသည်မှာ ရလဒ်များအကြောင်းဖြစ်ပါသည်။ ဆက်ဆံရေးအကြောင်းမဟုတ်ပါ။ သင့်အနေဖြင့် ဘဏ်မှ အပေါင်စာချုပ်နှင့် ချေးငွေဌာနမှ အရာရှိတစ်ယောက်လို မည်သူ့မှ နတ်သမီးပုံပြင်ထဲက ခေါင်းကိုင်အမိမဟုတ်။

လူထူးလူဆန်းများ – လူ့အဖွဲ့အစည်းထဲတွင် အန္တရာယ်အကြီးဆုံးသောသူများရှိသည်။ အင်္ဂလိပ်စာကို နိုင်ငံခြားသားမရှိပဲ ကိုယ့်ဘာသာလေ့လာခြင်းဆိုသည့်ခေါင်းစဉ်အောက်မှပြောနေခြင်းမျိုးမဟုတ်ပါ။ ထိုသူများမှာ သင့်အနေဖြင့် သတိကြီးစွာထားရမည့်သူများဖြစ်ပါသည်။ အမေရိကားတွင် တစ်ခုခုလုပ်ချင်သည့်သူကို ဖျက်လိုဖျက်ဆီးလုပ်မည့်သူက နှစ်ကျိပ်လောက်ရှိသည်ဆိုသည့် ဆိုရိုးစကားရှိသည်။ ဒါကတော့ လောကဓမ္မတာဖြစ်ပါသည်။ အောင်မြင်မှုရှိသည့်နေရာတိုင်းတွင် မနာလိုမှုကလည်းတစ်ပြိုင်တည်းရှိနေမည်ဖြစ်ပါသည်။ ကိုယ့်ဘာသာ လုံ့လဝီရိယနည်းသူများကတော့ လက်ရှိမတိုးတက်သည့်အအခြေအနေမှ တစ်မဟုတ်ချင်းရုန်းထကာ အနာဂတ်မျှော်လင့်ချက်အတွက် ကြိုးစားပမ်းစားလုပ်သည့်သူများကို အမုန်းကြီးမုန်းကြလိမ့်မည်။ သူတို့လိုလူတွေက ဒုနှင့်ဒေး။ သင့်ကိုလည်း စောင့်ကြည့်နေကြသည်။ သူတို့မှာ သင်၏ ပြိုင်ပရန်သူများဖြစ်သဖြင့် သတိထားပါ။

သူစိမ်းဆန်သော နိုင်ငံခြားသားများ – သူစိမ်းဆန်သောနိုင်ငံခြားသားများကို သင်အပတ်တစ်ကုတ်လေ့လာထားသော အင်္ဂလိပ်စာကို အသုံးချမည်ဆိုပြီး စကားသွားပြောသည့်အခါ ထင်ထားသည်နှင့် တက်တက်စင်အောင်လွဲတော့သည်။ သူတို့ကလက်မခံကြ။ သင့်ကို နင်ပါထုတ်လိုက်ကြလိမ့်မည်။ စိတ်ထိခိုက်စရာဖြစ်ရတော့သည်။ မဟုတ်လျှင်လည်း သင့်ကိုခင်မင်ရင်းနှီးသယောက်ပြုပြီး အသုံးချမည်၊ မျှော်လင့်ချက်ပေးထားမည်၊ ထို့နောက် သင့်ကို ပစ်ထားခဲ့ကြတော့သည်။ မကြာသေးမီကပင် ရည်းစားကောင်မလေးကို နိုင်ငံခြားသားသူ့ဘဲက သူ့နိုင်ငံသူမပြန်ခင် လေယာဉ်ပေါ်တက်ခါနီး မိနစ်ပိုင်းအလိုမှာ အဆက်ဖြတ်လိုက်ကြောင်း ဖုန်းဆက်သည့်ဇာတ်လမ်းကို ကြားလိုက်ရသေးသည်။ကိုယ့်နိုင်ငံကိုလာကြသည့် နိုင်ငံခြားသားတိုင်းတွင် ကိုယ်ပိုင်လုပ်ငန်းစဉ် အသီးသီးပါလာကြပြီးသားဖြစ်သည်။ ထိုလုပ်ငန်းစဉ်မှ လမ်းကြောင်းလွဲချော် သွားတာမျိုး၊ လမ်းကြောင်းပျောက်သွားတာမျိုးသူတို့မလိုလားကြ။ သင်လည်းနိုင်ငံခြားတွင် ပါရဂူဘွဲ့သင်တန်းတက်နေပါက ထိုသို့ခံယူမည်သာဖြစ်ပါသည်။

အားပေးတိုက်တွန်းမှုမရှိခြင်း – ယခု ဘယ်သူလဲဆိုသည့်မေးခွန်းမှ ဘာလဲဆိုသည်ကို ပြောင်းလဲဆွေးနွေးပါမည်။ သင်၏ အင်္ဂလိပ်စာလေ့လာရေးလမ်းကြောင်းတွင် သင့်အနေဖြင့် ဘယ်သူကမှ သင့်ကိုအားပေးတိုက်တွန်းခြင်းအလျင်းမရှိသည့် အထီးကျန်ကာလများကို မလွဲမသွေကြုံရပါလိမ့်မည်။ အကယ် ၍ အခြားသူတစ်ယောက်များ အထောက်အကူအဖြစ် ကိုယ့်ကိုအားပေးတိုက်တွန်းမည်ဆိုပါက မည်မျှကောင်းမည်နည်း။ ထိုသို့အားပေးတိုက်တွန်းမှုကြောင့်သိသာသည့်အပြောင်းအလဲဖြစ်စေပါလိမ့်မည်။ သို့ရာတွင် သင်တစ်ယောက်တည်းဖြစ်ပြီး ဤအချက်ကို မည်သူကမျှ အလေးထားမနေပါ။

ထောက်ပံ့မှုမရှိခြင်း – အခြားသူများကကိုယ့်အကြောင်းပြောတာအပြင်၊ သင့်အတွက် ဘာလုပ်ပေးသနည်း။ သူတို့မှာရှိသော စာအုပ်ဟောင်းများ၊ စာရွက်စာတမ်းများ၊ မဂ္ဂဇင်းများကို ပေးပါသလား။ သို့မဟုတ် သင်သူတို့နားက ဖြတ်သွားသည့်အခါ သင့်ကိုပြုံးပြပါသလား။ အင်္ဂလိပ်စာကို ခုံခုံမင်မင်လိုက်စားသည့်သူ၊ ကိုယ့်ထူးကိုယ်ချွန်သူဆိုပြီး လူသိထင်ရှားနေပါက သင့်အတွက် လုံခြုံအေးချမ်းပါသလား။ မဟုတ်ပါဟု ဖြေပါက သင့်အနေဖြင့် တစ်ကိုယ်တည်းသာ ကြိုးစားလေ့လာနေရသူဖြစ်ပါသည်။ သင့်ပတ်ဝန်းကျင်က ဥပေက္ခာပြုမှုမှာ သူတို့၏ဆန့်ကျင်မှုကဲ့သို့ သင့်အတွက် ဘာမှအရာထင်သည့်ကိစ္စမဟုတ်ပါ။

အများသဘောထား – အများသဘောထားမှာ အင်မတန်အဖျက်သဘောဆောင်တတ်သည်။ ထို့ပြင် အင်္ဂလိပ်ဘာသာစကားလေ့လာရာတွင် ဖြစ်ထွန်းအောင်မြင်တိုးတက်လိုသူတို့ကို ဆန့်ကျင်နေသည်မှာလည်း အများသဘောထားပင်ဖြစ်သည်။ ခေတ်သစ်ယဉ်ကျေးမှုဗဟိုဌာနများနှင့် အဆင့်မြင့်ပညာရေးတို့မှ ဝေးရာသို့သွားလေလေ၊ အများသဘောထားက ပိုပြီးကြီးမားခိုင်ခံ့လာလေအဖြစ်မျိုးကြုံရတတ်သည်။ အများသဘောထားမှာ ရံဖန်ရံခါတွင် လျစ်လျူရှုခြင်းနှင့် မာနတို့ကြောင့် မီးလောင်ရာလေပင့်သလိုဖြစ်စေတတ်သည်။

အခြားသူများ၏အမြင်ကသင့်ကို လွှမ်းမိုးထားခြင်း – ပညာရေးစနစ်တွင် ကိန်းသေအဖြစ်ရှိနေသည့်အရာတစ်ခုမှာ ကျောင်းအုပ်၊ သင်တန်းထောင်ထားသူတို့က သူတို့၏သင်ရိုးနှင့် နမူနာပုံစံတို့ကို အကောင်းဆုံးဟု ထင်တတ်ကြခြင်းဖြစ်သည်။ ကုမ္ပဏီအများအပြားတွင်လည်း အလားတူမှုများရှိကြသည်။ ပြင်ပမှ အမြင်တစ်ခုက ကိုယ့်ကိုလွှမ်းမိုးလာသည့်အခါ ကိုယ့်အမြင်ဖြင့်ကိုယ်မလုပ်နိုင်တော့။ ကိုယ့်အမြင်ဖြင့်ကိုယ်လုပ်မိလျှင် အလုပ်ပါပြုတ်သွားမည်။ ကိုယ်ဘာဆိုသည်ကိုကြေညာလိုက်သည်နှင့် အခြားသူများက သင့်ကို သူတို့၏ပုံစံခွက်ထဲဝင်လာအောင် ဆွဲဆောင်ကြလိမ့်မည်။ ကိုယ်မကြိုက်သည့် စနစ်ထဲသို့ဝင်ရန်ပြန်လည်တည်ဆောက်ရသည်ထက် ဆိုးဝါးစုတ်ပဲ့သည့်ကိစ္စမရှိပေ။

အစဉ်အလာကို ကိုးကွယ်မှု – အုပ်စုငယ်လေးများတွင် လွှမ်းမိုးကြီးစိုးနေသည့် တန်ဖိုးများကို ဖြန့်ဖြူးသူများက အခြားသူများကို အစဉ်အလာအတိုင်းလက်ခံရန်တိုက်တွန်းခြင်း၊ သိမ်းသွင်းခြင်းများပြုတတ်ကြသည်။ ပါးစပ်ပိတ်ပြီး ကိုယ့်ဘေးပတ်ဝန်းကျင်က လူတွေအတိုင်းလိုက်လုပ်ခြင်းကသာ ပို၍လွယ်ကူပါသည်။ အကြောင်းမှာ အင်္ဂလိပ်စာကို အပြင်းအထန်လေ့လာဆည်းပူးပါက လူပုံအလယ်တွင်ထင်ရှားလာပြီး ပစ်မှတ်ဖြစ်လာတတ်ခြင်းကြောင့် ဖြစ်သည်။

မည်ကာမတ္တဖြစ်မှုကို အထင်ကြီးခြင်း – မနာလိုမှု၏ ထင်ရှားသောဥာဉ်တစ်ခုမှာ မိမိသဘောအရပြောရလျှင် ယင်းကမုန်းတီးနေသောအရာကို အားလျော့သွားအောင်၊ ပျက်ပြယ်သွားအောင်၊ ပျက်စီးသွားအောင်ထိပြုလုပ်လိုသော ဆန္ဒပင်ဖြစ်ပါသည်။ အကြောင်းမှာ မနာလိုဖြစ်ရသူသည် သူမနာလိုဖြစ်နေသည့် အလားတူအောင်မြင်မှုမျိုးကို ဘယ်သောအခါမှမရနိုင်ဟု သိနေသောကြောင့်သာဖြစ်ပါသည်။ လူ့အဖွဲ့အစည်းတစ်ခုလုံးဖြစ်စေ၊ ရွာတစ်ရွာဖြစ်စေ၊ လူတန်းစားတစ်ရပ်ဖြစ်စေ လူမှုရေးအစုအဖွဲ့အများအပြားမှာ ထူးချွန်ထင်ရှားလွန်းသူမှန်သမျှကို ကျဆုံးပျက်စီးအောင်လုပ်ဆောင်မည်ဖြစ်သည်။ ထိုသို့မဖြစ်အောင် လုပ်နိုင်သည့် အလုံခြုံဆုံးနည်းလမ်းမှာ သူလိုငါလို မထင်မရှားနေခြင်းသာဖြစ်သည်။တစ်နည်းပြောရလျှင် သာမန်ညောင်ည မည်ကာမတ္တအနေဖြင့်သာနေရန်ဖြစ်ပါ

သည်။ အလုပ်ခွင်တွင်သင်အလုပ်ကြိုးစားပါသည်ဆိုသော်ငြားလည်း ယင်းမှာ သင့်ခေါင်းဆောင်များကို ကျေနပ်စေရန်အတွက်သာဖြစ်သည်။ မမြင်ရသည့် တစ်ခုသော စည်းမျဉ်းအထက်တွင် သင်သည် ၎င်းတို့၏ ကျေနပ်မှုကိုမရရှိတော့ပဲ၊ မနာလိုမှုများဖြစ်ပေါ်လာစေနိုင်သည်။ အလားတူပင် သူတို့ပါအလုပ်ကြိုးစား ရမည့်အခြေအနေရောက်လျှင် လုပ်ဖော်ကိုင်ဖက်များထံမှ တိုက်ခိုက်မှုများကိုကြုံလာရမည်ဖြစ်သည်။

ပြိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ – အလုပ်ခွင်ဆိုသည်မှာ တိုက်ပွဲဝင်နယ်မြေဖြစ်သည်။ ခုမှ အလုပ်ရတာမဟုတ်လားဟူသော မေးခွန်းကို ကောလိပ်ဘွဲ့ရတိုင်းကို မေးကြည့်ပါ။ သင့်ကိုယ်သင်မေးကြည့်ပါ။ ရှေ့သို့၊ အဆင့်မြင့်သည့်နေရာသို့ တက်လှမ်းလိုသည့် ရည်ရွယ်ချက်ကြီးကြီးမားမားရှိသူတိုင်း ကိုယ့်ဘေးမှာရှိနေပြီး သူတို့အားလုံးမှာ ပြိုင်ဘက်များဖြစ်ပါသည်။ ကိုယ်နှင့်ပြိုင်ဆိုင်နေရသည့်သူများနှင့်အတူ အင်္ဂလိပ်စာလေ့လာမှုကို ငြိမ်းချမ်းစွာလုပ်နိုင်ဖို့ရာကိစ္စမှာ မလွယ်လှ ပါ။

တစ်ကိုယ်ရေဦးဆောင်လှုပ်ရှားမှုကို သင်းကွပ်ခြင်း – အထက်ပါပြဿနာအားလုံးတွင် ဆင့်ပွားကြီးထွားလာတတ်သည့် သက်ရောက်မှုတစ်ခုရှိနေ သည်။ ယင်းမှာ အင်္ဂလိပ်ဘာသာစကားကို နိုင်ငံခြားသားမိတ်ဆွေမရှိပဲ တစ်ကိုယ်တည်း စဉ်ဆက်မပြတ် လေ့လာရန်ကြိုးစားဖို့ သင့်အတွက် အလားအလာ နည်းပါးစေမည့် သက်ရောက်မှုပင်ဖြစ်ပါသည်။ မျက်နှာ၊ လူပုံအလယ် ထင်ထင်ပေါ်ပေါ်ရှိရန် တုံ့ဆိုင်းခြင်းဖြစ်တတ်ပြီး၊ အုပ်စုလိုက်စိတ်ထားမျိုးကို အရေးကြီး သည်ဟုထင်မြင်သော ယဉ်ကျေးမှုစနစ်ထဲတွင် တစ်ကိုယ်ရေဦးဆောင်လှုပ်ရှားမှုများမှာ နှိပ်ကွပ်ခံရတတ်ပါသည်။ သင့်ကို အရာအားလုံးက ပေါ်ပေါ်ထင်ထင်၊ ပုန်းလျှိုးကွယ်လျှိုး ဗီလာဆန့်ကျင်နေသည်ဟုထင်ရသည်။ အလျှော့ပေးလိုက်ရန်မှာမူ လွယ်လွန်းစွ။

အခြားသူများ၏မကျေမချမ်းဖြစ်မှု – တခြားသူများ၏မကျေမချမ်းဖြစ်မှုမှာ ယနေ့ တိုးတက်ထွန်းကားနေသော ခေတ်သစ်ကာလတွင်ပင် ပြောင်းလဲမသွား သည့် လူ့သမိုင်းလောက်ပင် သက်တမ်းရင့်ခဲ့ပြီဖြစ်သည်။ ယင်းမှာ တိုင်းပြည်ကို ဦးစွာအလုပ်အကျွေးပြုခြင်းနှင့် ကိုယ့်ကိုယ်ကိုယ်အလုပ်အကျွေးပြုခြင်းဆို သည့်အရာနှစ်ခုကြား၊ တစ်စုတစ်ဖွဲ့၏ဖြုတ်ပယ်မရသော အစိတ်အပိုင်းထဲတွင်နေခြင်းနှင့် ယင်းအတွက် အရေးဆိုလှုပ်ရှားသူအဖြစ်ဆောင်ရွက်ခြင်းအကြား၊ သာမန်ညောင်ညစ္စန္ဒထဲမှုရန်းကန်ထိုးထွက်လာ သည့် ကြာပွင့်အဖြစ်နှင့် ယင်းသာမန်ညောင်ညစ္စန္ဒတော၏ ပစ်မှတ်ဖြစ်လာခြင်းတို့အကြားတွင်ရှိနေတတ် သည့် မကျေမချမ်းဖြစ်မှုပင်ဖြစ်ပါသည်။ တရုတ်ပြည်သို့ တိုင်းတပါးမှ ဖွံ့ဖြိုးတိုးတက်မှုဆိုသည့် ပြဒါးရှင်လုံးကိုဆွဲထုတ်ယူငင်နိုင်ရန် အင်္ဂလိပ်စာကို အသုံးချ ခြင်းနှင့် နေးကွေးလေးကန်နေသော လက်ရှိနယ်မြေတစ်ခုမှ ကိုယ့်ကိုယ်ကိုယ် ဆွဲထုတ်ရန် အင်္ဂလိပ်စာကိုအသုံးချခြင်းဟူသည့်ကြားတွင်ရှိသည့် ပြတ်သား လှသည့်စည်းမှာ အခြားသူများ၏မကျေမချမ်းဖြစ်မှုဖြစ်ပါသည်။ အင်္ဂလိပ်စာကို နိုင်ငံခြားသားတစ်ယောက်မရှိပဲ ကိုယ်တိုင် စဉ်ဆက်မပြတ်လေ့လာရန်၊ အမှန် တကယ်အလေးထားလေ့လာရန်ဟူသောအချက်ကို ခံစားချက်အများအပြားကြားတွင် ရှာဖွေစူးစမ်းကြည့်သွားပါဦးမည်။

ယခုအပိုင်းအဆုံးသတ်ခြင်း – သင်ရှာဖွေစူးစမ်းရင်းဖြင့် အခြားသူများထံမှ ကြုံတွေ့ရမည့် တွန်းအားများမှာ အထက်တွင်တင်ပြခဲ့သော အချက်များပင်ဖြစ် ပါသည်။ နောက်အပိုင်းတွင် အထက်ပါအခက်အခဲများကို အတွင်းကျကျ ဆန်းစစ်သွားပါမည်။

ကိုယ်တိုင်လေ့လာသင်ယူခြင်း – အတွင်းပိုင်းပုပ်အဲ့၊ အပြင်ပိုင်း တစ်စစီ။***<u>From yourself—"inner rot" and "outer collapse"</u>***

အိမ်မက်မရှိ – " မျှော်မှန်းချက်မရှိက၊ ကျဆုံးပျက်စီးမည်ပင်။ " မျှော်မှန်းချက်ဟူသည်မှာ အိမ်မက်မှအစပြုသည်။ အိမ်မက်တစ်ခုမှမရှိသဖြင့် မျှော်မှန်းချက် သေဆုံးရသည်။ သင်ရင်ဆိုင်နေရသော အကြီးမားဆုံးအခက်အခဲမှာ အိမ်မက်မရှိခြင်းပင်ဖြစ်နိုင်သည်။ အိမ်မက်တစ်ခုထားရှိပါက ပန်းတိုင်တစ်ခုလည်း သင့် မှာရှိလာမည်။ အိပ်မက်မရှိပါက သင်သည် ရေစီးတွင် အလိုက်သင့်ကိုယ်ဖော့နေသူသာဖြစ်ပေလိမ့်မည်။ အိပ်မက်ဟူသည် စိတ်ပျက်စရာအခြေအနေများနှင့် ကြုံနေရသည့်အချိန်တွင် ရှေ့သို့ဆက်လက်ချီတက်ရန် နှိုးဆော်သည့်အရာပင်ဖြစ်ပါသည်။

ပန်းတိုင်များ မရေရာခြင်း – သင်လိုချင်သည်ကို သင်မသိပါက ပြဿနာတက်နေပြီ။ ပထမဆုံးအနေဖြင့် အပြင်ပန်းကျသော ပန်းတိုင်များကို အလေးမ ထားပဲ၊ ယင်းတို့၏ အတွင်းပိုင်းကျသော နှိုးဆော်မှုများကို ဆန်းစစ်ပါ။ပန်းတိုင်များမှာ အားနည်းချက်များရှိနေခြင်း၊ လမ်းလွဲနေခြင်း သို့မဟုတ် ပြီးပြည့်စုံမှုမရှိခြင်း တို့ရှိနေနိုင်သည်။ ထိုသို့ဖြစ်နေပါက သင်၏ပန်းတိုင်များကို တစ်နည်းတစ်ဖုံ ပြန်လည်သက်ရောက်မည်ဖြစ်ကာ သင့်ဖြစ်ထွန်းတိုးတက်မှုကိုလည်း သက် ရောက်မည်ဖြစ်သည်။ ဖြစ်ထွန်းတိုးတက်မှုဟူသည်မှာ လေဟာနယ်တွင်မရှိပါ။ သင်၏ ပန်းတိုင်များနှင့် စိတ်ဓာတ်လှုံ့ဆော်မှုများက မတူခြားနားသည့်အရာ များဖြစ်နေပြီး၊ မတူခြားနားသည့် ဦးတည်ရာများကို သွားနေပါက သင်သည် ပုံမှန်မဟုတ်တော့။ သင်ရပ်တည်နိုင်မည်မဟုတ်ပါ။

ဘယ်ကစရမည်မသိခြင်း – ဒီလိုမသိလို့ အပြစ်မဆိုသာပါ။ ကြီးလေးသောတာဝန်ဖြစ်ပြီး အဆုံးသတ်ဦးတည်ရာနေရာမှာ မိုးကုပ်စက်ဝိုင်းများစွာကို ဖြတ် ကျော်သွားရမည့် အဝေးကြီးတွင်ရှိနေသည်။ နောက်ထပ်ခရီးတစ်ခုစရသလိုပင် ပထမဆုံးဝင်ရမည့် မလွယ်ပေါက်ကို ရှာရခက်လှပါသည်။ သင့်ကို ဘယ်နေရာ က စသင့်သည်ဟု ပြောမည့်သူတွေ အများကြီးရှိနေသည်။ ဤနေရာတွင် အင်္ဂလိပ်ဘာသာစကားလေ့လာရာ၌ မှားယွင်းသောအစပြုမှုများကို သတိထားပါ။ ထိုမှားယွင်းသောအစပြုမှုများမှာ မှန်းချက်နှင့် နမ်းထွက်မကိုက်ဖြစ်စေတတ်ပါသည်။

လုပ်ဖော်ကိုင်ဖက်များထံမှ တုံ့ပြန်မှုမရခြင်း – ဘယ်သူကမှ သင့်လုပ်ပုံကိုင်ပုံကို ပြောဆိုလာခြင်းမရှိလျှင် သင်သည် ပိန်းပိတ်အောင်ဆိုင်းနေသည့် မြူထု ကြီးထဲရောက်နေသည်နှင့်တူပါသည်။ သူတို့ဂရုမစိုက်ကြရဲ့လား။ ဘာလို့မကူညီကြပါလိမ့်။ ဘာညွှန်ကြားချက်မှလည်းမလာ၊ နှစ်သိမ့်မှုလည်းမရှိ၊ သူတို့၏ အကြံကိုလည်း ရိပ်ဖမ်းသံဖမ်းပင်မပြောပဲ သင့်ကိုတိတ်တဆိတ်ဖြင့် သဘော်များလို ဝိုင်းရံထားကြသည်။ သင်ကြားရသမျှမှာ သဘော်ဦးကိုယ်ထည်ကို လာရိုက်ခတ်နေသော လှိုင်းသံတဝုန်းဝုန်းသာ။ သင်ရှေ့ဆက်ရမည့်ခရီးမှာကား အထီးကျန် အေးစက်လှသည်။

ဂရုစိုက်သည့်သူနဲလွန်းခြင်း – အများအားဖြင့်၊ မဟုတ်ရင်လည်း တစ်ခါတစ်ရံတွင် ဘယ်သူကမှ ကိုယ့်ကိုအရေးမလုပ်ဟု ထင်တတ်သည်။ စိတ်ကူးစိတ် သန်းကြီးကြီးမားမားရှိသည့်ပုဂ္ဂိုလ်များသည် အကြောင်းတစ်ခုကြောင့် တစ်ကိုယ်တော်လှမ်းလျှောက်သွားတတ်ကြသည်ကို မမေ့ပါနှင့်။

သင့်ကျော်ကြားမှုအတွက် ပူပန်ခြင်း – သင်၏ ခရီးစဉ်တွင် သင့်ကိုချုံးချုံးကျစေမည့် ပြည်တည်နာများရှိနေသည်ဆိုပါက ယင်းမှာ သင့်ကျော်ကြားမှုကို ထိ ခိုက်မှာပူပန်ခြင်းပင်ဖြစ်သည်။ အိပ်မက်မက်ထားသူတစ်ဦးအတွက် ဒီအခက်အခဲက အတော်ပင်ထိခိုက်စေပါသည်။ အကြောင်းမှာ အိပ်မက်မက်ထားကြသူ များသည် ကံကြမ္မာကိုထက် အောင်မြင်ကျော်ကြားမှုကိုသာ ရွေးချယ်တတ်ကြသဖြင့်ဖြစ်သည်။ ညံ့ဖျင်းလှသည့် အယူအဆပဲ။

ဝင်ငွေ၊ အိမ်ငှားခနှင့် စားရေးသောက်ရေးအတွက် ပူပန်ခြင်း – မစားမသောက်ပဲနေလို့မရသည်မှာ အမှန်ပင်ဖြစ်သည်။ သို့ရာတွင် ထိုကိစ္စများကို အလွန်အ မင်းစိုးရိမ်ပူပန်နေခြင်းသည် မိမိတို့ကို တဖြည်းဖြည်း ဆုတ်ယုတ်ကုန်ခမ်းစေပြီး၊ အဆုံးသတ်တွင်မတော့ ဘာမှ အသီးအပွင့်ထွက်ပေါ်လာမည်မဟုတ်ပေ။

ပင်ပန်းနွမ်းနယ်မှု – တစ်နေ့တာအလုပ်ချိန်အပြီးတွင် အင်္ဂလိပ်စာလေ့လာလိုသူများအတွက် ပင်ပန်းနွမ်းနယ်မှုမှာ အမြဲတစေရှိနေသည့် ရန်သူပင်။ သင့်အလုပ်ခွင်တွင် အင်္ဂလိပ်ဘာသာစကားမှာ တစ်နည်းတစ်ဖုံပါဝင်နေလင့်ကစား အလုပ်၏တောင်းဆိုချက်များမှာ သင့်စိတ်ထဲသို့ဝင်ရောက်မလာတတ်ပါ။ ကောလိပ်ကျောင်းတွင် လေ့လာကျက်မှတ်ခဲ့သည်တို့မှာလည်း အလုပ်အတွက် ဘာမှအကျိုးဖြစ်ထွန်းမှုမရှိ။ သင့်အလုပ်ကလည်း သင့်ရည်မှန်းချက်ကို ဘာမျှအကျိုးဖြစ်ထွန်းစေခြင်းမရှိ။ သင့်အမြင်တွင် သင့်အတွက်ရှိသည့်အချိန်မှာ ညစာစားချိန်နှင့် ညအိပ်ရာဝင်ချိန်ကြားကာလသာ။ ထိုအချိန်မှာ သင်က ပင်ပန်းနွမ်းနယ်နေပြီဖြစ်သည်။

မျှော်လင့်ချက်ကုန်ခမ်းသွားခြင်း – မျှော်လင့်ချက်ကုန်ခမ်းခြင်းဟူသည့် ခွေးနက်တစ်ကောင်က သင့်ကိုအမြဲစောင့်ကြိုနေတတ်သည်။ ရံဖန်ရံခါတွင် ပင်ပန်းနွမ်းနယ်မှုနှင့်အတူ သင့်ထံသို့ ရောက်လာသည်။ ထို့နောက် သင့်နောက်သို့ အမြဲတစေ ထပ်ကြပ်မကွာလိုက်နေတော့သည်။ ဤအချက်မှာ အမြဲကြုံရတတ်သည့် အန္တရာယ်ဖြစ်သည်။

စီမံကိန်းမရှိခြင်း – ထပ်ပြောရလျှင် “ အောင်မြင်အောင် အစီအစဉ်ဆွဲမထားခြင်းသည် မအောင်မြင်ရန် အစီအစဉ်ဆွဲထားခြင်းပင်ဖြစ်သည် ” သင့်တွင် ဘာအစီအစဉ်မှာ မရှိပါက လမ်းစပျောက်ပြီး ဦးတည်ချက်မရှိပဲ လုပ်ကိုင်ဆောင်ရွက်နေရပါလိမ့်မည်။ ပိုပြီးဆိုးသည့်အချက်မှာ စီမံကိန်းချမထားလျှင် အခြားသူများက သူတို့၏ အစီအစဉ်များကို သင်လက်ခံလိုက်နာအောင်လုပ်ကြလိမ့်မည်။

အလုပ်ခွင်သုံးအင်္ဂလိပ်စာကလွဲပြီး စိတ်မဝင်စားခြင်း – အလုပ်လုပ်ရသည်မှာ အားအင်ကုန်ခန်း စိတ်ပန်းလူပန်းဖြစ်ရသည်။ အသက်ရှင်ရပ်တည်ရေးမှာ ယေဘူယျပြောရလျှင် တောင်တက်ရသည်နှင့်တူနေသည်။ မကြာမီကာလတွင် သင့်အလုပ်ခွင်အတွက် လိုအပ်သော လုပ်ငန်းခွင်သုံး အင်္ဂလိပ်ဘာသာစကားကို သင်ကျွမ်းကျွမ်းကျင်ကျင်ရှိသွားသည်။ အဆင်ပြေသွားပြီ။ အလုပ်ခွင်တွင် ယုံကြည်ချက်ရှိရှိဖြင့် သင်အင်္ဂလိပ်လို ပြောနိုင်ဆိုနိုင်လာပြီ။ မသိမသာ၊ သို့မဟုတ် တမင်တကာဖြင့် အင်္ဂလိပ်ဘာသာစကားကို ထပ်မလေ့လာမိတော့သည်အခြေအနေရောက်သွားသည်။ သင်၏ အလုပ်ခွင်သုံး အင်္ဂလိပ်စာမှာ ခံတပ်ဖြစ်လာပြီး သင်ကယင်းခံတပ်အပြင်ကို စွန့်စားထွက်ခွာခြင်းမပြုတော့။ ထို့နောက်တွင်တော့ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်စဉ် သဘာဝအရ သင်တဖြည်းဖြည်းအသက်မဲ့စပြုလာတော့သည်။ အင်္ဂလိပ်ဘာသာစကားမှာ အလုပ်ခွင်ပြင်ပမှ သင့်တကယ့်ဘဝအတွက် အစိတ်အပိုင်းတစ်ရပ်ဖြစ်မလာပဲ ပျင်းစရာဖြစ်လာတော့သည်။

အလုပ်ထဲကနေ တခြားသွားစရာမရှိဖြစ်နေခြင်း – သက်လတ်ပိုင်း အင်္ဂလိပ်စာပြဆရာများနှင့် အခြားသူများ ဒီအခြေအနေကြုံနေရသည်။ အလုပ်မှာမြဲနေတုန်းဖြစ်ပေမယ့် ကိုယ့်ခံတပ်ဟာ ထုံးဓာတ်များပြီး ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်လာသည်။ ကိုယ့်အိမ်ကိုယ့်ယာကတော့ ခြစားလာပြီး အလုပ်အကိုင်ကလည်း အသက်မွေးဝမ်းကျောင်းမှုနဲ့ဆိုင်တဲ့ ကင်ဆာရောဂါ စွဲကပ်လာခဲ့တော့သည်။ ဒီလိုအခြေအနေမျိုးမှာ သင်ဟာ ကိုယ့်အတွင်းရေးကိုပဲ အာရုံပြုနေပြီး အပြင်ကို စွန့်စားထွက်ခွာ သွားလာခြင်းမပြုရင် အင်္ဂလိပ်စာကို လုံးဝလေ့လာလို့မရနိုင်တဲ့အခြေအနေကို မရောက်ရင်တောင် အတော်ကြီးအခက်အခဲနဲ့ကြုံရပါလိမ့်မယ်။

အင်္ဂလိပ်စာကို စိတ်ဝင်စားမှုကင်းမဲ့လာခြင်း – သိပ်မကြာခင်မှာ အင်္ဂလိပ်စာကို စိတ်ဝင်စားမှု ကုန်ခမ်းလာလိမ့်မယ်။ ခု သင်နားလည်တတ်ကျွမ်းထားသည့် အင်္ဂလိပ်စာမှာ ကောလိပ်တုန်းက သင်သိပ်လိုချင်သည့် ဘဝ၏ ဆုလာဘ်များကို အောင်မြင်စွာရရှိနေစေချိန်မျိုးတွင် ဘာကြောင့် အင်္ဂလိပ်စာကို ထပ်လေ့လာနေရဦးမည်နည်းဟု သင်မေးခွန်းထုတ်လိမ့်မည်။ ( ဒီလိုနည်းဖြင့် မိမိ၏ တရုတ်စာလေ့လာမှုမှာလည်း ဆုံးခန်းတိုင်ခဲ့ရသည်။ တရုတ်ပြည်သို့ ခရီးသွားကာ ဒီမှာ အခြေကျရှင်သန်နေနိုင်ဖို့ လိုလားခဲ့သည်။ တရုတ်ပြည်ကိုလည်း ရောက်ခဲ့ပါပြီ။ ရှင်သန်ရပ်တည်နိုင်ခဲ့ပြီးလည်းဖြစ်သည်။ ခုအခါမှာတော့ ဆက်ပြီး တစ်ဆင့်တက်ချင်နေမိသည်။ တရုတ်ဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင်ပြောတတ်ခြင်းမှာ မိမိအဖို့ ဘာမျှ အဓိပ္ပါယ်မရှိ။ မိမိ၏ ပန်းတိုင်လည်း ဘယ်တုန်းကမှ မဖြစ်ခဲ့ပါ။) ဒီသွင်ပြင်လက္ခဏာ၏ ပိုမို မှောင်မိုက်သောအပိုင်းမှာ မိမိပန်းတိုင်များကို ရရှိပိုင်ဆိုင်ရန် အင်္ဂလိပ်ဘာသာစကားက အသုံးမဝင်ဟု ထင်မြင်လာသည့် စိတ်ဝင်စားမှုလျော့ကျလာခြင်း၏ ဆန့်ကျင်ဘက် အကြောင်းအရင်းပင်ဖြစ်ပါသည်။ ဗိုက်ပြည့်ပြီး ပျင်းရိနေလို့၊ ဒါမှမဟုတ် မှန်းချက်နှင့် နမ်းထွက်မကိုက်သဖြင့်၊ စိတ်အားအငယ်ကြီးငယ်မိသဖြင့် အင်္ဂလိပ်ဘာသာစကားလေ့လာမှုကို စွန့်လွှတ်သွားတတ်ကြသည်။ အများစုက ထိုသို့သော အီလေးဆွဲ လေ့လာစူးစမ်းမှုလုပ်နေသည်ကို တွေ့ရသည်။သူတို့လမ်းကို နောက်ထပ်အများအပြားက လိုက်ကြလိမ့်မည်ဟုလည်း ယုံပါသည်။

ဘာကြောင့် စိတ်ကုန်သလဲ။ စိတ်ပါဝင်စားမှုကုန်ခမ်းခြင်း – အထက်တွင် မိမိပြောရန်ကျန်ရစ်ခဲ့သည်များလည်းရှိနိုင်ပါသည်။ ပြောပြီးသမျှတွင် ဘုံတူညီသော ပန်းတိုင်တစ်ခုသာရှိသည်။ ယင်းမှာ အင်္ဂလိပ်ဘာသာစကားကို လေ့လာလိုသည့် သင့်ဆန္ဒများ၊ သင့်အိပ်မက်များ၊ သင့်စိတ်ပါဝင်စားမှုများ ကုန်ခမ်းသွားခြင်းပင်ဖြစ်ပါသည်။ နောက်ဆုံးတွင် ဘာကြောင့်စိတ်ကုန်သလဲဟု မေးခွန်းထုတ်မိလိမ့်မည်။ အဓိကကတော့ အင်္ဂလိပ်ဘာသာစကားကို ထိထိရောက်ရောက်လေ့လာရန်မဖြစ်နိုင်၍ဖြစ်ပါသည်။

ခြေကုန်လက်ပမ်းကျခြင်း၊ အသက်မွေးမှုပျက်သုဉ်းခြင်း – ယခုအပိုင်းမှာ သင်တို့ရော မိမိပါ အင်္ဂလိပ် စာပြဆရာတစ်ယောက်အမြင်ကနေ ပြောဆိုတင်ပြနေမှုကို အဆုံးသတ်ချင်မိသည်။ ပထမဆုံးမှာ ခြေကုန်လက်ပမ်းကျခြင်း။ အသက်မွေးမှုဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြဿနာတစ်ရပ်အနေဖြင့် အခြားစာအုပ် စာတမ်းများတွင် ခြေကုန်လက်ပမ်းကျမှုကို ဆွေးနွေးထားသည့်အတိုင်းပင်တင်ပြလိုပါသည်။ အများတကာကို အကူအညီပေးရသည့် အသက်မွေးမှုများဖြစ်သော ဆရာဝန်များ၊ သူနာပြုများ၊ လူမှုရေးလုပ်သားများ၊ မိဘများနှင့် ကျောင်းဆရာများ အားလုံး အားလုံးသည် ခြေကုန်လက်ပမ်းကျသွားသည့် အချိန်မျိုး ကြုံဖူးကြပါသည်။ဂရုစိုက်မှု၊ တီထွင်ဖန်တီးမှု၊ အခြားသူများအတွက် ပူပန်မှု၊ ကရုဏာ၊လုပ်ရည်ကိုင်ရည် အားလုံးမှာ ရစရာမရှိဖြစ်သွားတတ်ပါသည်။ ထိုအချိန်တွင် အထက်ပါပုဂ္ဂိုလ်များမှာ ယခင်ကလိုလုံးဝမဟုတ်ကြတော့။ ပင်ပန်းနွမ်းနယ်မှု၊ ငြီးငွေ့မှု၊ မောပန်းမှု၊ စိတ်မပါ လက်မပါဖြစ်မှု စသည့်အရာအားလုံးမှာ ၎င်းတို့၏ ရှင်သန်နေထိုင်မှုဘဝအတွင်းမှ အရာအားလုံးမှာ ဆုံးခန်းတိုင်သွားသည်။ ခြေကုန်လက်ပန်းကျခြင်းမှာ စိုးရိမ်ရေမှတ် အဆင့်ဆင့်ရှိနေပါသည်။သူ့စိုးရိမ်ရေမှတ်နှင့်သူ ကုစားပုံအမျိုးမျိုးလည်းရှိနေသည်။ မှန်ကန်သည့်ကုထုံးကိုရစေမည့် မှန်ကန်သည့် ရင်းမြစ်များကို ရှာကြံရမည်။ သို့ရာတွင် အကျယ်တဝင့်တင်ပြရမည်ဆိုလျှင် သင့်ကို လန်းဆန်းတက်ကြွစေမည့် သင့်ဘဝအတွင်း အပြောင်းအလဲများဖြစ်ပေါ်စေမည့်အရာများ ပါဝင်နေပါသည်။ တစ်နည်းဆိုရလျှင် ခြေကုန်လက်ပမ်းကျသွားစေသည့် အချက်များနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည့် အချက်များပင်ဖြစ်သည်။

ဒုတိယအချက်မှာ ယခုအပိုင်းတွင် ဆွေးနွေးခဲ့သော စိတ်ပိုင်းဆိုင်ရာ အခက်အခဲများမှာ ခြေကုန်လက်ပမ်းကျမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ အဆုံးသတ်ရလဒ်များထဲမှတစ်ခုမှာ အင်္ဂလိပ်ဘာသာစကားလေ့လာမှုများကို စွန့်လွှတ်သွားခြင်းပင်ဖြစ်သည်။ ဆိုရလျှင် အင်္ဂလိပ်စာလေ့လာမှုကို မွေးဖွားပေးသည့်အရာများတွင် စိတ်ဓာတ်ပိုင်းဆိုင်ရာ အတွင်းဘက်ရန်းကန်မှုတို့ပါသလို၊ လူဘောင်၏ အကန့်အသတ်များနှင့် မိမိတို့၏ လူမှုရေးဆိုင်ရာတာဝန်ယူမှုများကို အပြင်ပန်းတွင် တိုက်ခိုက်နေရခြင်းလည်းဖြစ်သည်။

ဖိစီးမှု၊ စိတ်အနှောက်အယှက်ဖြစ်ရခြင်းနှင့် မက်လုံးများကဲ့သို့ ထပ်ဝင်လာသည့် အရာများ***“Other things coming in”—“oppression”, “distraction”, and “temptation”.***

စီမံကိန်း၊ ဘဝပေးတာဝန်၊ သင်ရိုးတွေကို စွန့်လွှတ်လိုက်ခြင်း – အဲဒီလို စွန့်လွှတ်ရတဲ့ အကြောင်းအရင်းတွေထဲက တစ်ခုကတော့ မိမိတို့ရဲ့အရင်းခံ ရည်ရွယ် ချက်တွေကို ကျဆုံးပျက်စီးခံလိုက်တာပါ။ မကြာခင်မှာ အခြားစိတ်ကူးတွေနဲ့ လုပ်ရပ်တွေက သူတို့နေရာမှာ အစားဝင်လာသည်။ တခါတစ်လေ မှာဆိုရင် အသစ်ဝင်လာတဲ့အရာများက အဟောင်းတွေကို အတင်းဖယ်ထုတ်ပစ်လိုက်သည်။ အောက်ပါ လေးမျိုးကိုသတိပြုပါ။ ကိုယ်ကြိုမ တွေးထားသည့် တခြား အရာများ၊ လက်ဆုပ်လက်ကိုင်ပြနိုင်သောအရာများနှင့် မပြနိုင်သောအရာများ၊ ယင်းတို့ကို ရုပ်လုံးပေါ်အောင် တွေးကြည့်နိုင်သလို၊ တစ်ခုခြင်းလည်း ဖော်ပြနိုင် သည်။ ထပ်ဝင်ပြီး သင့်ကို ချဉ်းကပ်လာသည့်အချိန်တွင်တော့ ရည်ရွယ်ချက်ရှိရှိ၊ ဒါမှမဟုတ်၊ အကြောင်းတိုက်ဆိုင်ပြီး ဝင်ရောက်လာကြခြင်းပင်။ ဝင်ရောက် လာသည်ဆိုကတည်းက သင့်ကိုထိုးဖောက်ပြီး သင့်ကိုယ်တွင်းရောက်သည်နှင့် သင့်ကို အဆိပ်သင့်စေတော့သည်။ ဤအပိုင်းတွင် အင်္ဂလိပ်စာကို နိုင်ငံခြား သားဆရာတစ်ယောက်မရှိပဲ စဉ်ဆက် မပြတ် ကိုယ်တိုင်လေ့လာမည့် သင့်ကို ခြိမ်းခြောက်လာမည့်အချက်များကို တင်ပြသွားပါမည်။ ထိုအချက်များ မှာ သင့် နည်းလမ်းကို အခြားအရာတစ်ခုဖြင့် အစားထိုးရန် ကြိုးစားမည်ဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။

အလုပ်တာဝန် – လူများစုသည် ကြီးလေးသော အလုပ်တာဝန်များရှိနေကြပြီး အချို့တွင် သဘာဝမကျသည့် တာဝန်ယူမှုအဆင့်ဆင့်ရှိနေကြသည်။ ထိုတာဝန် များမှာ အထက်လူကြီးထံမှ လာသည်ဖြစ်စေ၊ သင့်သင်တန်းသားများ၏လိုအပ်ချက်များမှ လာသည်ဖြစ်စေ၊ သို့တည်းမဟုတ် သင့်ကိုယ်ပိုင် စီမံကိန်းများမှ လာသည်ဖြစ်စေ အရေးမကြီးပါ။ အလုပ်တွင် စူးစူးစိုက်စိုက် နစ်မြုပ်နေလေလေ၊ အင်္ဂလိပ်စာလေ့လာဖို့ အချိန် နည်းပါးလေလေဖြစ်မည်။ အလွန် အကျွံဖြစ်သွား သည့်အချိန်တွင် သင့်ကျန်းမာရေးကိုပါ ထိခိုက်လာမည်ဖြစ်သည်။

အလုပ်မှ သွားလိုက်ပြန်လိုက်ပုံမှန်လုပ်ရခြင်း – နေ့စဉ် အလုပ်သို့ အသွား၊အပြန်ခရီးအတွက် နေ့စဉ် နှစ်နာရီမှ လေးနာရီထိ ဆုံးရှုံးရလျက်ရှိသည်။ တစ်နှစ်တာ ကာလအတွင်းတွင် ဆုံးရရသည့်အချိန်မှာ နာရီပေါင်း ရာပေါင်းများစွာထိရှိလာခဲ့သည်။ လူများစုအတွက် ရွေးချယ်စရာလမ်းမရှိပါ။ လူကျပ်သော ဘတ်စကား များစီးရချိန်တွင် စာဖတ်ရန်မလွယ်ပါ။ ထို့ပြင် အလုပ်ခွင်သို့သွားနေချိန်တွင် ပူပန်မှုဖြင့် ဗျာများနေရတတ်ပါသည်။ ထို့ပြင် အိမ်အပြန်တွင်လည်း နဂိုပင်ပန်းနွမ်း နယ်နေသူကို အားအင်ကုန်ခမ်းဆုတ်ယုတ်နေစေပါသည်။

သင့်ကျောင်းမှာ ယဉ်ကျေးမှုပွဲများကျင်းပရာနေရာများနှင့် အလှမ်းဝေးခြင်း – သင့်ကျောင်းမှာ ကပွဲခန်းမများ၊ ပြတိုက်များ၊ စာအုပ်စာတမ်းစုံသည့် စာကြည့်တိုက် များ၊ စာအုပ်ဆိုင်ကောင်းကောင်းများနှင့် အလှမ်းဝေးနေပါသည်။ မိမိတို့အားလုံးမှာ စိတ်ပိုင်း၊ ခံစားမှုပိုင်း၊ လူမှုရေးပိုင်းဆိုင်ရာ ဟုဆိုရမည့် ခြုံပြောရလျှင် ယဉ် ကျေးမှုပိုင်းဆိုင်ရာ လှုံ့ဆော်မှုတွေရှိနေသည်။ ယင်းတို့က နောက်တစ်နေ့တွင် တက်တက်ကြွကြွအလုပ်လုပ်နိုင်အောင် လန်းဆန်းမှုပေးနိုင်ပါသည်။ ပေကျင်း ဒါမှမဟုတ် ရန်ကုန်လိုမြို့တွေမှာနေရင်တော့ ဒီလိုပွဲလမ်းသဘင်တွေများပြားတာကြောင့် သင်အင်မတန်ကံကောင်းသည်။ နယ်မြို့တွေမှာနေရင်တော့ ပွဲလမ်း သဘင်အနည်းငယ်ရှိပေမယ့် မြို့ကြီးတွေမှာလောက်တော့ များများစားစားမရှိ။ ဆိုရလျှင် တီဗွီ၊ ဗီစီဒီနှင့် အထက်တွင်ဖော်ပြခဲ့သည့် ယဉ်ကျေးမှုဆိုင်ရာ နေရာ များမှာ နိုင်ငံအနှံ့အပြားတွင် အနည်းအများအလိုက်ပြန့်ကျဲတည်ရှိနေသည်သာဖြစ်ပါသည်။ သို့ရာတွင် အပြင်ပန်းဖျော်ဖြေရေးများမှာ သင့်နှင့် သိပ်အသားကျ နေသော လုပ်ဖော်ကိုင်ဖက်များ၊ လက်ရှိအခြေအနေနှင့် သင့်ပတ်ဝန်းကျင်ကို မေ့လျော့စေပါသည်။ စိတ်ပြန်လည် လန်းဆန်းစေဖွယ်ရာဖြစ်ပါသည်။ ထိုသို့ သော စိတ်အပြောင်းအလဲဖြစ်စေမည့် ဖျော်ဖြေမှုများမရှိပါက သင့်အနေဖြင့် ဒုံရင်း ဒုံရင်းသာဖြစ်နေလိမ့်မည်။ အချို့သူများအတွက် ဤသည်မှာ အင်မတန် စတန့် ထွက်ရာကျသည်။ တချို့အတွက်ကျတော့ သည်းညည်းခံနိုင်စရာဖြစ်ပါသည်။ သင်ကောမည်သို့ယူဆသနည်း။

ယခင်က လေ့ကျင့်ခန်းကိုပဲပြန်လုပ်နေခြင်း – လေ့ကျင့်ခန်းတစ်ခုကိုပဲ ထပ်တလဲလဲလုပ်နေရသည်မှာ ဆုတ်ယုတ်ခြင်းကို ခံစားရသော်လည်း ထပ်တလဲလဲ သာလုပ်နေမိကြသည်။ သင်သည် ကျောင်းဆရာ၊ အလုပ်သမားသစ်ဆိုပါက ပြင်ဆင်စရာရှိသည်များကို မနားမနေလုပ်မည်၊ အလုပ်ကြိုးစားမည်၊ ကိုယ့်အ တန်းမှ ကျောင်းသားများကိုလည်း ချစ်ခင်လိမ့်မည်။ သို့ရာတွင် ယခုသင် ထိုသို့မဖြစ်မိ။ ပျင်းရိခြင်း၊ ကိုယ့်ကိုယ်ကိုယ် အားရကျေနပ်နေခြင်း၊ ခြေကုန်လက်ပမ်း ကျခြင်းနှင့် အခြားအိပ်မက်များက သင့်ကို အဖန်တလဲလဲ သင်ခန်းစာများကို လုပ်မိနေစေသည်။ ယင်းတို့မှာ သင့်ထံသို့ ထပ်ဝင်လာသော အရာများဖြစ်ပါ သည်။ ထိုအရာအားလုံးမှာ သင်၏ အင်္ဂလိပ်စာလေ့လာနိုင်စွမ်းကို ထိခိုက်စေမည်ဖြစ်ပါသည်။ ထိုအရာက သင့်ကို ငြီးငွေ့ဖွယ်အပြောင်းအလဲမရှိသောအခြေ အနေသို့ ရောက်သွားစေပြီး ပိုပြီးပျင်းရိသွားစေတတ်ပါသည်။ ထိုနည်းနှင်နှင်သွားနေပါက အင်္ဂလိပ် သာသာစကားကို မည်မျှကောင်းမွန်စွာလေ့လာနိုင်ပါမည် နည်း။

လက်ထပ်ခြင်း – လက်ထပ်သည်မှာမမှားပါ။ သို့ရာတွင် သင်အချိန်အများကြီးပေးရမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာစကားလေ့လာမှုကို ပိုပြီးခက်ခဲသွားစေနိုင်ပါ သည်။

ကလေးယူခြင်း – ဤအချက်မှာလည်း သင်အချိန်ပေးရမည့်ကိစ္စဖြစ်သည်။ သင့်ဘဝတစ်လျှောက်လုံး အချိန်ကုန်ခံရလိမ့်မည်။

အပြိုင်စီမံကိန်းများ – တချို့များကျတော့ အလုပ်မှာ ဘယ်လောက်လုပ်နိုင်သည်ဆိုသည်ဖြင့် ဘဝအောင်မြင်မှုကို မတိုင်းတာပဲ အလုပ်ကပြန်လာပြီး အိမ် ရောက်သည့်အခါ လုပ်သည့်အရာများဖြင့် တိုင်းတာတတ်သည်။ ထိုအခြင်းအရာမှာ လူ့အဖွဲ့အစည်းနှင့် လူသားသဘာဝအတွက် စိတ်မကောင်းဖြစ်စရာ ကိစ္စ တစ်ခုပင်ဖြစ်ပါသည်။ မိမိတို့မှာ လုပ်ခရင်းပြီး အလုပ်မှထုတ်ခံလိုက်ရသည့်အချိန်မှသာ ကိုယ့်လွတ်လပ်မှုကိုရကြသည်။ စားကြွင်းစားကျန်၊ အရိုးရင်းသာ ကိုက်လိုက်ရသည့်အချိန်ကျမှ လွတ်လပ်မှုကိုရကြသည်။ ထိုအသက်ရှုပေါက်ရသည့်အချိန်လေးများကို တခုပ်တရ ကာကွယ်စောင့်ရှောက်ထားကြရသည်။ ထို့ကြောင့် ည ၈ နာရီနှင့် ၉ နာရီကြား မိမိတို့တခြားတစ်ခုခုလုပ်ကြသည့်အချိန်တွင် အင်္ဂလိပ်စာလေ့လာမှုကို လုပ်ကြရသည့်အခါ အင်မတန် နေမထိ ထိုင်မ သာ ဖြစ်ကြရသည်။

အုပ်ထိန်းသူသို့ဟုတ် ကျောင်းအုပ်ဖြစ်လာခြင်း – အတန်းပိုင်ဆရာတော်တော်များများမှာ အုပ်ချုပ်သူဖြစ်လာခြင်းမျိုးကို မကြိုက်ကြပါ။ အကြောင်းမှာ ထိုကံ ကြမ္မာအပြောင်းအလဲကြောင့် သူတို့ ရင်သွေး ကျောင်းသားလေးများနှင့် စာသင်ခန်းထံမှ ဖယ်ရှားခံလိုက်ရခြင်းကြောင့်ဖြစ်ပါသည်။ အလားတူ ၎င်းတို့အား ပညာရေး၏ မီးဖိုချောင်ဟု ဆိုအပ်သော အဆိုပါစာသင်ခန်းများမှထွက်လာသည့် စိတ်တက်ကြွဖွယ် အမွှေးနံ့သာများထံမှ သူတို့ကို ဖယ်ရှားပစ်လိုက်ပါသည်။ အစည်းအဝေးများတက်ရမည်။ ကော်မတီများအုပ်ချုပ်ရမည်။ ကျောင်းသားမိဘများကို ပြေရာပြေကြောင်း ပြောကြရတော့မည်ဖြစ်သည်။ အလိုလိုပင် အုပ်ချုပ်

သူဖြစ်လာကတည်းက အင်္ဂလိပ်စာလေ့လာခြင်းကဲ့သို့ သင့်စွန့်စားခန်းများကို ဖျက်ဆီးပစ်တော့မည်။ သင့်ကို ချေမှုန်းမပစ်သော်လည်း ယင်းရွှေငှက်လှောင်အိမ်က သင်ဂရုမမူမိလျှင် သင့်ကိုယ်ပိုင်ပန်းတိုင်များကို အမြဲတစေ အညွှန့်ချိုးပစ်နေမည်ဖြစ်သည်။

ကောလိပ်ကျောင်းမှ ခက်ခဲ၍အကဲစမ်းသော တောင်းဆိုမှုများကို ကျော်လွှားစရာမလိုတော့ခြင်း – ကောလိပ်ကျောင်းနေစဉ်က စိတ်ပျက်စရာနေ့ရက်များကို သတိရပါသေးသလား။မနက်စာ၊နေ့လည်စာစားနေစဉ်မှာ ယင်းနေ့ရက်များကို ပြန်တွေးမိပါသလား။ လက်ဆွဲအိတ်တစ်အိတ်စာလောက် စာအုပ်များဖတ်ခဲ့ရပြီး၊ တယ်လီဖုန်းလမ်းညွှန်စာအုပ်တစ်အုပ်လောက် စာတွေရေးခဲ့ရသည်။ အနည်းဆုံးတော့ သင်အဲဒါတွေလုပ်ခဲ့ရသည်ဟု ပြောမည်ပင်။ ကောင်းပြီ။ သင်အလုပ်စဝင်သည့်အချိန်မှာ သင့်အတွက်လုပ်စရာအသစ်တွေရှိလာသည်။ အချိန်ကြာလာသည်နှင့်အမျှ စာသင်ခန်းနှင့် ရုံးဌာနမှ တာဝန်ဝတ္တရားများကို နားလည်လာ၊ ခန့်ခွဲနိုင်လာပြီး ကျွမ်းကျင်ပိုင်နိုင်လာပါလိမ့်မည်။ သင့်အလုပ်ကိုနိုင်နင်းအောင် အသေးစိတ်ပြင်ဆင်ထားပြီး အနည်းဆုံး ခန့်ခွဲဖို့သာလိုမည့် စနစ်တစ်ခုကို လုပ်ထားပြီးနောက် သင်၏ လုပ်ကိုင်နိုင်စွမ်းအများစုကို ရပ်တန့်ပစ်လိုက်မိမည်။ ယနေ့တွင်တော့ သင်အသက်ရှင်ရပ်တည်ရုံသာဖြစ်နေသည်။ ကျောင်းသားများက ဒီအချက်ကို ရိပ်မိနေကြပြီး သင့်မသိစိတ်ကလည်း သင်ဘာလုပ်နေသလဲဆိုတာ သိနေသည်။ ထိုအခြေအနေတွင် သင့်မူလဘဝပေးတာဝန်ဖြစ်သည့် တစ်သက်တာ အင်္ဂလိပ်စာလေ့လာမှုဟူသည့် ခရီးရှည်ချီတက်ပွဲကြီးကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်မဟုတ်တော့ပေ။

ကျရှုံးမှု – ဘဝကဲ့သို့ပင် လူ့ဘောင်မှာလည်း နေရသည်မှာမလွယ်ပါ။ တချို့လူများက သင်နှင့် ပြဿနာလာတက်ကြမည်။ ရံဖန်ရံခါ သင်ရှုံးနိမ့်ရမည်။ ပြဿနာကြုံရချိန်တွင် သင့်ဦးစားပေးမှုများကို ဖယ်ထုတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းတို့ကိုပြုလုပ်မိတတ်သလို၊ အရှုံးပေးမိသည့် အခါလည်းရှိပါလိမ့်မည်။ ကျဆုံးမှုနှင့် ရင်ဆိုင်ရသည့်အခါ မိသားစု၊ အလုပ်နှင့် ရပ်တည်ရေးအတွက် မရှိမဖြစ်ဟု သတ်မှတ်ထားသည့်အရာများထဲတွင် မပါသည့် အင်္ဂလိပ်စာလေ့လာမှုကဲ့သို့ အရာများကို ခေါင်းထဲကထုတ်ပစ် မိလိမ့်မည်။ ထိုအချိန်မျိုးတွင် ငါဆက်လုပ်နိုင်မလားဟု သင်တွေးမိလိမ့်မည်။ သင်သေသည့်အခါ သင်ကျရှုံးတာမဟုတ်ပဲ၊ သင့်အိပ်မက်များ သေဆုံးသွားချိန်မှသာ သင်ကျရှုံးသွားတာဖြစ်သည်။

အောင်မြင်မှု – အောင်မြင်မှုက ကိုယ့်ကိုယ်ကိုယ် ကျေနပ်မှုကို တရိရိဆွေးမြေ့သွားစေတတ်သဖြင့် ကျဆုံးမှုထက်ပင် အန္တရာယ်ကြီးပါသည်။ သင့်ကို အောင်မြင်မှုက အလုပ်တာဝန်သစ်များဟူသည့် နင်းမုန်တိုင်းအောက်ရောက်သွားအောင် ဖုံးလွှမ်းပစ်လိုက်လိမ့်မည်။

ရည်မှန်းချက် – တစ်နည်းအားဖြင့်ဆိုလျှင် ရည်မှန်းချက်မှာ သင့်ကို ရှေ့ဆက်တိုးဖို့ တွန်းအားပေးသဖြင့် အသုံးဝင်ပါသည်။ သို့ရာတွင် အင်္ဂလိပ်စာမှာ သင့်ကို မောင်းနှင်နေသည့် ရည်မှန်းချက်၊ သင်တွေးတော၊ စီမံထားသမျှကိုလွှမ်းမိုးနေသည့် ရည်မှန်းချက်မျိုးမဟုတ်ပါက အခြားတစ်ခုခုက သင့်ကိုတွန်းအားပေးနေသည့် ရည်မှန်းချက်နေရာရောက်လာလိမ့်မည်။ ရာဇပလ္လင်ကို ဆက်ခံမည့်သူများနည်းတူ ရည်မှန်းချက်များမှာ ပြိုင်ဘက်များကို လက်သင့်ခံမည်မဟုတ်ပါ။ ရည်မှန်းချက်က သင့်ကိုမခြိမ်းခြောက်ပါက သင်ရင်ဝယ်ပိုက်ထားသည့် စဉ်ဆက်မပြတ်၊ ကိုယ်တိုင် နိုင်ငံခြားသားဆရာမရှိပဲ အင်္ဂလိပ်စာကို ကျွမ်းကျင်ရမည်ဟူ အိပ်မက်များကို ခြိမ်းခြောက်လာပါလိမ့်မည်။

ရလဒ် – ဒီလို ထပ်ဝင်လာသည့်အရာများကြောင့် ဖြစ်လာမည့်ရလဒ်မှာ အဘယ်နည်း။ သင်သေဆုံးသွားမှာလား၊ အလုပ်ပြုတ်သွားမှာလား။ ဘာမှမဖြစ်ပါ။ သင့်ပထမဆုံး အိပ်မက်အတွက် အကျိုးမဖြစ်ထွန်းလာသည့် ရလဒ်သာဖြစ်လာပါလိမ့်မည်။ သင်စိုက်ပျိုးသည့် သစ်စေ့များမှာ သစ်ပင်ဖြစ်လာမည်။ အချိန်အတိုင်းအတာတစ်ခုအတွင် ထိုအပင်ရှင်သန်နေမည်။ သို့ရာတွင် ဘာအစေ့မှမဆောင်သဖြင့် ဗလာသက်သက်ဖြင့် အသီးအပွင့်ဖြစ်ထွန်းလာမည်မဟုတ်တော့။ အသီးအပွင့်မရှိခြင်းမှာ အနာဂတ်မရှိခြင်း၊ အစေ့မရှိခြင်းကြောင့် မျိုးစေ့မချနိုင်၊ သီးနှံမထွက်သဖြင့် ကျေနပ်အားရမှုကမရှိ၊ ကျေးဇူးမရှိသဖြင့် အဓိပ္ပါယ်လည်းမရှိ၊ အဆုံးသတ်နိဂုံးမရှိ၍ စိတ်ချမ်းသာကျေနပ်မှုမရှိဟူသည့် မရှိခြင်း သံသရာဝဲဂယက်ပေါ်ပေါက်လာမည်။ အသက်ကြီးလာလေ၊ ထိုအသိကသင့်ကို နာကျင်လာစေလေဖြစ်စေလိမ့်မည်။ တကယ်တော့ အသီးအပွင့်၊ ရလဒ်၊ အဓိကအချက်၊ ထွက်ကုန်စသည့် အရာအားလုံးအတွက် အရင်းခံမှာ ပဓာနအချက်ဖြစ်နေခြင်းပင် မဟုတ်ပါလား။

စာအုပ်စာတမ်း၊သင်ထောက်ကူပစ္စည်းများ၊ တဖြည်းဖြည်းပြတ်လတ်လာခြင်း***<u>Materials/Resources—"slow starvation".</u>***

အနီးအနားတွင် စာအုပ်ဆိုင်ကောင်းကောင်းမရှိခြင်း

သေနတ်တိုင်းကျည်ဆံလိုအပ်သလို၊ အင်္ဂလိပ်ဘာသာစကားနှင့်ပတ်သက်သည့် အိပ်မက်ကလည်း စာအုပ်စာတမ်းနှင့် အခြားသင်ထောက်ကူပစ္စည်းများ လိုအပ်လိမ့်မည်။ သင့်အနေဖြင့် မြို့ကြီးပြကြီးမှ အလှမ်းဝေးသော၊ တောင်ပေါ်ဒေသများတွင်နေထိုင်သူဖြစ်ပြီး အနီးအနားမှ စာအုပ်ဆိုင်များတွင်လည်း လက်ရှိအချိန်တွင် တန်ဖိုးရှိသည့်အရာ၊ သင့်လေ့လာမှုနယ်ပယ်အရ လိုအပ်သည့်အရာမရှိပါက သင်အခက်ကြုံရမည်။

စာအုပ်ဆိုင်က ဝေးလွန်းခြင်း

အနီးဆုံးမှာဖွင့်ထားသော စာအုပ်ဆိုင်သွားဖို့ မလွယ်သည့်ဒေသတွင်နေသူဖြစ်ပါက (တောင်ပေါ်ဒေသတွင်နေသူဖြစ်ပါက) သင့်အနေဖြင့် ကိုယ်လိုအပ်သည့် အရာကို လွယ်လွယ်ရနိုင်မည်မဟုတ်၊ လုံးဝပင်မရပဲလည်းဖြစ်နိုင်သည်။ သင့်အနေဖြင့် သီတင်းကျွတ်ပိတ်ရက်မှာ ခရီးထွက်တာမျိုး၊ သူငယ်ချင်းမင်္ဂလာဆောင်သွားတာမျိုးလောက်ကိုသာ စာအုပ်ဝယ်ဖြစ်ဖို့ အားထားနေရသည်ဆိုပါစို့။ နောက်ဆုံးပြောရလျှင် သင့်ရင်ထဲတွင်ဘာရှိသည်ကို သူတပါးက အမြဲမသိနိုင်သဖြင့် သူများဝယ်လာပေးသည့်စာအုပ်များအပေါ်မှာလည်း သင်အမြဲတမ်းမမှီခိုနိုင်ပါ။

သင်ထောက်ကူပစ္စည်းမရှိခြင်း – သင့်အိမ်၊ ကျောင်းနဲ့ အလုပ်ခွင်ပတ်ဝန်းကျင်မှာလိုက်ကြည့်ကြည့်ပါ။ သင့်ကျောင်းသားများ၏ဉာဏ်ရည်ကိုဖြည့်ဆည်းဖို့ အသာထား၊ သင့်ဉာဏ်ပညာအတွက် ဖြည့်ဆည်းဖို့ သင်ထောက်ကူ ပစ္စည်းလုံလုံလောက်လောက်မရှိပါ။

ငွေပြတ်ခြင်း – တောရပ်ပိုင်းကျေးရွာအများစုတွေမှာ လေးဘီးယက်ကားတွေဘာကြောင့်ပြည့်နေသလဲမသိပေမယ့် ကျောင်းစာအုပ်နဲ့ အခြားသင်ထောက်ကူပစ္စည်းတွေ ဝယ်ဖို့ကျတော့ ငွေလုံလောက်အောင်မရှိကြပါ။ ဒီအရာတွေဝယ်ဖို့ ငွေအလုံအလောက်မရှိရင် လူငယ်လူရွယ်တွေရဲ့ဦးနောက်ဟာ အငတ်ဘေး သင့်သွားရပါလိမ့်မယ်။ စာအုပ်ဆိုင်ငယ်တွေနဲ့ စာကြည့်တိုက်တွေမှာလည်း ထိုနည်းလည်းကောင်းဖြစ်နေပါတယ်။

အနီးအနားမှာရနိုင်တဲ့ သင်ထောက်ကူပစ္စည်းတွေဟာ ခေတ်မမှီတော့ခြင်း

ဒီလိုဖြစ်ရခြင်းဟာ သင်ထောက်ကူပစ္စည်းတွေဝယ်ဖို့ ငွေမရှိတာ၊ ဘာတွေဝယ်ယူဖို့ မှာကြားရမယ်ဆိုတာ မသိကြတာနဲ့ အများအားဖြင့် ဩဇာအာဏာရှိတဲ့ ရာထူးမှာ ကုပ်တွယ်နေတဲ့ လုပ်သက်ရင့် ဝန်ထမ်းတွေရဲ့ပျင်းရိမှု၊ ခေါင်းမာမှုတွေကြောင့် ဖင့်နွှေးနေရတာ စတာတွေကြောင့်ဖြစ်သည်။ ရွာကျောင်းက ကျောင်းဆရာသစ်တစ်ယောက်ဖြစ်အောင် လုပ်ကြည့်ပါလား။ ဒီလို သင်ထောက်ကူပစ္စည်းတွေကို သုံးမယ့်ကျောင်းသားတွေအကြောင်းတွေးကြည့်မိရင် ဖြစ်လာမယ့်

ဟာတွေက ကပ်ဆိုက်သလိုပဲဆိုတာ နားလည်လာမည်ဖြစ်သည်။

အနီးအနားတွင်ရှိသော သင်ထောက်ကူများမှာလည်း စာကြည့်တိုက်မှူးက မောင်ပိုင်စီးထားခြင်း –

သနားစရာစာကြည့်တိုက်မှူးကို အထိုက်အလျောက်တော့ အပြစ်တင်လို့မရနိုင်ပါ။ သူမအတွက် အရမ်းမခက်ခဲဘူးဆိုရင် စာအုပ်စင်ဟာ အလျှင်အမြန်ပဲ ပြောင်တလင်းခါသွားလိမ့်မည်။ သတင်းအချက်အလက်ကို ကန့်သတ်တာကတော့ အသိပညာကို အညွန့်ချိုးပစ်တာပါပဲ။ ဒါ့အပြင် ကျောင်းနေကလေးတွေ ဘက်မှာလည်းလေ့လာသင်ယူမှုဆိုင်ရာ အကူအညီကင်းမဲ့မှုတွေဖြစ်ပေါ်စေပါတယ်။ စာကြည့်တိုက်ရှိတဲ့နေရာက ခေါင်လေလေ၊ စာအုပ်တွေကို ထိန်းချုပ်ထားရလေလေ ပါပဲ။

ကျောင်းသားများကို ပေးလိုက်သည့်စာအုပ်များ အဖြောင်ခံရခြင်း

ကျောင်းသားတွေကိုပေးလိုက်တဲ့စာအုပ်တွေ ပျောက်သွားတာ၊ အဖြောင်ခံရတာ၊ ထပ်မဖြန့်တော့တာတွေဖြစ်တတ်သည်။ မိမိကျောင်းသား တွေကိုယ်နှိုက်က ဒီလိုလုပ်တဲ့ကျောင်းသားမျိုးတွေဖြစ်သည်။ သူတို့က ကြွက်တွင်းတွေလို ပေးလိုက်သည့် သင်ထောက်ကူတွေ လုံးဝပြန်ပေါ်မလာတော့သည့် ကျောင်းသားမျိုးတွေဖြစ်သည်။ တစ်နည်းပြောရရင်တော့လည်း နိုင်ငံခြားမှာပုံနှိပ်ထားတဲ့ ပစ္စည်းတွေဟာ အရမ်းရှားပြီး လိုချင်သူများလို့ အသိသစ်ရချင်တဲ့ကျောင်းသားတွေက မိမိဆီကို ငမ်းငမ်းတက်ဖြစ်နေကြတာကိုတော့ နားလည်နိုင်ပါသည်။ ဒါပေမယ့် ဒီလို ကျောင်းသားတွေကြားမှာရော၊ ကျောင်းဆရာတွေကြားမှာပါ "ဥ" ထားတတ်တဲ့ဓလေ့ရဲ့အကျိုး ဆက်တွေက ကြီးမားပါသည်။ မျှဝေခြင်းနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းကို ဒီလို ဥ ထားခြင်းက အညွန့်ချိုးပစ်လိုက်တယ်။ ရက် ရွံ့တတ်တဲ့၊ စိတ်မခိုင်တဲ့ ကျောင်းသားတွေခမျာ အခွင့်အရေးမရနိုင်တော့ပေ။ ပညာရေးစနစ်သည် ဝန်းကျင်နဲ့လိုက်လျောညီထွေသူသာ ရှင်သန်တင်ကျန်သည်ဆိုတဲ့ အနေအထားမျိုးသို့ရောက်ရှိသွားတော့သည်။ ပညာရေးလိုအရာကို ရှာဖွေဆည်းပူးတဲ့ လူသားတွေဟာ ဘယ်လောက်အထင်နဲ့အမြင်တခြားစီဖြစ်လိုက်သလဲ။

နိဂုံး**Conclusion**

အင်္ဂလိပ်ဘာသာစကားကို နိုင်ငံခြားသားမရှိပဲ ကိုယ်တိုင် စဉ်ဆက်မပြတ် ကြိုးစားပမ်းစားလေ့လာနေရင်း အခက်အခဲတွေအများကြီးရှိနေတာကို တွေ့ရပါလိမ့်မည်။ စိတ်ပိုင်းဆိုင်ရာအနေနဲ့ရော၊ ပြင်ပပတ်ဝန်းကျင်ကပါ၊ နေရာတကာက အခက်အခဲတွေထွက်ပေါ်လာတာကို တွေ့ရမည်။ မြန်မြန်ပေါ်လာချင်လည်း ပေါ်လာမည်၊ သူစိမ်းထံမှဖြစ်နိုင်သလို၊ မိတ်ဆွေထံမှလည်းဖြစ်နိုင်သည်။ ထို့ထက်နီးသောသူထံမှလည်းဖြစ်နိုင်ပါသည်။ " လူတစ်ဦး၏ ရန်သူများမှာ သူ့အိမ်သားများဖြစ်တတ်သည် " ဆိုသည့် ဆိုရိုးလည်းရှိသည်။ အမှားမခံပါနဲ့ သင့်အင်္ဂလိပ်ဘာသာစကားကို ထိခိုက်ပျက်စီးစေနိုင်ပါသည်။ နေ့ရောညပါ ဘဝ၏ မျက်နှာစာအဘက်ဘက်မှ သင့်အင်္ဂလိပ်စာအသိပညာကို လုယူရန်စောင့်နေကြသည်။ သင်အသုံးမချပါက ဆုံးရှုံးခံလိုက်ရမည် ဆိုသည့် နိယာမမှာ သင့်ဦးနှောက်ထဲတွင် အသိပညာသစ်အပိုင်းအစလေးဝင်လာသည်နှင့် စတင်အသက်ဝင်လာသည်။ ဤအပိုင်းမှာ အင်မတန် စိတ်ဓာတ်ကျစရာကောင်းပါသည်။ သို့ရာတွင် သင် ရင်ဆိုင်နေရသော အခက်အခဲကို နဖူးတွေ့ဒူးတွေ့မတွေ့မီ ဘာလုပ်ရမည်ဆိုသည်ကို သိရန် ကြိုသိဖို့လိုပါသည်။ ပြောရလျှင် ကိုယ့်ရန်သူနှင့် မတိုက်ခိုက်မီ သူဘယ်သူလိုလူစားလဲဆိုတာ သိအောင်လုပ်ပါ။

သင်ရင်ဆိုင်နေရသည့် ရန်သူများမှာ များပြားလှပါသည်။ ပေါ့ဆသည့်ဒဏ်ကို ချက်ချင်းခံရပါလိမ့်မည်။ " သင်တို့ထဲမှ တစ်ယောက်က မျှော်စင်ဆောက်သည်ဆိုပါစို့ ။ ထိုသူအနေဖြင့် ပထမဆုံး ထိုင်ပြီးကုန်ကျစရိတ်ကိုတွက်ကာ သူ့ထံတွင် မျှော်စင်ပြီးအောင်ဆောက်ရန်ပိုက်ဆံ အလုံအလောက်ရှိသလားဆိုတာကို ထိုင်ပြီးတွက်ကြည့်မည်ဖြစ်သည်။ အကယ်၍ ထိုသူက အုတ်မြစ်ချပြီးမှ အပြီးမသတ်နိုင်လျှင် ထိုချထားသောအုတ်မြစ်ကိုကြည့်ပြီး " ဒီလူက စဆောက်ပြီး အပြီးလည်းမသတ်နိုင်ဘူး " ဟု ပြောကာလူတိုင်းက ရယ်ပွဲဖွဲ့ကြလိမ့်မည်။ အများက ဝိုင်းမရယ်သော်လည်း ဘဝနှောင်းပိုင်းကာလအချိန်တွင် နှောင်တ၏အသံကို သင်နားထောင်နေသဖြင့် ရယ်စရာဖြစ်ရပ်က ပြန်ပေါ်လာပါလိမ့်မည်။

နောက်ဆုံးတွင် အလားတူအခက်အခဲများကို ဖန်တီးမှုရှိရှိ မည်သို့မည်ပုံ အသုံးချမည်ဆိုသည်ကို မည်သို့မည်ပုံ ကျော်လွှားနိုင်မည်ဆိုသည်ကို အသေးစိတ်အစီအစဉ်ဆွဲပေးထားပြီးသားဖြစ်နေစေပါလိမ့်မည်။ အခက်အခဲအများအပြားတွင် ယင်းတို့ကို ဖြေရှင်းနိုင်သည့် မျိုးစေ့များရှိနေသည်ကို သင်တူးဆွကြည့်ပါက တွေ့ရပါလိမ့်မည်။ ယင်းတို့ကို လာမည့်အပိုင်းတွင် ဆန်းစစ်လေ့လာသွားပါမည်။ စာအုပ်၏ လေမှာလည်း ပိုပြီးအပြုသဘောဆောင်လာကာ အကောင်းမြင်လာပါလိမ့်မည်။

## အခန်း ၄

## ပြဿနာများကို ရှောင်ရှားနည်းနှင့် ယင်းတို့ကို ဖန်တီးမှုရှိရှိပြန်လည်အသုံးချနည်း

## IV. How to avoid the problems and exploit them creatively.

ဤအပိုင်းသည် သည်စာအုပ်၏ အချိုးအကွေ့ဟုဆိုရပါမည်။ စိတ်ဆင်းရဲစရာကိစ္စများကို အချိန်လုံလုံလောက်လောက်ပေးပြီး ယခင်အခန်း၌ ဖတ်ရှုခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ပြဿနာများမှနေပြီး ဖြေရှင်းချက်များဆီသို့၊ အဆိုးမြင်မှုမှသည် အကောင်းမြင်မှုဆီသို့၊ အန္တရာယ်များမှသည် အခွင့်အလမ်းများဆီသို့၊ ခလုတ်ကန်သင်းများမှသည် အဝေးပြေးလမ်းမများဆီသို့၊ အကန့်အသတ်များမှသည် အကျိုးကျေးဇူးများဆီသို့ မိမိတို့သွားကြပါမည်။ အခက်အခဲအများစုတွင် ဖြေရှင်းချက်မျိုးစေ့လေးတစ်စေ့တော့ ပါတတ်သည်။ မိမိတို့အနေဖြင့် ပြဿနာများကို သတိထားပြီး၊ ဂရုပြုကြရမည်ဖြစ်သည်။ သို့ရာတွင် ပြဿနာများက ယင်းတို့ကို မည်သို့ဖြေရှင်းနိုင်သည်ဆိုသည့် နည်းလမ်းတစ်ရပ်ကို ညွှန်ပြနိုင်ပါသည်။ ယခုအပိုင်းတွင် ပြီးခဲ့သည့်အပိုင်းမှထွက်ပေါ်လာသည့် အခက်အခဲများကို ပြန်လည်ဆန်းစစ်ထားသည်။ ထို့နောက် ယင်းအခက်အခဲများကို တခြားနေရာသို့ ထပ်မသယ်ပဲ ဖြစ်ပွားရာနေရာတွင်ပင်ဖြေရှင်းနည်းများကို အကြံပြုထားပါသည်။

အခြားသူများထံမှ လာသည့်အခက်အခဲများ***From other people.***

လုပ်ဖော်ကိုင်ဖက်များ – အများအားဖြင့် အလုပ်ဌာနတစ်ခု၊ ရုံးတစ်ရုံးတွင် ကိုယ်နဲ့အတူပူးပေါင်းလုပ်ကိုင်နိုင်ပြီး၊ ယုံကြည်သောလူတစ်ယောက်တော့ ရှိတတ်သည်။ ထိုသူက သင်၏ အင်္ဂလိပ်စာတိုးတက်လိုသည့် ဆန္ဒကို ခံစားနားလည်ပေးနိုင်ပါသည်။ သို့ရာတွင် သူတို့မှာ မိတ်ဆွေမဟုတ်၊ ဘာသာစကားလေ့လာဖက်လည်းမဟုတ်သလို၊ အင်္ဂလိပ်စာနှင့်ပတ်သက်ပြီး ယုံကြည်ကိုးစားရသူလည်းမဟုတ်ပါ။ သို့သော် အချိန်အခါကိုလိုက်ပြီး ပေါင်းရမည့် မဟာမိတ်ဖြစ်သည်။ အလုပ်ခွင်နယ်မြေမှာ တခြားဟာလုပ်မိရန် အလွန်ဝန်လေးမည့်နေရာဖြစ်နေသည်။ ထို့ကြောင့် အထက်ပါအတိုင်းပြောခြင်းဖြစ်ပါသည်။ အလုပ်အကိုင်၊ ဝင်ငွေတို့နှင့် ပတ်သက်လာလျှင် မည်သူမဆို ရှေ့တစ်ချက်တိုးလာပြီး ဆာလောင်သည့်ပုံပေါက်သွားကြသည်ချည်းဖြစ်သည်။ သင့်အနေဖြင့် သင့်အလုပ်ခွင်အတွင်းသို့ အမြဲတစေဝင်လာနေသည့် အင်္ဂလိပ်ဘာသာ စကား၏ စိန်ခေါ်မှုများကို ဆိုခဲ့ပါ မဟာမိတ်နှင့် လက်တွဲဆောင်ရွက်ကြည့်နိုင်ပါသည်။ ဘာသာပြန်ဖို့လိုသည့်ဟာ၊ အလုပ်ရှင်ကနားမလည်သည့် ဆောင်းပါးတစ်ပုဒ်၊ ခေတ်မမီတော့သော ဖတ်စာအုပ်ထဲမှ အဆင့်မြှင့် တင်ဖို့လိုအပ်နေသည့်အခန်းတစ်ခန်းကို ယနေ့ခေတ်သုံးဖြစ်အောင် ပြန်လုပ်ခြင်း၊ ချရေးကြည့်ရန်လိုသည့် အင်္ဂလိပ်စာစာမေးပွဲ စသည့် အလုပ်ခွင်သို့ ဝင်လာသည့် အင်္ဂလိပ်စာနှင့်ပတ်သက်သည့် စိန်ခေါ်မှုများကို ယင်းမဟာမိတ်နှင့်အတူ ပူးပေါင်းလုပ်ဆောင်နိုင်ပါသည်။

တခြားဆရာများကမလုပ်လိုသည့် အထက်ပါစွန့်စားသည့်လုပ်ရပ်များတွင် သင်တို့နှစ်ဦးပူးပေါင်းလုပ်ဆောင်နိုင်ပါသည်။ အချိန်ကြာလာသည်နှင့်အမျှ သင့်အနေဖြင့် အင်္ဂလိပ်ဘာသာစကားကို အချို့သောနယ်ပယ်များတွင် စွမ်းရည်တိုးတက်လာလိမ့်မည်ဖြစ်ပါသည်။ သတိပြုရမည်မှာ ကြိုးစားဖို့အသင့်ပြင်ထားပါ။ ဤပုဂ္ဂိုလ်ကို သင့်မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များကြားထဲတွင် ကြေငြာပြီးလိုက်ရှာလို့မရနိုင်ပါ။ စစ်စစ်ပေါက်ပေါက်လိုက်ရှာကြည့်ရမည်ဖြစ်သည်။ ဘဝတွင်ကြုံနေကျဖြစ်ရပ်များထဲမှနေပြီး အလားအလာများကို သင့်အနေဖြင့် တန်ဖိုးဖြတ်ကြည့်နိုင်ပါသည်။ ထိုအထဲမှနေပြီး ကိုယ်အလိုရှိသူကို ရှာဖွေပါ။ သင်နှင့် အလားတူ အကျိုးစီးပွားတူနေသူများကိုသင်သိထားရလိမ့်မည်။ သူတို့ကို စစ်စစ်ပေါက်ပေါက် မလေ့လာပါက သင့်ကိုမဟာမိတ်အဖြစ် ခေါ်ယူသွားမည့်သူများကို သတိထားပါ။ သင်ရှာဖွေနေသည်မှာ ဘုံစိတ်ဝင်စားမှုများကို အခြေခံသည့် အဆင်ချောသော ဆက်ဆံရေးပင်ဖြစ်သည်။ ဤဆက်ဆံရေးကို သင်၏ ပုဂ္ဂိုလ်ရေးနှင့် ထိခိုက်လွယ်သည့် ဘဝထဲသို့ အဝင်မခံပါနှင့်။ နောင်တရရလိမ့်မည်။

အခန်းဖော်များ – သင့်တွင် အခန်းဖော်တစ်ဦးရှိပြီးသားဆိုလျှင် သင့်အနေဖြင့် ဤဆက်ဆံရေးကိုသာ ခေါက်ထားလိုက်ချင်မိလိမ့်မည်။ မိမိပြောနေသည့် ဤအခန်းမှာ သင့် အခန်း၊ သင့်အိမ်ယာ၊ သင့်အသိုက်အမြုံပင်ဖြစ်သည်။ သင့်အနေဖြင့် အခန်းဖော်တစ်ဦးမရှိသဖြင့် အခန်းဖော်တစ်ဦးကို ရှာနေသည်ဆိုပါက အင်္ဂလိပ်လိုပဲပြောမည့် အခန်းဖော်မျိုးအဘယ့်ကြောင့်မရှာသနည်း။ (ဆိုလိုသည်မှာ အင်္ဂလိပ်လို နေ့စဉ်အခြေအနေများတွင် ပြောဆိုလိုသည့် မြန်မာပြည်ဖွားတစ်ယောက်ယောက်) ဂျာနယ်မှာ ကြော်ငြာထည့်ပြီးတော့လည်း အဆိုပါလူမျိုးကိုရှာကြည့်နိုင်ပါသည်။ သင်၏ အင်္ဂလိပ်စာအဆင့်အတန်းမှာ ကြော်ငြာထည့်ရှာဖွေသူ၏ အင်္ဂလိပ်စာအဆင့်အတန်းနှင့်တူညီဖို့လိုပါသည်။ ဤသည်မှာ အင်္ဂလိပ်ဘာသာစကားကို အခြေခံသော နေထိုင်မှုအတွေ့အကြုံဖြစ်ပြီး သင်တန်းပို့ချချက်တစ်ခုမဟုတ်ပါ။ ထို့နောက် သင့်ဘဝတွင်လိုအပ်သည့်အရာအားလုံးကို အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ပါ၊ ဆရာတစ်ဆူဖြစ်အောင်လုပ်ပါ။ လိင်တူအခန်းဖော်ကိုသာရွေးချယ်ပါ။ ထိုသို့မရွေးချယ်ပါက အာရုံစိုက်မှုမှာ အလျင်အမြန်ပင် ပျောက်ဆုံးသွားလိမ့်မည်။

အတန်းဖော်များ – သင့်ကောလိပ်ကျောင်းတုန်းက အတန်းဖော်များကို သင့်မိသားစုရင်းကဲ့သို့ပင် တားမြစ်နယ်မြေတွင် ထားရှိသင့်သည်။ ၎င်းတို့မှာ သင်၏ အဓိက လူမှုရေးအရင်းအနှီးဖြစ်ကြခြင်းကြောင့်ပင်။ သူတို့ကိုသင် အဆုံးအရှုံးခံလို့မဖြစ်ပါ။

အင်္ဂလိပ်စာပြဆရာဟောင်း – ဆရာအများစုက သူတို့ရဲ့ကျောင်းသားဟောင်းတွေ ဘာလုပ်နေကြသလဲဆိုတာ သိချင်ကြသည်။ အကယ်၍ ခွင့်တောင်းလာပါက ယင်းကျောင်းသားဟောင်းများကို သွန်သင်လိုဆဲရှိကြသည်။ သွန်သင်ခွင့်ပေးလိုက်ပါ။ ကျောင်းဆရာအများစုမှာ သူတို့တစ်တွေ သင်နေကြကဲ့သို့ မဟုတ်ကြတော့ပေ။ အကြောင်းမှာ ၎င်းတို့အနေဖြင့် ကျောင်းသားသစ်များနှင့် အလုပ်များနေသောကြောင့်ဖြစ်သည်။ သို့ရာတွင် ၎င်းတို့မှာ့ အကြံဉာဏ်ပေးဖို့ လိုလိုလားလားရှိကြသည်။ သူတို့သည် အတိုင်ပင်ခံများလုပ်ပေးနိုင်ကြသည်။ ၎င်းတို့ကိုဖုန်းခေါ်ရာတွင် အောက်ပါတို့ကို လုပ်ဆောင်ပါ။ ကိုယ့်ကိုယ်ကိုယ် နာမည်၊ အတန်း၊ မြို့ ကောလိပ်စသည့်တို့ကို ပြောပြပြီး ဘယ်သူဘယ်ဝါဖြစ်ကြောင်းပြောပါ။ ထို့ပြင် သိသာထင်ရှားသော သင်၏ ပုံစံနှင့် အမူအကျင့်များကို ပြန်ပြောပြပါ။ ဆရာများသည် နာမည်များ အလွန်အမင်းမေ့တတ်ပါသည်။ အများစုကတော့ ကြင်နာစိတ်၊ ကရုဏာစိတ်ရှိကြပြီး ကူညီဖော်ရကြပါသည်။ ဥပမာပေးရလျှင် – ဟဲလို မစ္စတာ ဂျိုးစ်၊ ကျနော့်နာမည် ဇင်ဟောင်မေပါ။ အတန်းနံပါတ်က ၉၈၀၁ ပါ။ သက်မွေးပညာသင်တက္ကသိုလ်၊ ရမ်ကေးမြို့မှာ တက်ခဲ့ပါတယ်။ ကျွန်တော့်ကို မှတ်မိလားဟု မေးမြန်းပါ။ လီဝမ်ဂီဘေးမှာထိုင်ပြီး သူ့ဆံပင်ကို ဆွဲပြီးလိုက်နောက်တတ်တယ်လေ စသဖြင့် ပြန်မှတ်မိစေမည့် အဖြစ်အပျက်များကိုပြောပြပါ။ သင့်မေတ္တာရပ်ခံမှုကိုလည်း တိုတိုတုတ်တုတ်ပြောပါ။ ရှင်းရှင်းလင်းလင်းပြောပါ။ သင့်ဆရာကို တယ်လီဖုန်းနံပါတ်၊ စာပို့လိပ်စာ၊ အီးမေးလ် လိပ်စာ၊ သူသိသင့်သည် ထင်သည့် အရေးကြီးသင်တန်းနှင့်ဆိုင်သော မည်သည့် သတင်းမဆိုမေးမြန်းပါ။ အပြန်အလှန်ပေးစာသဘောမျိုးဆက်သွယ်လိုပါက ပြန်လည်ပေးပို့ရမည့် လိပ်စာရေးထားသော (လိပ်စာကိုမြန်မာလိုရေးပါ၊ နိုင်ငံခြားသားဆရာအများစုမှာ မြန်မာလို မတတ်ကြပါ) စာအိတ်တစ်အိတ်ကိုပါ တပါတည်းထည့်ပေးလိုက်ပါ။ ထိုသို့ထည့်ပေးမှသာ ဆရာဖြစ်သူက သင့်ထံသို့ စာပြန်ပို့သည့်အခါ လုံးဝအဆင်ပြေမှုရရှိမည်ဖြစ်ပါသည်။ သင့်အိမ်လိပ်စာကို တစ်ဝက်တစ်ပျက်မရေးမိစေပဲ အပြည့်အစုံဖြစ်အောင်ရေးပါ။ နိုင်ငံခြားသားဆရာတစ်ဦးအနေဖြင့် မိမိသည် တပည့်ဟောင်းများ၏ အင်္ဂလိပ်စာအရေးအသား နှင့် စာ

စီစာကုံးများကို ဖတ်ရှုပြီး အကျအပေါက်စစ်ပေးနိုင်ရန် ၎င်းတို့အား စာပို့ဖို့ ဖိတ်မန္တကပြုထားပါသည်။ ထို့နောက် လိပ်စာတပ်ထားသော စာအိတ်ကို တပါတည်း ပေးပို့ထားပြီးဖြစ်၍ သူတို့၏အိမ်စာများကိုပြန်လည်ပေးပို့ရသည်။ သင်၏ ဆရာဟောင်းနှင့် ဤသို့သော ဆက်ဆံရေးမျိုးရှိနေဆဲဖြစ်ပါက အင်မတန်ကောင်းမွန်ပါသည်။

ရည်းစား – ခပ်ကြောင်ကြောင်စဉ်းစားမိတာတစ်ခုရှိသည်။ နိုင်ငံခြားသားဆရာမရှိပဲ အင်္ဂလိပ်ဘာသာစကားကို ကိုယ်တိုင် စဉ်ဆက်မပြတ်လေ့လာမည်ဟု ဂရုတစိုက်လုပ်ထားပါက သင့်မျှော်လင့်ချက်၊ သင့်အိပ်မက်များနှင့် သင့်အမြင်များကို မျှဝေခံစားပေးမည့်သူကို အဘယ့်ကြောင့် မရှာပါသနည်း။ သင့်ဘဝ၏ ဘယ်အစိတ်အပိုင်းလောက်ကို သူ့ကိုပေးမည်နည်း။ သို့မဟုတ် သင့်ဘဝ၏ အစိတ်အပိုင်းဘယ်လောက်ကို ဖုံးကွယ်ထားမည်နည်း။ ဗြိတိသျှနှင့် အမေရိကန်မှ နာမည်ကျော်စာရေးဆရာအများစုသည် ၎င်းတို့၏ ဇနီးနှင့် ချစ်သူများက ထောက်ခံခြင်း၊ ရှုံ့ချခံရခြင်းတို့ပေါ်မူတည်ပြီး အောင်မြင်သူအောင်မြင်၊ ကျရှုံးသူကျရှုံးဖြစ်ခဲ့ကြရသည်။ တော်လှန်ပြောင်းလဲရမည့် အရေးကိစ္စတစ်ခုအတွက် နှိုးဆော်လိုက်ခြင်းမှာ မလိုလားသော၊ ကန့်လန့်ဆန့်ကျင်သော လက်တွဲဖော်ကြောင့် နိဋ္ဌိတံသွားတတ်ပါသည်။ ဒီကိစ္စနှင့် ပတ်သက်ပြီးအလွဲမခံပါနှင့်။ နှစ်ဦးသား အမြင်ကျယ်ကျယ်ဖြင့် သင့်အိပ်မက်များကို အတူတူဆောင်ရွက်လို့ရနိုင်ပါသည်။ သင့်လက်တွဲဖော်က သင့်စိတ်ကူးများကို သင်နှင့်ထပ်တူ တက်ကြွမှုမရှိပါက သင့်အနေဖြင့် သင်လုပ်စရာရှိသည်ကို လုပ်ခွင့်ပေးဖို့လောက်တော့ တောင်းဆိုသင့်ပါသည်။ မဟုတ်လျှင် သူတို့ကိုခေါက်ထားလိုက်ဖို့သာ စဉ်းစားပါ။

ဇနီး၊ ခင်ပွန်း – အထက်တွင်ပြောခဲ့သလိုပင် သင့်တွင် စိတ်တူကိုယ်တူ လက်တွဲဖော်ရှိပါက ဤသို့သော ဘာသာစကားနှစ်မျိုးပြော စွန့်စားမှုကို အဆုံးစွန်ထိလုပ်ဆောင်နိုင်ပါသည်။ ဘာမဆိုသင် စွန့်စားလုပ်ကိုင်နိုင်သည်။ စွန့်စားလုပ်ကိုင်လို့မရပါက မဖြစ်မနေ ညှိနှိုင်းပါ။ သင့်လက်တွဲဖော်က သဘောတူသည်ဆိုလျှင်တော့ မိတ်ဆွေ၊ စာအုပ်စာတမ်းများ၊ အစည်းအဝေးများ၊ ရုပ်ရှင်ဇာတ်ကားများ၊ အချိန်ပိုင်းအလုပ်များ ( စာပြင်ခြင်း၊ တည်းဖြတ်ပေးခြင်း၊ စာရေးခြင်းကဲ့သို့ ကျူရှင်ပေးသည့်အလုပ်များ)၊ ဝါသနာများ၊ အချက်အပြုတ်၊ ဖုန်းခေါ်ဆိုမှုများ စသည်တို့ကဲ့သို့ အိမ်တွင်ယူလုပ်နိုင်သော အချိန်ပိုင်းအလုပ်များကိုလုပ်ရင်း ဘာသာစကားနှစ်မျိုးပြော မိသားစုတစ်ခုကို တည်ဆောက်ရင်း သင့်ဘဝအစိတ်အပိုင်းတိုင်းကို လိုက်လျောညီထွေဖြစ်အောင်လုပ်ဆောင်နိုင်ပါသည်။ သင်နှင့် သင့်လက်တွဲဖော်တို့မှာလည်း တစ်ဦးနှင့်တစ်ဦး ပိုမိုသိနားလည်ဖို့လည်း လိုအပ်ပါသည်။ ဤသည်မှာ သင့်မိသားစုဘဝသာ . . .။

သားသမီးများ – ဘာသာစကားနှစ်မျိုးပြော အိမ်တွင်းပညာရေးအကြောင်းရှင်းမပြတတ်သဖြင့် ရှင်းမပြပါ။ သို့ရာတွင် သင့်သားသမီးများအတွက် ဘာသာစကားအခြေခံများ တည်ဆောက်ပေးဖို့ အံ့အားသင့်ဖွယ် အခွင့်အလမ်းများရှိနေသည်ဟု ထင်ရသည်။ သင့်သားသမီးကို ဂုဏ်သတင်းကြီးပြီး သင်တက်စေချင်သည့် ကောလိပ်ကျောင်းသို့ရောက်ရှိသွားစေမည့် အများနှင့်ယှဉ်ရသော၊ ရှေ့ရောက်သော၊ ခေတ်ရှေ့ပြေးသော အစီအစဉ်တစ်ရပ်ထဲသို့ အတင်းထိုးထည့်ဖို့ ပြောနေသည်မဟုတ်ပါ။ သားသမီးများကို ဘာသာစကားနှစ်မျိုးဖြင့် သဘာဝကျကျ ကြီးကောင်ဝင်လာစေခြင်းဟူသည့် အချက်တစ်ချက်တည်းကိုသာ ပြောနေခြင်းဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ နိုင်ငံခြားသား ကလေးငယ်တစ်ယောက်လိုပြောဆိုတတ်လာဖို့မဟုတ်ပဲ နေ့စဉ်သုံးအင်္ဂလိပ် ဘာသာစကားကို အပြည့်အဝနားလည်ဖို့သာဖြစ်ပါသည်။ ထိုသို့သော ရေရှည်ပြင်ဆင်ထားသည့် အခြေခံအတိုင်းဆိုလျှင် ဘာမဆိုဖြစ်လာနိုင်ပါသည်။ ဒီတော့ သင်ဘာလုပ်မည်နည်း။ မိမိ အကြံကိုပြောရလျှင် သင့်မိသားစုထဲတွင် ဆက်ဆံပြောဆိုရသောအနေအထားရောက်အောင် အင်္ဂလိပ်ဘာသာစကားကို သုံးပါ။ အင်္ဂလိပ်ဘာသာစကားကို ဟန်ပြဗန်းပြသုံးသည့်ပုံမျိုး၊ ကောလိပ်ကျောင်းရောက်အောင်လုပ်မည့် ပထမခြေလှမ်းအဖြစ် သုံးသည့်ပုံမျိုးမဖြစ်ပါစေနှင့်။ အင်္ဂလိပ်စာကို အသက်ဆက်နိုင်ရေးအတွက်၊ လူမှုရေးအရ တစ်ဆင့်မြင့်နိုင်ရေးအတွက်၊ တိုးတက်ရာ တိုးတက်ကြောင်းအတွက် လေ့လာအသုံးချသည့်ပုံမျိုးမဖြစ်ပါစေနှင့်။ အင်္ဂလိပ်စာ၏ အခြေခံများကို သိ နားလည်လာသည့်အခါ ညစဉ်ညတိုင်း သင့်သားသမီးများ ကောလိပ်ရောက်သည့်အရွယ်အထိ အိပ်ရာဝင်ပုံပြင်များကို ဖတ်ပြပါ။ အိပ်ရာဝင်ပုံပြင်ဖတ်ပြခြင်းဟူသည့် ရိုးရှင်းသည့် အပြုအမူမှာ သင့်သားသမီးများ၏ ဘာသာစကားဖွံ့ဖြိုးမှုတွင် နက်ရှိုင်းသော အကျိုးသက်ရောက်မှုဖြစ်ပေါ်စေပါလိမ့်မည်။ သင့် အိမ်ထောင်ကို သီချင်း ဂီတ၊ စာအုပ်စာပေ၊ ဘာသာစကားနှစ်မျိုးပြော ဧည့်သည်တို့အပြင် မေတ္တာတရားကိုလည်း လွှမ်းခြုံနေပါစေ။

သင့်ပတ်ဝန်းကျင်ကလူများ – သင့်ပတ်ဝန်းကျင်မှာ အင်္ဂလိပ် ဘာသာစကားကို လေ့လာနေတဲ့လူနည်းနည်းပဲရှိတယ်ဆိုရင် အသိတစ်ယောက်ယောက်အိမ်မှာ တစ်လတစ်ကြိမ်လောက်တွေ့ဖို့ သင်သဘောတူထားသင့်သည် ။ အဲဒီလို လူစုလူဝေးနဲ့တွေ့တာဟာ အင်္ဂလိပ်စာနဲ့ ပတ်သက်တဲ့ စုရပ်မဟုတ်ပဲ အလွတ် သဘော ပြောကြေးဆိုကြေးပုံမျိုး၊ ဆွေးနွေးကြတဲ့ပုံမျိုးနဲ့ ပိုတူတဲ့ တွေ့ဆုံပွဲမျိုးဖြစ်ရမည်။ ဒီအချက်ဟာအင်မတန် အရေးကြီးသည့်အချက်ဖြစ်ပါသည်။ စုရပ်ကိုလာမယ့်သူတွေကို ကိုယ်နဲ့ သဘောညီတဲ့သူတွေဖြစ်ဖို့ ရွေးချယ်ဖိတ်ကြားထားသင့်သည်။ ဆိုလိုတာကတော့ လာမယ့်သူတွေဟာ လူစိမ်းတွေခေါ်မလာဖို့၊ ကိုယ်သေချာချန် ထားရစ်ခဲ့တဲ့သူတွေခေါ်မလာဖို့၊ အင်္ဂလိပ်စာခေသူ၊ ကိုယ့်ထက်သာတဲ့သူတွေခေါ်မလာဖို့ သဘောတူထားကြရပါလိမ့်မည်။ ရည်ရွယ်ချက်မှာ သင်နှင့် သင့်မိတ်ဆွေများတွင်ရှိနေသော အင်္ဂလိပ်စာနှင့်ပတ်သက်သည့် စွမ်းရည်များကို ဖွံ့ဖြိုးစေပြီး၊ ကိုယ့်အစုလေးအတွင်းတွင် ထိန်းထားဖို့ဖြစ်ပါသည်။ ထို့အပြင် သင်နှင့် သင့်ပတ်ဝန်းကျင်တွင်ရှိနေသော နေ့စဉ်ဘဝ အဖြစ်အပျက်များကို ပြောဆိုကြည့်ဖို့ဖြစ်ပါသည်။ ထိုသို့ပြောဆိုခြင်းများမှာ အင်္ဂလိပ်စာလေ့လာမှုများနှင့် လားလားမျှမဆိုင်ပါ။ အမေရိကသို့ သွားရန်ပြင်ဆင်ခြင်းနှင့်လည်း လားလားမျှ မဆိုင်ပါ။ သို့မဟုတ် ကောလိပ်ကျောင်း ကျပန်းစကားပြောပြိုင်ပွဲများတွင် ပြောလေ့ပြောထရှိသည့် ခေါင်းစဉ်များလည်းမဖြစ်သင့်ပါ။ ဒီအဆင့်မှ နေ၍ နောက်ဘယ်အဆင့်သို့သွားရမည်ဆိုသည်ကို ဘယ်လိုပင်ဖြစ်စေ သင်ဆုံးဖြတ်ပါလေ။

အင်္ဂလိပ် ကပ်ပါးများ – သူတို့ကို ဝေးဝေးနေဖို့၊ အနားမကပ်ဖို့ပြောပါ။ သို့မဟုတ် သူတို့၏ ခန့်မှန်းအင်္ဂလိပ်စာအဆင့်ကိုကြည့်ပြီး သူတို့ကိုသင်ပေးနိုင်သည့် ကောလိပ်ဘွဲ့ရတစ်ယောက်ကို ညွှန်းပေးလိုက်ပါ။ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် သူတို့ကို အဖက်မလုပ်ပါနှင့်။

တစ်ဖက်သက်ဆက်ဆံရေး – ဒီနေရာမှာလည်း အထက်ကပြောခဲ့သလိုပဲ လုပ်လိုက်ပါ။ ဒါပေမယ့် သူတို့ကိုတော့ ကရုဏာထားပါ။ သူတို့လို လူမျိုးတွေကို ကောလိပ်ကျောင်းသားတစ်ယောက်ယောက်နဲ့ ချိန်ပေးဖို့ကြိုးစားပါ။ သင်နဲ့အတူတူဘယ်မှ တကောက်ကောက်လိုက်မနေဘူးဆိုတာ သူတို့မှာ ခိုင်မာတဲ့အရောက်သွားစရာမရှိပါ။ သင်လည်းတစ်ချိန်တုန်းက အဲဒီလိုဖြစ်ဖူးပါသည်။

လူထူးလူဆန်းများ – ပလိပ်ရောဂါလို သူတို့ကို ဝေးဝေးကသာ ရှောင်ပါ။ ဘယ်အခြေအနေမှာမဆိုသင့်အင်္ဂလိပ်စာအခြေအနေတိုးတက်နေသည့် ဘဝအတွင်းသို့ သူတို့ကို အဝင်မခံပါနှင့်။

သူစိမ်းဆန်သော နိုင်ငံခြားသားများ – သင့်ကို လက်မခံပဲမောင်းထုတ်တာမျိုးဖြစ်ခဲ့ရင် ရန်ဖြစ်ရင်ဖြစ်၊ ဒါမှမဟုတ် သူတို့ကို အကူအညီပေးလိုက်ပါ။ အကူအညီပေးတာက ပိုကောင်းသည်။ သူတို့ဘာလိုအပ်သလဲဆိုတာသိလျှင် သူတို့နဲ့ဆက်သွယ်ဖို့မခက်တော့ပါဘူး။ သူတို့ကိုလည်းမသိ၊ သူတို့အခက်အခဲဖြစ်နေတာကိုလည်းမသိဘူးဆိုရင်တော့ "ဘာကူညီရမလဲဗျာ၊ ကျွန်တော်က အင်္ဂလိပ်စာ ကပ်ပါးမဟုတ်ဘူး" လို့ ပြောလိုက်ပါ။ နိုင်ငံခြားသားက အကပ်မခံပဲဘူးဆိုရင်တော့ ခဏစောင့်ကြည့်ပြီး လျှော့လိုက်ပါ။ သူက ခေါင်းညိတ်ရင်တော့ ကိုယ်တတ်နိုင်ရင် သူ့ကို အကူအညီပေးလိုက်ပါ။ သူလိုအပ်နေတဲ့ ကိစ္စကိုတော့

ဆက်မေးပါ။ အကူအညီပေးပြီး ခပ်အေးအေးပဲ ပြန်လာခဲ့ပါ။ သင့်အနေနဲ့ တကယ့် အင်္ဂလိပ်လို ပြောဆိုတဲ့ အတွေ့အကြုံရသွားလိမ့်မည်။ သင့်အနေနဲ့ နိုင်ငံခြားသားတွေရဲ့လိုအပ်ချက်ကို သိတယ်ဆိုရင် သူတို့ကို အကူအညီပေးရင် စကားစမြည်ပြောလို့ရတဲ့ အတွေ့အကြုံရမယ်ဆိုတာ လျှို့ဝှက်ချက်တစ်ခုပါ။ အဲဒီလိုမဟုတ်ရင်တော့ သင်ဟာ သူတို့အတွက် ငြီးငြင်စရာသက်သက်ပါပဲ။ မြန်မာတွေ မျက်နှာမပျက်ချင်သလိုပါပဲ၊ နိုင်ငံခြားသားတွေဟာ သူတို့ရဲ့ကိုယ်ရေးကိုယ်တာဘဝကို တန်ဖိုးထားတတ်ကြသည်။ ဒါဟာ သူတို့တန်ဖိုးအထားဆုံးအရာပင်ဖြစ်သည်။ (သူတို့က ဖိတ်မန္တကမပြုတဲ့အခါမျိုးမှာ) သူတို့လိုအပ်ချက်ကို မမေးပဲ၊ မပြောပဲ ကိုယ့်အကျိုးပဲရှာနေမယ်ဆိုရင်တော့ သူတို့ကို အင်္ဂလိပ်နွားမတွေလို ဆက်ဆံလိုက်ခြင်းဖြစ်သည်။ နောက်ပြီး သင့်အနေနဲ့ ကပ်ပါးတစ်ကောင်လို လုပ်လိုက်တာပဲ ဖြစ်ပါတယ်။

အားပေးမှုမရှိ – အားပေးမှုတကယ်ပဲလိုအပ်ပါသည်။ အကြံ့ခိုင်ဆုံး၊ အသန်စွမ်းဆုံး တိုက်ခိုက်ရေးသမားဆိုလျှင်တောင်မှ စိတ်ဓာတ်တက်ကြွစရာ၊ အားပေးအားမြှောက်ပြုသည့်စကားများကိုပြောပေးဖို့လိုပါသည်။ ပထမအချက်အနေဖြင့် သင့်ကို သူတို့ပေါင်ပေါ်မှာ ခေါင်းအုံးအိပ်ခံပြီး၊ ဘယ်အခြေအနေမှာမဆို သင့်စကားကို နားထောင်ပေးမည့်သူတစ်ယောက်ယောက်ရှိသလား စဉ်းစားကြည့်ပါ။ (မိမိက ဥပမာပေးပြောပေမယ့် သင်တို့ စာဖတ်ပရိသတ်အတွက် တကယ်လုပ်ရမည့် ကိစ္စဖြစ်သည်။) ထိုသူမျိုးမှာ အင်္ဂလိပ်လိုပြောသည့်သူတစ်ယောက်ဖြစ်စရာမလိုပါ။ စိတ်ကောင်းနလုံးကောင်းရှိသည့်သူ မည်သူမဆို သင်နှင့်ပြောဆိုဆက်ဆံဖို့ ဟန်ကျသွားပါလိမ့်မည်။ အင်္ဂလိပ်ဘာသာစကားကို ဘဝနှင့်ချီပြီး စူးစမ်းလေ့လာနေသော သင့်တစ်သက်တာအတွင်း သင်၏ပျော်ရွှင်မှုများ၊ သင့်ကျရှုံးမှုများ၊ သင့်အောင်မြင်မှုများကို ထိုသူနှင့် အတူမျှဝေခံစားနိုင်ပါသည်။ တခါတရံတွင် သင့်ကိုရှေ့ဆက်သွားအောင် သူတို့ကလုပ်ပေးပါလိမ့်မည်။

ဒုတိယအချက်အနေဖြင့် ဘာသာရေး၏နှစ်သိမ့်ဖြေလျှော့ပေးမှုများက ရေရှည်ခံပြီး၊ အလွန်အရေးပါသည့် အချက်ဖြစ်သည်။ ဘာသာရေးကိုင်းရှိုင်းသူများနှင့် သဘာဝကို ချစ်ခင်သူများအတွက်တော့ ဘာသာရေးသည် သင့်ကို စိတ်ဓာတ်ပြန်လည်လန်းဆန်းတက်ကြွစေသူမဟုတ်ပါ။ သို့သော်လည်း သင်ပြန်ပြီးလန်းဆန်းတက်ကြွလာစေမည့် နေရာဌာနဖြစ်ပါသည်။ မိမိ ကောလိပ်ကျောင်းတက်နေစဉ်က ကောလိပ်ပရဝုဏ်ကနေထွက်လာပြီး အိမ်တစ်အိမ်၏နောက်ဖေးတလင်းပြင်သို့ရောက်သည်အထိ တောတန်းကိုဖြတ်သန်းလမ်းလျှောက်ခဲ့ဖူးသည်။ ယင်းတလင်းပြင်ထဲတွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးထားသော နေရာတစ်နေရာရှိပါသည်။ ဟင်းသီးဟင်းရွက်များကို ဖြစ်သလိုသာ စိုက်ထားပြီး ဂရုစိုက်မည့်သူမရှိပါ။ မြက်ပင်များ၊ ပေါင်းပင်များ တောထနေပြီး၊ ပျင်းပျင်းရှိ လှဲအိပ်ချနိုင်သည့် ကဗ္ဗလာဖြစ်နေသည်အထိ ပေါင်းပင်များက ထူထပ်လှပါသည်။ တောတန်း၏ သစ်ပင်များက မရိတ်မသိမ်းထားသည့် ယင်းမြက်ရိုင်းတောကို အနားသတ်ပေးထားကြသည်။ နောက်တစ်ချီပြန်ပြီးပေါက်ရောက်ဖို့ စောင့်ဆိုင်းနေသည့်ပုံမျိုး။ အဲဒီနေရာကိုမရောက်သည်မှာ နှစ်နှစ်ဆယ်လောက်ကြာပြီဖြစ်သော်လည်း ထိုနေရာကို စိတ်ထဲမှာ စွဲမြဲနေသည်။ မောပန်းနေသော မိမိ၏ဝိဉာဉ်ကို အနားပေးစရာနေရာဖြစ်ခဲ့သဖြင့် သင့်ရည်းစားဓာတ်ပုံကို စိတ်ထဲမှာ စွဲထင်နေသလို မိမိလည်း ထိုနေရာကို စိတ်ထဲမှာ အမှတ်ကြီး မှတ်မိနေသည်။ ထိုနေရာတွင် စိတ်အားတက်ကြွစေသည့်အရာမျိုး မိမိတွေ့ခဲ့ရပါသည်။ စတုတ္ထအချက်မှာ သင့်အနေဖြင့် အင်္ဂလိပ်ဘာသာစကားဆိုသည့် လမ်းမကြီးထက်တွင် ခရီးသွားရာ၌ စိတ်အားတက်ကြွစရာနေရာကိုတွေ့ကောင်းတွေ့နိုင်သည်။ ထိုသို့တွေ့မြင်လိုက်ရပြီးနောက် ခရီးထွက်ခဲ့ရသည်ကို ကျေနပ်ပျော်ရွှင်မှုရရှိသွားစေလိုသည့် ရည်ရွယ်ချက်ဖြင့် ဤနေရာ ၃နေရာကို မိမိတင်ပြခဲ့ခြင်းဖြစ်ပါသည်။ ထိုအချက်မှာ လိုအပ်ချက်တစ်ရပ်ဖြစ်သည်။

ထောက်ပံ့မှုမရှိခြင်း – အထောက်အပံ့တစ်ခုခုလိုအပ်ပါက ကြိုးစားပြီးရအောင်ရှာပါ။ သင်ယုံရသည့်သူများက သစ္စာဖောက်ခံရခြင်းမျိုး၊ သူတို့ကြောင့် မှန်းချက်နှင့် နမ်းထွက်မကိုက်ခြင်းမျိုးတော့ အဖြစ်မခံပါနှင့်။ တချို့က ဘာအထောက်အပံ့မှမရှိပဲ လုပ်ဆောင်ချင်ကြသည်။ ထို့ကြောင့် သူတို့တွင် အမိုအခိုကင်းမှုနှင့် ပြောင်းလွယ်ပြင်လွယ်ရှိမှုတို့ မြင့်မားသည့်အတိုင်းအတာဖြင့်ရှိနေကြသည်။ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် သစ္စာဖောက်ခံရမှုတို့ကဲ့သို့ အနှောင်အဖွဲ့များမှလည်း လွတ်လွတ်ကင်းကင်းရှိကြသည်။ သင်နှင့်အဆင်ပြေသည့်အရာကိုတွေ့အောင်ရှာပါ။ သင့်ဘဝ၏ ကွဲပြားသောအစိတ်အပိုင်းများထဲမှ အထောက်အပံ့နှစ်ခု၊ သုံးခု သို့မဟုတ် သုံးခုထက်ပိုသော အထောက်အပံ့အရင်းအမြစ်များကို ရှာပါ။ တစ်နည်းပြောရလျှင် အိမ်သုံးပစ္စည်း စားနပ်ရိက္ခာများဝယ်လျှင် အမျိုးမျိုးခွဲခြားဝယ်ယူသကဲ့သို့ပင် အထောက်အပံ့များကိုလည်း အလားတူနည်းအတိုင်းရှာဖွေပါ။ သင့်ကို အထောက်အပံ့ပြုသည့်သူများကြားတွင် ချိတ်ဆက်မှု၊ သို့မဟုတ် အဆက်အသွယ်မရှိပါစေနှင့်။ တစ်ယောက်နှင့်တစ်ယောက် အဆက်မရှိအောင် လုပ်ထားနိုင်ပါက သစ္စာဖောက်ခံရခြင်းနှင့် အခြား မလိုလားအပ်သည့် ပြဿနာများပြန့်ပွားခြင်းကို ရှောင်နိုင်လိမ့်မည်။

အများသဘောထား – တစ်ဖက်တွင် တခြားသူများက ကိုယ့်ကိုဘာပြောပြော သိပ်အလေးမထားပါနှင့်။ တစ်ဖက်တွင်တော့ လူသိထင်ရှားမနေပဲ လူမြင်ကွင်းမှ ရှောင်နေပါ။ နီးကြားတက်ကြွသူနှင့် မထုံတက်သေးနေသူဟူ၍ ပြဿနာပေးတတ်သည့်လူစား ၂ စားရှိသည်။ နီးကြားတက်ကြွနေသည့် ပြဿနာကောင်များကတော့ သင့်လိုလူမျိုးကို အမဲလိုက်နေသူများဖြစ်သဖြင့် ပိုပြီး အန္တရာယ်ကြီးသူများဖြစ်သည်။ မထုံတက်သေးဖြင့် ဒုက္ခပေးတတ်သူများမှာ သူတို့မြင်ရ ကြားရသည့်အရများကိုသာ တုံ့ပြန်တတ်ကြသည်။ ထို့ကြောင့် သင်အသံမထွက်လျှင် ၎င်းတို့၏သဘောထားအမြင်ကြောင့် ဒုက္ခများစရာအကြောင်းမရှိပါ။

အခြားသူများက သင့်ကိုချမှတ်သော အမြင် – အလုပ်ကြပ်၊ သို့မဟုတ် အလုပ်ရှင်က ဘယ်လိုလုပ်ရမည်ဆိုသည်ကို ပြောလာပါက သင်အခက်ကြုံရပြီ။ တစ်ယောက်တစ်ခွန်းစကားများပြီး အလုပ်ပြုတ်ခံလို့မှ မဖြစ်ပဲကိုး။ သင့်ကိုခိုင်းလိုက်သည့် ကိစ္စ၏ အယူအဆကို သဘောမတူလင့်ကစား ယင်းကိစ္စတွင် အင်္ဂလိပ်ဘာသာစကားကို သုံးပြီး ယခင်ကမရှိခဲ့ဖူးသည့် အသစ်တစ်ခုခုကိုလုပ်နိုင်မည့် အခွင့်အလမ်းကို ကိုယ်စားပြုသဖြင့် သင်ထိုကိစ္စကို လုပ်နိုင်သည်။ အတွေ့အကြုံတိုင်းတွင် အသစ်အဆန်းတစ်ခုခုကို သင်ယူနိုင်ဖို့ အခြေအနေပေးတတ်သည်။ သင်အလုပ်ရှင် သို့မဟုတ် အလုပ်ကြပ်ဖြစ်လာပါက တခြားသူများကို ဒီလို မဆက်ဆံပါနှင့်။

လိုက်လျောညီညွတ်မှုကို ကိုးကွယ်ခြင်း – အပတ်တကုတ်ကြိုးစားအားထုတ်မှုဖြင့် ပွင့်ပွင့်လင်းလင်းနေပါ။ ထိုသို့မဟုတ်ပါက စစ်မျက်နှာနောက်တွင် အကာအကွယ်ယူထားပါ။ မည်သည့်နည်းဖြင့်နေသည်ဖြစ်စေ သင်လုပ်စရာရှိသည်ကိုလုပ်ရင်း သင်ဖြစ်ချင်သည့်သူမျိုးဖြစ်အောင်လုပ်ပါ။

သာမညောင်ညအဆင့်ကို ကိုးကွယ်ခြင်း – သင့်ဘဝတွင်ဖြစ်စေ၊ အလုပ်ခွင်တွင်ဖြစ်စေ ယင်းလူပ်ရှားမှုမျိုး၏ အစိတ်အပိုင်းအဖြစ်မခံပါနှင့်။ သင့်ကို ပျက်စီးသွားစေပါလိမ့်မည်။ သင်၏အကောင်းဆုံးကြိုးပမ်းမှုများဖြင့် သင်လုပ်ဆောင်ပါက အလုပ်ရှင်ထံမှ ချီးကျူးဂုဏ်ပြုမှု၊ အင်္ဂလိပ်စာတွင် တိုးတက်လာမှုနှင့် သင့်လုပ်ဖော်ကိုင်ဖက်များထံမှ မုန်းတီးမှုစသဖြင့် ဆုလာဘ်၊ တုံ့ပြန်ချက်တစ်ခုခုကို ရတတ်သည်ချည်းဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာစကားကို လေ့လာဆည်းပူးခြင်းမှာ အသစ်အဆန်း အရေးကိစ္စမဟုတ်ပါ။ ထို့ကြောင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားပါလေ။ မိမိ၏ အတန်းဖော်များကို ဆရာသမားဟောင်းတစ်ယောက်ကပြောဖူးသကဲ့သို့ ကရော်ကမည်သမားသည် ကရော်ကမည်သာဖြစ်မည် ဟုဆိုရလိမ့်မည်။ ပျင်းရိသည့်စိတ်ဓာတ်ဖြင့် လေ့လာထားသည့် အင်္ဂလိပ်ဘာသာစကားသည် ဘာမှသုံးစားရမည်မဟုတ်ပါ။

ပြိုင်ဆိုင်မှုအကြောင်း – ပြိုင်ဆိုင်မှုဆို၍ သင့်အနေဖြင့် ပါဝင်ပတ်သက်ဖို့လိုသည့် ပြိုင်ဆိုင်မှုဟူ၍ တစ်ခုသာရှိသည်။ မနေ့ကထက် ဒီနေ့ပိုကောင်းအောင် ကြိုးစားပြီး၊ နောက်နေ့တွင်လည်း ပိုကောင်းအောင်ကြိုးစားခြင်းပင်ဖြစ်သည်။ အခြားသူများနှင့် အကြောက်အကန်ယှဉ်ပြိုင်ရခြင်းမျိုးရှောင်ပါ။ အထူးသဖြင့် ယင်းသို့ ယှဉ်ပြိုင်ရခြင်းမျိုးကြောင့် သင့်အင်္ဂလိပ်စာလေ့လာမှုကို အဆင့်နိမ့်ကျသွားစေမည်ဆိုပါက မပြိုင်ပါလေနှင့်။ အတန်းဖော်များ၊ အထူးသဖြင့် သင်ဘွဲ့ရခါနီး၊ အလုပ်ကို မရရအောင်ရှာနေရသည့်အခါမျိုးမှာ သူတို့နှင့် ဖက်ပြိုင်ခြင်းမျိုးရှောင်ပါ။ သင်ပေးလိုက်ရသည့် တန်ဖိုးနှင့် လူမှုရေးအရင်းအနှီးဆုံးရှုံးရမှုတို့ကို ခံစားရလိမ့်မည်။ သင်ပထမဆုံးရလိုက်သည့်အလုပ်မှ ရသမျှအောင်နိုင်မှုတို့ထက်အလေးသာသည့် ဆုံးရှုံးမှုကို ခံစားရပါလိမ့်မည်။

သစ္စာဖောက်မှု – သင့်အနေဖြင့် ထိတ်လန့်စရာ၊ ရက်စွဲ့စရာ သစ္စာဖောက်မှုဟူ၍ သင်ကိုယ့်အားကိုယ်ကိုးပြီး အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်အောင်လုပ်မည်ဟူသော အစီအစဉ်မှလွဲပြီး တခြားမရှိပါ။ တခြားသူများထံမှ သစ္စာဖောက်မှုမခံရစေရန်အတွက်တော့ အသိုင်းအဝိုင်းအသီးသီးတွင် တစ်ဦးနှင့်တစ်ဦးမသိကြသည့် မိတ်ဆွေများကို ရင်းနှီးမှုထူထောင်ပြီး သင့်ကိုယ်သင် ကာကွယ်ထားပါ။ သိပ်အဆင့်မရှိသော သစ္စာဖောက်မှုမျိုးကတော့ အလုပ်ခွင်တိုင်း၊ ဆရာဆရာမတိုင်း၏နားနေခန်းတိုင်းမှာရှိနေတတ်သည်ကို လက်ခံပါ။ ဤကိစ္စကြောင့် သင့်အင်္ဂလိပ်ဘာသာစကားလေ့လာမှုကို အာရုံထွေပြားမခံပါနှင့်။ နိုင်ငံရေးအရှုပ်အထွေးထဲ ဝင်မပါအောင် ရှောင်ပါ။

တစ်ကိုယ်ရေဦးဆောင်လှုပ်ရှားမှု သင်းကွပ်ခံရခြင်း – ကိုယ့်အတွက်ကိုယ် စဉ်းစားခြင်းကို အားမပေးသော ပတ်ဝန်းကျင်တွင် အလုပ်လုပ်ရပါက သင်ဘာလုပ်သင့်သနည်း။ စနစ်ကိုရင်မဆိုင်ချင်၊ အလုပ်လည်းမပြောင်းချင်ပါက အလုပ်မှာ ဘာစကားမှမပြောပဲ သင့်ကိုယ်ပိုင် စရိုက်နှင့် ဖန်တီးမှုစွမ်းရည်ကို အိမ်ပြန်ရောက်မှ ဖော်ထုတ်ပါ။ အကန့်အသတ်များထဲမှ လွတ်လပ်မှု ဟူသည့် ချဉ်းကပ်ပုံကိုသုံးပြီး အမြင်တူအုပ်စုဖွဲ့ထားသူများထဲတွင် သင့်အမြင်ကို ဖော်ထုတ်ပြပါ။ သင်ဘာကိုရွေးချယ်သည်ဖြစ်စေ၊ သင့်ပန်းတိုင်ကိုရောက်ရှိစေမည့် နည်းလမ်းအဖြစ်သုံးပါ။ ယင်းမှာ အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင်ဖြစ်အောင် လေ့လာလိုက်စားနေသည့် ပန်းတိုင်ပင်ဖြစ်ပါသည်။

အခြားသူများ၏ မကျေမချမ်းဖြစ်မှု – နိုင်ငံရပ်ခြားနှင့်ဆိုင်သောအရာ၊ နိုင်ငံခြားဘာသာစကားတို့ကိုလေ့လာနေသည့်သူမျိုးကို အထင်သေးတတ်သည့် သူများအမြဲပင်ရှိတတ်ပါသည်။ အဆိုးမြင်သူများ၊ ဝေဖန်ရေးသမားများ၊ အတင်းအဖျင်းပြောသူများ၊ ခယဝယလုပ်တတ်သူများ၊ နောက်ကျောဓားထိုးသူများ၊ လူညာများ၊ လှေနံနစ်ဖက်နင်းသူများစသဖြင့် ရန်သူပြိုင်ဘက်ဟု ခေါ်ဆိုနိုင်သည့်သူများမှာ လုပ်ဖော်ကိုင်ဖက်စာရင်းထဲရောက်နေတတ်ပါသည်။ သင့်အင်္ဂလိပ်ဘာသာစကားကို တင်းတင်းကြပ်ကြပ် မငဲ့မစောင်းပဲလေ့ကျင့်ရန် အကောင်းဆုံးနည်းနာမှာ သင့်အလုပ်ရှင်ချမှတ်သော စီမံကိန်းများနှင့် လိုအပ်ချက်များအတွင်းမှသာ လေ့ကျင့်ခြင်းပင်ဖြစ်သည်။ သင်၏ အမှန်အကန် ကြံ့ရည်ဖန်ရည်ကို အိမ်မှာ လေ့လာကျက်မှတ်သည့်အခါတွင်သုံးရန် သိမ်းထားပါ။ အဆိုပါလူစားများမှာ သင့်ကို စမ်းသပ်ရင်း၊ သင့်ကိုဒုက္ခလိုက်ပေးနေကြမည်ဖြစ်သည်။ သူတို့ကို ကျော်တက်သွားလိုက်ပါ။

နိဂုံး

အချုပ်ပြောရလျှင် သင်အင်္ဂလိပ်ဘာသာစကားကို ဆက်လက်လေ့လာနေရင်း သင့်ကို ဒုက္ခပေးမည့်သူများအမြဲပင်ရှိနေပါလိမ့်မည်။ တချို့က သင့်ကို ချက်ချင်းအကူအညီပေးသူများ၊ တချို့က သူတို့နှင့် လက်တွဲလုပ်ရင်း အကျိုးဖြစ်ထွန်းမှုတစ်ခုခုရနိုင်သည့် လက်တွဲဖော်များ၊ တချို့ကတော့ ဝေးဝေးကရှောင်သင့်သည့်သူများဖြစ်သည်။ သင့်အတွက်ပြောလျှင်တော့ ရှေ့ဆက်တက်ပါ။

ကိုယ်တိုင်လေ့လာသင်ယူခြင်း***<u>From yourself.</u>***

အိပ်မက်မရှိ – " မျှော်မှန်းချက်မရှိက၊ ကျဆုံးပျက်စီးမည်ပင်။ " ဟူသည့် စကားပုံကို ပြန်တွေးကြည့်ပါ။ ထိုစကားပုံက သင့်အတွက် မည်သို့အဓိပ္ပါယ်ထွက်သနည်း။ ကျဆုံးပျက်ဆီးမှုဟူသည့် စကားအဓိပ္ပါယ်မှာ အဘယ်နည်း။ ( ထိုစကားမှာ ရိုးစင်းသည့်အဓိပ္ပါယ်မဟုတ်ပဲ ပုံဆောင်ပြီးပြောသည့် စကားဖြစ်နိုင်ဖွယ်ရာရှိသည်။) သင်အိပ်မက်မက်ထားလျှင် ယင်းအိပ်မက်ကို စာရွက်ပေါ်တွင် ထုတ်ဖော်ရေးသားပြီး အချိန်ဇယားချ အဓိပ္ပါယ်ဖွင့်နိုင်ပါသလား။ ( ကျောင်းဆရာများကပြောသလို သင်ဒါကို အကောင်အထည်ဖော်နိုင်သလားဟု မေးရမည်) သင်အိပ်မက်မက်ထားပြီး ယင်းအိပ်မက်ကို စကားလုံးဖြင့် မဖော်ပြနိုင်ပါက အိပ်မက်အတိုင်း မည်သို့ အကောင်အထည်ဖော်နိုင်ပါမည်နည်း။ သင့်တွင် အိပ်မက်မရှိဘူးဆိုလျှင် သင့်ကိုဘာက တွန်းအားပေးနေပါသနည်း။ သင့်တွင် အိပ်မက်အမှန်တကယ်မက်ထားပါက စိတ်မပါခြင်းဟူသော အမှောင်ထုထဲမှ ဆွဲထုတ်ကာ အလုပ်ခွင်နှင့် အပန်းဖြေချိန်တို့တွင် နိုးဆွမှုပေးနိုင်ပါသည်။ စိတ်ဓာတ်ကျဆင်းမှုနှင့် ပျင်းရိမှုတို့မှနေပြီး လွတ်မြောက်အောင် တွန်းအားလည်းပေးနိုင်ပါသည်။ ဒုတိယအချက်မှာ အိမ်ကခွာ၊ အလုပ်ခွင်၊ မိတ်ဆွေတို့ထံကနေ ထွက်လာခဲ့ပြီး ကန္တာရနှင့် တောင်ကုန်းဆီသို့၊ ထိုနေရာသို့မဟုတ်လျှင်တောင်မှ ဆိတ်ငြိမ်သည့်နေရာတစ်ခုခုဆီသို့ သွားကြည့်ပါ။ ဖုန်းပိတ်ထားလိုက်ပါ။ သင်ဘာဖြစ်ချင်သနည်း။ သင်ဘာလုပ်ချင်သနည်းဆိုသည်ကို စဉ်းစားကြည့်ပါ။ သင့်အတွေးအခေါ်များကို စာရွက်ပေါ်တွင် ချရေးကြည့်ပါ။ မိမိအတွက်တော့ ဘဝနေမှုဟန်ပန်နှင့် တည်နေရာတို့မှာ အရေးအကြီးဆုံးအချက်များဖြစ်သည်။ ဆိုလိုသည်မှာ ငါမည်သို့အသက်ရှင်နေထိုင်မည်နည်းဆိုသည်နှင့် ဘယ်နေရာတွင်နေမည်နည်းဆိုသည့်အချက်တို့ဖြစ်သည်။ မိမိတွင် ကိုယ်ပိုင်မှတ်ကျောက်ရှိသလို လူများစုတွင် ကိုယ်ပိုင်မှတ်ကျောက်အသီးသီးရှိကြသည်။ သင့်စိတ်ထဲတွင်ရှိသည်ကို သိအောင်လုပ်ပါ။ သင်ကြားသိရသည်ကို၊ ခံစားရသည်ကို မှတ်တမ်းတင်ထားမှသာ နောင်တွင်ပြန်လည်ဆန်းစစ်နိုင်လိမ့်မည်။ တတိယအချက်မှာ သင်ဒီနည်းကိုမကြိုက်ပါက သင့်နည်းသင့်ဟန်ဖြင့်လုပ်ကြည့်နိုင်သည်။ မည်သို့ပင်ဖြစ်စေ သင့်ကိုတွန်းအားပေးနေသည့်အရာကို ရှာပါ။

ပန်းတိုင်များမရေရာခြင်း – သင့်ပန်းတိုင်များကို ချရေးကြည့်ပြီးပြီလား။ တစ်ခုနှင့်တစ်ခု ရှေ့နောက်ညီရဲ့လား။ သို့တည်းမဟုတ် အကွဲကွဲအလွဲလွဲဖြစ်နေသလား။ ပန်းတိုင်သို့ရောက်အောင် စေ့ဆော်နေသည့် နောက်ကွယ်က အကြောင်းရင်းများကို သင်နားလည်ပါသလား။ အင်္ဂလိပ်ဘာသာစကားဟူသည့် (ပန်းတိုင်)သည် သင့်အတွက် တကယ်စိတ်ဝင်စားဖွယ်ရာလား။ သို့တည်းမဟုတ် အင်္ဂလိပ်ဘာသာစကားမှာ တခြား( နည်းလမ်း)လုပ်ဖို့ ခုတုံးတစ်ခုမျှသာလားဆိုသည်ကို မေးခွန်းထုတ်ကြည့်ပါ။ သင့်ပန်းတိုင်များကို စလယ်ဆုံးသုံးပါစလုံး အစီအစဉ်တကျဖြင့် ရှင်းရှင်းလင်းလင်းချမှတ်ထားပြီးပါပြီလား။ ယင်းပန်းတိုင်များမှာ ယုတ္တိရှိရှိရယူနိုင်သည့် ပန်းတိုင်များဖြစ်ပါသလား။ ထိုပန်းတိုင်များကို သင်ရောက်အောင်လုပ်နိုင်မည်လား။ ထိုပန်းတိုင်များကို သင်အမှန်တကယ်လိုချင်သည်လား၊ ယင်းတို့က သင့်ကိုတွန်းအားပေးနေခြင်းလား။ မေးခွန်းထုတ်ကြည့်ခြင်းသာဖြစ်ပါသည်။

ဘယ်ကစရမှန်းမသိဖြစ်ခြင်း – သင့်အိပ်မက်များ၊ ပန်းတိုင်များ၊ စီမံကိန်းများ၊ အချိန်ဇယားများကို ချရေးကြည့်ပြီးနောက် ယင်းတို့မှာ တကယ်ပင် လက်တွေ့ကျသည့်အရာများဖြစ်နေပါက တစ်ဆင့်ချင်း ဖြည်းဖြည်းချင်းအကောင်အထည်ပေါ်လာအောင် လက်တွေ့ဆောင်ရွက်ပါ။ ထိုသို့ဆောင်ရွက်ရာတွင် သင့်ဘဝအခြေအနေအရ ရတတ်သမျှအချိန်နှင့် ရတတ်သမျှ ရင်းမြစ်များအပေါ်မူတည်ပြီး လက်တွေ့လုပ်ဆောင်ပါ။ သင့်အနေဖြင့် အရမ်းအလျင်မလိုတော့ပဲ၊ သက်သောင့်သက်သာရှိလာနိုင်ပါသည်။ သင်သွားမည့် ခရီးလမ်းတွင် အခြေအနေအရပ်ရပ်၊ တောင်းဆိုမှုများနှင့် သင့်ကို သူတို့အလိုအတိုင်းလုပ်ခိုင်းမည့်သူများကို ခွင့်မပြုပါက ပိုပြီး ကျေနပ်ပျော်ရွှင်ရပါလိမ့်မည်။ သင်လုပ်မည့်အရာကိုလုပ်ခါနီးတွင်ဆုံးဖြတ်ချက်ချပြီး အခြေအနေကို ကိုယ်တိုင်ထိန်းနိုင်အောင်လုပ်ပါ။

လုပ်ဖော်ကိုင်ဖက်များထံမှ တုံ့ပြန်မှုမရခြင်း – သူတို့ထံမှ တုံ့ပြန်မှုမရပါက အံ့သြမနေပါနှင့်။ စိတ်မပါခြင်း၊ ဖင့်နေးခြင်း၊အပြိုင်အဆိုင်နှင့် အတိုက်အခံတို့၏ တွန်းအားကို သင့်လုပ်ဖော်ကိုင်ဖက်များက ခဏခဏကိုယ်စားပြုနေပါသည်။ ထို့ကြောင့် သူတို့ထံမှ တုံ့ပြန်မှုကို မျှော်လင့်မနေပါနှင့်။ အပြင်ထွက်နေလိုက်ပါ။ ထပ်ပြောရလျှင် သင့်ကို အကူအညီပေးသူများနှင့် သင့်ကို ဘာလုပ်ပါဟု ခိုင်းသူများကို တစ်ယောက်နှင့်တစ်ယောက်မသိပါစေနှင့်၊ တစ်ယောက်အကြောင်းလည်း တစ်ယောက် မသိပါစေနှင့်။ အဘယ်ကြောင့်နည်း။ တစ်ခုခုမှားယွင်းချွတ်ချော်သွားခဲ့ပါက သင့်ကို အထောက်အပံ့ပြုနေသည့် ကွန်ရက်ကို တစ်ရက်ထဲဖြင့် လိုက်လံညှိနှိုင်း၍ ရနိုင်မည်မဟုတ်ပါ။သင့်အပေါ်မှီခိုလာမည့်သူများကို လုပ်ဖော်ကိုင်ဖက်စည်းဝိုင်းထဲမှ ဖြစ်နိုင်ပါက ဖယ်ထုတ်ထားလိုက်ပါ။ သင့်အတန်းဖော်များထဲမှပင်လျှင် ဖယ်ထုတ်ထားလိုက်ပါ။

ဂရုစိုက်သူနည်းလွန်းခြင်း – ဒါကို ကြိုသိထားပါ။ ဖြစ်ချင်တော့ ဂရုစိုက်သူမရှိခြင်းမှာ သင့်ဘဝတွင် အစိတ်အပိုင်းတစ်ရပ်အဖြစ်ရှိနေသည်။ နတ်သမီးပုံပြင်ထဲက ခေါင်းကိုင်အမိရုပ်သွင်ကို မှန်းဆပြီး ကိုယ့်ကိုလာကယ်ပေးဖို့ စောင့်စားမနေပါနှင့်။ ထိုသို့မစောင့်ပဲ သင်ကိုယ်တိုင် တခြားသူကို ကူညီပေးဖို့ ကြိုးစားပါ။ အခြားသူကို ကူညီခြင်းနှင့် ကိုယ့်ကိုယ်ကိုယ် ကယ်တင်ခြင်းတို့ကြားတွင် ရှုပ်ထွေးသည့်ဆက်သွယ်ချက်ရှိသည်ဟု မိမိယုံကြည်သည်။ သင့်လုပ်ဖော်ကိုင်ဖက်များထံမှ ဂရုစိုက်မှုကို မျှော်လင့်မနေပါနှင့်။

သင့်ကျော်ကြားမှုအတွက် ပူပန်နေခြင်း – ဒါကိုတွေးပူနေပါက အကြောက်တရား သို့မဟုတ်၊ ဂုဏ်ယူမှုကြောင့် သွက်ချာပါဒလိုက်သွားပါလိမ့်မည်။ ကျော်ကြားမှုဟူသည်ကား လူ့အဖွဲ့အစည်းကြီးက ယင်း၏ တစ်ဦးချင်းသော လူ့အဖွဲ့အစည်းဝင် လူသားများကို ထိန်းချုပ်၊ လွှမ်းမိုးရန်သုံးသည့် လက်နက်နှင့် ကိရိယာများဖြစ်သည်ကို မမေ့ပါနှင့်။ ဤပြဿနာကို ကိုင်တွယ်ရန် နည်းလမ်းနှစ်ရပ်ရှိပါသည်။ သင်ရွေးချယ်ပါလေ။ အများသဘောထားဆိုသည်ကို ပြောင်ပြောင်ဆန့်ကျင်ပြီး ကိုယ်လုပ်ချင်သည်ကိုသာ လုပ်ချလိုက်ပါ။ ပြီးလျှင် ပဋိပက္ခကို မျှော်လင့်ထားပြီး ပြဿနာရှာမည့်သူများရောက်လာပါကျ ကြံ့ကြံ့ခံပြီး ရဲစွမ်းသတ္တိရှိပါ။ ထိုနည်းလမ်းကိုမရွေးချယ်ပါက ပုန်းလျှိုးကွယ်လျှိုးဖြင့် လျှို့လျှို့ဝှက်ဝှက်လုပ်ပါ။ ထိုလမ်းကိုလိုက်လျှင် အထီးကျန်မှုနှင့် ဧော်ရမ်းမှန်းဆ၍မရသည့်ခရီးလမ်းကို မျှော်လင့်ထားပါ။ အပြင်ကရော၊ အတွင်းကပါ ထိုးဖောက်မရနိုင်သည့် ဖွဲ့စည်းပုံကို သေချာစီစဉ်ထားပါ။

ဝင်ငွေ၊ အိမ်ငှားခနှင့် စားရေးသောက်ရေးအတွက်ပူပန်နေခြင်း – ရှင်းရှင်းပြောရလျှင် ဤကိစ္စများမှာ မိမိတို့အားလုံး တွေးပူနေရသော အရာများပင်ဖြစ်ပါသည်။ အချိန်ကော၊ ငွေကိုပါချွေတာနိုင်အောင် ကြိုးစားပါ။ စားဖို့အတွက်တော့ ရှာဖွေရန်းကန်ကြရမည်ပင်။ အကြွေးကိုမယူပဲ အလွန်အကျွံနေထိုင်မှုအဆင့်မြှင့်တာမျိုးကို ရှောင်ပါ။ ဒီလိုနေနိုင်မှသာ အင်္ဂလိပ်စာကို စဉ်ဆက်မပြတ်ကိုယ်တိုင် နိုင်ငံခြားသားဆရာမရှိပဲလေ့လာဖို့ လိုအပ်တဲ့ ရင်းမြစ်တွေကို ခန့်ခွဲစီမံနိုင်မည်ဖြစ်သည်။ မည်သည်ကို ဦးစားပေးရမည်ဆိုသည်ကို နားလည်ဖို့သာလိုပါသည်။

ပင်ပန်းနွမ်းနယ်မှု – အလွန်အမင်းကြိုးစားပြီး ကိုယ့်ကိုယ်ကိုယ် မညှင်းဆဲပါနှင့်။ လုပ်နိုင်သလောက်သာ များများလုပ်ပါ။ သင့်စိတ်ကျန်းမာရေးနှင့် သင့်လုပ်ကိုင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည့်နည်းလမ်းဖြင့်သာ သင့်အချိန်နှင့် အိပ်ချိန်ကို စီမံခန့်ခွဲပါ။ တိုတိုပြောရလျှင် အလုပ်ကြိုးစားပြီး လုံလဝီရိယရှိရှိလုပ်ဆောင်ပါ။ သင့်ကြိုးပမ်းအားထုတ်မှုများကို အရှူးအမူးဖြင့် ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်သည့်အဖြစ်မျိုး အဖြစ်မခံပါနှင့်။ ရည်မှန်းချက်မှာ အောင်မြင်ဖို့ဖြစ်ပြီး အသက်ထွက်ဖို့မဟုတ်ပါ။ မလိုအပ်သော လုပ်ဆောင်မှုများကို လျှော့ချပါမှ သင်လုပ်စရာရှိတာလုပ်ဖို့နှင့် အိပ်စက်နားနေဖို့ အချိန်ပိုရပါလိမ့်မည်။ ကြက်အိပ်ကြက်နိုးဆိုသလို ဆယ်မိနစ်လောက် အနားယူတစ်မှေးမှေးတာမျိုးလုပ်တာကလည်း နာရီပေါင်းများစွာ ကျက်မှတ်လေ့လာမှုလုပ်ချိန်တွင် သင့်စွမ်းဆောင်ရည်ကို မြှင့်တင်ရန် ဗျူဟာမြောက်သော ကိရိယာတစ်ခုဖြစ်ပါသည်။ သင့်ခန္ဓာကိုယ်က တောင်းဆိုလျှင် လေ့ကျင့်ခန်း၊ သွားရေစာ၊ သောက်ရေတို့ကိုလည်း အလျဉ်းသင့်သလိုလုပ်ပါ။

မျှော်လင့်ချက်ကုန်ခမ်းသွားခြင်း – သင့်ဘဝမှာ ဒါကိုကြုံလာရမည်။ (ဤစာအုပ်ထဲတွင်ရေးထားသည့်အကြောင်းအရာများကဲ့သို့ပင် တင်ပြထားသည့် အယူအဆများမှာ ပြဿနာကြီးတစ်ခုလုံး၏ မြင်ရသော အစအနလေးသာဖြစ်ပြီး၊ သင့်အတွေ့အကြုံပေါ်မူတည်ပြီး မလိုသည်ကိုပယ်၊ လိုသည်ကို ထည့်ဖြည့်နိုင်ပါသည်။ ပထမဆုံးအနေဖြင့် မျှော်လင့်ချက်ကုန်ဆုံးနေသည့်နေ့တွင် တစ်ရေးအိပ်ပြီး စောစောညအိပ်ရာဝင်ပါ။ သံသယဝင်လာသည့်အချိန်တွင် လဲလျောင်းနေလိုက်ပါဆိုသည့် စကားအတိုင်းပင်။ ဖြစ်နိုင်ရင်တော့ ပြဿနာကနေခွာပြီး မြူမှုန်ကင်းစင်သွားသည်အထိ စောင့်ကြည့်ပါ။ ထို့နောက် ပြဿနာက ထွက်ရပ်လမ်းကို ဆန်းစစ်လေ့လာပါ။ သင်၏စိတ်ပျက်အားငယ်မှုကို ရုပ်လုံးပေါ်လာစေပြီး အမည်ဖော်နိုင်သည်အထိစဉ်းစားသုံးသပ်ပါ။ ထိုသို့စဉ်းစားသုံးသပ်ရာတွင် မြင်သာထင်သာရှိပြီး လက်ဆုပ်လက်ကိုင်ပြနိုင်သည့်အရာမျိုးအဖြစ် ပုံပေါ်လာအောင်လုပ်ပါ။ ထို့နောက် နောက်ဆုံးပြေလည်မှုရရှိသည်အထိ ပြဿနာကို တစ တစနှင့် နောက်တစ်ကြိမ်ထပ်ရှင်းပါ။ ထိုအခါ သင့်အနေဖြင့် ပွင့်ပွင့်လင်းလင်းရင်ဆိုင်နိုင်သည့်၊ ဖြေရှင်းနိုင်သည့် ရှောင်ခွာပြေးနိုင်သည့် လက်ဆုပ်လက်ကိုင်ပြနိုင်သောအရာရရှိသွားပြီဖြစ်ပါသည်။ သတ္တိကြောင်သည်ဟူသော စကားလုံးကို မကြောက်ပါနှင့်။ နောက်တစ်နေ့တွင် ပြဿနာကို ဖြေရှင်းနိုင်ရန် အစိတ်အပိုင်းအရပ်ရပ်ကို ပြန်လည်စုစည်းနေခြင်းသာဖြစ်သည်ဟု သဘောပေါက်ထားပါ။ အချိန်၊ ပြီးစီးရန်သတ်မှတ်ထားသည့်အချိန်၊ အလုပ်တာဝန်များနှင့် ဝတ္တရားများကြောင့် ဗျာများရခြင်းမျိုး၊ မျှော်လင့်ချက်ကုန်ခမ်းသွားခြင်းမျိုး အဖြစ်မခံပါနှင့်။ အချိန်ကို ခန့်ခွဲခြင်းကလွဲပြီး တခြားမလုပ်မိဖို့ မမေ့ပါနှင့်။ ယနေ့မပြီးပြတ်ပါက နောက်နေ့ပြီးပြတ်အောင်လုပ်ပါ။ ယခုနှစ် စာမေးပွဲကျသွားလျှင် နောက်နှစ်ကျ အောင်အောင်ဖြေပါ။ တခါတလေကျလျှင် သင့်စီမံကိန်းများနှင့် အချိန်ဇယားများကို သင့်ထိန်းချုပ်မှုမှ လွတ်ကင်းခွင့်ပေးလိုက်သဖြင့် မျှော်လင့်ချက်ပျက်သုဉ်းမှုဖြစ်လာတတ်ပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ သင့်လက်ထဲမှ ငှက်ကလေးတစ်ကောင် လွတ်ထွက်သွားသလိုပင်ဖြစ်သည်။ စိတ်ဓာတ်လှုံ့ဆော်မှုအကျပ်အတည်းမှ မျှော်လင့်ချက်ကင်းမဲ့မှုဖြစ်ပေါ်လာသည်ဆိုပါက ရပ်နားပြီး ပြဿနာများကို နောင်မှစဉ်းစားရန် ရွှေ့ဆိုင်းထားပါ။ စိတ်ရှည်ရှည်ဖြင့် အချိန်ယူပြီး ကိုယ့် ကိုယ်ကိုယ် ပြန်လည်ဆန်းစစ်ပြီး (ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရန်မဟုတ်) ပြန်ညှိကြည့်ပါ။ တတိယအချက်အနေဖြင့် တစ်ယောက်ယောက်ကသင့်ကို နာကျင်အောင်လုပ်ခြင်း၊ သစ္စာဖောက်ခြင်းကြုံရပါက စိတ်လျှော့ အနားယူပြီး စိတ်ကိုပြန်လည်စုစည်းပါ။ ဖြစ်နိုင်ပါက ဆက်လုပ်စရာရှိသည်ကို ဆက်လုပ်ပါ။ အချိန်နှင့် လူများကြောင့်ဖြစ်ရခြင်းဖြစ်၍ သင့်မိတ်ဆွေများနှင့် သတင်းရင်းမြစ်များကိုသီးခြားစီရှိနေပါစေ။ သို့မှသာ ထိခိုက်ဆုံးရှုံးမှုကို မပျံ့နှံ့အောင် ကန့်သတ်ထားနိုင်ပါသည်။ အတိုချုပ်ပြောရလျှင် သင်စိတ်တည်ငြိမ်သွားသည်နှင့် မျှော်လင့်ချက်ပျက်သုဉ်းရခြင်း၏ တွန်းအားများကို ခန့်ခွဲရန်ကြိုးစားပါ။ ထို့နောက် ယင်းတို့ကို နိဂုံးအဆုံးသတ်ပစ်လိုက်ပါ။

စီမံကိန်းမရှိခြင်း – အောင်မြင်ဖို့ အစီအစဉ်ဆွဲမထားခြင်းသည် မအောင်မြင်ရန် အစီအစဉ်ဆွဲထားခြင်းဖြစ်သည် ဟူသော ဆိုရိုးကို ထပ်ပြောရပါဦးမည်။ သင်လုပ်သမျှအရာတိုင်းအတွက် စီမံကိန်းများကို ကြံဆပြီး ချရေးထားပါ။ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်၊ စီမံကိန်းကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ စာအုပ်တစ်အုပ်ဖြင့် ချရေးပါ။ သင့်စီမံကိန်းများကို အချိန်ကာလနှင့် ချိတ်ဆက်ထားမှသာ မည်သည့်ကာလအပိုင်းအခြားအတွင်း ယင်းစီမံကိန်းများကို အပြီးသတ်နိုင်မည်ဆိုသည်ကို သင်သိရှိနိုင်ပါလိမ့်မည်။ သင်၏ဦးတည်ချက်များကို အပြုအမူအားဖြင့် တိုင်းတာနိုင်ပါစေ။ တွက်ချက် တိုင်းတာ၍မရနိုင်သော လက်ဆုပ်လက်ကိုင်မပြနိုင်သည့် ဦးတည်ချက်များမဖြစ်ပါစေနှင့်။ ဥပမာအားဖြင့် အင်္ဂလိပ် ရှေးမဟာကဗျာကြီး တစ်ပုဒ်ကို နားလည်ရန်ဟု ဦးတည်ချက်ကို ချမှတ်မထားပါနှင့်။ ထိုသို့မ

ဟုတ်ပဲ ရေးအင်္ဂလိပ်မဟာကဗျာကြီး၏ ဇာတ်လမ်းဇာတ်ကွက်နှင့် စိတ်ကူးကို ၈၀ ရာခိုင်နှုန်းနားလည်ရန်ဟူ၍ဦးတည်ချက်ထားပါ) ထိုနည်းအားဖြင့် သင်လုပ်မည့်အရာ၏ အောင်စာရင်းရလဒ်ကို တိုင်းတာစစ်ဆေးကြည့်နိုင်ပါလိမ့်မည်။ သင့်အတွက်အလုပ်ဖြစ်ပြီး ထိရောက်သည့် စီမံကိန်းစနစ်တစ်ခုကို အသုံးပြုပါ။ သင့်ဦးတည်ချက်များ၏ ရလဒ်များကို ရေတွက်စစ်ဆေးနိုင်သည့်အနေအထားမျိုးရှိနေရန် သေချာပါစေ။ စီမံကိန်းရှိခြင်းသည် သင့်အတွက်အချိန်ကုန်စေသည့် အရာများကို စွန့်ပစ်ရန်နှင့် ယင်းတို့ကို ဖြေရှင်းရန် သင့်ကို အထောက်အကူပြုနိုင်ပါသည်။ အသုံးဝင်သည့်အရာလိုလိုဖြင့် ဟန်ဆောင်မျက်နှာဖုံးစွပ်ထားသော အမှိုက်သရိုက်များ အလွန်များလှပါတကား။

အလုပ်ခွင်ပြင်ပက အင်္ဂလိပ်စာကို စိတ်မဝင်စားခြင်း – သင်ထိုလူစားမျိုးဖြစ်ပါက သင့်အတွက်ထင်ရှားသိသာသည့် သွယ်ဝိုက်ပတ်သက်မှုများရှိနေပါပြီ။ သင့်အနေဖြင့် အင်္ဂလိပ်စာတိုးတက်ချင်တာလား၊ သို့မဟုတ် အလုပ်မှာမြဲချင်တာလား။ အင်္ဂလိပ်စာတိုးတက်ချင်တာလား၊ လစာကောင်းတဲ့အလုပ်တစ်ခုရချင်တာလား။ အင်္ဂလိပ်စာတိုးတက်ချင်တာလား၊ ဒါမှမဟုတ် (– – – – ကွက်လပ်မှာ သင့်ဆန္ဒကိုထည့်ကြည့်ပါ)တာလား။ အားလုံးအိုကေပါသည်။ သင့်ထံတွင် ရည်မှန်းချက်ပန်းတိုင်များ ပြတ်ပြတ်သားသားချမှတ်ထားပြီး၊ သေချာချရေးထားသော စီမံကိန်းများသာ ရှိနေပါစေ။

တခြားသွားစရာမရှိသဖြင့် အလုပ်ထဲမှာပဲ အောင်းနေခြင်း – နှစ်လမ်းနှစ်မျိုးဖြင့် လေ့လာကြည့်နိုင်ပါသည်။ ပထမအချက်မှာ (သင်ထောင်ချောက်မိနေပြီ) တခြားသွားစရာမရှိဖြစ်နေသည်။ ဒုတိယအချက်မှာ သင်တခြားနေရာသို့ထွက်သွားနိုင်သည်(သင်လွတ်လပ်သည်)။ သင်ပထမအချက်ကို ယုံကြည်ပါက သင့်အလုပ်ကို မထိခိုက်စေပဲ ညနေအိမ်ပြန်လာသည့်အချိန်တွင် သင့်အချိန်ကို လောဘတကြီး ထိန်းသိမ်းစောင့်ရှောက်ပါ။ တယ်လီဖုန်းကို ပိတ်ထားပြီး၊ ညစာမြန်မြန်စားကာ သင့်အင်္ဂလိပ်စာ စာအုပ်ပုံထဲသို့ ခုန်သာချလိုက်ပါ။ ဘဝနစ်ခုနေထိုင်ပြီး နှစ်ဘဝလုံးကို ကျေနပ်ပျော်ရွှင်မှုရှိရှိနေပါ။ ဒုတိယအချက်ကို ယုံကြည်ပါသည်ဆိုလျှင်တော့ စည်းအပြင်ထွက်လာခဲ့လိုက်ပါ။ စွန့်စားမှုများရယူပြီး နာကျင်ခံစားရမှုများကို သည်းညည်းခံကာ ထင်ပေါ်ကျော်ကြားမှုကို စုဆောင်းပါ။ သင့်ယခင်အလုပ်ကထွက်ပြီး ပြည်ပမှာ၊ သို့မဟုတ် ရန်ကုန်မှာ မရေရာသည့်စွန့်စားမှုများလုပ်သည်ဖြစ်စေ၊ နယ်မြို့လေးတစ်မြို့မှာ၊တောင်ပေါ်မြို့လေးတစ်မြို့မှာ လစာနည်းနည်းလေးဖြင့် အင်္ဂလိပ်စာပြဆရာလုပ်သည်ဖြစ်စေ သင့်နှလုံးသား၏ စေစားရာအတိုင်း လုပ်ဆောင်ခြင်းဖြစ်သဖြင့် နှစ်ခုစလုံးမှာ ဂုဏ်ရှိသည့် လုပ်ရပ်များဖြစ်ပါသည်။ ဒီလိုမဟုတ်လျှင်လည်း တခြားတစ်ခုခုကို သင်လုပ်ချင်သည်ဆိုပါက လုပ်ချလိုက်ပါ။ သင်သွားချင်သည့်နေရာဆိုပါက သွားထည့်လိုက်ပါ။ တခုမမေ့ရမည်မှာ ထိုအရာများကို ဘွဲ့ရပြီးမှ၊ အိမ်ထောင်မကျသေးခင်၊ ကလေးမရခင် (အသက် ၂၁ မှ ၂၇ နှစ်အရွယ်အတွင်း) တွင်လုပ်ပါ။ ထိုအသက်အရွယ်အပိုင်းအခြားလောက် လုပ်ချင်သည်ကို လုပ်နိုင်သည့်အခွင့်အရေးနှင့် လွတ်လပ်မှု မည်သည့်အရွယ်မှာမှ ရမည်မဟုတ်ပါ။ အချုပ်ဆိုရလျှင် ဘာဆိုဘာမှလုပ်လို့မရဘူးဆိုသည့်အခြေအနေမျိုးကို မတွေးမိပါစေနှင့်။ လုပ်လို့ရတာတွေ တပုံကြီးရှိပါသည်။

အင်္ဂလိပ်စာကို စိတ်မပါတော့ခြင်း – တခြားလုပ်ချင်တာရှိနေပြီပေါ့။ ဖြစ်နိုင်ရင်တော့ ပြောင်းလုပ်ကြည့်လိုက်ပါ။ ဘာကြောင့် စိတ်ဆင်းရဲခံနေမည်နည်း။ သင့်အင်္ဂလိပ်စာလို ဒုတိယနေရာတွင်ရှိသော ဘာသာစကားစွမ်းရည်ကို စိတ်ဆင်းရဲမှုက အားပြင်းသောအဖျက်သဘောဆောင်သည့် သက်ရောက်မှုရှိလာနိုင်ပါသည်။ ဆင်းရဲမွဲတေမှုအက်ကွဲကြောင်းထဲသို့သာ သက်ဆင်းမသွားရအောင် ဂရုစိုက်ပါ။

ဘာကြောင့် စိတ်ကုန်သလဲ။ စိတ်ပါဝင်စားမှုကုန်ခမ်းခြင်း – ဒီလိုဖြစ်လာရင်တော့ အရင်းနီးဆုံးမိတ်ဆွေနဲ့ သွားစကားပြောကြည့်ပါ။ သင်အကူအညီလိုနေပါပြီ။ ပထမဆုံးလုပ်ရမည်မှာ သင့်အလုပ်ကို မယိမ်းယိုင်စေပဲ အကာအကွယ်ပေးခြင်းဖြစ်သည်။ ထို့နောက် အင်္ဂလိပ်ဘာသာစကားကို မှန်ကန်သော ရှုထောင့်မှနေပြီး စဉ်းစားကြည့်ပါ။ တစ်ရက်တည်းနှင့်တော့ ဒီပဋိပက္ခက ဖြေရှင်းလို့ရနိုင်မည်မဟုတ်ပါ။ ဤအချိန်သည် သင့်မိတ်ဆွေများထံမှ လူမှုရေးအရင်းအနှီးကို ရှာဖွေရတော့မည့်အချိန်ဖြစ်ပါသည်။ အကူအညီယူပါ။

ခြေကုန်လက်ပမ်းကျခြင်း – သင်ခြေကုန်လက်ပမ်းကျပြီဆိုပါက အင်တာနက်တွင် ခြေကုန်လက်ပမ်းကျခြင်းအကြောင်းရေးထားသည့် ဆောင်းပါးများ သွားရှာဖတ်ပါ။ ထိုပညာပေးဆောင်းပါးများကို ဖတ်ရှုပြီးနောက် လုပ်စရာရှိသည်များကို လုပ်ပါ။ ခြေကုန်လက်ပမ်းကျခြင်းကို စောစောစီးစီး သိလျှင် ဖြေရှင်းရန် ပိုပြီး လွယ်ကူပါသည်။ အရမ်းနောက်ကျသွားပါက ကုသရန်ခက်ခဲပါလိမ့်မည်။ သင့်ဘဝတွင် ထိုးထွင်းတီထွင်မှုရှိသည့် အပြောင်းအလဲများကို ဘယ်လောက်များများကို မည်မျှကောင်းစွာ ဆောင်ကျဉ်းနိုင်သည်ဆိုသည်မှာ ခြေကုန်လက်ပမ်းကျခြင်းကို ကျော်လွှားရာတွင် အရေးကြီးသည့်နေရာမှ ပါဝင်နေပါသည်။

ထပ်ဝင်လာသည့်အရာများ ***<u>“Other things coming in.’</u>***

ထပ်ဝင်လာသည့်အရာများကို ပိုင်ဆိုင်သည့်ဥစ္စာပစ္စည်းအဖြစ်ပြောင်းလဲခြင်း – ပုံမှန်အားဖြင့် ထပ်ဝင်လာသည့်အရာများသည် သင့်ကို အာရုံထွေပြားစေသည့်အရာများဖြစ်သဖြင့် အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်အောင် ကြိုးစားရာတွင် အထောက်အကူမပေးသည့် အရာများဖြစ်ပါသည်။ သို့ရာတွင် ယင်းတို့တွင် အကျိုးကျေးဇူးနှစ်ခုရှိနေသည်။ ယင်းတို့မှာ သင့်ကိုဆန့်ကျင်ကန့်လန့်တိုက်နေသောအရာများ၏ ရောဂါလက္ခဏာများဖြစ်သဖြင့် ယင်းတို့ကို အသွင်ပြောင်းလဲလိုက်သည်နှင့် ပိုမိုကောင်းမွန်သော အင်္ဂလိပ်ဘာသာစကားကို လေ့လာရာမှီးနေသည့် သင့်အတွက် အသင့်လုပ်ထားသော မူဘောင်တစ်ခုကို ပေးအပ်နိုင်ပါသည်။ ထို့ကြောင့် ယင်းတို့ကို ဆန့်ကျင်တွန်းလှန်ခြင်းမပြုပါနှင့်။ ယင်းတို့ကြောင့် အားပျော့ပျက်ပြယ်သွားခြင်းမျိုး အဖြစ်မခံပါနှင့်။ ထိုအရာများကို သင့်လုပ်ငန်းစဉ်အတွက်အသုံးဝင်အောင် ပြောင်းလဲပစ်ပါ။

အလုပ်တာဝန် – သင့်အလုပ်ရှင်ထံမှ အလုပ်တာဝန်များချပေးသည့်အခါ အင်္ဂလိပ်ဘာသာစကားကို အသုံးပြုရန်လိုအပ်သည့် အလုပ်များရယူနိုင်ရန် ကြိုးစားပါ။ ယင်းအလုပ်များကိုလုပ်ရင်း တစ်ချို့သော အင်္ဂလိပ်စာအရည်အချင်းများကို တိုးတက်အောင်လုပ်ပါ။ ထိုအလုပ်တာဝန်များကို လုပ်ကိုင်ရင်း ပြောင်းလွယ်ပြင်လွယ်ရှိမှုအချို့ကို တွေ့မြင်ရပါလိမ့်မည်။ ယင်းပြောင်းလွယ်ပြင်လွယ်ရှိမှုအခွင့်အလမ်းကို သိမ်မွေ့စွာ အသုံးချပြီး သင်၏ အင်္ဂလိပ်စာလေ့လာမှုတွင် အလုပ်တာဝန်များကို အသုံးဝင်သည့်အရာဖြစ်လာအောင် လုပ်ပါ။ ထိုနည်းအားဖြင့် ဘာသာစကားစွမ်းရည်နှင့် သိတတ်မြင်တတ်မှုတို့ကို ဖွံ့ဖြိုးတိုးတက်လာအောင်လုပ်လို့ရပါသည်။ လူမှုရေးအရင်းအနှီးရှုထောင့်မှကြည့်လျှင် ထိုသို့လုပ်ဆောင်ခြင်းဖြင့် သင့်အလုပ်ရှင်ကို ကျေနပ်မှုရစေနိုင်ပါသည်။ သင်ရိုးညွှန်းတမ်းရှုထောင့်မှပြောရလျှင် သင့်ရည်မှန်းချက်များကို အသက်သွင်းပေးနိုင်ပြီး၊ သင့်စီမံကိန်းများကို သင့်တပည့်များအတွက်အသုံးချလာနိုင်စေမည်ဖြစ်သည်။ ထိုနည်းအားဖြင့် သင်ရော၊ သင့်တပည့်များပါ လေ့လာသင်ယူသူများဖြစ်လာပါလိမ့်မည်။ နောက်ဆုံးတွင် သင့်ကျောင်းဖတ်စာအုပ်များ၌ တခြားအရာများကို အပိုဆောင်းထပ်ဖြည့်လာနိုင်ပါလိမ့်မည်။ အပိုဆောင်းထပ်ဖြည့်မည့်နေရာများတွင် သင်စိတ်ပါဝင်စားသည်များကို ထည့်သွင်းလို့ရနိုင်မည်ဖြစ်သည်။ သတိပေးလိုသည်မှာ လိမ္မာပါးနပ်စွာ လုပ်ဆောင်ဖို့ဖြစ်သည်။

သင့်အနေဖြင့် မိမိ၏ လေ့လာမှုပန်းတိုင်ဆီသို့ ထိန်းကျောင်းသွားနိုင်ရေးအတွက် ၎င်းတို့၏ သင်ရိုးစနစ်အတွင်းသို့ ကိုယ်ပိုင်အမြင်များကို စိမ့်ဝင်ပျံ့နှံ့အောင်လုပ်နေခြင်းဖြစ်သည်။ သင့်သင်ရိုးစနစ်ကို ကြော်ငြာနေခြင်းမဟုတ်ပါ။ ကြော်ငြာပါက မိုက်မဲရာကျပါသည်။ ထို့ကြောင့် အလုပ်ခွင်တွင်လုပ်ကိုင်သမျှကို

သင့်အတွက် အသုံးဝင်မဝင်ဆိုသည်နှင့် သင့်အနေဖြင့် မည်သို့အကျိုးခံစားရသည်ဆိုသည်ကို ရိပ်စားမိပါစေ။

အလုပ်မှ သွားလိုက်ပြန်လိုက် ပုံမှန်လုပ်ရခြင်း – အသွားအပြန်လုပ်ရခြင်းမှာ အချိန်ရော၊ ကာယ ဉာဏစွမ်းအားကိုပါလုယူသဖြင့် လူ့အဖွဲ့အစည်းတွင် ကျိန်စာသင့်ခြင်းဖြစ်သည်။ တချို့သောသူများဆိုလျှင် အလုပ်သွားအလုပ်ပြန်အတွက် နေ့စဉ် လေးနာရီထိပင် အချိန်ကုန်ခံနေရသည်။ သင်ဘာလုပ်မည်နည်း။ လူတိုင်းစီးနေကျ အားကစားဖိနပ်များကို ဘတ်စ်ကားစီးသည့်အခါ ဝတ်ဆင်ပါ။ အလုပ်ကိုရောက်မှသာ ဖိနပ်လှလှပြောင်းစီးပါ။ တိပ်ခွေဖွင့်စက်၊ သို့မဟုတ် ရေဒီယိုသယ်လာပြီး နားကျပ်တပ်ထားကာ ဘတ်စ်ကားအတွင်း မတ်တပ်ရပ်ရင်း နားထောင်မှုစွမ်းရည်လေ့ကျင့်ခန်းများကို လေ့လာနိုင်ပါသည်။ တစ်မှတ်တိုင် ပြီး တစ်မှတ်တိုင် ရပ်လိုက်၊ ဆက်သွားလိုက်၊ ပြန်ရပ်လိုက်ဖြစ်နေသည့် ပို့ဆောင်ရေးစနစ်နှင့် သင့်လျော်သည့် ထုတ်ရ၊ သယ်ရ လွယ်သည့် အိတ်ဆောင်စာအုပ် တစ်အုပ်သယ်လာပါ။ ဆဲလ်ဖုန်းမှတစ်ဆင့် အင်္ဂလိပ်လို အလွတ်သဘောပြောဆိုဆက်သွယ်ပါ။ ဘတ်စ်ကား၊ မြို့ပတ်ရထားစီးဖော်အချင်းချင်း ဖုန်းဖြင့် အင်္ဂလိပ်လို စာသားမက်ဆေ့ချ်ပို့ခြင်းမျိုးလုပ်ပါ။ သွားရင်းလာရင်း ဘတ်စ်ကား၊ ရထားပေါ်တွေ့သည့်မြင်ကွင်းကို မှတ်သားထားပြီး ညနေအိမ်ပြန်ရောက်လျှင်၊ သို့မဟုတ် နေ့လည်စာ စားချိန်တွင် ကိုယ် မြင်တွေ့ခဲ့ရသည်ကို စာစီစာကုံးလို ချရေးနိုင်ပါသည်။

နေ့လည်ခင်းတိုင်း ရုံးစားသောက်ဆိုင်တွင် နေ့လည်စာမစားပဲ ပန်းခြံသို့ ထမင်းချိုင့်နှင့် သင့်စိတ်ကြိုက် အင်္ဂလိပ်စာ စာအုပ်တစ်အုပ်ယူသွားပါ။ ကျောင်းမှ ပြန်လာလျှင် တခြားသူများကဲ့သို့ ညနေစာစားဖို့အရေး အစောတလျင်ဖြစ်မနေပါနှင့်။ သင့်အလုပ်နှင့်နီးနီးနားနားရှိသည့် စားသောက်ဆိုင်လေးတစ်ဆိုင်တွင် စောစောသွားစားပြီး၊ ခဏလောက်စာဖတ်ပါ။ ထို့နောက် လူသိပ်မကျပ်သည့် ညဥ့်နက်ပိုင်း ဘတ်စ်ကားစီးပြီး အိမ်ပြန်ပါ။ ဘတ်စ်ကားပေါ်တွင်တော့ အင်္ဂလိပ်စာ ပိုလေ့လာလိုက်ပါ။ သင့်အလုပ်မှ ညအိပ်ဆောင်တွင် အပတ်စဉ် တစ်ည နှစ်ညလောက်နေပြီး အလုပ်သွားအလုပ်ပြန်ရင်း ကုန်မည့်အချိန်ကို အင်္ဂလိပ်စာလေ့လာဖို့ အသုံးပြုပါ။ အင်္ဂလိပ်လို စာအုပ်တစ်အုပ် သင်ဖတ်နေသည်ကို လူအများမသိနိုင်အောင် သင့်စာအုပ်မျက်နှာဖုံးကို သတင်းစာဖြင့် မျက်နှာဖုံးလုပ်ထားပါ။ ထိုနည်းအားဖြင့် အနောက်အယှက်လည်းပေးမည့်သူမရှိနိုင်တော့ပါ။ သင့်ဟန်းဖုန်းကို ပိတ်လို့ရသည့်အချိန်တိုင်း ပိတ်ထားပါ။ သင့်ရုံးသွားရုံးပြန်အချိန်အများ စုကို အကျိုးရှိအောင်သုံးနိုင်သည့် အခြားနည်းလမ်းအမြောက်အများကျန်ပါသေးသည်။ အကျိုးရှိအောင် အသုံးချပါ။

သင့်ကျောင်းမှာ ယဉ်ကျေးမှုဆိုင်ရာ နေရာများနှင့် အလှမ်းဝေးခြင်း – ရန်ကုန်၊ ဒါမှမဟုတ် မန္တလေးလိုမြို့ကြီးများမှ ဝေးသည့်နေရာတွင်နေပါက သင့်အ တွက် စိန်ခေါ်မှုရှိနေပါပြီ။ သို့သော် မဖြစ်နိုင်သည့်အရာမရှိပါ။ ပထမဦးဆုံး အက်ဖ်အမ်နားထောင်နိုင်သည့် ရေဒီယိုရအောင်ရှာပါ။ လျှပ်ကာရာတွင်သုံးသော ခပ် ပါးပါး ကြေးနန်းကြိုးများကို အရှည်မီတာ ၁ ရာဝယ်ပါ။ ယင်းကြေးနန်းကြိုးများကို သင်နေသည့်နေအိမ်ဘေးနားက သစ်ပင်နှစ်ပင်ကြားတွင် တန်းထားပါ။ သစ် ပင်မရှိလျှင်လည်း တိုက်ခန်း ဝရန်တာလက်ရန်းတစ်ဖက်စီတွင် တန်းပါ။ ကြေးနန်းကြိုးတစ်ဖက်တွင် သင့်ရေဒီယိုက အင်တင်နာတိုင်နှင့် တွဲချည်ပါ။ အင်တင် နာတွင် ပလတ်စတစ်အကာပါပါက လီးဖယ်လိုက်ပါ။ ထိုနည်းအားဖြင့် ရေဒီယိုလှိုင်းများကို ပိုမိုကောင်းမွန်စွာလက်ခံနိုင်ပါသည်။ တစ်ခြားစိတ်ကူးတစ်ခုမှာ နေပြည်တော်အက်ဖ်အမ်နှင့် မြန်မာ့အသံ အင်္ဂလိပ်ဘာသာပိုင်း အစီအစဉ်ကဲ့သို့ ယဉ်ကျေးမှုနှင့် အင်္ဂလိပ်စာ အစီအစဉ်များကို နားထောင်ပါ။ မဟုတ်လျှင် အင်္ဂ လိပ်လိုထုတ်သော မြန်မာတိုင်းမ်ဂျာနယ်၊ သို့မဟုတ် အလားတူ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော စာစောင်ကို လစဉ်ဝယ်ရန်စာရင်းပေးထားပါ။ အကယ်၍ သင်နေသောမြို့တွင် ယင်းဂျာနယ်ကိုယ်စားလှယ်မရှိပါက ရန်ကုန်၊ မန္တလေးရှိ မိတ်ဆွေတစ်ဦးဦးမှတစ်ဆင့် ဆက်သွယ်ဝယ်ယူပါ။ သူတို့ထံတွင် အင်္ဂလိပ်လို ထုတ်ဝေသော သတင်းစာနှင့် စာစောင်အဟောင်းများရှိပါက စာတိုက်မှ ပါဆယ်ဖြင့် လှမ်းပို့ခိုင်းပါ။ တစ်နှစ်လျှင် နှစ်ကြိမ်နှုန်းဖြင့် သင့်ထံသို့ အရောက်ပို့ခိုင်းပါ။ ဝေးလံသီခေါင်လှသော ချင်းပြည်နယ်ရှိ တောင်ပေါ်မြို့များတွင်ပင် နေထိုင်သည်ဖြစ်စေ တစ်ခေါက်နှင့်တစ်ခေါက် မတူညီသော အကြောင်းအရာများကို သင့်အ နေဖြင့် ပုံမှန်ဖတ်ရှုနိုင်ပါလိမ့်မည်။

ပို့လိုက်သော သတင်းစာဂျာနယ်အားလုံးကို ဖတ်ရှုပြီးပါက (ဥပမာ ရန်ကုန်ရှိ) သင့်မိတ်ဆွေက နောက်ထပ် ပါဆယ်တစ်ထုပ်ထပ်ပို့ဖို့ လိုပါသည်။ သင့် ထံတွင်ရှိသော ဖတ်ပြီးသားဂျာနယ်၊သတင်းစာဟောင်းအထုပ်ကိုတော့ သင်နေသည့်နေရာထက် ခေါင်သည့်နေရာတွင်နေသော သူငယ်ချင်းထံ ထပ်ပြီး လက် ဆင့်ကမ်းပို့ပေးပါ။ သူတစ်ပါးကို ပေးကမ်းမျှဝေခြင်းဟူသည်မှာ မင်္ဂလာတစ်ပါးပင်ဖြစ်သည်ဆိုသည့်အတိုင်းပင် လက်ဆင့်ကမ်းမျှဝေပါ။ အချို့သော ဆောင်းပါး များကို သင့်အင်္ဂလိပ်စာသင်တန်းများတွင် သင်ထောက်ကူလေ့လာစရာများအဖြစ် ပြန်လည်အသုံးပြု၍ပင် ရပါသည်။ စာအုပ်များကိုလည်း ထိုနည်းအတိုင်းပင် မှာယူဖတ်ရှုပြီး လက်ဆင့်ကမ်းမျှဝေနိုင်ပါသည်။ အင်တာနက်ပေါ်တွင်လည်း ဘာတွေအသစ်ထွက်နေသည်ဆိုသည်ကို လေ့လာပြီး မှာယူရရှိနိုင်သော စာအုပ် စာတမ်းများကို အတွဲလိုက် ရှာဖွေနိုင်ပါသည်။ သင့်လက်ထဲတွင် စာရွက်တစ်ရွက်ဖြင့် လိုက်လံရေးမှတ်လေ့လာလျှင် ပိုပြီး အဆင်ပြေပါလိမ့်မည်။ ဒါမှမဟုတ် လျှင်လည်း ရေဒီယိုမှနေပြီး အသံဖမ်းစက်ဖြင့် နှစ်သက်ရာအစီအစဉ်များကို ထပ်ခါတလဲလဲနားထောင်နိုင်ရန် အသံဖမ်းထားနိုင်ပါသည်။ ဗီဒီယိုကင်မရာနှင့် ဗီစီ ဒီပြစက်များကိုမေ့ထားပြီး နားထောင်ခြင်းသက်သက်သာလုပ်ပါ။ ရေဒီယိုဖြင့်သွားခြင်းက ပို၍ရိုးရှင်းကာ စရိတ်သက်သာပြီး သင်၏ ယဉ်ကျေးမှုအစီအစဉ်များ လေ့လာမှတ်သားနာယူခြင်းကို စိတ်ဝင်စားဖွယ်ရာကောင်းစေပြီး ဆန်းသစ်စေပါသည်။ နိဂုံးချုပ်ပြောရလျှင် သင်၏ကျောင်းသည် ယဉ်ကျေးမှုဌာနများမှ အ လှမ်းကွာတော့မည်မဟုတ်ပါ။ ယနေ့ခေတ် ဆက်သွယ်ရေးစနစ်များကြောင့် နိုင်ငံတစ်ခုလုံးမှာ ရွာတစ်ရွာအဖြစ်သို့ ပြောင်းလဲသွားခဲ့ပါပြီ။

လေ့ကျင့်ခန်းဟောင်းများကိုသာ ပြန်လုပ်နေခြင်း – အလုပ်ကိုလုပ်နေကျအတိုင်းလုပ်ခြင်းသည် လွယ်ကူသက်သာစေပါသည်။ သို့ရာတွင် သင့်ကို ကြို တွက်လို့ရနေပြီဖြစ်သဖြင့် သင်၏တပည့်များအတွက် ပျင်းစရာကောင်းလာလိမ့်မည်။ ဆန်းသစ်ပြီး တစ်ခုနှင့်တစ်ခုမထပ်သော သင်ခန်းစာအသစ်များကို မရ ရအောင်သင်ရေးသားပါက သင့်ပင်ကိုယ် အင်္ဂလိပ်ဘာသာစကားစွမ်းရည်များ ပိုမိုတိုးတက်ကောင်းမွန်လာပါလိမ့်မည်။ ဆရာများအားလုံးအတွက် မည်သည့် အခါမှ အဆုံးမသတ်သည့် အဆိုပါ တာဝန်ဝတ္တရားကို တစ်ဘဝတာ အင်္ဂလိပ်စာလေ့လာနေသည့် သင့်အတွက် မည်သည့်အခါမှ အဆုံးမသတ်သည့် အခွင့် အလမ်းအဖြစ် သဘောထားပါ။ ဤသည်မှာ အင်္ဂလိပ်စာလေ့လာမှုနှင့် အလုပ်အကိုင်ကို ပေါင်းစပ်သည့်နောက်တစ်နည်းဖြစ်ပါသည်။ ထိုနည်းကို ပိုစိတ်ဝင်စား စရာကောင်းသည်ဟု ထင်ပါက ပျင်းရိမှုကိုဖယ်ရှားရာတွင် စိတ်ဓာတ်လှုံ့ဆော်မှု ပိုမိုရရှိနိုင်ပါသည်။

လက်ထပ်ခြင်း – သင်ဘယ်လောက်တော်လှန်ပြောင်းလဲလိုစိတ်ရှိသည်ဆိုသည့်အပေါ်တွင် မူတည်နေသည့် ကိစ္စဖြစ်ပါသည်။ နှစ်ဦးသားမျှဝေပိုင်ဆိုင် သော ဘဝတွင် နေရာတကာ အင်္ဂလိပ်ဘာသာစကားကို သုံးစွဲပြောဆိုရန် သင့်လက်တွဲဖော်က ခွင့်ပြုမည်လား။ ခွင့်ပြုပါက တက်တက်ကြွကြွရှိသော ဘာ သာစကားနှစ်မျိုးပြော အိမ်ထောင်ရေးဖြစ်လာမည်။ သို့တည်းမဟုတ် (ပိုပြီး အပယိကဖြစ်သည့် အဖြည့်ခံအဖြစ်မှ အဓိကကျသော အဖြစ်မှန်တစ်ရပ်ဖြစ်လာ သကဲ့သို့) သင့်လက်တွဲဖော်က သင်လုပ်ချင်သည်များကို အတိုင်းအတာတစ်ခုထိ နည်းနည်းလုပ်ခွင့်ပေးမည်လား။ သို့တည်းမဟုတ် သင့်ဘဝတစ်လျှောက် လုံး အင်္ဂလိပ်ဘာသာစကားကို လေ့လာလိုသည့်ဆန္ဒကို သင့်လက်တွဲဖော်က လုံးဝလက်သင့်မခံပဲနေမည်လား။ လားပေါင်းများစွာ။ သို့ရာတွင် ဤအချက်မှာ အင်မတန်ပင် အရေးကြီးပါသည်။ ဤအချက်ကြောင့်ပင် အသွင်မတူ အိမ်သူမဖြစ် ဆိုသည့် ဆိုရိုးစကားနှင့် ဒိုးတူပေါင်ဖက်ဆိုသည့် ဆိုရိုးစကားများမှာ အိမ် ထောင်ရေးတိုင်းတွင် ဆိုးကျိုးဖြစ်ပေါ်စေခြင်းဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သည့် အိမ်ထောင်ရေးပုံစံများကို လေ့လာကြည့်ပါမည်။ ပထမဆုံးမှာ တက်တက်ကြွကြွရှိပြီး ဘာသာစကားနှစ်မျိုးပြောဆိုသည့် အိမ်ထောင်ရေး။ မြန်မာပြည် မြေလတ်ပိုင်းတွင်နေသည့် လင်မယားနှစ်ဦးကို တွေ့ဖူးပါသည်။ ယောက်ျားလုပ်သူက အင်ဂျင်နီယာ၊ မိန်းမက အင်္ဂလိပ်စာသင်ဆရာမ။ လင်လုပ်သူက နိုင်ငံခြားသားအင်ဂျင်နီယာများနှင့် အဆက်အသွယ်ရှိပြီး ပညာရပ်ဆိုင်ရာ စာစောင်များကို အင်္ဂလိပ်ဘာသာဖြင့် ဖတ်သည်။ မယားဖြစ်သူက ကျောင်းတွင် နိုင်ငံခြားသား ဆရာများနှင့် တွဲလုပ်ရသည်။ ညကျောင်းတွေတက်ပြီး အင်္ဂလိပ်စာကိုလည်း သူ့ဘာသာသူ သင်ယူပါသည်။ သူတို့ နှစ်ယောက်စလုံး နောက်ဆုံးပေါ် အနောက်တိုင်းဂီတ စီဒီများကို အမြဲနားထောင်ကြသည်။ (ကောလိပ်ကျောင်းသားတွေထက် သူတို့ မည်မျှ ရှေ့ရောက်သည်ဆိုသည်ကို မိမိမသိပါ) သူတို့နှစ်ယောက်၏ အင်္ဂလိပ်ဘာသာစကားမှာ ကျွမ်းကျင်အဆင့်မဟုတ်သော်လည်း ပြောဆိုဆက်ဆံလို့ရပြီး အပြည့်အဝနားလည်နိုင်သည့် အခြေအနေတွင်ရှိပါသည်။

တိုတိုပြောရလျှင် အင်္ဂလိပ်ဘာသာစကားမှာ သူတို့အတွက် အပြည့်အဝအလုပ်ဖြစ်ပြီး၊ သဘာဝကျကျဖြင့် နေ့စဉ်သုံး ဘာသာစကားအဖြစ် မကြာခဏ သူတို့ဘဝတွင် အစိတ်အပိုင်းအဖြစ်ပါဝင်နေပါသည်။ အပိုဟန်လုပ်ခြင်း၊ အပေါ်ယံကြောလုပ်နေကြခြင်းမျိုးမဟုတ်ပါ။ ကြိုးစားလုပ်ကိုင်ခြင်း၊ ဘာသာစကား ကို ကောင်းမွန်စွာအသုံးပြုနိုင်သည့်အခွင့်အလမ်းများနှင့် အင်္ဂလိပ်စာကို လေ့လာဆည်းပူးရာတွင် ယင်းဘာသာစကားကို အိမ်ထောင်ရေးဘဝ၏ မျှဝေခံစားထားသည့် တန်ဖိုးနှင့် ဘုံလုပ်ငန်းတစ်ခုဖြစ်လာအောင် လင်နှင့် မယားကြား ရည်ရွယ်ချက်ရှိရှိ ဆုံးဖြတ်ချက်ချထားခြင်းတို့သာဖြစ်ပါသည်။ သူတို့နှစ်ဦးမှာ အင်္ဂလိပ်ဘာသာစကားကိုလေ့လာရာတွင် စံပြများပင်ဖြစ်သည်။ သူတို့နှစ်ဦးသည် မိခင်ဘာသာစကားကိုလည်း အသုံးချကြသူများဖြစ်ကြပြီး တိုင်းရင်းသားစစ်စစ်များ ဖြစ်ပါသည်။

ဒုတိယ အိမ်ထောင်သည်အမျိုးအစားမှာ သင့်အနေဖြင့် သင့်ကိစ္စကို လုပ်နိုင်သည့် အနေအထားဖြစ်သည်။ ဤသို့သော အိမ်ထောင်ရေးမျိုးတွင် အင်္ဂလိပ်စကားမပြောသော သင့်အိမ်ထောင်ဖက်က ဝင်မလာသည့် သင့်ဘဝအစိတ်အပိုင်းရှိနေပါသည်။ သို့ရာတွင် လင်သို့မဟုတ် မယားဖြစ်သူက ကိုယ့်အိမ်ထောင်ဖက်လိုအပ်သော နေရာ၊ အချိန်၊ ရင်းမြစ်နှင့် လူပုဂ္ဂိုလ်တို့ကို ရှာဖွေ ထောက်ပံ့မှု အပြည့်အဝပေးအပ်သည်။ သင့်တွင်နေရာဟု ဆိုနိုင်သော အင်္ဂလိပ်စာအုပ်စင်၊ အင်္ဂလိပ်လို ပေးစာများနှင့် သင်ခန်းစာအစီအစဉ်များသာ တင်ထားသော စာကြည့်စားပွဲ၊ သင်ရေဒီယို သက်သောင့်သက်သာ နားထောင်နိုင်သည့် နေရာ၊ အခန်းထောင့် တစ်နေရာတွင် တစ်ထပ်ကြီးပုံထားသော မဂ္ဂဇင်းများ၊ အိမ်သာတက်ရင်းဖတ်ဖို့ မဂ္ဂဇင်း အနည်းငယ်၊ အဝတ်လှန်းသည့် ဝရံတာ မျက်နှာကျက်တွင် ရေဒီယို အင်တင်နာနှင့် ချိတ်ဆက်ဖို့ သွယ်တန်းထားသော ဝါယာကြိုးများ၊ အလွတ်သဘောပြောဆိုခြင်း သို့မဟုတ် သဏ္ဍာန်လုပ် သရုပ်တူ စကားပြောလေ့ကျင့်ခန်းများကိုလုပ်ရန် ဗုဒ္ဓဟူးနေ့ညနေတွင် အိမ်သို့လာသော သင့်တပည့်များအတွက် လိုအပ်မည့် သင်ထောက်ကူပစ္စည်းများ စသည်တို့ရှိနေပါသည်။ သင့်တွင် အချိန်ကာလဟုဆိုနိုင်သော အပတ်စဉ် ညနေခင်းအချိန်တစ်ချို့ကို သင်နှင့် သင့်အင်္ဂလိပ်ဘာသာစကား ဆက်စပ်အကြောင်းအရာများအတွက် သပ်သပ်ဖယ်ထားခြင်း၊ သင့်အိမ်ထောင်ဖက်ကတော့ အခန်းတစ်ခန်းထဲတွင် သွားပြီး စာဖတ်နေခြင်း သို့မဟုတ် အပြင်ထွက်လမ်းလျှောက်သွားခြင်းတို့ ရှိနေပါသည်။ ကွန်ဖရင့်နှင့် ပို့ချမှုများကို တချို့သော သီတင်းပတ်များတွင် သင်တက်ရောက်နိုင်ခြင်းနှင့် သင့်လုပ်ဖော်ကိုင်ဖက်များနှင့် ညစာသွားစားခြင်းကဲ့သို့ အချိန်ကာလများရှိနေပါသည်။ သင့်တွင် အရင်းအမြစ်များဟု ဆိုနိုင်သည့် (လစာသိပ်မကောင်းသော) သင့်အလုပ်မှာ မိသားစုအသုံးစရိတ်နှင့် အံကိုက်ဖြစ်နေသည်။ အိမ်အသုံးစရိတ်များကို လျှော့ချလိုက်သဖြင့် သင်နောက်အလုပ်တစ်ခုရှာစရာမလို၊ အထူးသဖြင့် သင့်အိမ်ထောင်ဖက်က သင့်အင်္ဂလိပ်စာကို နကန်းတစ်လုံးမှ နားမလည်သော်လည်း ကိစ္စအဝဝကို သူကပင် စီစဉ်ဆောင်ရွက်ပေးသည်။ တတိယ အိမ်ထောင်သည်အမျိုးအစားကတော့ သင့်ကို လျစ်လျူရှုထားသည့် အချြ သအင်္ဂလိပ်ဘာသာစကားလေ့လာလိုသည့် သင့်ဆန္ဒကိုပါ ရန်လုပ်နေသည့် အိမ်ထောင်ဖက်မျိုးဖြစ်သည်။ ဒါဆိုသင်ဘာလုပ်မည်နည်း။ သင့်ရပ်တည်ချက်အတိုင်းဆက်မည်လား၊ သင့်ရပ်တည်ချက်ရှာမည်လား၊ ဖုံးကွယ်ထားမည်လား။ သို့တည်းမဟုတ် တခြားရပ်တည်ချက်ကို ပြောင်းမည်လား။ သင့်အိမ်ထောင် ရေးတည်ငြိမ်မှုနှင့် လုံခြုံအေးချမ်းမှုကတော့ ဒီကိစ္စမှာ ပါဝင်ပတ်သက်နေသည်မှာ အမှန်ပင်ဖြစ်သည်။ သပ်သပ်စီစဉ်းစားကြည့်ကြပါစို့။ သင့်ရပ်တည်ချက်နှင့် သင်ရှေ့ဆက်ခြင်း – သင်လုပ်နေသည့်အရာနှင့် သင်လုပ်ချင်သည့်အရာကို ယုံကြည်သည်ဆိုပါက ထိုအရာကို ကာကွယ်ပါ။ ထိုအရာမှာ သင်မည်သို့သော လူစားမျိုးဆိုသည်ကိုပြသော အရေးပါသည့်အစိတ်အပိုင်းဖြစ်ပါသည်။ သင့်ရပ်တည်ချက်ကို ရှာခြင်း – အခြားသူတစ်ယောက်၏ စိတ်ကူးစိတ်သန်းများအ တိုင်းလိုက်နာနေရသည်ထက် အင်္ဂလိပ်ဘာသာစကားလေ့လာမှုဘဝ၊ အခြေခံအုတ်မြစ်နှင့် စီမံကိန်းများကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တည်ဆောက်ရှေ့ဆက် ပါ။

ဖုံးကွယ်ခြင်း – ဖုံးကွယ်ခြင်းဆိုသည်မှာ သင့်ဘဝ၏ အရေးကြီးသော အစိတ်အပိုင်း၊ ကိုယ်ပိုင်အမှတ်လက္ခဏာနှင့် ကိုယ်ရည်ကိုယ်သွေးတို့ကို ဖုံးကွယ်ပစ်ခြင်းဖြစ်သည်။ ဤသို့စွန့်စားလုပ်ဆောင်မှုမအောင်မြင်ပါက သင်၏အင်္ဂလိပ်ဘာသာစကား အိပ်မက်ကို သင့်အကြောက်တရားနှင့် အိမ်ထောင်ဖက်တို့က ဆက်လက်လုပ်ဆောင်မရအောင်လွှမ်းမိုးလာနိုင်ပြီး အဆုံးသတ်သွားစေသည်အထိ ဖြစ်လာစေနိုင်ပါသည်။ အောင်မြင်သွားပါက အိမ်ထောင်ဖက်ဆက်ဆံရေးထက်ပင် ကျော်လွန်သော အခြေအနေမျိုးကို ဖန်တီးလိုက်နိုင်ခြင်းဖြစ်ပါသည်။ ဤနည်းလမ်းမှာ သင့်အိမ်ထောင်ရေးကို ပြန်လမ်းမရှိသည့်အဖြစ်သို့တိုင်အောင် ရောက်ရှိသွားစေနိုင်ပါသည်။ သို့ရာတွင် လူများစုမှာ အပိုစုဆောင်းထားသော ဘဏ်စာရင်းကို အောင်အောင်မြင်မြင်လျှို့ဝှက်ထားနိုင်ကြသည်ဖြစ်ရာ ဤဖုံးကွယ်ခြင်းနည်းလမ်းသည်လည်း အလုပ်ဖြစ်နိုင်ဖွယ်ရှိပါသည်။ အခြားရပ်တည်ချက်သို့ပြောင်းခြင်း – သင့်ရည်းစားကို ပစ်ထားခဲ့ပြီး သင့်ကို ထောက်ခံအားပေးမည့်သူ၊ အင်္ဂလိပ်စာလေ့လာမှုတွင် တက်တက်ကြွကြွရှိသူတစ်ယောက်ယောက်ကို သင်ရှာဖွေတော့မည်။ ဆိုလိုသည်မှာ လက်မထပ်ရသေးသည့် စုံတွဲများအတွက်သာ ဤလမ်းကိုရွေးချယ်ဖို့ပြောနေခြင်းဖြစ်ပါသည်။ အိမ်ထောင်သည်များအတွက် မဟုတ်ပါ။ အင်္ဂလိပ်စာလေ့လာမှုကို သင့်ဘဝ၏ အရေးပါသောအစိတ်အပိုင်းဖြစ်လိုပြီး၊ သင့်လက်တွဲဖော်က ဆန့်ကျင်နေသည်၊ လျစ်လျူရှု၍ပင်နေသည်ဆိုပါက အဘယ့်ကြောင့် အတူတူစခန်းသွားနေဦးမည်နည်း။ ဘဝနေထိုင်မှုဟန်ပန်ကို မျှဝေခံစားခြင်းနှင့် ဘုံတူညီသော ပတ်ဝန်းကျင်တို့မှာ မိမိအမြင်အရ အရေးအကြီးဆုံးပင်ဖြစ်သည်။ ပိုမိုကောင်းမွန်သည့် အရာကို ရရှိစေဖို့အတွက် မည်မျှသင်စွန့်လွှတ်နိုင်သနည်း။ မိမိတင်ပြဆွေးနွေးနေသော အင်္ဂလိပ်စာလေ့လာမှုဆိုသည်မှာ ပန်းတိုင်တစ်ခု၊ ဘဝနေနည်း၊ ဘဝနေမှုဟန်ပန်၊ နိစ္စဓူဝ ကျေနပ်သာယာမှုနှင့် အသက်မွေးဝမ်းကျောင်းမှုကို ပြောနေခြင်းဖြစ်ပါသည်။ ပန်းတိုင်တစ်ခုသို့ရောက်ရှိဖို့ကြားခံဖြစ်နေသည့် စာမေးပွဲတစ်ခုတစ်လေကို အောင်မြင်ဖို့ အင်္ဂလိပ်ဘာသာစကားတောနက်ကြီးကို ခုတ်ထွင်ရှင်းလင်းပစ်ပြီး လမ်းရှာနေသည်ကို ပြောနေသည်မဟုတ်ပါ။ သင့်အတွက် ထိုအနေအထားဖြစ်နေသည်ဆိုပါက ယခုဆွေးနွေးတင်ပြမှုများမှာ ဘာမျှ အဓိပ္ပါယ်ရှိမည်မဟုတ်ပါ။ မိမိပြောနေသည်မှာ ဘဝနေနည်းတစ်ခုဖြစ်ပြီး သင့်ဘဝကို မျှဝေခံစားပေးမည့်သူမဟုတ်သည့်လူတစ်ယောက်မှာ သင့်ဘဝလက်တွဲဖော် မဖြစ်သင့်တော့ပါ။

ကလေးယူခြင်း – ဤခေါင်းစဉ်မှာ အခြားခေါင်းစဉ်အများစုလိုပင် ခြုံပြီးပြောလို့မရအောင် ကြီးကျယ်ပါသည်။ အနည်းအကျဉ်းတော့ ဤနေရာတွင် တင်ပြပါမည်။ စာအုပ်ဆိုင်များနှင့် စာကြည့်တိုက်များတွင် ဖတ်လို့ရနိုင်သည့် စာအုပ်တွေအများကြီးရှိနေသည်ဖြစ်ရာ သုတေသနလုပ်ကြည့်ပါ။ အင်္ဂလိပ်ဘာသာစကား

မှာ သင်နှင့် သင့်ရင်သွေးများဘဝတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည်ဟု လင်မယားနှစ်ယောက်စလုံး သဘောတူပါက ဆန်းသစ်တီထွင်မှုရှိသော ပညာရေးစနစ်ကို လုပ်ဆောင်နိုင်ရန် အလားအလာရှိနေပါပြီ။ ဘာသာစကားနှစ်မျိုးပြောသည့် မိသားစုဖြစ်လာလိမ့်မည်။ အင်္ဂလိပ်ဘာသာ စာအုပ်များ၊ သီချင်းများ၊ ရုပ်ရှင်များ၊ ဘာသာစကား ဂိမ်းများကဲ့သို့သော တွေ့နေကျ အင်္ဂါရပ်များအပြင် အင်္ဂလိပ်လိုပြောတတ်သည့် ကလေးထိန်းတစ်ယောက်ကိုလည်း ငှားရမ်းနိုင်ပါသည်။ နိုင်ငံခြားသား ကလေးထိန်းတစ်ယောက်ကို မြို့ထဲမှာဘယ်လိုလုပ်ရှာရမည်နည်းဟု သင်မေးလိမ့်မည်။ အချိန်ပိုင်း ကလေးထိန်းလုပ်ပေးမည့် ကောလိပ်ကျောင်းသားတစ်ယောက်ယောက်ကို ရှာဖို့သင် စဉ်းစားဖူးပါသလား။ လောလောဆယ် အဲဒါကို တွေးထားပါ။ သင့်ကလေးအတွက် နိုင်ငံခြားသား ကလေးထိန်းတစ်ယောက်ကိုရဖို့ အခွင့်အလမ်းမှာ လုံးဝမဖြစ်နိုင်သည့်အနေအထားဖြစ်နိုင်ပါသည်။ သင်နေသည့်မြို့တွင် အင်္ဂလိပ် မေဂျာယူထားသည့် ကောလိပ်ကျောင်းသားအများကြီးရှိနိုင်ပါသည်။ သင့်ကလေး၏ အင်္ဂလိပ်စာဖွံ့ဖြိုးတိုးတက်မှု အစောပိုင်းနှစ်များတွင် ကောလိပ်ကျောင်းသားတစ်ဦး၏ အင်္ဂလိပ်စာ ပြောဆိုသုံးနှုန်းမှုစွမ်းရည်မှာ အတော်ပင်ကောင်းမွန်သည့် အနေအထားဖြစ်ပါသည်။

ဤအဆင့်တွင် အမေရိကန်အသံထွက်က အရေးမပါပဲ သဒ္ဒါ၊ စကားပြောနှင့် နေ့စဉ်သုံးအင်္ဂလိပ်စာတို့မှာ အရေးအကြီးဆုံးနေရာတွင်ရှိသည်။ အနှစ်သာရကိုသာရှာပါ။ ဟန်ကိုအလေးမထားပါနှင့်။ အလုပ်ဖြစ်မည့် အသိပညာကိုရှာပါ ဂုဏ်ကို မရှာပါနှင့်။ ထိုသို့သော ကလေးထိန်းမျိုးမှာ ဈေးကြီးပေးငှားရမည် လည်းမဟုတ်ပါ။ အခြေခံကျသော အချက်တစ်ချို့ကို တင်ပြလိုပါသည်။ ပထမအချက်အနေဖြင့် ကလေးထိန်းက သင့်ကလေးကို (အရေးပေါ် ကိစ္စများမှ လွဲပြီး) မြန်မာလို လုံးဝမပြောပါစေနှင့်။ ပထမဆုံးနေ့မှစပြီး အင်္ဂလိပ်လိုသာ ပြောဆိုပါစေ။ ထိုနည်းအားဖြင့် ကလေးမှာ အင်္ဂလိပ်လိုရော၊ မြန်မာလိုပါနားယဉ်ပြီး ကြီးပြင်းလာပါလိမ့်မည်။ ဘာသာစကားနှစ်မျိုးပြော ပတ်ဝန်းကျင်တွင် ကြီးပြင်းလာသည့် ကလေးများမှာ နှစ်မျိုးစလုံးကို လွယ်လွယ်ပင် တတ်မြောက်သွားတတ်ကြပါသည်။ သင့်ရည်ရွယ်ချက်မှာ အင်္ဂလိပ်စာလေ့လာမှုကို ဘဝနေနည်းတစ်ခုဖြစ်လာရေးဖြစ်သည်။ ထိုဘဝနေနည်းအတိုင်းကြီးပြင်းလာသည့် သင့်ကလေးသည် အင်္ဂလိပ်လိုတွေးတတ်လာပြီး ပိုမိုခိုင်မာသော အခြေခံဖြစ်ထွန်းလာပါလိမ့်မည်။ အင်္ဂလိပ်ဘာသာစကားမှာ ပွဲလမ်းသဘင်ဝတ်သည့် ဝတ်စုံသစ်တစ်စုံလို အပေါ်ယံ ဟန်ပြမဟုတ် တော့ပဲ ဖွန်းနှင့် ခေါင်းဘီးကဲ့သို့ နေ့စဉ်သုံး ကိရိယာတန်ဆာပလာတစ်ခု ဖြစ်လာပါလိမ့်မည်။ သင့်တွေးပုံခေါ်ပုံ၊ သင့်လျှာ၊ စာပေနှင့် မှတ်ဉာဏ်ဆိုင်ရာ သင့်ရှင်သန်နေထိုင်မှုဖြစ်ပြီး ထိုအခြင်းအရာများ တစ်ခုနှင့် တစ်ခု သူစိမ်းပြင်ပြင်ဖြစ်နေခြင်းမျိုးမဟုတ်တော့ပါ။ လူများစုမှာ အင်္ဂလိပ်ဘာသာစကားကို သူစိမ်းပြင်ပြင်သဘောထားနေကြခြင်းကြောင့် မည်မျှပင် အစွမ်းကုန်ကြိုးစားသော်လည်း ထင်တိုင်းမပေါက်ပဲ ဘာသာစကားကို ကျွမ်းကျင်ပိုင်နိုင်မှု မရှိဖြစ်နေကြခြင်းဖြစ်ပါသည်။

ဒုတိယအချက်မှာ " ယနေ့ခေတ် စိန်ခေါ်မှုများကို အောင်မြင်စွာရင်ဆိုင်နိုင်ရန် သင့်ရင်သွေးကိုပြင်ဆင်ပေးခြင်း " " ကောလိပ်ဝင်ခွင့်နှင့် ပြည့်ပ ပညာသင်ကြားရေးအတွက် အောင်မြင်သည့် အခြေခံချပေးနိုင်ရေး " စသည့် စသည့် ကြော်ငြာများဖြင့် ဈေးကြီးပေးကျောင်းအပ်ရသော နာမည်ကြီး ဘာသာစကားသင်ကျောင်းများကို ရှောင်ပါ။ ထိုကျောင်းများမှာ ဘဝအတွက် ရည်ရွယ်ချက်များရှိနိုင်ပါသည်။ သို့ရာတွင် အသက် ၅ နှစ်အရွယ်ကလေးငယ်တစ်ယောက်အတွက် မိဘတို့၏ စိတ်ဓာတ်လှုံ့ဆော်မှုများနှင့် စိုးရိမ်မှုများကို ယင်းကျောင်းများက မည်သည့်နေရာမှ တာဝန်ဆောင်ရွက်ပေးနိုင်ပါမည်နည်း။ စွမ်းရည်ပြည့်ဝပြီး ကိုယ်တိုင်လေ့လာထားသည့် နေ့စဉ်သုံး အင်္ဂလိပ်ဘာသာစကားကို ဘဝနေနည်းတစ်ခုအဖြစ် တည်ဆောက်ပေးရန် သင်လည်းရှာကြံစဉ်းစားနေသည်။ အင်္ဂလိပ်ဘာသာစကားကို သင့်ကလေးငယ်၏ ဘာသာစကားရှင်သန်ရပ်တည်ရေးအတွက် တစ်ခုတည်းသော ပန်းတိုင်အဖြစ် သင်လည်း မြေတောင်မြှောက်ပေးနေသည်။ (မိခင်ဘာသာစကားကတော့ ဘာသာစကားနှစ်မျိုးပြောကိစ္စတွင် ထက်ဝက်အရေးပါနေပြီး၊ ညီမျှခြင်းတစ်ဖက်တွင်ရှိသည်မှာအမှန်ပင်) အင်္ဂလိပ်ဘာသာစကားမှာ နိုင်ငံခြားကလာသည့် အရုပ်၊ နိုင်ငံခြားနေထိုင်ခွင့်ဗီဇာတစ်ခုမဟုတ်ပဲ အောက်ဆီဂျင်ကဲ့သို့ သင့်ကလေးငယ်၏ အသင်ရှင်ရပ်တည်မှုဖြစ်ပါသည်။ ကမ္ဘာလောကသစ်တွင် နိုင်ငံခြားသားများမှာ သဘောကျနှစ်သက်ဖွယ်ကောင်းပြီး ထပ်ထည့်သုံးဆောင်ရသည့် ဟင်းခတ်အမွှေးအကြိုင်များဖြစ်လာနိုင်ပါသည်။ သာမညသာဖြစ်ပြီး အဓိက မရှိမဖြစ်လိုအပ်သည့်အရာများမဟုတ်ပါ။ ၎င်းတို့မရှိပဲ သင့်ဘဝကို ရပ်တည်ရှင်သန်နိုင်ပါသည်။

အပြိုင်စီမံကိန်းများ – လူ့အဖွဲ့အစည်းအများစု၏ ထင်ရှားသည့် အမှတ်လက္ခဏာမှာ ၎င်းတို့က သင့်ကို ပုံသေကားကျ အမျိုးအစားတစ်ရပ်ရပ်အတွင်းသို့ ထည့်သွင်းခြင်းဖြစ်သည်။ အလုပ်ဌာနများမှသည် လူအစုအဖွဲ့ငယ်လေးများအထိ လူ့အဖွဲ့အစည်း၏ အဆင့်နေရာတိုင်းတွင် အမျိုးအစားတစ်ရပ်ရပ်အတွင်းသို့ သင့်ကို ထည့်သွင်းပေးကြလေသည်။ သင်၏ အရင်းအမြစ်၊ အချိန်နှင့် ကာယဉာဏစွမ်းအားတို့ကို အခြားသူများက ကြုံလာသမျှ နေရာတိုင်းတွင် ပြင်းပြင်းထန်ထန် ထိန်းချုပ် ကွပ်ညှပ်ထားကြလေသည်။ ထို့ကြောင့် သင့်ကိုယ်ပိုင် စီမံကိန်းအတွက်တော့ သင်ဘာလိုချင်သည်၊ သင့်အတွက် ဘာအရေးအကြီးဆုံးဖြစ်သည်ကို သင်ဆုံးဖြတ်ရပါလိမ့်မည်။ ရှုံးနိမ့်သူများကို ဖယ်ရှားပစ်ရမည်။ မည်သည့်တော်လှန်ရေးတွင်မဆို ခေါင်းဆောင်တစ်ဦးသာရှိပြီး ခေါင်းဆောင်အများကြီးရှိမနေပါ။ ထို့ကြောင့် သင်၏ အင်္ဂလိပ်ဘာသာစကားလေ့လာမှုကို ဦးစားပေးကိစ္စအဖြစ် သန္နိဋ္ဌာန်ချမှတ်ခြင်းသည် ဤနေရာတွင် ဦးဆောင်သူဖြစ်ရပါမည်။ သင့်စီမံကိန်းများမှာ အင်္ဂလိပ်ဘာသာစကားနှင့် ဆက်သွယ်ချက်ရှင်းရှင်းလင်းလင်းရှိနေပါက သင့်စီမံကိန်းများ ရှင်သန်ရန် အခွင့်အလမ်းကောင်းကောင်းရှိနေပါသည်။

အုပ်ထိန်းသူ သို့မဟုတ် ကျောင်းအုပ်ဖြစ်လာခြင်း – သင်တော့ဒီလိုအခြေအနေမျိုးကြုံရမည်ဟု မထင်ပါ။ အင်္ဂလိပ်ဘာသာစကားလေ့လာမှု ရှုထောင့်မှ ကြည့်ပြီးပြောရလျှင် ဦးဆောင်သူအုပ်စုများထဲမှ ကင်းကင်းရှင်းရှင်းနေပါက ပိုကောင်းပါလိမ့်မည်။ ထိုအုပ်စုထဲတွင် ရန်းမထွက်အောင် မိမနေစေပါနှင့်။ သို့ရာတွင် ထိုအဆင့်သို့သင်ရောက်သွားပါက အောက်ပါအတိုင်း သင်လုပ်ရပါလိမ့်မည်။ လုပ်ပိုင်ခွင့်ကို အခြားသူကိုလွှဲပေးခြင်းဖြင့် တခြားသူများက သင့်ကို ကူညီနိုင်ပါလိမ့်မည်။ ထိုနည်းအားဖြင့် ညနေတိုင်း ကိုယ့်တွင်ရှိသော ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် အိမ်ပြန်ပြီး အင်္ဂလိပ်စာလေ့လာနိုင်ပါသည်။ မြန်မာတိုင်းမ်နှင့် အလားတူ ပြည်တွင်းထုတ် အပတ်စဉ်ထုတ် အင်္ဂလိပ်စာစောင်များကို သင့်ကျောင်းမှ တစ်ယောက်ယောက်က လစဉ်ကြေးပေးဝယ်ယူဖတ်ရှုပါစေ။ ကျောင်းသားတိုင်း ဖတ်ရှုနိုင်စေဖို့အတွက် လစဉ်ကြေးပေးဝယ်ယူဖတ်ရှုသည့် စာစောင် အပိုတစ်စောင်စီကို လူတိုင်းဖတ်နိုင်သည် ဂျာနယ်ဖတ်စင်တွင် တင်ထားပေးပါ။ ယင်းသို့ ထားရှိပေးထားသည့် စာစောင်များကို အပတ်စဉ် သို့မဟုတ် နေ့စဉ်လဲပေးပါ။ လစဉ်ကြေးများကို အလဟသအဖြစ်မခံပါနှင့်။ ဖတ်စရာများနှင့် သင်ထောက်ကူပစ္စည်းများဝယ်ယူသည့် အသုံးစရိတ်ကို တိုးပါ။ အထူးသဖြင့် စာအုပ်စာတမ်းဝယ်ယူမှုကို တိုးပါ။ သင်ရိုးညွှန်းတမ်းဆိုင်ရာ စာကြည့်တိုက်မှူးတစ်ယောက်ကို ဆရာများထဲမှ ခန့်ထားပါ။ သူ့ကို စာအုပ်များထားရှိရာ စာကြည့်တိုက်မှူးနှင့် သီးခြားထားရှိပါ။ နိုင်ငံခြားသားဆရာ တစ်ယောက်၊ နှစ်ယောက်ငှားရမ်းဖို့ မြို့နယ် သို့မဟုတ် ပြည်နယ်ရဲအဖွဲ့ထံမှ ခွင့်ပြုချက်ရဖို့ ညှိနှိုင်းပါ။ ဆင်းရဲသားရပ်ကွက်တွင်သင်နေပါက ဒေသဆိုင်ရာခေါင်းဆောင်တစ်ယောက်ပြီး တစ်ယောက်နှင့် ညှိနှိုင်းပါ။ နှစ်စဉ်ဘွဲ့ကြိုသင်တန်းတက်နေသော ဆရာအတတ်သင်ကျောင်းမှ လုပ်အားပေး စေတနာ့ဝန်ထမ်းဆရာများရအောင်လည်း ၎င်းတို့နှင့် သွားရောက်ညှိနှိုင်းပါ။ ထိုဘွဲ့ကြိုသင်တန်းတက်နေသော ဆရာအတတ်သင်ကျောင်းသား၊ ကျောင်းသူများမှာ ဆင်းရဲနွမ်းပါးသော ဒေသများသို့ သွားရောက်ပြီး နှစ်နှစ်တာဝန်ထမ်းဆောင်ခွင့်ရရှိသူ ၂၀ ရာခိုင်နှုန်းရှိနေပါသည်။ ထိုသို့ စေတနာ့ ဝန်ထမ်းအဖြစ် နှစ်နှစ်တာဝန်ထမ်းဆောင်ပြီးနောက် ၎င်းတို့နှစ်သက်ရာဒေသရှိ

ကျောင်းသို့သွားရောက်နိုင်ခွင့်ပေးအပ်ထားပြီးဖြစ်ပါသည်။ သင့်ကျောင်းသို့ အင်္ဂလိပ်စကားပြော မြန်မာဧည့်သည်များ ဖိတ်ကြားပါ။ အင်္ဂလိပ်စာလေ့လာနေသောကျောင်းသားများရှိသည့် တက္ကသိုလ်တစ်ခုအနီးတွင်နေထိုင်ပါက ကောလိပ်ကျောင်းသားများအကူအညီပေးနိုင်သည့် စာစစ်ပေးခြင်း၊ အလွတ်သဘောစကားပြောလေ့ကျင့်ခြင်း၊ စာမေးပွဲအတွက်ပြင်ဆင်ခြင်း၊ သင်ခန်းစာများ ပြန်လှန်လေ့ကျင့်ခြင်းတို့ကဲ့သို့ သင်ထောက်ကူအစီအစဉ်များကို စီစဉ်ထားပါ။ လုပ်အားပေးအဖြစ်လာရောက်ကူညီပေးသော ကောလိပ်ကျောင်းသားများအတွက် ထောက်ခံအတည်ပြု အောင်လက်မှတ်များကို ပြန်လည်ပေးအပ်ပါ။ ထိုအောင်လက်မှတ်များမှာ နောင်တွင် အလုပ်အကိုင်ရှာဖွေရာ၌ ၎င်းတို့အတွက် အထောက်အကူဖြစ်စေပါလိမ့်မည်။ အကယ်၍ ကျောင်းသားများက သင့်ကျောင်းသားများ၊ ကျောင်းသားမိဘများနှင့် (အခပေး) အနီးကပ်သင်တန်းများ ဆက်လက်ပြုလုပ်လိုသည်ဆိုပါက တစ်ယောက်နှင့် တစ်ယောက် ချိတ်ပေးနိုင်အောင် လိုအပ်သည့် သတင်းအချက်အလက်ကို အဆင်သင့်လုပ်ပေးထားပါ။

အရည်အချင်းပြည့်ဝသော ဝဘ်ဒီဇိုင်နာတစ်ယောက်ကို ငှားပြီး သင့်ကျောင်းမှ အစီအစဉ်များကို ဝဘ်ဆိုက်တစ်ခု လွှင့်တင်ကြော်ငြာပါ။ ဝဘ်ဆိုက်ကို အင်္ဂလိပ် – မြန်မာ နှစ်ဘာသာဖြင့် လွှင့်တင်ခြင်းအားဖြင့် အမှီအခိုကင်းသည့် အလုပ်ရှာသူများက သင့်ကျောင်း အကြောင်း လွယ်လွယ်သိလာနိုင်ပြီး အလုပ်လျှောက်ထားရန်လည်း လွယ်ကူလာစေမည်ဖြစ်ပါသည်။ (နိုင်ငံခြားသားဆရာတစ်ယောက်ငှားပြီး သင့်ဝဘ်ဆိုက်သည် နိုင်ငံတကာအဆင့်မီသည့် ဝဘ်ဆိုက်ဟုတ်မဟုတ် အင်္ဂလိပ်ဘာသာပြန်အရေးအသားများကို စစ်ဆေးခိုင်းပါ။) သင့်ကျောင်းမှ ဝန်ထမ်းများကို လုပ်ခစားအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သင့်လျော်သည့် တက္ကသိုလ်များတွင် ဝင်တက်ခိုင်းပါ။ ပြည်တွင်းမှာတက်ရောက်သူများအတွက် ပညာသင်ထောက်ပံ့ကြေးပေးပြီး ပြည်ပထိသွားတက်သူများကိုတော့ ပေးရန်မလိုပါ။ စာအုပ်စာတမ်းများအလှူခံဖို့ စာကြည့်တိုက်အချို့နှင့် ညှိနှိုင်းပါ။ သင့်ကျောင်းရှိ ဖျော်ဖြေရေး အသုံးစရိတ်များကို သိသိသာသာ လျော့ချပစ်လိုက်ပါ။ ယင်းအသုံးစရိတ်များကို သင့်ပြည်နယ်မှ ကောလိပ်ပညာသင်ဆုအတွက် သင့်ကျောင်းမှ အတော်ဆုံးကျောင်းသားများနှင့် ချိန်ဆက်ပေးနိုင်ရန် "ပင်ကိုယ်စွမ်းရည်ရှာဖွေရေး" အစီအစဉ်ကဲ့သို့ အလားတူ အစီအစဉ်များအတွက် သုံးစွဲပါ။ သင်လုပ်လို့ရတာတွေ အများကြီးကျန်ပါသေးသည်။ ခုမှ အစချီတာဖြစ်သည်။ စိတ်ကောင်းရှိပြီး၊ လုပ်ငန်းကျွမ်းကျင်သည့် အတွင်းရေးမှူးတစ်ယောက်လည်းငှားပါ။ အလုပ်ပိုတွင်ကျယ်ပါလိမ့်မည်။ ကောလိပ်ကျောင်းမှ ခက်ခဲ၍အကဲစမ်းသော တောင်းဆိုမှုများကို ကျော်လွှားစရာမလိုတော့ခြင်း – ကောင်းပြီ။ ကတုတ်ကျင်းဆီပြန်သွားကြပါစို့။ ထိုသို့မဟုတ်လျှင်လည်း ကတုတ်ကျင်းမှာ ကြိုးပုခက် သို့မဟုတ် ဆိုဖာအဖြစ်အသွင်ပြောင်းချင်ပြောင်းသွားပါလိမ့်မည်။ သင့်အလုပ်၊ သင်ခန်းစာ အစီအစဉ်များ၊ သင့်ကျောင်းသားများအတွက် ပေးထားသောအချိန်တို့ကို တစ်ဆင့်မြှင့်နိုင်ပါသည်။ သို့မဟုတ် စိန်ခေါ်မှုအသစ်များကို အံတုယှဉ်ပြိုင်နိုင်ပါသည်။ သင်၏အင်္ဂလိပ်ဘာသာစကားလေ့လာမှုကို ပိုပြီးနက်ရှိုင်းသည့် အဆင့်တစ်ရပ်အထိ ကိုယ်တိုင်ကိုယ်ကျလုပ်ဆောင်နိုင်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် ပိုပြီးအလုပ်တွင်ကျယ်စေရေးအတွက် အလုပ်ပိုလုပ်ပြီး၊ စိန်ခေါ်မှုအသစ်များကို သင်ကိုယ်တိုင်လုပ်ဆောင်ဖို့ လိုပါလိမ့်မည်။ စိန်ခေါ်မှုမရှိခြင်းမှာ သင့်နည်းသင့်ဟန်ဖြင့် (အခြားသူတစ်ဦး၏ နည်းလမ်းဖြင့်မဟုတ်ပဲ) သင့်ဘဝကို တစ်ဆင့်မြှင့်တင်ရန် အခွင့်အလမ်းဖြစ်သည်။ ထိုသို့ တစ်ဆင့်မြှင့်တင်ခြင်းမပြုပါက သင်၏ တိုးတက်မှု ရပ်တန့်ဆိတ်သုဥ်းသွားပါလိမ့်မည်။

ကျရှုံးမှု – ရှုံးနိမ့်မှုမှာ သင့်အလုပ်မဟုတ်သမျှ ကာလပတ်လုံး ရှုံးနိမ့်မှုကို ဖြေရှင်းရန် နည်းလမ်းများကို သင်ရွေးချယ်နိုင်ပါသည်။ အသစ်တစ်ခုလုပ်ကြည့်ပါ။ သို့မဟုတ် နောက်တစ်လှမ်းဆုတ်ပြီး ထပ်ကြိုးစားပါ။ သဘာဝမကျလောက်အောင်၊ တနင့်တပိုးဖြစ်လောက်အောင် လုပ်ဖို့ကြိုးစားစရာမလိုပါ။ ဟဲမင်းဝေးကို နားလည်ခံစားဖို့ကြိုးစားနေစဉ်မှာ ရှိတ်စပီးယားကို ဒီကွန်စထရပ်လုပ်မကြည့်သင့်ပါ။ အင်္ဂလိပ်ဘာသာစကားကို ထိုသို့လေ့လာနေချိန်တွင် သင့်ပန်းတိုင်များကို သင်ချမှတ်ပါ။ အဆင့်များသတ်မှတ်ပါ။ ထို့နောက် လုပ်ချလိုက်ပါ။

အောင်မြင်မှု – သင့်စီမံကိန်းများကို ရေးရာတွင် အပြုအမူအရ တိုင်းတာနိုင်သော ရလဒ်များဖြင့် ရေးထားသည်ဆိုပါက သင်ဘာကို အောင်မြင်အောင်လုပ်နိုင် သည်ဆိုသည်နှင့် ဘာကို မအောင်မြင်နိုင်ဆိုသည်ကို သိလာပါလိမ့်မည်။ စီမံကိန်းမရှိ၊ တိုင်းတာစစ်ဆေးမှုမရှိဆိုပါက ကျေနပ်ဖွယ်မကောင်းသော၊ မသေချာ သော ခံစားမှုများသာဖြစ်လာလိမ့်မည်။ သင်အောင်မြင်သွားပါက ထိုအောင်မြင်မှုကို မှတ်သားထားပြီး အခြားသူများကို ပြန်ဖောက်သည်ချနိုင်ပါသည်။ မနက် ဖြန်အတွက်တော့ အခြားအင်္ဂလိပ်ဘာသာစကား ရည်မှန်းချက်တစ်ခုကိုရွေးချယ်ထားပါ။ ထိုရည်မှန်းချက်ကို အောင်မြင်အောင်လုပ်ပါ။ အင်္ဂလိပ်ဘာသာစ ကားလေ့လာမှုမှာ ဘဝတစ်လျှောက်လုံးလုပ်ရမည့် လုပ်ငန်းဖြစ်သဖြင့် ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီဟုထင်နေဖို့ အချိန်မရှိပါ။

ရည်မှန်းချက် – ရည်မှန်းချက်ဟူသည် အကြမ်းဖျင်းတွန်းအား၊ ဗလာကျင်းနေသည့် ကိုယ်စွမ်း၊ဉာဏ်စွမ်းဖြစ်ပြီး စိတ်ဓာတ်လှုံ့ဆော်မှု သက်သက်ဖြစ်ပါသည်။ သင့်ကို အထက်သို့၊ ရှေ့သို့ တွန်းတင်ပေးနေသည့်အရာဖြစ်သည်။ သူ့သဘောသူဆောင်သည့်အရာဖြစ်သဖြင့် သင့်ကိုအလုပ်ပြီးမြောက်အောင် အထောက် အကူပြုနိုင်သည်ဖြစ်ရာ ကောင်းမွန်သည့်အရာဖြစ်ပါသည်။ ထိုအရာကဖြစ်ပေါ်စေသော ပြဿနာမှာ မည်သည့်အဆင့်သို့ မိမိတို့အားရောက်ရှိသွားစေသည့်ဆို သည့်အချက်တွင် ကိန်းအောင်းနေပါသည်။ အဆိုးဆုံးအခြေအနေတွင် အန္တရာယ်ရှိပြီး၊ တရားမဝင်သော အလေ့အကျင့်များ၊ အကောင်းဆုံးအခြေအနေတွင် အာရုံထွေပြားမှုများက စစ်မှန်သည့်ဘဝပေးတာဝန်မှ လမ်းချော်သွားအောင်လုပ်တတ်ပါသည်။ ထို့ကြောင့် သင့်တွင်ရည်ရွယ်ချက်ရှိသည်ဆိုပါက ယင်းတို့က ပေးအပ်သော ကိုယ်စွမ်း၊ ဉာဏ်စွမ်းကို သင့်ရည်ရွယ်ချက်ဖြစ်သည့် အင်္ဂလိပ်စာကို တစ်သက်တာ နိုင်ငံခြားသားဆရာမရှိပဲ လေ့လာဆည်းပူးခြင်းဟူသည့် ရည်ရွယ်ချက်သို့ရောက် အောင်ပို့ဆောင်ပါ။ သင့်အနေဖြင့် မဖြစ်နိုင်ဟု ယူဆထားသည့် တဟုန်ထိုးစွမ်းပကားကို သင့်ရည်မှန်းချက်များက ပေးအပ်ပါလိမ့်မည်။

အသီးအပွင့်ဖြစ်ပေါ်လာစေရေးဆိုသည့်ဦးတည်ချက် – ဤအပိုင်းတွင်ပါဝင်သည့် ခေါင်းစဉ်ငယ်အားလုံးမှ သင့်ကို လမ်းချော်သွားအောင်၊ ဒေါသထွက်အောင်၊ အသီးအပွင့်မရှိအောင်လုပ်မည့် အလားအလာရှိနေသည်။ မှန်ကန်စွာ ကိုင်တွယ်ဖြေရှင်းသည့်အခါမှာတော့ ယင်းခေါင်းစဉ်များအားလုံးကို သင့်အားအကျိုးပြု သည့်အရာများအဖြစ် ပြောင်းလဲပစ်နိုင်ပါသည်။ ယင်းတို့တွင် အောင်မြင်မှုမျိုးစေ့များသယ်ဆောင်ထားပါသည်။ ကမ္ဘာပေါ်တွင် မိမိတို့ရည်ရွယ်ချက်များ၏ အစိတ်အပိုင်းတစ်ရပ်မှာ ကိုယ့်မှာရှိသောအရာကို အသုံးချ၊ တိုးပွားအောင်လုပ်ခြင်းဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် အခြားသူများအတွက်လည်း ကောင်းချီးပေးခြင်းဖြစ်ရပါမည်။ ဝန်းကျင်ရှိအကောင်းပကတိရှိနေသည်များကို ထိခိုက်စွန်းထင်းစေသော နိုင်လိုမင်းထက်ပြုသူများမဖြစ်စေရပါ။ ထိုသို့သော နောက်ခံကားချပ်တွင် အကျိုးရှိခြင်း၊ အသီးအပွင့်ရှိခြင်းကို (ကျေနပ်နှစ်သက်ဖွယ်၊ တစ်သက်တာပန်းတိုင်အဖြစ်) အင်္ဂလိပ်ဘာသာစကားလေ့လာခြင်းအတွက် အကျိုးသက်ရောက်ပါစေ။ အခြားသူများကိုကောင်းချီးပေးရန်၊ အားပေးအားမြှောက်ပြုရန်နှင့် အကူအညီပေးရန် အသီးအပွင့်ဖြစ်ခြင်း၊ အကျိုးရှိခြင်းဟူသည့် ဦးတည်ချက်ကို အသုံးချပါလေ။ အခြားသူများကို ကောင်းချီးပေးရန် တစ်ခုခုကို အသုံးချခြင်းသည် ဘဝအဓိပ္ပါယ်၏အစိတ်အပိုင်းတစ်ခုဖြစ်နိုင်ပြီး မိမိတို့သည်လည်း ကောင်းချီးပေးခံရပါလိမ့်မည်။ ထို့ကြောင့် သင့်ဘဝတွင် ထပ်ဝင်လာသည့်အရာများအားလုံးမှာ အကျိုးဖြစ်ထွန်းခြင်းဟူသည့် မျိုးစေ့များ

ပါရှိပြီးဖြစ်ပါသည်။ သတိတော့ထားပါ။ သင့်ဘဝထဲသို့ ထပ်ဝင်လာသည့်အရာများမှာ သွက်ချာပါဒလိုက်သွားစေမည့်၊ အသီးအပွင့်မဖြစ်ထွန်းသည့်၊ သင့်ကို ပြို လဲသွားစေမည့်၊ သင့်အိပ်မက်များကို ဖျက်ဆီးပစ်မည့် မျိုးစေ့များဖြစ်သဖြင့် မမှန်ကန်သည့် တုံ့ပြန် ရွေးချယ်မှုများကို သတိပြုသင့်ပါသည်။

စာအုပ်စာတမ်း၊သင်ထောက်ကူပစ္စည်းများ***<u>Materials / Resources.</u>***

အနီးအနားတွင် စာအုပ်ဆိုင်ကောင်းကောင်းမရှိခြင်း – ကောင်းပါပြီ။ သင်စာသင်ကြားနေသည့်ဒေသမှာ နိုင်ငံ၏ အစွန်အဖျားကျသည့် တောင်ပေါ်ဒေသ ဖြစ်နေသည်ဆိုပါစို့။ အနီးအနားက စာအုပ်ဆိုင်မှာလည်း ဝန်ထမ်းအင်အားက ဆိုင်တွင်တင်ထားသည့် စာအုပ်စာတမ်းထက် များနေသည်။ သင်ဘာလုပ်မည်နည်း။ ပထမဆုံးအနေဖြင့် ဆိုင်ဝန်ထမ်းနှင့် အပေါက်အလမ်းတည့်အောင်လုပ်ပါ။ စာအုပ်များ၊ မဂ္ဂဇင်းများနှင့် စာရေးကိရိယာများကဲ့သို့သော ဆိုင်တွင်တည်ခင်း ရောင်းချသည့် ပစ္စည်းများကို တတ်နိုင်သမျှဝယ်ပါ။ ဝယ်နေကျ ဖောက်သည်တစ်ဦးဖြစ်ပါက သင့်ကိုသူတို့ပိုအကျွမ်းတဝင်ဖြစ်လာပါလိမ့်မည်။ ဒုတိယအဆင့်တွင် သင်လိုအပ်သည့်စာအုပ်စာတမ်းအချို့ကို လပေါင်းများစွာကြိုတင်ပြီး ယင်းဆိုင်ကတစ်ဆင့်မှာခိုင်းပါ။ ၎င်းတို့၏ ဝန်ဆောင်မှုမှာ ကြာညောင်းလင့်ကစား သင့်လိုအပ်ချက်ကို သေသေချာချာ စီစဉ်ထားလျှင် သင်လိုအပ်သည့်အရာကိုလိုသည့်အချိန်တွင် ရပါလိမ့်မည်။ နောက်တစ်နေ့ ချက်ချင်းရမည့်ပုံမျိုး မမျှော်လင့်ထားပါနှင့်။ နောက်လအနည်းငယ်အကြာမှာ မှာထားသည်များရအောင် စီစဉ်ထားရုံသာဖြစ်ပါသည်။

တတိယအဆင့်တွင် သင်မှာကြားလိုသည့် စာအုပ်၏ နိုင်ငံတကာ စာအုပ်အရောင်းနံပါတ်ကို ဆိုင်ဝန်ထမ်းအားရေးပေးခြင်းဖြင့် ပြည်နယ်မြို့တော်ရှိ စာအုပ်ဆိုင်ကြီးမှနေပြီး ဝန်ထမ်းက သင်မှာကြားသည့် စာအုပ်များကို မှာယူပေးနိုင်ပါလိမ့်မည်။ စတုတ္ထအဆင့်တွင် သင့်နည်းသင့်ဟန်ဖြင့် စနစ်တကျမဟုတ်သော စာအုပ်မှာယူမှုကိုပြုလုပ်ပြီး စာအုပ်များရရှိနိုင်သည့်စနစ်တစ်ခုလုပ်ကြည့်နိုင်ပါသည်။ ပြည်နယ်မြို့တော်၊ တိုင်းဒေသကြီးမြို့တော်သို့ ရောက်သည့်အခါ သင့်စိတ်ကြိုက် စာအုပ်ဆိုင်ကြီးသို့သွားပါ။ သင်လိုအပ်သည့် စာအုပ်များကို တပြုံတစ်ခေါင်းဝယ်ပါ။ သို့မဟုတ် အနီးအနားတွင်နေသည့် အတန်းဖော်၊ သူငယ်ချင်းတို့ကို သင်လိုအပ်သည့်စာအုပ်များ မည်သို့ မည်ပုံဝယ်ယူသည်ကို လိုက်ပြပါ။ ဝယ်ယူထားသည့်စာအုပ်များကို သင်နေသည့်ရွာရောက်သည့် အဝေးပြေး ဘတ်စ်ကားဖြင့် သယ်သွားနိုင်ပါသည်။ (ကြက်ခြင်းများ၊ မီးစက်ငယ်များ၊ ထရပ်ကားဝင်ရိုးများ၊ အင်ဂျင်ဘလောက်တုံးများမှသည် အခြား စက်ယန္တရားများကို ဤနည်းဖြင့် ကျေးလက်ပိုင်း၊ တောရပ်ပိုင်းဒေသများသို့ ပို့ဆောင်နေသည်ကို တွေ့ရဖူးပါသည်။) မြို့ကပို့လိုက်သည့် ပါဆယ်ရောက်သည့်အခါ ဘတ်စ်ကား ဂိတ်တာဝန်ခံ၊ သို့မဟုတ် တစ်ဆင့်ခံ ပစ္စည်းရောင်းသူက သင့်ထံဆက်သွယ်ပါလိမ့်မည်။ သင့်အတွက် မြို့မှ စာအုပ်ဝယ်ပေးသည့် မိတ်ဆွေထံ ငွေပို့နိုင်သည့် အဆက်အသွယ်တစ်ခုထားထားဖို့ မမေ့ပါနှင့်။ ဤသို့သော ကွန်ရက်မျိုးကို အရှည်တည်တံ့အောင် ထိန်းသိမ်း စောင့်ရှောက်ပါ။ ပဉ္စမအဆင့်တွင် ရန်ကုန်လို မန္တလေးလိုမြို့ကြီးတွင်နေသည့် သင့်အတန်းဖော်၊ သို့မဟုတ် မိတ်ဆွေတစ်ယောက်က စာအုပ်များဝယ်ပြီး ပါဆယ်ဖြင့်ပို့ရန် လိုလိုလားလားရှိပါက သင်အင်မတန် ကံကောင်းပါသည်။ ထိုနည်းအားဖြင့် သင်လိုချင်သည့် အရာအများစုကို သင်ရနိုင်ပါသည်။ ဆဌမအချက်မှာ သင့်မိတ်ဆွေထံတွင် ဟန်းဖုန်းရှိပါက ကိုယ်လိုချင်သည့် စာအုပ်ကို ဖုန်းဆက်ပြီး အတိအကျရှာခိုင်းလို့ရနိုင်ပါသည်။

စာအုပ်ဆိုင်က ဝေးလွန်းခြင်း – သင့်ကျောင်းမှာ စာအုပ်ဆိုင်နှင့် ငါးမိုင် သို့မဟုတ် ဆယ်မိုင်လောက်ဝေးနေသည်။ သင့်အနေဖြင့် စာအုပ်ဆိုင်မှ စာရေးအား လိုချင်သည့်စာအုပ်များကို မှာနိုင်သည့် စနစ်တစ်ခုလုပ်ထားပါ၊ စာအုပ်ဆိုင်ရှိ ဖောက်သည်စာရင်းကို ဖြည့်ထားပြီး၊ သင့်အတွက် စာအုပ်ထုပ်ကို သင်၏ကျောင်း အနီးနားနေရာတစ်နေရာသို့ မြို့တွင်းထိပြေးဆွဲသည့် အဝေးပြေးကားဖြင့် အရောက်ပို့ပါလိမ့်မည်။ ထိုသို့ပို့ပေးရန် စာအုပ်ဆိုင်မှ အရောင်းစာရေး၊ ဘတ်စ်ကား ဒရိုက်ဘာ၊ ဘတ်စ်ကားဆိုက်သည့်နေရာနှင့် မနီးမဝေးက ဆိုင်ရှင်တစ်ယောက်ယောက်နှင့် ကွန်ရက်ကောင်းကောင်းချိတ်ဆက်ထားဖို့ လိုပါလိမ့်မည်။ သင့် စာအုပ်ထုပ်ချပေးသည့်အခါ လွယ်ကူစွာ လက်ထဲရောက်ရန်ဖြစ်ပါသည်။

သင်ထောက်ကူပစ္စည်းမရှိခြင်း – သင့်ကျောင်းတွင် သင်ထောက်ကူပစ္စည်းပိုင်းအရ လုံလောက်စွာရှိခြင်မှ ရှိပါလိမ့်မည်။ တစ်လတစ်ကြိမ်၊ နှစ်လတစ်ကြိမ် ဆိုသလိုပင် ပြည်နယ်မြို့တော်သို့ သွားသည့်သူများရှိပါလိမ့်မည်။ သူတို့ကို မြို့ရောက်လျှင် မှာလိုသည့် စာအုပ်နှင့် သင်ထောက်ကူပစ္စည်းစာရင်းပေးလိုက်ပါ။ စာရင်းကို တိုတိုနှင့်လိုရင်းရေးပေးပြီး ဝယ်မည့်သူ စိတ်အနှောက်အယှက်မဖြစ်အောင် စီစဉ်ပေးပါ။ သင့်လုပ်ဖော်ကိုင်ဖက်များကိုလည်း ခရီးသွားတိုင်း တစ်ယောက်ကို တစ်ယောက်အသိပေးအကြောင်းကြားနိုင်ဖို့ စီစဉ်ထားပါ။ ကျောင်းသားကျောင်းသူများအတွက်တော့ ဒီအစီအစဉ်ကို စာအုပ်များ၊ ဖတ်စာအုပ်များ ကဲ့သို့ ရိုးရှင်းသည့်အရာများ မှာကြားဝယ်ယူလိုသည့်အခါ တစ်ယောက်ကိုတစ်ယောက် အသိပေးဆက်သွယ်နိုင်အောင် အသုံးပြုနိုင်ပါသည်။တစ်ယောက် ယောက်ကတော့ ခရီးသွားနေသည်ချည်းဖြစ်သည်။

ငွေပြတ်ခြင်း – သင့်အနေဖြင့် မည်သည့်အရာက ပိုပြီးအရေးကြီးသည်ဆိုသည်ကို ဆုံးဖြတ်ရပါမည်။ နေထိုင်မှုအဆင့်အတန်းနှင့် အင်္ဂလိပ်စာအဆင့် အတန်းတွင် မည်သည့်အရာက ပိုပြီးအရေးကြီးသည်ကို ဆုံးဖြတ်ပြီး ဆုံးဖြတ်ချက်အတိုင်းလုပ်ပါ။ မည်သည်ကို ဦးစားပေးရမည်ဆိုသည့် ကိစ္စဖြစ်ပါသည်။ ကျောင်းတစ်ကျောင်းအတွက်ဆိုလျှင် ကျောင်းသားများ၏ဉာဏ်ပညာကိစ္စက ပထမဦးစားပေးရမည့်အရာပင်။ သင်ကြုံနေရသော စာအုပ်စာတမ်းနှင့် သင်ထောက်ကူပစ္စည်းလိုအပ်ချက်အတွက် သုံးစွဲဖို့ ငွေကြေးမလုံလောက်ပါက အောက်ပါအကြံဉာဏ်များကို ပေးလိုပါသည်။ ပထမအချက်အနေဖြင့် အခြားသော အင်္ဂလိပ်စာလေ့လာနေသည့် စိတ်တူကိုယ်တူသူများနှင့် စာအုပ်အမျိုးမျိုးဝယ်ဖို့ သဘောတူညီချက်ယူထားပါ။ သင်ဝယ်ထားသည့် စာအုပ်များဖတ်ပြီးလျှင် ထိုစာအုပ်များကို တခြားသူများနှင့် လဲလှယ်ဖတ်ရှုနိုင်ပါသည်။ ဒုတိယအချက်အနေဖြင့် အင်တာနက်မှတစ်ဆင့် မြို့ကြီးပြကြီးများမှ စာအုပ်အဟောင်းများကို သင့်ကျောင်းတွင်ရရှိအောင် ဆောင်ရွက်နိုင်ပါသည်။ သင့်အတွက်လိုအပ်သည့်စာအုပ်များကိုလည်း ထိုနည်းအတိုင်း ရှာနိုင်ပါသည်။

ရန်ကုန်လို မန္တလေးလိုမြို့များတွင် နေသူဖြစ်ပါက စာအုပ်အဟောင်းတန်းသို့သွားပြီး ဈေးချိုချိုဖြင့် စာအုပ်တွေတပုံကြီးဝယ်နိုင်ပါသည်။ လစဉ်ညစာစားပွဲ ပါတီတစ်ခုကို လျှော့ပြီး ယင်းအတွက်ကုန်မည့် အသုံးစရိတ်ကို စာအုပ်များဝယ်ရန်သုံးပါ။ ပဉ္စမအချက်အနေဖြင့် အင်တာနက်မသုံးသည့် နေအိမ်တစ်ခုကိုဖန်တီးပြီး ထိုသို့ဖန်တီးထားခြင်းအားဖြင့် မြို့ကြီးများမှရရှိသော စာအုပ်များဖြင့် အလှမ်းဝေးပြီး ချောင်ကျသော ဒေသများရှိ စာအုပ်လိုအပ်ချက်ကို ချိတ်ဆက်ပေးနိုင်ပါသည်။ (ဥပမာအားဖြင့် ကောလိပ်ကျောင်းမှ အတန်းတစ်တန်း၊ လူနေတိုက်ခန်းရပ်ကွက်တစ်ခုက) ရံဖန်ရံခါ စာအုပ်များပို့ပေးနိုင်အောင် ကျေးလက်ဒေသရှိကျောင်းတစ်ကျောင်း၊ သို့မဟုတ် ခရိုင်တစ်ခုကို မွေးစားကျောင်း၊ မွေးစားဒေသအဖြစ်တာဝန်ယူနိုင်ပါသည်။ ပရဟိတပုံစံထက် ကိုယ့်ထူကိုယ်ထပုံစံမျိုးက ပို၍ကောင်းပါသည်။

အနီးအနားမှာရနိုင်သော သင်ထောက်ကူပစ္စည်းများ ခေတ်မမီတော့ခြင်း – ဤကိစ္စကို ဖြေရှင်းပုံနှစ်ရပ်ရှိသည်။ သင့်ထံတွင်ရှိသော သင်ထောက်ကူ ပစ္စည်းများကိုပဲ သင်သုံးနိုင်သည်။ သဒ္ဒါသင်ခန်းစာအများစုမှာ သက်ဆိုင်ရာ သဒ္ဒါစည်းမျဉ်းများကို သင်ကြားပေးနိုင်ရန် ခေတ်ပေါ်အသစ်စက်စက် သင်ထောက် ကူပစ္စည်းများရှိရန်မလိုပါ။ ၁၉၇၀ ပြည့်နှစ်များက မိမိအသုံးပြုခဲ့သော လက်တင် သို့မဟုတ် ပြင်သစ် သဒ္ဒါစာအုပ်များတွင်ပါဝင်သော အချက်များမှာမူ တစ်မူထူး

ခြားပြီး ခေတ်မမီတော့သည်ကို သာဓကပြလိုပါသည်။ သို့ရာတွင် ၎င်းသဒ္ဒါစာအုပ်များမှာ လုံးဝထိရောက်ပြီးအကျိုးရှိနေပါသေးသည်။ ဟောင်းမြင်းသည်ဟူသောအချက်ဖြင့် မည်သည့်အရာကိုမျှ အထင်အမြင်မသေးပါနှင့်။ သင်၏ဖန်တီးတီထွင်နိုင်စွမ်းပေါ်မူတည်ပြီး ယင်းတို့ကို နည်းလမ်းအမျိုးမျိုးဖြင့် အသုံးချနိုင်ပါသည်။ အကြံဉာဏ်အချို့ကို တင်ပြလိုပါသည်။ နှုတ်ဖြင့်ဖတ်ပြခြင်း၊ အကျဉ်းချုပ်ပြန်ရေးခိုင်းခြင်း၊ ပုံစံတူ သံတူကြောင်းကွဲပြန်ချရေးခိုင်းခြင်း၊ အလွတ်သဘောစကားပြောလေ့ကျင့်ခြင်း၊ သဒ္ဒါပြန်လှန်လေ့ကျင့်ခန်းများလုပ်ခြင်းနှင့် အသံထွက်များသည် အလုပ်ဖြစ်နိုင်ပါသည်။ သင်အခိုင်အမာချမှတ်ထားသော ရည်မှန်းချက်မှာ အလုပ်ဖြစ်သည့် အင်္ဂလိပ်ဘာသာစကားစွမ်းရည်ဖြစ်သဖြင့် အချိန်ကာလလိုက်ပြီး သစ်သည်၊ ဟောင်းသည်ဟု အများသူငါသတ်မှတ်သည့် သင်ထောက်ကူပစ္စည်းများကို မှီခိုနေရန်မလိုသည်ကို မမေ့ပါနှင့်။ နောက်ဆုံးဖြေဆိုခဲ့သော တိုဖဲလ်စာမေးပွဲအောင်ရန်၊ သို့မဟုတ် နိုင်ငံခြားသို့သွားရန်သာ ထိုသူများက ဆန္ဒရှိကြခြင်းဖြစ်ပါသည်။ သင့်အနေဖြင့် ထိုက်သင့်သော မည်သည့်အရင်းအမြစ်ကိုမဆိုသုံးပြီး အင်္ဂလိပ်ဘာသာစကားကို လေ့လာနိုင်ပါသည်။

ဒုတိအအချက်အနေဖြင့် ခေတ်မီသင်ထောက်ကူပစ္စည်းများအမှန်ပင်လိုအပ်နေသည်ဆိုပါက မြို့ကြီးပြကြီးများမှ စာအုပ်ဆိုင်ကြီးများနှင့် အဆက်အသွယ်ရယူထားရန်လိုပါသည်။ အင်တာနက်ကနေမှာမလား၊ မိတ်ဆွေတစ်ယောက်ကို ဝယ်ခိုင်းပြီး စာတိုက်က ပို့ခိုင်းမလား။ ဒါမှမဟုတ် တစ်နှစ်တစ်ခါ မြို့တက်ပြီး အလုံးအရင်းဝယ်မလား ဟူသည့် လမ်းကြောင်းအမျိုးမျိုးကို သင်သိရှိထားပြီးဖြစ်ပါသည်။  သင်နှင့် တခြားစိတ်တူသဘောတူ လူငါးယောက်က သင်တို့၏ငွေကိုသုံးရန်သဘောတူညီချက်ယူပြီးသောအခါ သင်တို့အားလုံးနှစ်သက်သည့် ခေါင်းစဉ်များကိုရွေးပြီး၊ တစ်ယောက်တစ်လှည့် လဲလှယ်ဖတ်ရှုနိုင်ပါသည်။ သင့်စုငွေများကို သိသိသာသာတိုးပွားစေပြီး၊ ရွေးချယ်ရမည့်ခေါင်းစဉ်နယ်ပယ်ကိုလည်း ချဲ့ထွင်နိုင်မည့် အခွင့်အရေးတစ်ရပ်လည်းဖြစ်ပါသည်။ ဖန်တီးမှုရှိပါ။

တတိယအချက်အနေဖြင့် မြန်မာပြည်တွင် မလွှဲမရှောင်သာ တိုးပွားလာသော အင်တာနက်ဆက်သွယ်ရေးနှင့်အတူ အများပြည်သူဆိုင်ရာနယ်ပယ်မှ သင်ထောက်ကူပစ္စည်းများမှာ လူတိုင်းသုံးစွဲနိုင်၊ ရယူနိုင်လာကြပြီဖြစ်ပါသည်။ ထိုသင်ထောက်ကူပစ္စည်းများကိုလည်း သင်အသုံးပြုနိုင်ပါသည်။ သို့ရာတွင် တွေ့သမျှမြင်သမျှ စာရွက်စာတမ်းများကိုတော့ဖြင့် ပရင့်မထုတ်ပစ်လိုက်မိပါရန် အနူးအညွတ် မေတ္တာရပ်ခံလိုပါသည်။ စာရွက်များဖြုန်းတီးသလိုဖြစ်လာပြီး အဖြူရောင်ညစ်ညမ်းမှုပုံစံသစ်တစ်ခု ကိုယ့်ကြောင့်ထပ်မဖြစ်ပါစေနှင့်။ စိတ်ကောင်းထားပါ။ (ကွန်ပြူတာတော်လှန်ရေးမှာ ဤကမ္ဘာကြီးကို ပိုမိုကောင်းမွန်သည့်နေရာဖြစ်အောင်လုပ်ရန်ဖြစ်ပြီး၊ ပိုမိုညစ်ညမ်းလာစေရန်ဖြစ်ပေါ်လာခြင်းမဟုတ်ပါလား)

အနီးအနားတွင်ရှိသော သင်ထောက်ကူပစ္စည်းများကိုလည်း စာကြည့်တိုက်မှူးက မောင်ပိုင်စီးထားခြင်း – စာကြည့်တိုက်မှူးကို သင်အပြစ်တင်လို့မရနိုင်ပါ။ သူ့ဆီမှာရှိနေသောပစ္စည်းများကို သူကာကွယ်ရမည်ပင်။ သူ့အနေဖြင့်လည်း လုပ်ရိုးလုပ်စဉ်များကို ကြီးကြီးမားမားပြောင်းပစ်ဖို့ လွတ်လွတ်လပ်လပ်လုပ်လို့မရပါ။ ဒါဆိုသင်ဘာလုပ်လို့ရနိုင်မည်နည်း။ ပထမဆုံးအနေဖြင့် စာအုပ်များများသူရနိုင်အောင် ကူညီပါ။ သင်သည် ကျောင်းဆရာဖြစ်ပါက ကိုယ့်ကျောင်းသားများ ဟိုနားသည်နား ရွာနီးချုပ်စပ်သွားသည့်အခါ တွေ့သမျှစာအုပ်များ စုဆောင်းသယ်ယူလာခိုင်းပါ။ ထိုစာအုပ်များကို စာကြည့်တိုက်တွင်ထားဖို့ စာကြည့်တိုက်မှူးထံပေးအပ်နိုင်ပါသည်။ ထိုစာအုပ်များကို ကြိုက်ရာယူ၊ အခမဲ့ဆိုသည့် စာအုပ်ပုံထဲတွင်ထားရှိနိုင်ပါသည်။ ထိုအကြောင်းကို နယ်ပယ်ပိုကျယ်ပြီး၊ ပိုချမ်းသာသောနေရာများက သိအောင်လုပ်ပေးပါ။ ဒုတိယအချက်အနေဖြင့် သင်ကိုယ်တိုင်လည်း ထိုသို့လုပ်ဆောင်ပါ။ ဆိုလိုသည်မှာ သင်လိုအပ်သောစာအုပ်များရရှိရန် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လုပ်ဖို့ဖြစ်သည်။ စာကြည့်တိုက်မှူးနှင့် အခြားသူများက သင့်ပြဿနာကိုဖြေရှင်းပေးဖို့ စောင့်ဆိုင်းမနေပဲ သင့်နည်းသင့်ဟန်ဖြင့် ဖြေရှင်းရမည်ဖြစ်သည်။ " ခုချက်ချင်းပြီးမြောက်ချင်ပါက ကိုယ်တိုင်သာလုပ်ပါ" ဆိုသည့်ဆိုရိုးစကားရှိသည်မဟုတ်လော။

ကျောင်းသားများကို ပေးလိုက်သည့်စာအုပ်များ အဖြောင်ခံရခြင်း – ဤပြဿနာမှာ မိမိ (တခြားဆရာများရောလားမသိပါ) ကြုံရသော ပြဿနာဖြစ်သည်မှာ ကြာလှပါပြီ။ ကျောင်းသားများကို စာအုပ်ပေးလိုက်လျှင် လက်ထဲမှာအကြာကြီးထားကြလိမ့်မည်။ တခါတုန်းက အတန်းတစ်တန်းတွင် စာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများကို အချင်းချင်း လှည့်ပတ်လေ့လာကြမည်အထင်ဖြင့် ပေးလိုက်ဖူးသည်။ သို့ရာတွင် ထင်သလိုမဖြစ်။ ဒါဆိုဘာလုပ်သင့်သနည်း။ စာအုပ်များကို မငှားပဲ ပေးလိုသည်ဆိုပါက ကျောင်းသားတိုင်းကို စာအုပ်တစ်မျိုးတည်းပေးတာမျိုး၊ အဆောင်တစ်ဆောင်ကို စာအုပ်တစ်မျိုးတည်းပေးတာမျိုး လုပ်ဖို့စဉ်းစားပါ။ဒီလိုလုပ်ခြင်းမှာ အရင်းအမြစ်များဖြုန်းတီးသလိုဖြစ်မည်ဟု သင်ထင်ပါလိမ့်မည်။ သို့ရာတွင် အချင်းချင်းထိန်းသိမ်းကြပ်မတ်ဖို့ကြုံလာပါက ကျောင်းသားများမှာ အချင်းချင်း အတိုက်အခံမဖြစ်လိုကြသည့် သဘောရှိပါသည်။ ထိုသို့ပေးအပ်မည့် စာအုပ်မျိုးမှာ ပညာရေးအရ တန်ဖိုးရှိသည့် စာအုပ်မျိုးတော့ဖြစ်ရပါမည်။ ပေါ့ပေါ့ပါးပါးနှင့် ဈေးသက်သာသည့်စာအုပ်မျိုးဖြစ်ရပါမည်။ ဟဲမင်းဝေးရေးသည့် ပင်လယ်ပြာနှင့် တံငါအိုကဲ့သို့ (မူရင်း) စာအုပ်မျိုးမှာ မည်သည့်အခြေအနေတွင်မဆိုအသုံးပြုနိုင်သည့်စာအုပ်မျိုးဖြစ်သဖြင့် ထိုစာအုပ်မျိုးကို ကျောင်းသားတိုင်း၊ အဆောင်တိုင်းကို လိုက်ဖြန့်ပေးသင့်သည့် နမူနာဖြစ်ပါသည်။ တခြားဘာလုပ်နိုင်သေးသနည်း။ သင့်ကျောင်းက အသုံးစရိတ်ငွေများဖြင့် ကျောင်းသားဖတ်စာစဉ်(Ladder Series) ကဲ့သို့သော စာအုပ်များလိုဈေးသက်သက်သာသာဖြင့် ဝယ်ပြီး အလျှံအပယ်လိုက်ဝေနိုင်ပါသည်။ ထိုစာအုပ်များပျောက်တော့ကော ဘာအရေးကြီးသနည်း။

နောက်တစ်ဆင့်တွင် ပြန်ကြားရေးမြို့နယ်ရုံးများတွင်ထားရှိသော ကြော်ငြာသင်ပုန်းကဲ့သို့သော လမ်းဘေးမှန်ဘီရိုများကို ကျောင်းမှာထားရှိပါ။ စာအုပ်နှစ်အုပ်ဝယ်ပြီး ဘလိတ်ဓားဖြင့် အနောင့်မှ တစ်ရွက်စီလှီးထုတ်ပါ။ လှီးထားသော စာရွက်များကို ကြော်ငြာသင်ပုန်းထဲတွင် အစဉ်လိုက်ကပ်ထားခြင်းဖြင့် စာအုပ်နှစ်အုပ်ဖိုးသာ ငွေကုန်ပြီး၊ ကျောင်းသားအများစုကလည်း စာအုပ်ကိုဖတ်ရှုခွင့်ရသွားမည်ဖြစ်ပါသည်။ ထိုသို့စာအုပ်ကို တစ်ရွက်ချင်းကပ်ပြီးနောက်တွင် စာမျက်နှာနှစ်မျက်နှာလောက်ကိုဖြုတ်ပြီး ကျောင်းသားတစ်ယောက်စီကို ပေးပါ။ ထိုစာမျက်နှာများကိုဖတ်ခိုင်းပြီး သဒ္ဒါလေ့လာမှု၊ စာပေဝေဖန်ရေး၊ အတိုချုပ်ရေးခြင်း၊ သံတူကြောင်းကွဲပြန်ရေးခြင်းကဲ့သို့သော လေ့ကျင့်ခန်းများလုပ်ခိုင်းနိုင်ပါသည်။ ကျောင်းသားများက တစ်ယောက်တစ်မျက်နှာစီ စာမျက်နှာတိုင်းကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ဘာသာပင်ပြန်ကောင်းပြန်နိုင်ကြပါလိမ့်မည်။ ထို့နောက် ထိုတစ်မျက်နှာချင်းဘာသာပြန်ထားသော စာအုပ်များကို အထက်တွင်ပြောခဲ့သည့် မှန်ဘီရိုထဲသို့ပင် ထည့်ကပ်ပြီးပြသထားနိုင်ပါသည်။

အထက်ပါနည်းလမ်းကို ဒေသဆိုင်ရာ ပညာရေးတာဝန်ရှိသူများကရွေးချယ်မည်ဆိုပါက စာအုပ်ပေါင်းများစွာကို ကျောင်းပေါင်းများစွာသို့ဖြန့်ဝေ ဘာသာပြန်ခိုင်းပြီး ကျောင်းသားတစ်ယောက် တစ်မျက်နှာ နှုန်းဖြင့် ဘာသာပြန်ထားသော ဘာသာပြန်ဆိုမှုများကို စုဆောင်း၊ ကျောင်းတစ်ကျောင်းစီက ဘာသာပြန်ဆိုမှုများကို စာအုပ်အသွင်ဖြင့်တစ်မူ၊ ကွန်ပြူတာစာစီဖိုင်ဖြင့် တစ်မူထားပြီး၊ အင်တာနက်တွင်တင်လို့ရနိုင်မည်ဖြစ်ပါသည်။ ဉာဏမူပိုင်ခွင့်ကိုတော့ ထိန်းသိမ်းစောင့်ရှောက်ဖို့လိုမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် အချုပ်ဆိုရလျှင် ကျောင်းသားများ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် သင်ပေးလိုက်သည့်စာအုပ်များကို အချင်းချင်းလှည့်ပတ်ပြီး ဝေငှဖတ်ရှုကြမည်မဟုတ်သော်လည်း ၎င်းတို့၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်း၊ စူးစမ်းလိုစိတ်များကိုတော့ အခြားနည်းဖြင့် ထိန်းကျောင်းပေးနိုင်ပါသည်။

နိဂုံး*Conclusion.*

ဤစာအုပ်၏ အခန်း ၃ နှင့် အခန်း ၄ တို့ကို အသွင်တူပုံစံခွင်တစ်ရပ်တည်းဖြင့် ရေးသားထားပါသည်။ ရည်ရွယ်ချက်ရှိရှိဖြင့် ထိုသို့ရေးထားခြင်းဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာစကားကိုလေ့လာလိုသူတိုင်း ဤစာအုပ်ကိုအသုံးပြုနိုင်သော်လည်း အင်္ဂလိပ်အထူးပြုဘာသာဖြင့် ဘွဲ့ရထားသူများ၊ လူမသိသူမသိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတစ်ကျောင်းတွင် အင်္ဂလိပ်စာပြနေသော ကျောင်းဆရာများအတွက် အဓိကရည်ရွယ်ပြီး ဤစာအုပ်ကိုရေးသားထားခြင်းဖြစ်ပါသည်။ ( နောက်ဆုံးပြောလိုသည်ကတော့ အင်္ဂလိပ်ဘာသာစကားကို နိုင်ငံခြားသားဆရာမရှိပဲ လေ့လာကြမည့် နောင်မျိုးဆက်ကို လေ့ကျင့်သင်ကြားပေးမည့် သင့်အတွက် ရည်ရွယ်ရေးသားထားခြင်းဖြစ်သည်)

အင်္ဂလိပ်ဘာသာစကားကိုလေ့လာမှု၏ အစိတ်အပိုင်းတစ်ရပ်မှာ ပြည်နယ်မြို့တော်တွင် နေသည်ဖြစ်စေ၊ တောကြိုအုံကြားက ကျောင်းတစ်ကျောင်းတွင်နေသည်ဖြစ်စေ သင်ရနိုင်သည့်အရာကိုပဲ အသုံးချခြင်းဆိုသည့်အချက်ဖြစ်ပါသည်။ သင့်ထံတွင် ရှိသည့်အရာက နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ သင့်တွင်ရှိသောအရာကို သင်အသုံးချနိုင်သည်။ ရည်ရွယ်ချက်မှာ အခက်အခဲများကို အသုံးချခြင်းဖြစ်ပြီး လူတွေကိုအသုံးချရန်မဟုတ်ပါ။ အခက်အခဲများကို အကျိုးရှိအောင်အသုံးချနိုင်မည်ဆိုပါက သင့်အတွက် မိတ်ဆွေများရနိုင်ပါသည်။ လူတွေကို ကိုယ်အကျိုးရှိဖို့ အသုံးချမည်ဆိုပါက မိတ်ဆွေများ လုံးဝဆုံးရှုံးသွားပါလိမ့်မည်။

လောကကြီးတွင် အခက်အခဲများမှာ အမြဲပင်ရှိနေမည်ဖြစ်သည်။ သင့်ဘဝတွင်၊ အလုပ်ခွင်တွင်လည်း အခက်အခဲများရှိမည်ပင်ဖြစ်သည်။ ထို့ကြောင့် ထိုအခက်အခဲများကို ဖြေရှင်းချက်များအဖြစ်ပြောင်းလဲနည်းကို သင်သိထားလျှင် ဖြေရှင်းလို့ရတတ်ပါသည်။ ဘဝတွင် သံပုရာသီးကိုရလျှင် သံပုရာရည်ဖြစ်အောင် သင်လုပ်ပါ ဆိုသည့်အတိုင်းဖြစ်ပါသည်။ (သင့်အထက်က လူကို မီးခိုနေရုံမျှဖြင့်မဟုတ်ပဲ) အခက်အခဲများကို ဖြေရှင်းချက်များအဖြစ် ကိုယ်တိုင်ပြောင်းလဲပစ်ရပါမည်။ သင်၏ ဖန်တီးမှုရှိသော အင်္ဂလိပ်ဘာသာစကားဖြင့် အတွေးအခေါ်များကိုလည်း နေ့စဉ်သုံး တွင်ကျယ်သော အပြောနှင့် အရေးဘာသာစကားအဖြစ်သို့ ကိုယ်တိုင်ပြောင်းလဲပစ်နိုင်ရပါမည်။ လူ့အဖွဲ့အစည်းအတွင်း ထုတ်မပြောပဲ ပုံစံခွက်တစ်ခုလို လက်ခံထားသည့် အရေးအသားများပါသော စာအုပ်မှ ထုတ်နှုတ်ရယူထားသည့် အင်္ဂလိပ်လို တွေးနည်းရေးနည်းဟူသော စာအုပ်များကိုဖတ်ပြီး ကြက်တူရွေးနှုတ်တိုက်ကျက်ခြင်းမျိုးကိုသာ အားကိုးမနေပါနှင့်။ ဆိုလိုသည်ကို နားလည်ပါသလား။ နားလည်လောက်ပါသည်။ ကောင်းပါပြီ။

မမေ့ရန်မှာ “ စံကျ အသုံးအနှုန်း ရေးထုံးတွင် အခက်အခဲကိုဖြေရှင်းသည့် ရလဒ်ရှိနေသည်။ သို့ရာတွင် အခက်အခဲကို ကြိုးစားဖြေရှင်းမှုမှာ မှန်ကန်သည့် အဖြေရှိသည်” ဟူသော စကားဖြစ်ပါသည်။

အချို့သော အခက်အခဲများကို လွယ်လွယ်ဖြေရှင်းမရနိုင်သည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် အခက်အခဲများကို ဖန်တီးမှုရှိရှိဖြင့် ခန့်ခွဲနိုင်အောင်လုပ်ပါ၊ ထိုသို့မဟုတ်ပါက အခက်အခဲများကို ရှောင်ပါ။ သင့်ကိုယ်သင် ဘာကြောင့် အထိခိုက်ခံမည်နည်း။ သင့်ကို ဒုက္ခလုလုပေးမည့်သူများ အပြင်မှာ စောင့်နေကြသည်။ ဤအယူအဆများမှာ စာအုပ်၏ ဆိုလိုရင်းတွင်မပါဟု ပြောကြပါလိမ့်မည်။ ထိုအယူအဆများမှာ မရှိမဖြစ်ထားရှိရမည့် လိုအပ်ချက်များသာဖြစ်ပါသည်။ နောက်တစ်နည်းပြောရလျှင် လိုက်နာလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းပုံစံမျိုး ရေးထားသည်ဟု သဘောထားကြည့်ပါ။ ခုတော့ သင့်အတွက် ပြင်ဆင်မှုလုပ်ပေးလိုက်ပါပြီ။ သင့်ဆုံးဖြတ်ချက်ကို စမ်းသပ်လိုက်ပါပြီ။ မည်သည့်စစ်ဆင်ရေးမှ စနေ၊ တနင်္ဂနွေနှစ်ရက်ထွက်တိုက်သည့် စစ်သည်များဖြင့် အောင်နိုင်ခဲ့သည်မရှိပါ။ ထို့နောက်တွင်တော့ သင်ဖန်တီးမှုရှိရှိလုပ်နိုင်လာပါလိမ့်မည်။

နောက်တစ်ခန်းတွင် နိုင်ငံခြားသားဆရာမရှိပဲ ကိုယ်တိုင် အင်္ဂလိပ်ဘာသာစကားကို စဉ်ဆက်မပြတ်လေ့လာမှုတွင် ဖွဲမီးကဲ့သို့ တငွေ့ငွေ့တော်လှန်ရေးမျိုးကို မည်သို့မည်ပုံလုပ်ဆောင်ရမည်ဆိုသည်ကို ဆွေးနွေးတင်ပြသွားပါမည်။ ပထမပိုင်းတွင် သင်ရနိုင်သော ဖြေရှင်းနည်းများ၊ ယင်းဖြေရှင်းနည်းများကို အကောင်အထည်ဖော်နည်း အကြံပြုချက်များကိုတင်ပြသွားပါမည်။ သင်အမှန်တကယ်လိုချင်သည်မှာ ထိုအကောင်အထည်ဖော်နည်းများပင်ဖြစ်သည်။ အသင့်ပြင်ထားပါ။

## အခန်း၅
## အဆင်သင့်ရှိနေသောအဖြေများ
## V. The Solutions Available.

ဤအခန်းသည် ယခုသင်ဖတ်ရှုနေသောစာအုပ်၏ အဓိကအချိုးအကွေ့ကို ဖော်ပြသည့် အခန်းဖြစ်သည်။ အခန်း ၃ နှင့် ၄ တွင် ဘ၀က သင့်ကို ဘာတွေပေးအပ်သည်ဆိုသည်နှင့် ယင်းတို့ကို သင်မည်သို့မည်ပုံတုံ့ပြန်သည်ကို ဆွေးနွေးတင်ပြခဲ့ပါသည်။ ပြဿနာကိုဖြေရှင်းရန် အရေးကြုံက တုံ့ပြန်သည့်ချဉ်းကပ်ပုံကို တင်ပြခဲ့ခြင်းဖြစ်ပါသည်။ ယခုအခန်းတွင်တော့ အင်္ဂလိပ်ဘာသာစကားကို သင့်နည်းသင့်ဟန်ဖြင့် လေ့လာမှုအကြောင်းတင်ပြထားသည်။ ထို့ကြောင့် ပြဿနာကိုဖြေရှင်းရန် မဖြစ်ခင်က ကြိုပြီးပြင်ဆင်သည့် ချဉ်းကပ်ပုံကို တင်ပြသွားမည်ဖြစ်ပါသည်။

အတန်းပိုင်ဆရာတိုင်း အတန်းတစ်တန်းကို စီမံခန့်ခွဲရာတွင် အရေးကြုံလာသလို ဖြေရှင်းသည့် ချဉ်းကပ်ပုံနှင့် မဖြစ်ခင်က ကြိုပြီးပြင်ဆင်သည့် ချဉ်းကပ်ပုံတို့ကို သိနားလည်ထားပြီးဖြစ်ပါသည်။ အရေးကြုံလျှင်ဖြေရှင်းသည့် ချဉ်းကပ်ပုံတွင် အများအားဖြင့် အပြစ်မပေးသည့်ပုံစံဖြင့် အရေးယူခြင်းမလုပ်မီတွင် ပြဿနာတစ်ခု သို့မဟုတ် ကျောင်းသားဆိုးတစ်ယောက်က အပြစ်တစ်ခု ခုလုပ်ချလိုက်တတ်သည်။ ထိုအခြေအနေမျိုးတွင် အတန်းပိုင်ဆရာဖြစ်သူကို အတန်းက ပြန်စီမံခန့်ခွဲသွားခြင်းဖြစ်သည်။ မဖြစ်ခင် ကြိုပြင်ဆင်ထားသည့် ချဉ်းကပ်ပုံတွင်မူ ဆရာလုပ်သူက နောင်ဖြစ်လာဖွယ်ရှိသည့် ပြဿနာအားလုံးကို အမြဲတစေမျှော်လင့်ထားသလို၊ ပေါ်ပေါက်လာသည့် ပြဿနာများကို သတိပြုမိတတ်ပြီး၊ ကိုင်တွယ်ဖြေရှင်းမှုလည်း လုပ်လေ့ရှိသည်။ တွေ့နေကျ အလယ်တန်းကျောင်းခန်းတစ်ခုတွင် ဂဏှာမငြိမ်သည့် ကျောင်းသားတစ်ယောက်ကို ဆရာဖြစ်သူက သူထိုင်သည့် စားပွဲရှေ့တည့်တည့်က စာသင်ခုံတွင် ထိုင်ခိုင်းထားခြင်းမျိုးလုပ်တတ်ပါသည်။ ကျောက်သင်ပုန်းရှေ့တည့်တည့်တွင် စာလိုက်ဖတ်ရခက်သည့်နေရာတွင် ထိုကျောင်းသားကို ထိုင်ခိုင်းထားတတ်ပါသည်။ ထိုသို့မစုတ်ပါကလည်း ရန်ဖြစ်တတ်သည့် ကျောင်းသားနှစ်ယောက်ကို တစ်နေရာစီခွဲပြီး ထိုင်ခိုင်းထားတတ်ကြသည်။ ထိုအခြေအနေမျိုးတွင် ထိရောက်အောင်မြင်စွာ လုပ်ကိုင်တတ်သည့် ဆရာဖြစ်သူသည် စာသင်ခန်းကို စီမံခန့်ခွဲနိုင်သွားတတ်ပါသည်။

ဤတိုင်းပြည်တွင် အင်္ဂလိပ်ဘာသာစကားကို ချက်ချင်းလက်ငင်းတတ်မြောက်စေသည်ဆိုသည့် သင်ထောက်ကူပစ္စည်းများ တောင်ပုံရာပုံရှိပြီး၊ လူသန်းပေါင်းများစွာက အင်္ဂလိပ်ဘာသာစကားကို လေ့လာလိုပါသည်ဟု ဝန်ခံပြောကြားတတ်ကြသော်လည်း တကယ်တမ်း နဖူးတွေ့ဒူးတွေ့ အင်္ဂလိပ်ဘာသာစကားကို လေ့လာသည့်အခါတွင်တော့ တမျိုးတစ်ဖုံဖြစ်နေသည်။ တစ်တိုင်းပြည်လုံးမဟုတ်လျှင်တောင်မှ နေရာအများစုတွင် အင်္ဂလိပ်ဘာသာစကားကို လေ့လာရာတွင် အဆုံးစွန်နိဂုံးတစ်ရပ်ဖြစ်သည့် အင်္ဂလိပ်စာကို အင်္ဂလိပ်စာအကျိုးအတွက် လေ့လာခြင်း၊ ဘ၀တစ်လျှောက်လုံးစာ အင်္ဂလိပ်စာကို လေ့လာခြင်းတည်းဟူသော ခံယူပုံမျိုးဖြင့် အင်္ဂလိပ်စာကို လေ့လာဖို့တွင်တော့ နောင့်နေးကြန့်ကြာပြီး ထိုသို့လေ့လာဖို့လည်း မုန်းနေတတ်ပါသည်။ အင်္ဂလိပ်စာလေ့လာခြင်းတွင် အဆုံးစွန်ဖြစ်သည့် နိဂုံးတစ်ရပ်ဟူသည်ကား ဘ၀တစ်လျှောက်လုံး ဘာသာစကားနှစ်မျိုးပြောသည့် စိတ်နေစိတ်ထားမျိုး ( သီ၀ရီနှင့် ကျင့်ထုံး) မွေးထားခြင်း၊ အင်္ဂလိပ်စာကို ဘ၀တက်လမ်းအတွက် ခုတုံးလို သဘောမထားပဲ သင့်နေ့စဉ်ဘ၀၏ အစိတ်အပိုင်းဟု သဘောထားခြင်း၊ မိမိနေထိုင်နေသည့် ကမ္ဘာလောကနှင့် မိမိနေထိုင်ရာနေရာတစ်ခုကို အင်္ဂလိပ်စာကို သဘောထားပြီး ပိုမိုကောင်းမွန်သည့် နေရာတစ်နေရာကို ရောက်ရှိစေမည့် ကိရိယာ တန်ဆာပလာတစ်ခုလို သဘောမထားခြင်း၊ (မိခင်ဘာသာစကားနှင့် ယှဉ်တွဲလျက်) အင်္ဂလိပ်စာကို မိမိတို့ နေထိုင်ရာ ကမ္ဘာလောကအတွင်း ဘာသာစကားဆိုင်ရာ အောက်ခံမြေထု၊ လေထုနှင့် မိုးကုပ်စက်ဝိုင်းဟု လက်ခံထားခြင်းပင်ဖြစ်ပါသည်။ (ဤနေရာတွင် ဘာသာစကားနှစ်မျိုးသုံးစွဲသည့် အခြေအနေကို ပြောနေခြင်းဖြစ်ပြီး၊ ယဉ်ကျေးမှုနှစ်ခုကျင့်သုံးသည့်အခြေအနေကို ပြောနေခြင်းမဟုတ်ပါ)။ တိုတိုပြောရလျှင် အင်္ဂလိပ်စာကို လတ်တလောလေ့လာနေကြသည့် နည်းစနစ်များနှင့် ရည်ရွယ်ချက်များနှင့်ပတ်သက်ပြီး တော်လှန်ပြောင်းလဲမှုတစ်ခုကို မိမိအနေဖြင့် အကြံပြုခြင်းသာဖြစ်ပါသည်။

တော်လှန်ပြောင်းလဲမှုအများစုကို ကလာပ်စည်းများမှတစ်ဆင့် ဝါဒဖြန့်လေ့ရှိပါသည်။ ထို့ကြောင့် ဤစာအုပ်တွင်အသုံးပြုထားသည့် နမူနာပုံစံကို ကမ္ဘာပေါ်မှ အခြားနေရာများနှင့် တရုတ်ပြည်တို့တွင်အသုံးပြုခဲ့သော ကလာပ်စည်းပုံစံမျိုးကိုပြန်လည်မွေးစားတင်ပြထားခြင်းဖြစ်ပါသည်။ ကလာပ်စည်းများကို အသုံးချပုံနည်းစနစ်အချို့ကိုသာ နမူနာယူသုံးထားခြင်းဖြစ်ပြီး အနှစ်သာရကိုမယူပါ။ ( တကယ်တော့ ဤစာအုပ်မှာ အင်္ဂလိပ်ဘာသာစကားကို နိုင်ငံခြားသားဆရာမရှိပဲ ကိုယ်တိုင်စဉ်ဆက်မပြတ်လေ့လာပုံကို တင်ပြထားခြင်းသာဖြစ်ပြီး တခြားမဟုတ်ပါ။ ထို့ကြောင့် မသိမသာ တမြေ့မြေ့ကျွမ်းလောင်နေသော တော်လှန်ရေးတစ်ရပ်ပုံစံဖြစ်ပါသည်။)

ဤအခန်းတွင်

၁။ ကွန်မြူနစ်ကလာပ်စည်းများကိုကြည့်ပြီး ကွန့်မြူးမိသော အင်္ဂလိပ်စာလေ့လာနည်း

၂။ကလာပ်စည်း၏ဖွဲ့စည်းပုံ

၃။ကလာပ်စည်း၏ ထင်ရှားသည့်လက္ခဏာ

၄။ကလာပ်စည်း၏အဓိကတန်ဖိုးများ

၅။အလုပ်အကျွေးပြုမည့်သူများ

၆။မိမိကိုယ်ကိုယ် အားပေးကူညီခြင်း စသည့် ခေါင်းစဉ်များကို ဆွေးနွေးတင်ပြသွားပါမည်။

### ၁။ ကွန်မြူနစ်ကလာပ်စည်းများကိုကြည့်ပြီး ကွန့်မြူးမိသော အင်္ဂလိပ်စာလေ့လာနည်း*The Inspiration for learning English from communist "cells".*

(က) အဓိပ္ပါယ်ဖွင့်ဆိုချက် - အဘိဓာန်တွင် ကလာပ်စည်းတစ်ခုကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌ " ကလာပ်စည်းဟူသည် (အထူးသဖြင့် တော်လှန်ရေးနှင့်ဆိုင်သည့်) နိုင်ငံရေး လှုပ်ရှားမှုတစ်ခု၏ ပင်မအဖြစ် ဖွဲ့စည်းထားသော လူအုပ်စုငယ် " ဟုပါရှိသည်။ (အောက်စဖို့ အဘိဓာန်)

(ခ)ရည်ရွယ်ချက် - အလုပ်သမားသစ်များနှင့် တော်လှန်ရေးသမားများကို လေ့ကျင့်ပေးရန် ကလာပ်စည်းများက သူတို့နှင့် ဆိုင်သော အလုပ်ကို ချဲ့ထွင်ရန်သုံးသည်။ အရပ်ဒေသတစ်ခုတွင် အခြေတည်ပြီး လှုပ်ရှားတတ်ကြသည်။ တခါတရံ ခြိမ်းခြောက်အကျပ်ကိုင်သည့် နည်းလမ်းကိုလည်း သုံးကြသည်။

(ဂ) ၁၉၂၀ နှင့် ၁၉၃၀ ပြည့်နှစ်များ - စာအုပ်စာတမ်းများတွင်၊ ရုပ်သံအစီအစဉ်များတွင် မှတ်တမ်းတင်ထားချက်အရ ကွန်မြူနစ်များနှင့် ၎င်းတို့၏ ကလာပ်စည်း

မျှ၁ တရုတ်ပြည်တွင် လုပ်ရှားခဲ့ကြပုံအချို့ကို သိရှိကြပြီးဖြစ်ပါလိမ့်မည်။ ဆန့်ကျင်မှုများ အလွန်တရာများပြားပြီး၊ အန္တရာယ် ကြီးကြီးမားမားကြုံခဲ့ကြရသော်လည်း သူတို့မှာ အောင်မြင်မှုရရှိသွားခဲ့ကြသည်။ ဤနေရာတွင် ထိုသို့ကြုံရမည်မှာ သင်သာဖြစ်သည်။

(ဃ) ထိရောက်အောင်မြင်မှုသက်သေ – ကလာပ်စည်း စနစ်ကို ယနေ့အချိန်ထိသုံးနေတုန်းဖြစ်သည်။ ကလာပ်စည်းများကို ဝါဒဖြန့်နည်း၊ ဖန်တီးနည်း၊ ပြန့်ပွားထွန်းကားအောင်လုပ်နည်းတို့ကို လေ့ကျင့်သင်ကြားပေးလိုပါက စာအုပ်စာတမ်းများတွင် လေ့လာနိုင်ပြီး၊ တကယ်တမ်း ပို့ချပေးနိုင်သည့် လူများလည်း ရှိပါလိမ့်မည်။

(င) အောင်မြင်သည်များနှင့် မအောင်မြင်သည်များကို လုပ်ကြည့်ပြီးသား၊ စမ်းသပ်ပြီးသား၊ မွမ်းမံပြင်ဆင်ပြီးသားဖြစ်သည်။ – လွန်ခဲ့သော နှစ်တစ်ရာအတွင်း မတူကွဲပြားသော အခြေအနေအမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးအောက်တွင် လုပ်ကိုင်နိုင်သည့် စနစ်တစ်ခုကို တည်ဆောက်ရာ၌ အားထုတ်ကြိုးပမ်းမှုပေါင်းများစွာကို လုပ်ဆောင်ခဲ့ကြပြီးဖြစ်ပါသည်။

(စ) ကလာပ်စည်း စာပေ – ကလာပ်စည်းနှင့် နွယ်သောစာပေသည်လည်း (စာကြည့်တိုက်များနှင့် အဆက်အသွယ်ရှိပါက) လေ့လာရန် အမြောက်အများရှိနေပါသည်။

(ဆ) တော်လှန်ရေးအကြောင်း – တော်လှန်ရေးဆောင်ရွက်ချက်သည် ယခင်ကတည်ရှိနေသော စနစ်တစ်ရပ်ကို ဖြုတ်ချပစ်လိုက်ခြင်းဖြစ်သည်။ ဤစာအုပ်တွင်မူ (၁) မအောင်မြင်ခဲ့သော အင်္ဂလိပ်စာလေ့လာမှု၊ ဆိုလိုသည်မှာ ကောလိပ်တုန်းက သင်ကော၊ တခြားသူများပါတည်ဆောက်ထားခဲ့သည့် စနစ်ဖြစ်ပြီး ယခုထိ ပျောက်ပျက်မသွားသေးသည့် စနစ်ကို တော်လှန်ပြောင်းလဲခြင်း၊ (၂) ပျော့ကွက်၊ အားနည်းချက်ရှိနေသည့် စိတ်ဓာတ်ရေးရာ လှုံ့ဆော်မှုများ ( အကြောင်းအမျိုးမျိုးအတွက် အင်္ဂလိပ်စာကို လေ့လာလိုက်စားမှုများ) နှင့် ယင်းတို့ကို (၃) တခြားတစ်ခုဖြင့်အစားထိုးခြင်း ( ဆိုလိုသည်မှာ နိုင်ငံခြားသား ဆရာမရှိပဲ ကိုယ်တိုင် စဉ်ဆက်မပြတ်လေ့လာမှု) ဟူ၍ဖြစ်ပါသည်။

## ၂။ကလာပ်စည်း၏ဖွဲ့စည်းပုံ*Organizational structure of cell.*

(က) ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ခြင်း – ကလာပ်စည်းများမှာ ယေဘူယျအားဖြင့် ကိုယ့်ဘာသာရပ်တည်ကြသည်။ ဆိုလိုသည်မှာ သူတို့လုပ်ကိုင်ဆောင်ရွက်ဖို့လိုအပ်သမျှကို သူတို့ထံမှပင်လာကြသည်။ တခြားကလာပ်စည်းနှင့် အဆက်အသွယ်မရှိ။ (ဘာသာစကားအရ) ရန်လိုမုန်းတီးနေသည့် လောကတွင်တော့ တစ်ယောက်တည်း ရပ်တည်လျှင် ရပ်တည်၊ သို့မဟုတ်ပါက တစ်ယောက်တည်းကျရှုံးမည်သာဖြစ်သည်။ ကလာပ်စည်းတစ်ခု၏ အောင်မြင်မှုကျရှုံးမှုက ယင်း၏ ပတ်ဝန်းကျင်ရှိ အခြားဆဲလ်များကို သက်ရောက်မှုမရှိပါက တစ်ယောက်တည်းသာ ကျရှုံးသွားမည့်သဘောဖြစ်သည်။ ကလာပ်စည်းတစ်ခုတွင် မိမိအထက်တွင် ဆရာတစ်ယောက်၊ အောက်တွင် တပည့်တစ်ယောက်၊ နောက်ထပ် လက်အောက်ခံတပည့်တစ်ယောက်နှင့် ဘေးတိုက် အဆင့်တူတစ်ယောက်ဟူ၍ အသင်းအပင်းပုံစံကိုသာ ဖော်ဆောင်ခွင့်ပြုထားသည်။ သင်နှင့် ချိတ်ဆက်ထားသည့် ထိုလေးယောက်မှာလည်း တစ်ယောက်နှင့်တစ်ယောက်အပြန်အလှန် ချိတ်ဆက်ထားခြင်းမရှိ။

(ခ) လူသိထင်ရှားမရှိခြင်း – လျှို့ဝှက်လို့မရသည့်လူ့အဖွဲ့အစည်းမှာ မိမိတို့နေနေကြခြင်းဖြစ်သည်။ သို့ရာတွင် ကလာပ်စည်းအဖြစ် သင်လုပ်ဆောင်ရာတွင်မူ လူတိုင်းသိလို့မရပါ။ အများသူငါသိသွားပါက (အခန်း ၃ တွင်ပြောခဲ့သလို) သင့်အိမ်သို့လာပြီး အကူအညီတောင်းရင်တောင်း၊ သင့်အကို အနောက်အယှက်ပေးရင်ပေး လုပ်လာကြပါလိမ့်မည်။ သင်သည် ဦးစီးဦးဆောင်ပြုနိုင်ရန်သင်ကြိုးစားနေခြင်းဖြစ်သော်လည်း သင့်မှာ နောက်လိုက်သာဝကများ ဝိုင်းရံနေပါသည်။ အရာရာကို ပြီးမြောက်နိုင်သည့် တစ်ခုတည်းသော နည်းလမ်းမှာ တစ်ကိုယ်တည်း ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဆောင်ရွက်ခြင်းသာဖြစ်သည်။ လွတ်လွတ်လပ်လပ်လုပ်ကိုင်ဆောင်ရွက်နိုင်သည့် တစ်ခုတည်းသောနည်းလမ်းမှာ အခြားသူများကို အဝင်မခံခြင်းပင်ဖြစ်သည်။

(ဂ)လုပ်ကိုင်ဆောင်ရွက်ရာတွင်လွတ်လပ်ခြင်း၊ အခြေခံအဆောက်အအုံမထားခြင်း – အင်အားကြီးနိုင်ငံအများစု၊ ကုမ္ပဏီများ၊ အစုအဖွဲ့များ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် လူ့အဖွဲ့အစည်းများတွင် အခြေခံအဆောက်အအုံ ပုံစံတစ်မျိုးရှိသည်။ အထက်အောက် အုပ်ချုပ်မှု ကွင်းဆက်၊ ကြီးကြပ်ကွပ်ကဲမှု၊ စီမံခန့်ခွဲမှုနှင့် အလားတူ ဖွဲ့စည်းပုံများရှိကြသည်။ ဤကိစ္စတွင်မူ ထိုသို့မဟုတ်။ တကယ့်ဘဝတွင်တော့ ကလာပ်စည်းများထဲက တစ်ယောက်ယောက်က သစ္စာဖောက်သွားလျှင် ရဲအဖမ်းမခံရအောင် စီမံကွပ်ကဲမှုကို ကလာပ်စည်းများကသာ လုပ်ဆောင်သည်။ ဤနေရာတွင်တော့ "ရန်သူ" မှာ ဖင့်နေးနေခြင်း၊ ခြေလှမ်းပြင်ပြီး လိုအပ်သောစွန့်စားမှုများလုပ်ရန် စိတ်ပါဝင်စားမှုမရှိခြင်း၊ (တကယ်မရှိသည့်) တခြားသူအပေါ်မှီခိုပြီး စောင့်စားနေခြင်း၊ သွက်ချာပါဒလိုက်သလို တုံ့ဆိုင်းနေခြင်းတို့ဖြစ်ကြသည်။ အင်္ဂလိပ်ဘာသာစကားကို ကိုယ်တိုင်ဦးဆောင်လေ့လာသူ အားလုံးအတွက် ရည်ညွှန်းစရာမှာ ဤစာအုပ်ပင်ဖြစ်သည်။ တခြားသူတစ်ဦးအပေါ်မှီခိုနေလျှင် သင်သည် "ဂိုဒေါ့ကို စောင့်စားခြင်း" ပြဇာတ်ထဲကလို စောင့်စားခြင်းသာ အဖတ်တင်တော့မည်။ တခြားသူအချို့ကို သင်သိသော်လည်း ဘာအဆက်အသွယ်မှရှိမနေပါ။

(ဃ) အကူအညီ၊ ငွေကြေး၊ အားပေးထောက်ခံမှု၊ သင်ထောက်ကူပစ္စည်း စသည့်တို့နှင့် တခြားသူများကို မှီခိုမှုမရှိခြင်း – ရှင်းရှင်းပြောရလျှင် ဤအချက်မှာ ပြီးခဲ့သော အခန်းနှင့် ဆက်စပ်နေသည်။ သင့်နည်းသင့်ဟန်ဖြင့် ရပ်တည်ရမည်ဖြစ်သည်။ သင့်ကိုယ်သင် စောင့်ရှောက်၊ သင့်ကိုယ်သင် ငွေကြေးထောက်ပံ့၊ သင့်ကိုယ်သင် ရေရှည်ရပ်တည်နိုင်အောင်လုပ်၊ လိုအပ်သည့် စာအုပ်စာတမ်း၊ ဗီစီဒီနှင့် အခြားသင်ထောက်ကူများ ကိုယ်တိုင်ရှာရမည်ဖြစ်ပါသည်။ အဘယ်ကြောင့် အားလုံးကိုယ်တိုင်လုပ်ရမည်နည်း။ ပထမအချက်တွင် တခြားအစုအဖွဲ့တစ်ခုတွင် အမှားတစ်ခုခုဖြစ်သွားပါက သင်ပါရောပြီး ကျရှုံးခံနိုင်ပါသလား။ ဆရာနှင့် တပည့် တစ်ဦးချင်းဆက်ဆံရေးသည်သာ ကလာပ်စည်းတစ်ခုကို ထိရောက်အောင်မြင်စေပြီး၊ ယင်း၏ စွမ်းပကားကို ရရှိစေသည့် အချက်ဖြစ်နေပါသည်။ (အခက်အခဲတစ်မျိုးမျိုးကြုံနေရသည့်) တခြားသူများကို ထပ်ပေါင်းထည့်ခြင်းဖြင့် ထိုဆက်ဆံရေးကို တိုးတက်အောင်လုပ်ပါက ကလာပ်စည်းကို အင်အားနည်းသွားစေပြီး ထိရောက်အောင်မြင်မှု မရှိဖြစ်သွားစေလိမ့်မည်။ တခြားအစုအဖွဲ့များနှင့် အဆက်အဆံမရှိပါက သူတို့နစ်မွန်းသည့်အခါ သင့်တွင် အိပ်မက်ဆိုးများကျန်ရစ်ပြီး အကျပ်ရိုက်မှာ မကြောက်ရတော့ပါ။ အကြောင်းမှာ သူတို့၏ ကူပါကယ်ပါ အသံများကို မကြားရတော့၍ဖြစ်ပါသည်။ တခါတရံတွင် တိုးတက်မှုနှင့် ဆက်သွယ်ချက်တို့မှာ ယှဉ်တွဲတည်ရှိမနေပါ။ ကလာပ်စည်းတစ်ခုသာပါသော ဘက်တီးရီးယားများလို ဤကလာပ်စည်းများသည်လည်း တစ်ကိုယ်တည်းလုပ်ဆောင်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပြီး ပြင်ပမှ ဆက်စပ်လုပ်ဆောင်မှုမရှိခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။

ဒုတိယအချက်အနေဖြင့် ပြတ်သားသည့် ဦးဆောင်လှုပ်ရှားသူတစ်ယောက်လို ရန်လိုမုန်းတီးသည့် ဝန်းကျင်တစ်ခုတွင် ကူဖော်လောင်ဖက်တစ်ယောက်မှမရှိပဲ အလုပ်လုပ်သည့်အခါ တစ်ကိုယ်တော်လွတ်လွတ်လပ်လပ်လုပ်ပါ။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ပိုပြီး ပျော်ရွှင်ရပါလိမ့်မည်။ တတိယအချက်

အနေဖြင့် တစ်သီးတစ်ခြားနေခြင်းက တခြားသူများ၊ တခြားအစုအဖွဲ့များ၊ အရေးမပါသည့်ပြိုင်ဘက်များနှင့် ယှဉ်ထိုးစဉ်းစားမိပြီး မနာလိုမှု ကျိန်စာမှ ကင်းဝေးပါလိမ့်မည်။ ခုအချိန်ထိ သင်တစ်ကိုယ်တော် ကျဲလာခဲ့ပြီးဖြစ်သည်။ တစ်ကိုယ်တော်လုပ်ကိုင်ဆောင်ရွက်ပြီး ဦးဆောင်သူလုပ်ပါ။

(င) အုပ်စုများတစ်ခုနှင့် တစ်ခုခွဲခြားပါ – အုပ်စုများကို တစ်ခုနှင့် တစ်ခုအမှီအခိုကင်းစေရုံမျှမကပဲ တစ်ယောက်နှင့်တစ်ယောက် အဆက်အသွယ်မရှိအောင်လည်း လုပ်ထားရမည်။ သင့်ကျောင်းသားနှစ်ယောက်က ဤကိစ္စကို သိရှိသည်နှင့် တစ်ပြိုင်နက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပါ။

၃။ကလာပ်စည်း၏ထင်ရှားသည့်လက္ခဏာ*Characteristics of cell.*

လူသိထင်ရှားမရှိခြင်း – သင့်ကိုယ်သင် ကြော်ငြာမထိုးပါနဲ့။ " ကြာသပတေးညတိုင်း အင်္ဂလိပ်စာ သင်တန်းရှိသည် " ဆိုပြီး သင့်အခန်းတံခါးမှာ ကပ်ထားလိုက်ပါက ဘာဖြစ်လာမည်ဆိုသည်ကို သင်သိပါသည်။ သင့်အလုပ်ခွင်က တစ်ယောက်ယောက်ကို အပြင်မှာ ချိန်းတွေ့တော့မည်ဆိုလျှင် သင်လုပ်နေကျကြိုတင်သတိထားမှုမျိုးကိုပဲ သင်ပြန်အသုံးချပါ။

ဒုက္ခပေးမည့်သူများ ထိုးဖောက်ဝင်ရောက်မခံရအောင် လုံခြုံအေးချမ်းမှုရှိစေရေး – မိမိကို တော်တော်မိုက်မဲသည့်သူဟု သင်ကတွေးပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေကာမူ သင့်ကို ဒုက္ခပေးမည့် ငမိုက်သားတစ်ယောက်ယောက် ရုတ်တရက် ဘွားကနဲပေါ်လာပါက မည်သို့လုပ်မည်နည်း။ လူတိုင်း လူတိုင်းက တခြားသူများ၏ ကိုယ်ရေးကိုယ်တာ ကိစ္စများကို အနှံ့ခံနေကြသည်။ လူမြင်ကွင်းတွင် ရုပ်မပေါက်သည့်၊ ခပ်ကုပ်ကုပ်နေတတ်သည့် လူများစုမှာ ကလာပ်စည်းတစ်ခုလို အတော်ကလေး လုံခြုံမှုယူပြီး အင်္ဂလိပ်ဘာသာစကားကို လေ့လာသည့်အခါ အခြားသူများထက် ပိုပြီးကြိုးစားတတ်ကြပြီး၊ သူတို့၏ အမြင်ကို ရဲရဲဝံ့ဝံ့တင်ပြလာတတ်ကြပါသည်။ သင်လူပျို၊ အပျိုပေါက်တုန်းက ရည်းစားနှင့် ချိန်းလျှင် တခြားသူများက ဝေဖန်မခံရအောင် ဘယ်လိုလုပ်ခဲ့သနည်း။ ခုထိုနည်းအတိုင်း လုပ်ပါ။

(ဂ) အင်္ဂလိပ်စာကို နည်းလမ်းမဟုတ်ပဲ၊ ပန်းတိုင်အဖြစ်လေ့လာရန် တက်ကြွမှုရှိနေခြင်း – ကလာပ်စည်းတစ်ခုအနေဖြင့် ဘာကိုတိုက်ယူသလဲဟု ကွန်မြူနစ်စစ်စစ်တစ်ယောက်ကို မေးကြည့်ပါ။ သူတို့က ခိုင်မာသည့် အဖြေတစ်ခုကို အမြန်ပေးလိမ့်မည်။ သူတို့မှာ တက်ကြွမှုရှိနေသည်။ သူတို့တိုက်ယူရမည့်ပန်းတိုင်ကို သူတို့သိသည်။ ထိုပန်းတိုင်သို့ မည်သို့ရောက်အောင်သွားရမည်ကိုလည်း သိထားကြသည်။ တချို့ဆိုလျှင် နောက်တစ်ဆင့်မှာ ဘာဖြစ်လာမည်ကိုပင် သိထားကြပြီး မည်သို့လုပ်ရမည်ကို ပင်သိသည်။ သူတို့တွင် စိတ်ထွေပြားမှုမရှိ။ ထို့ကြောင့် သင်လည်း သူတို့လို ဖြစ်နေရမည်။ ပြန်သုံးသပ်ရမည်မှာ သင်သည် အင်္ဂလိပ်စာကို ပန်းတိုင်တစ်ခုအနေဖြင့် လေ့လာနေခြင်းဖြစ်ပြီး ပန်းတိုင်သို့သွားမည့် နည်းလမ်းအနေဖြင့် လေ့လာနေခြင်းမဟုတ်ဆိုသည့် အချက်ပင်။ ထိုအချက်ကို သင့်ဘဝတစ်လျှောက် စိတ်ဝင်စားသည့်၊ သင့်အတွက်အသုံးတည့်မည့် နယ်ပယ်တိုင်းတွင် လက်တွေ့အသုံးချကြည့်ပါ။ ( ဤသို့ပြောလိုက်သဖြင့် မိမိမှာ ရှေ့နောက်မညီဖြစ်သွားသည်ကို သိလိုက်ပါသည်။ သို့ရာတွင် ဤသည်မှာ မိမိ၏ အတွေးအခေါ်ပင်ဖြစ်သည်) သင့်အတွက် သင့်တော်မည့် ဖြစ်အောင်လုပ်မည်ဟု ခံယူချက်တစ်ခုကို ထားရှိပါ။ အခြေခံအချက်မှာ သင်အင်မတန် တက်ကြွမှုရှိနေရန်လိုအပ်ပြီး အာရုံထွေပြားမှုမရှိရန်ပင်ဖြစ်သည်။

(ဃ)အကောင်းဆုံးဖြစ်အောင် ဖောက်ချလုပ်ကိုင်မှု – ကလာပ်စည်းတစ်ခုတွင် သင်နှင့် အခြားတစ်ယောက်သာရှိနေသည်။ အခန်း ၃ တွင် တင်ပြထားသည့် အခက်အခဲများအားလုံးကိုလည်း ကျော်လွှားပြီးပြီ။ ထိုအခြေအနေတွင် သင်အကောင်းဆုံးဖြစ်အောင်လုပ်ပေတော့။ သင်နှင့် သင့်ကို လက်တွဲဆောင်ရွက်သူ တို့နှစ်ဦးစလုံးသည် အင်္ဂလိပ်ဘာသာစကားလေ့လာမှုကို သေရေးရှင်ရေးလို အလေးထားပြီးလုပ်ဖို့လိုသည်။ ယခုအချိန်လောက် သင့်ကိုယ်သင် တိုးတက် အောင်လုပ်ဆောင်ဖို့ အခွင့်အလမ်းကောင်း မည်သည့်အခါမှ မရနိုင်။ သင့်အနေဖြင့် အကောင်းဆုံးဖြစ်အောင် ဖောက်ချလုပ်ကိုင်ခြင်းမရှိပါက သင့်မှာ ကလာပ်စည်းမရှိပဲ၊ ဝါသနာတူသူများစုသည့် ကလပ်သာဖြစ်ပေလိမ့်မည်။

(င) ပင်ကိုယ်စွမ်းရည်အတွက် ဖောက်ချလုပ်ခြင်း ( ဆက်ဆံရေးအရ သို့မဟုတ် ကိုယ်ကျိုးစီးပွားအရ) – ဤကိစ္စမှာ ခက်ပါသည်။ ဒါပေမယ့် မရရအောင် လုပ်ကြည့်ရမည်။ သင့်မိတ်ဆွေ၏ ဆယ်နှစ်သား ကလေးငယ်က မိတ်ဆွေဟူသော ဆက်ဆံရေးကြောင့် အင်္ဂလိပ်စာလေ့လာဖို့ အကူအညီမပေးပါလေနှင့်။ သင်သည် ကလာပ်စည်း၏ ပင်မအယူအဆကို ဖျက်ဆီးပစ်နေခြင်းဖြစ်သည်။ ( သင်သည် ကျောင်းဆင်းချိန်ဖွင့်သည့် မုန့်လက်ကောက်ဆိုင်မှာ မုန့်ရောင်းနေခြင်းမဟုတ်၊ တော်လှန်ရေးလုပ်နေခြင်းဖြစ်သည်ကို မမေ့ပါနှင့်။) သင့်အကျိုးစီးပွားအတွက် သင့်ကလာပ်စည်းအတွင်းမှ လူများကို ရွေးချယ်ပြီး လုပ်စေခြင်းမျိုးကို ရှောင်ပါ။ ( ဆိုလိုသည်မှာ သင့်အလုပ်ရှင်ထံက တစ်ခုခုပြန်ရနိုးဖြင့် အလုပ်ရှင်၏ သားတော်မောင်ကို စာသင်ပေးခြင်းမျိုး)။ အစောပိုင်း ကွန်မြူနစ်များက ထိုသို့သာလုပ်ခဲ့ကြပါက ယနေ့ခေတ်သစ်တရုတ်ပြည်ကို မြင်စရာလမ်းမမြင်ပါ။ ထိုသို့မလုပ်ပဲ တစ်စုံတစ်ယောက်၏ အင်္ဂလိပ်စာ ပင်ကိုအရည်အချင်းကို အားပေးအားမြှောက်ပြုဖို့၊ တိုးတက်လာစေဖို့ ကြိုးပမ်းပေးပါ။ ထိုသို့လုပ်ပေးရမည့်သူမျိုးမှာ သင်နေသည့်လမ်းထဲတွင် တံမြက်စည်းလှည်းသူ၏ သားဖြစ်ပါက ထိုကလေးအတွက် လုပ်ပေးပါ။

(စ) ကလာပ်စည်း၏ ဝါဒဖြန့်ချိရေးအတွက် ဖောက်ချလုပ်ခြင်း – ဤသည်မှာ ကျောင်းသားနှစ်ဦးသင့်တွင် ထားထားခြင်း၏ အကြောင်းရင်းဖြစ်ပါသည်။ အားလုံးပြောဆိုလုပ်ကိုင်ပြီးသောအခါ သင်ကိုယ်ပွားနှစ်ခုရသွားနိုင်ပါသည်။ ကလာပ်စည်းအတွင်းသို့ ဝင်လာသည့်သူတိုင်းသည် တခြားသူများကို ကူညီပြီးရလာသည့် ကောင်းကျိုးကို ပြန်လည်ပေးအပ်ရန် လိုလားမှုရှိရပါမည်။ နေ့လည်စာ အလကားစားရအောင်ဆိုပြီးလာသည့်သူတစ်ယောက်ကိုတော့ ကလာပ်စည်းဝင်တစ်ယောက်အဖြစ် မရွေးချယ်မိပါစေနှင့်။ ထို့ကြောင့် ကလာပ်စည်းအတွင်း ဝင်မည့်သူများကို ၎င်းတို့၏ အင်္ဂလိပ်စာလေ့လာလိုသည့် ဆန္ဒတစ်ခုတည်းကိုသာ မကြည့်ပဲ၊ အသိပညာမျှဝေလိုသည့် ဆန္ဒကိုပါ တန်ဖိုးဖြတ်ကြည့်ပါ။

(ဆ) ကလာပ်စည်းတွင် ပါမည့်သူများကို သေချာစိစစ်ခြင်း – ကွန်မြူနစ်တော်လှန်ရေးတွင် ကလာပ်စည်းအဖွဲ့ဝင်ဖြစ်လာမည့်သူများကို ရန်သူဘက်က သူလျှိုများဟုတ်မဟုတ်သိရန် သေချာစိစစ်လေ့ရှိသည်။ ဤသည်မှာ သင့်ပြဿနာမဟုတ်ပါ။ သင့်အနေဖြင့် လမ်းဆုံးနေသည့် ဆက်ဆံရေးမျိုးကို ထူထောင်လိုလိမ့်မည်မဟုတ်ပါ။ သင်နှင့်လက်တွဲမည့်သူများအတွက် အချိန်နာရီပေါင်းများစွာ မြှုပ်နှံရမည်ဖြစ်သဖြင့် အလုပ်ကိစ္စအားလုံးကို သင့်အနေဖြင့် အချည်းနှီးအဖြစ်ခံနိုင်မည်မဟုတ်ပါ။ သင့်ကို ဘာလုပ်ရမည်ဟူ၍ နောက်ကွယ်က ညွှန်ကြားမည့် ကော်မတီအဖွဲ့တစ်ဖွဲ့မျှ ရှိမနေသဖြင့် ဤဆုံးဖြတ်ချက်ကို သင်ကိုယ်တိုင်ဆုံးဖြတ်ပါ။

(ဇ)ကလာပ်စည်းအဖွဲ့ဝင်ဖြစ်လာမည့်သူများကို စုဆောင်းခြင်း – သူလျှိုများ၊ ဘတ်စကတ်ဘောကြယ်ပွင့်များ၊ အလုပ်ပြမော်ဒယ်များလိုပင် လူသစ်စုဆောင်း ရွေးချယ်ပါ။ သင်သည် သင့်ကလာပ်စည်းအတွက် ပင်ကိုယ်အရည်အချင်းရှိသည့် ကင်းထောက်ပင်ဖြစ်ပါသည်။ အင်္ဂလိပ်စာနှင့် ပတ်သက်သည့် အကူအညီ ပေးဖို့ သင့်တံခါးကို လူ့အဖွဲ့အစည်းက တဝုန်းဝုန်းလာထုမနေတော့ပါ။ တကယ်တမ်းတွင် အင်္ဂလိပ်စာလေ့လာမည့် သင့်ကလာပ်စည်းနှင့် ချိတ်ဆက်မည့်သူ ကို ရှာဖွေ၊ မေးမြန်း၊ စောင့်စားနေသူများ လူ့အဖွဲ့အစည်းအတွင်း ရောက်နေသည့် သင်ကိုယ်တိုင်ပင်ဖြစ်ပါတော့သည်။

သင်သည် အတ္တလန္တိတ် သမုဒ္ဒရာထဲ တွင် ငါးရလိုရငြား နင်းမှုန်ထဲတွင် ဖြတ်ပျံသန်းရင်း အစာရှာနေသည့် ဇင်ယော်ငှက်တစ်ကောင်လိုပင် ဖြစ်ပါသည်။ လူ့အဖွဲ့အစည်းအတွင်း တစ်နေရာရာ၌ သင် ရှာဖွေနေသည့် သူတစ်ယောက်ယောက်ရှိနေပါသည်။

ဘဝက ထိုသူတို့ကို သင့်ထံဆောင်ကျဉ်းလာပါလိမ့်မည်။ ထိုသူတို့ကို သင်က ဇန်ကာတိုက်၊ တန်ဖိုးဖြတ်ပြီး၊ ရွေးချယ်ရပါမည်။ ကန့်သတ်ထားသည့် အဖိုးတန်အရည်အချင်းတစ်ရပ်အတွက် အခြားသူများနှင့် ပြိုင်ဆိုင်နေရခြင်းမဟုတ်ပါ။ သင်တစ်ကိုယ်တော်ကျဲရပါမည်။ သင်နှင့် လက်တွဲလုပ်ဆောင်မည့် တော်လှန်ရေးရဲဘော်တစ်ယောက်ကို သင်ရှာဖွေနေခြင်းဖြစ်သည်။ ထို့ကြောင့် အခြားသူများထံမှ လွှဲပြောင်းပေးလိုက်သည့်အရာများမှာ မည်မျှပင် စိတ်ကောင်းထားရှိသည်ဆိုသော်ငြား လက်ခံရန်မသင့်ပါ။ လက်ပြောင်းလက်လွှဲလုပ်လိုက်သည့်ကိစ္စမှာ သစ္စာဖောက်မှုများပါမပါ၊ မည်မျှ သန့်ရှင်းစင်ကြယ်မှုရှိသနည်းဆိုသည်ကို သင်သေချာမသိနိုင်ပါ။ ( တခြားသူတစ်ယောက်နှင့် ဆက်ဆံရေးထူထောင်လိုသဖြင့် မိမိကို အသုံးချသွားသော ကျောင်းသားဟောင်းများကို မိမိတစ်ကြိမ်မကတွေ့ကြုံဖူးပါသည်။) ထိုအတွေ့အကြုံပေါ်အခြေခံပြီး ဆက်ဆံရေး၏ ဆွဲဆောင်မှုက တည်ကြည်မှု၊ ဂုဏ်သိက္ခာနှောင်ကြိုးများထက်ပင် ခိုင်မြဲတတ်ပါသည်။ သင့်ကလာပ်စည်းနှင့်၊ ကလာပ်စည်းဖြင့် သင့်အခက်အခဲကို ဖြေရှင်းနိုင်မည့် ထိရောက်မှုကို သင်အဆုံးရှုံးခံနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် တစ်ကိုယ်တည်းအပြင်သို့ထွက်ပြီး လူသစ်စုဆောင်းပါ။

(ဈ)ကလာပ်စည်းဝင်များမှာ ယုံကြည်ကိုးစားထိုက်ခြင်း – ပြောစရာလိုသည့် ကိစ္စတော့ မဟုတ်ပါ။ သင်၏အင်္ဂလိပ်စာလေ့လာမှု ကလာပ်စည်းတွင်ပါဝင်သော လူတစ်ဦးသည် သင့်ခန္ဓာကိုယ်၏ ကိုယ်လက်အင်္ဂါတစ်ခုလိုပင်ဖြစ်သည်။ သင့်အိမ်ရာသို့လည်း လာရောက်ရန် အလားအလာအရှိဆုံးဖြစ်သည်။ သင့်ဘဝထဲသို့လည်း သူတို့ ဝင်လာလိမ့်မည်။ ယုံကြည်ကိုးစားထိုက်သူများဟုတ်ပါသလား။ ရန်ကုန်ကဲ့သို့သော ခေတ်မီမြို့ပြနေရာများတွင် ဤကိစ္စမှာ ပြဿနာမဟုတ်သော်ငြား၊ ခေတ်နောက်ကျကျန်ရစ်သော မြန်မာနိုင်ငံရှိအချို့နေရာဒေသများတွင်တော့ သင့်လက်တွဲဖော် ကလာပ်စည်းကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးကို ခံစားရပါက သင့်အကြောင်းကို ရွာနီးချုပ်စပ်တွင် လိုက်ဖြန့်ခံရပြီး သင့်ကို ဒုက္ခပေးမည့်သူများ အလုံးအရင်းနှင့် ရောက်လာပါလိမ့်မည်။ ဒီလိုမျိုး သင်အဖြစ်မခံနိုင်ပါ။ ထို့ကြောင့် သင်စုဆောင်းလိုက်သော လူမှာ ယုံကြည်ကိုးစားထိုက်သူဖြစ်ဖို့ လိုပါသည်။

(ည) ကလာပ်စည်းဝင်မည့်သူများကို စမ်းသပ်ခြင်း – အင်္ဂလိပ်ဘာသာစကားကို စလေ့လာပြီဆိုသည်နှင့် သင်ကြုံကြုံခံရမည့် အခက်အခဲများနှင့် စမ်းသပ်မှုများကို သင်ထိထားပြီးဖြစ်သည်။ ခုသင်မေးရမည်မှာ သင့်ကလာပ်စည်းအတွင်းဝင်လာမည့်သူမှာ မည်မျှ ဒုက္ခဆင်းရဲခံနိုင်သနည်းဆိုသည့် မေးခွန်းဖြစ်သည်။ ၎င်းတို့ကိုယ်တိုင် “ ခရီးရှည်ချီတက်ပွဲ ” ကို ကြုံဖူးပါသလား၊ အောင်မြင်အောင်ချီတက်ဖူးပါသလား။ ဒါမှမဟုတ် ထိုသို့ကြုံဖူးသည့်ဂိုက်ဖမ်းထားသူများလား။ သင့်ကလာပ်စည်းအတွင်းဝင်လာမည့်သူကို ဆင်းရဲဒုက္ခ စမ်းသပ်မှုမှာရော၊ စိတ်ဓာတ်လှုံ့ဆော်မှု စမ်းသပ်မှုမှာပါ စမ်းသပ်ပြီး သင်နှင့်အတူ သစ္စာရှိရှိ၊ ဆုံးခန်းတိုင်သည့်တိုင် အင်္ဂလိပ်စာကို လေ့လာမည့်သူဟုတ်မဟုတ် သင်သိအောင် လုပ်ပြီးပြီလား။

(ဋ) အချိန်မှန် အချိန်ကိုက်လုပ်ဆောင်ခြင်း – သင်နှင့် သင့်ကလာပ်စည်းဝင်များတွေ့ဆုံသည့်အခါ အချိန်မှန် ပုံမှန်ဖြစ်ပါစေ။ အကောင်းဆုံးကတော့ စည်းကမ်းတကျ နေ့စဉ်ပုံမှန် လေ့လာခြင်းက အကောင်းဆုံးဖြစ်ပါသည်။ ဤအချက်သည်ပင် ရှောင်လင်ဘုန်းကြီးကျောင်းမှ ဘုန်းကြီးများ ကိုယ်ခံပညာတွင် ထူးချွန်ကြသည့် အကြောင်းရင်းခံဖြစ်ပါသည်။ လူများစုမှာ ထိုကဲ့သို့သော လုပ်ငန်းစဉ်မျိုးကို မလိုက်နာနိုင်ကြပါ။ နေ့စဉ်ဖြစ်စေ၊ အပတ်စဉ်ဖြစ်စေ လေ့လာမှုပြုလုပ်ရာတွင် အချိန်ကို တသမတ်တည်းရှိပါစေ။

(ဌ) အောင်မြင်သည်အထိ ဇွဲဖြင့် ကြိုးစားခြင်း – သင့်ပန်းတိုင်များ ပြတ်သားပါစေ၊ လက်ဆုပ်လက်ကိုင်ပြနိုင်သော စီမံကိန်းများလုပ်ပါ။ ထိုစီမံကိန်းများကို အောင်မြင်သည်အထိ ဆောင်ရွက်ပါ။ အချို့သော ပြဿနာများမှာ ဖြေရှင်းပြီးသွားသည်အထိ ကြိုးပမ်းအားထုတ်မှု အများကြီးလိုပါသည်။ အချို့သော ပြဿနာများမှာ လွယ်လွယ်နှင့် ဖြေရှင်းနိုင်သည်။ ဖြေရှင်းမရသည့် ပြဿနာများကိုမူ ဘေးချိတ်ထားပြီး လွယ်ကူသော စိန်ခေါ်မှုများကို ပြောင်းလဲဖြေရှင်းပါ။ သင်လိုချင်သော ရလဒ်ရသည်အထိ အင်တိုက်အားတိုက်ဆောင်ရွက်ပါ။ သင်နှင့် သင့်ကလာပ်စည်းဝင်တို့နှစ်ဦးစလုံး ဤသို့သော စိတ်ဓာတ်တက်ကြွမှုရှိနေပါက အမှန်ပင် အထောက်အကူပြုပါသည်။

(ဍ) ကျောင်းသားအလိုရှိသည့် ကျွမ်းကျင်မှုရသည်အထိ အလုံးစုံကြိုးပမ်းမှု – ယင်အန်းမြို့ကို ခရီးရှည်ချီတက်သိမ်းပိုက်မှုဟာ သီတင်းပတ်ကုန် လမ်းလျှောက်ထွက်တာမျိုးလောက်နဲ့ ဖြစ်လာခဲ့တာမဟုတ်ကြောင်း မိမိတို့အားလုံးသိပါသည်။ တကယ်တမ်းတော့ ယင်းချီတက်သိမ်းပိုက်မှုမှာ အထိခိုက်အကျအဆုံး များလှပါသည်။ ထိုနည်းတူပင် သင့်ကျောင်းသားနှစ်ဦးကိုယ်စား သင့်အနေဖြင့် အစွမ်းကုန်ကြိုးစားဖို့ လိုပါသည်။ ၎င်းတို့ကို ရှေ့ဆက်သွားမည့် ခရီးလမ်းတွင် အကူအညီပေးရင်း အစွမ်းကုန်ကြိုးစားရမည်ဖြစ်ပါသည်။ ဟာ မဖြစ်နိုင်တာပဲ၊ ဒါဆို သူတို့နှစ်ယောက်ကို အမေရိကားမှာ ကျောင်းသွားတက်ဖို့၊ တိုဖဲလ်စာမေးပွဲအောင်ဖို့ အကူ အညီပေးရမှာလားဟု သင်မေးပါလိမ့်မည်။ ဒါပန်းတိုင်မဟုတ်ပါ။ အင်္ဂလိပ်ဘာသာစကားသည် ပန်းတိုင်သို့ သွားရာလမ်းတစ်ခုမဟုတ်ပါ။ အင်္ဂလိပ်ဘာသာစကားသည်ပင် ပန်းတိုင်ဖြစ်ပါသည်။ ၎င်းတို့တွင် ကိုယ်ပိုင်တာဝန်ယူမှုများရှိနေကြပါသည်။ ဤနေရာတွင် ချာချီ၏ စစ်အတွင်းက မိန့်ခွန်းမှာ အသုံးတည့်ဆုံးဖြစ်လိမ့်မည်။ ထိုမိန့်ခွန်းတွင် “ ပန်းတိုင်က ဘာလဲ။ ပန်းတိုင်က စစ်နိုင်ဖို့ပဲ။ ” ဟု ချာချီက ပြောခဲ့သည်။ ကလာပ်စည်းတစ်ခု၏ အလုပ်မှာ ဆက်ဆံရေးထူထောင်ဖို့မဟုတ်ပါ။ ရလဒ်ထွက်ပေါ်လာဖို့၊ ဖင့်နှေးနေခြင်းနှင့် ဘာသာစကားဆိုင်ရာ အတားအဆီးများကို အောင်နိုင်ရေး၊ သင့်ကျောင်းသားများ လိုလားနေသည့် ဘာသာစကားကျွမ်းကျင်တတ်မြောက်မှုဖြစ်သည်။

အင်္ဂလိပ်ဘာသာစကားကို လေ့လာခြင်းသည် တဖြည်းဖြည်းလောင်ကျွမ်းမည့် တော်လှန်ရေးကို ဖောက်ချလုပ်ကိုင်ခြင်းဖြစ်သည်။ ထိုကဲ့သို့သော တော်လှန်ရေးမျိုးမှာ သင့်ကိုယ်သင် နှစ်ကိုယ်ခွဲနိုင်သည့် အခြားသူနှစ်ဦးသင့်ထံတွင်ရှိနေမှသာ ပြီးမြောက်အောင်မြင်ပါလိမ့်မည်။ ထိုသူနှစ်ဦးကလည်း နောက်ထပ်ကိုယ်ပွားနှစ်ဦးစီကို ထပ်ပေါ်လာအောင်လုပ်နိုင်သည့် သူများဖြစ်ပါသည်။ ထိုနည်းအားဖြင့် တစ်ယောက်က နှစ်ယောက်ရလာ၊ နှစ်ယောက်က လေးယောက်ရလာ၊ နောက် ရှစ်ယောက်ဖြစ်လာ၊ နောက် တစ်ဆယ့်ခြောက်ယောက် စသည်ဖြင့် တိုးပွားလာပါလိမ့်မည်။ သင့်တပည့်နှစ်ယောက်မှာ ကောလိပ်ကျောင်းသားများဖြစ်စေ၊ စည်ပင် အမှိုက်သိမ်းသူများဖြစ်စေ မည်သူမည်ဝါက အရေးမကြီးပါ။ သူတို့မှာ ခရီးရှည်ချီတက်ပွဲအတွက် သင့်လျော်သည့်သူများဖြစ်ဖို့သာ သေချာအောင်လုပ်ပါ။ သင့်တွင် သင့်ကို စောင့်ရှောက်ပေးနေသည့် ဆရာရင်းရှိသည်ကို မမေ့ပါနှင့်။

(ဎ) ဘဝတစ်သက်တာ၊ သို့မဟုတ် လပိုင်းအကြာ ရေရှည်ဆက်ဆံရေး – သင့်အတန်းခဏပိတ်ထားသည့် ကျောင်းပိတ်ရက်နောက်ပိုင်းတွင် သင့်တပည့်များနှင့် အချိန်ကြာမြင့်သည်အထိ အဆက်အသွယ်မပြတ်အောင်လုပ်နိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။ ထိုအဆက်အသွယ်ကို လေ့လာသင်ယူမှု၊ တိုင်ပင်ဆွေးနွေးမှု၊ သို့မဟုတ် သင်နှင့် သင့်တပည့်တို့ အတူတူလုပ်ဆောင်နိုင်သည့် အခြားဖန်တီးမှုရှိသော နည်းလမ်းတစ်ခုခုအတွက် အသုံးချနိုင်ပါသည်။ မိမိပေးသည့် အကြံကို စောင့်မနေပါနှင့်။ အင်္ဂလိပ်စာပြဆရာတစ်ယောက်အနေနှင့် ပီတိအဖြစ်မိဆုံးကိစ္စမှာ မိမိတွင် ဟိုးအရင်ကတည်းက တပည့်ဟောင်းများနှင့် အဆက်အသွယ်ရှိနေသေးခြင်းဖြစ်ပါသည်။ ထိုသို့အဆက်အသွယ်မရှိပါက မိမိလွင်တီးခေါင် ကန္တာရတွင်နေနေရသည်နှင့် တူပါလိမ့်မည်။ ထိုအဆက်အ

သွယ်များသည်သာ ခရီးလမ်းပမ်းတစ်လျှောက် ပျော်ရွှင်မှုအင်အားအကြီးဆုံးဖြစ်စေသည့်အရာများဖြစ်ပါသည်။ ထိုအဆင့်တွင် အရာအားလုံးပေါင်းဆုံလာခြင်းဖြစ်ပါသည်။ ထိုအချက်ကြောင့်ပင် မိမိ၏ ကျောင်းသားဟောင်းများကို ပြင်ပမှ လွှမ်းမိုးမခံရအောင် ထိန်းထားဖို့၊ ကာကွယ်ထားဖို့ အင်မတန်အရေးကြီးခြင်းဖြစ်ပါသည်။ သင့်တပည့်ဟောင်းများနှင့် လာရှုပ်သည့် မည်သူမဆို အင်မတန်အန္တရာယ်ကြီးပါသည်။ သူတို့မှာ သင့်ကို ဒုက္ခလှလှပေးမည့်သူများအားလုံးကို မွေးဖွားပေးသူများဖြစ်သည်။ အချက်နှစ်ချက်ကို တင်ပြလိုပါသည်။ ပထမအချက်မှာ တပည့်ဟောင်းများသည် ရင်းနှီးမြုပ်နှံမှုဘဏ်တစ်ခုမှ စတော့ရှယ်ယာများနှင့်တူပါသည်။ တချို့တပည့်ဟောင်းများက စွမ်းဆောင်ရည်ကောင်းကြသည်။ တချို့က မကောင်းကြ။ တချို့က အစပိုင်း ကျေးဇူးသိတတ်ကြပြီး နောက်တော့ လျစ်လျူရှုသွားတတ်ကြသည်။ တချို့က အစပိုင်းမှာ လျစ်လျူရှုတတ်ကြပြီး နောက်တော့ ကျေးဇူးသိလာကြသည်။ အချိန်ကြာလာသည်နှင့်အမျှ ၎င်းတို့၏ သင့်အပေါ်ထားရှိသော သဘောထားများမှာ ပြောင်းလဲလာတတ်ပါသည်။ သည်းခံနိုင်သော တည်ငြိမ်မှုမရှိခြင်းဖြစ်သည် ဤပုံစံမျိုးကို စိတ်မပူပါနှင့်။ ဆရာတစ်ယောက်ဘဝတွင် ပုံမှန်ရှိနေတတ်သည့် အစိတ်အပိုင်းဖြစ်ပါသည်။ အဆိုးမြင်စရာဖြစ်နေသမျှကာလပတ်လုံး စိတ်မပူပါနှင့်။ ကာလရှည်ကြာလာလျှင်တော့ စိတ်ပူရပါတော့မည်။ သင့်အနေဖြင့် ကိုးကွယ်ယုံကြည်မှုတစ်ရပ်ကိုလုပ်နေခြင်းမဟုတ်ပဲ အင်္ဂလိပ်ဘာသာစကားလေ့လာမှုအတွက် ကလာပ်စည်းတစ်ခုကို လုပ်ဆောင်နေခြင်းသာဖြစ်ပါသည်။ တပည့်ဟောင်းမှာ ဆက်ဆံရခက်ခဲသူမျိုးဖြစ်နေသည့်အခါ တခြားတပည့်ဟောင်းတစ်ယောက်ကိုရှာပြီး တိုင်ပင်သည့် အလုပ်ကိုလုပ်သည်။ တခြားနည်းလမ်းရှာသည်။ တစ်ယောက်နှင့်အဆင်မပြေလျှင် နောက်တစ်ယောက်ပြောင်းကြည့်သည်။ ရေရှည်တွင် ဆက်ဆံရခက်ခဲသည့်ကျောင်းသားကိုယ့်ဆီ ပြန်လည်လာတတ်သည်။

ဒုတိယအချက်မှာ မိမိသည် တပည့်တပန်းပေါသည့် နိုင်ငံခြားသား အင်္ဂလိပ်စာပြဆရာဖြစ်သည်။ ထို့ကြောင့်လားတော့မသိပါ။ မိမိသည် ကိုယ်လိုချင်သည့်အရာကို ရွေးနိုင်သည်။ ဈေးကွက်၏ နိမ့်မြင့်တက်ကျသဘောကိုလည်း ခံနိုင်ရည်ရှိပါသည်။ သင့်ထံတွင်တော့ တပည့်က နှစ်ယောက်တည်း။ ထို့ကြောင့် စွန့်စားမှုအတွက် သင်၏ သည်းညည်းခံနိုင်စွမ်းမှာ အလွန့် အလွန်ပင် မြင့်မားပါသည်။ ထို့ကြောင့် သင့်တပည့်နှစ်ယောက်ကို မြေတောင်မြှောက်ပေးဖို့၊ သင်ကြားပေးဖို့ သင်အင်မတန် ဂရုတစိုက်ဖြင့် ရွေးချယ်ရပါလိမ့်မည်။

(ဏ) အသုံးစရိတ်မလောက်ငှခြင်း – သင့်တပည့်များအတွက် သင့်ကိုယ်သင် ဘဏ္ဍာရေးအရ ချွတ်ခြုံကျအောင် လုပ်ပစ်စရာမလိုပါ။ သင့်ကျောင်းသားနှစ်ယောက်အတွက် ငွေကို ပုံအောသုံးမည်ဆိုပါက သူတို့နှစ်ဦးက စိတ်ပိုင်းဆိုင်ရာ၊ ခံစားချက်ပိုင်းဆိုင်ရာ၊ စိတ်ဓာတ်တက်ကြွမှုပိုင်းဆိုင်ရာစသည်ဖြင့် အဘက်ဘက်က သင့်အပေါ်မှီခိုလာပါလိမ့်မည်။ လေ့လာသင်ကြားမှုတွင်ဖြစ်ပေါ်လာတတ်သည့် ကူကယ်ရာမဲ့မှုကို အားပေးအားမြှောက်ပြုစရာမလိုပါ။ တော်လှန်ရေး၏ ရည်ရွယ်ချက်မှာ အင်္ဂလိပ်ဘာသာစကားကို နိုင်ငံခြားသားဆရာမရှိပဲ ကိုယ်တိုင် စဉ်ဆက်မပြတ်လေ့လာမှု ကြိုးဝိုင်းထဲတွင် ထိုသို့သော မှီခိုအားထားမှုများကို ဖျက်ပစ်ဖို့ဖြစ်ပါသည်။ တခြားအကြောင်းတစ်ခုကတော့ ငွေကိုအားပြုပြီး တပည့်များကို အားပေးအားမြှောက်ပြုသည်ဆိုပါက သိမ်မွေ့ပြီးမသိသာသော ဖြစ်ပေါ်ပြောင်းလဲမှုတစ်ခုပေါ်ထွက်လာပါလိမ့်မည်။ ထိုအရာသည်ကား သင့်တပည့်များ ရေပေါ်ဆီလူတန်းစားဖြစ်လာခြင်းပင်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ငွေရှိသည့်လူတန်းစားများသာ ပါဝင်ပက်သက်လာမည့် ပါဝင်ပတ်သက်နိုင်သည့် အခြေအနေဖြစ်လာခြင်းဖြစ်ပါသည်။ ငွေကိုအားပြုနေသော သင့်တပည့်များက ဂုဏ်ယူလွန်းလို့၊ ဒါမှမဟုတ် စိတ်အနောက်အယှက်ဖြစ်ရလွန်းလို့ဆိုပြီး ငွေမတတ်နိုင်သောလူများ ပါဝင် ခွင့်ပိတ်ပင်လိုက်သလိုဖြစ်သွားပါလိမ့်မည်။ ကလာပ်စည်းတစ်ခုအတွင်းမှာ အင်္ဂလိပ်ဘာသာစကား တော်လှန်ရေးသည် ငွေတတ်နိုင်သူများအတွက်သာမဟုတ်ပဲ လူတိုင်းအတွက်ဖြစ်ရပါမည်။ ထို့ကြောင့် ဖန်တီးမှုပိုင်းတွင် ကြွယ်ဝချမ်းသာအောင် လေ့လာပါ။ စာအုပ်စာတမ်းပိုင်းအနေဖြင့် အနည်းအကျဉ်း ပေးကမ်းပါ။ တပည့်များ အတိုင်းအတာတစ်ခုထိ ကိုယ့်အားကိုယ်ကိုး တတ်အောင် တိုက်တွန်းပါ။ ကိုယ့်ဘာသာကျေနပ်အားရနေသော နယ်မြေထဲက စွန့်စားထွက်ခွာပြီး အလာအလာရှိရှိ၊ ပင်ကိုယ်အရည်အချင်းရှိရှိလူများ – အလုပ်သမား၊ သန့်ရှင်းရေး၊ အတည်တကျမရှိသော လူတွေထဲမှ ကလေးတစ်ယောက်ယောက်နှင့် လက်တွဲလုပ်ကိုင်ဖို့ မကြောက်ပါနှင့်။ ဖန်တီးတီထွင်မှုရှိသည့် နည်းလမ်းအမျိုးမျိုးမှာ အဆုံးမရှိသလောက်ပင်ဖြစ်ပါသည်။

(န) ပြန်ခြင်းမခတ်ခြင်း – သင့်ကို ထားခဲ့မည့်၊ သင့်ကျောင်းသားနှစ်ယောက်ကို မြေတောင်မြှောက်ပေးဖို့သင်လုပ်လိမ့်မည်မဟုတ်ပါ။ ကံသေကံမမပြောနိုင်သော်လည်း သင့်ကိုယ်သင်လည်း တခြားသူတစ်ယောက်၏ တပည့်အဖြစ် စာရင်းသွင်းခံချင်မှ ခံချင်ပါလိမ့်မည်။ တစ်ခြားသူတစ်ယောက်နှင့် ညီတူညီမျှဖြစ်သော ဆက်ဆံရေးတစ်ရပ်ထူထောင်လို့ရချင်မှ ရနိုင်ပါလိမ့်မည်။ ရခဲ့ပါကလည်း မည်သို့မည်ပုံ အကောင်အထည်ဖော်ရမည်ကို သင်မသိပါ။ ဘာမှပြန်ခြင်းမခတ်ပါ။ ဘာဆို ဘာမှပြန်မရ။ ဤအချက်မှာ ဖွဲ့စည်းပုံအရ မဖြစ်နိုင်သလို၊ ကိုယ်ကျင့်တရားအရလည်း လက်ခံနိုင်စရာမဟုတ်ဟု မိမိထင်ပါသည်။ ဒါဆိုဘာကြောင့် လုပ်သနည်း။ ဘာကြောင့် စိတ်အနောက်အယှက်ဖြစ်ခံနေသနည်း။

ပထမဆုံးအချက်အနေဖြင့် ယင်အန်းချီတက်ပွဲတွင် ပါဝင်သော သူရဲကောင်းများကို စဉ်းစားကြည့်ပါ။ သူတို့ထဲကအများစုမှာ ၁၉၅၀ ပြည့်နှစ်များတွင် အသက်အရွယ်အရသေဆုံးသွားကြသလို၊ တချို့ကလည်း စစ်အတွင်းမှာ သေသွားကြသည်။ သို့ရာတွင် သူတို့ချန်ထားရစ်ခဲ့သော အသီးအပွင့်များကို မိမိတို့က ပျော်ရွှင်စွာခံစား စံစားနေကြသည်။ သူတို့က မည်သို့သော ပြန်လည်ပေးဆပ်မှုမျိုးမှ မတောင်းခံခဲ့ကြပါ။ လီဖန်း၊ လော်ဟူလန်းစသူတို့မှာ အရူးများမဟုတ်ကြပါ။ သို့ရာတွင် သူတို့၏ ပေးဆပ်မှုများကို ယခုမိမိတို့ အကျိုးခံစားနေခြင်းဖြစ်ပါသည်။ ဒုတိယအချက်မှာ ပြန်ရချက်မရှိသော ပတ်ဝန်းကျင်မျိုးတွင် မိမိတို့လုပ်ကိုင်ဆောင်ရွက်သည်ဆိုပါက ရွေးစရာလမ်းနှင့် အခွင့်အလမ်းများမှာ သေးငယ်မသွားသလို၊ သင့်ကိုလည်း ဘောင်မခတ်ပစ်ပါ။ တကယ်တော့ ထိုသို့သော ပတ်ဝန်းကျင်မျိုးမှာ အင်မတန်ကျယ်ပြန့်လာနိုင်ပါသည်။ အကန့်အသတ်မရှိကျယ်ပြန့်လာနိုင်ပါသည်။ ဤကမ္ဘာပေါ်တွင် အလုပ်အကိုင်မရှိ၊ အလုပ်လက်မဲ့ဟူ၍ မရှိပါ။

တတိယအချက်မှာ ကိုယ်ကြင်မှသူကြင်ဟူသည့် အပြန်အလှန်အလုပ်အကျွေးပြုမှုမျိုး၏ ကျိန်စာသင့်ခံနေခြင်းဖြစ်သည်။ (သင်တွေးကြည့်ပြီး သိလာသည်ကို ဖန်တီးကြည့်ခြင်းအားဖြင့်) သင့်တပည့်များကို သင့်ဘက်က အရာရာပေးအပ်နိုင်ပါသည်။ တစ်ပြန်တစ်လှည့်အားဖြင့် သင့်တပည့်များက သူတို့၏ တပည့်များကိုလည်း သင်ကဲ့သို့ပင် အရာရာပေးအပ်နိုင်ပါလိမ့်မည်။ နောက်ဆုံးတွင်ဖြစ်ပေါ်လာရမည့်ရလဒ်မှာ အလုံးစုံ နှစ်မြှုပ်လုပ်ကိုင်မှု၊ အလုံးစုံသော ကလာပ်စည်းအမျိုးမျိုးပေါ်ပေါက်လာခြင်းနှင့် နိုင်ငံအနှံ့အပြားတွင် တစ်သက်တာ အင်္ဂလိပ်ဘာသာစကားကို အလုံးစုံပြန့်နှံ့သွားစေခြင်းပင်ပါသည်။ တကယ်တမ်းမှာ " ပေးကမ်းခြင်းတွင်သာ ပြန်လည်ရရှိခြင်းရှိသည် " ဆိုသည့်အတိုင်းပင်ဖြစ်သည်။ ဖော်ပြပါ အင်္ဂလိပ် ဘာသာစကား ကလာပ်စည်းများနှင့် သေးငယ်သောအတိုင်းအတာဖြင့် ယခင်က အသက်ပေးပြီးစွန့်စားခဲ့သော သူရဲကောင်းများလို ကျယ်ပြန့်သော အတိုင်းအတာထိ လုပ်ကိုင်ဆောင်ရွက်ကြပါစို့။

(ပ) ဘယ်နေရာရောက်ရောက် – စာအုပ်၏ သုံးပုံတစ်ပုံနေရာကိုရောက်သည်အထိ " စဉ်ဆက်မပြတ် " ဆိုသည့် စကားအဓိပ္ပါယ်ကို မည်သူမျှ မမေးပါ။ ဆိုရလျှင် ထိုစကားလုံးမှာ စာအုပ်ခေါင်းစဉ်တွင်ပါနေသည်။ ကောင်းပါပြီ။ ပထမဆုံးရှင်းပြရမည်မှာ မိမိတို့သည် ရွေ့လျား လူ့အဖွဲ့အစည်းအတွင်း နေနေကြသည်။ ဆဲလ်ဖုန်း များ၊ အင်တာနက်ဆက်သွယ်ရေး၊ နေထိုင်ခြင်း၏ ထိန်းကျောင်းမှုများ တဖြည်းဖြည်းတိုက်စားလာခြင်းနှင့် အခြားသော အချက်ပေါင်း

များစွာက လူ့အဖွဲ့အစည်း ကိုပြန်လည်ပုံဖော်နေကြသည်။ အချိန်ကြာလာသည်နှင့်အမျှ အလုပ်တစ်ခုမှ တစ်ခုသို့ လူတွေ ပြောင်းရွှေ့သွားကြလိမ့်မည်။ တစ်နည်းပြောရလျှင် မိမိတို့သည် အတည်တကျမရှိ သည့် လူ့အဖွဲ့အစည်း၏အစိတ်အပိုင်းဖြစ်လာပါလိမ့်မည်။

ဒုတိယအချက်ကိုတင်ပြရလျှင် သင့်တပည့်များ၊ သို့မဟုတ် သင် နေရာသစ်တစ်ခုသို့ ပြောင်းရွှေ့သွားသည့်အခါ ၎င်းတို့ကို သင်မည်သို့ စောင့်ရှောက်သနည်း။ သူတို့ကို သင်ပစ်ထားပြီး၊ သူတို့က သင့်ကိုဆက်သွယ်ဖို့ လမ်းစလိုက်ရှာလိမ့်မည်ဟု မျှော်လင့်ထား၍မရပါ။ တတိယအချက်အနေဖြင့် သင့်ကလာပ်စည်းများကို သင်ကပုံဖော်ထားခြင်းအားဖြင့် သင်တစ်နေရာတည်းတွင်နေနေပြီး၊ ကလာပ်စည်းများနှင့် တစ်မြို့တစ်ရွာတည်းရှိနေချိန်တွင် ထိရောက်အကျိုးရှိစေမည်ဖြစ်သည်။ ထိုသို့မဟုတ်ပဲ သင်ကတစ်နေရာရာသို့ မပြောင်းရွှေ့သော်လည်း ကလာပ်စည်းဝင်များက ပြောင်းရွှေ့သွားကြသဖြင့် သင်တို့တစ်ဦးနှင့် တစ်ဦး (နိုင်ငံအရပ်ရပ်ရှိ ဒေသအသီးသီးသို့ ဘယ်နေရာရောက်ရောက် )ကွဲကွာသွားကြသည့်အခါ ကလာပ်စည်းကို ပုံဖော်ထားခြင်းမှာ ထိရောက်အကျိုးရှိစေပါသည်။ သင်၏ကလာပ်စည်းသည် အင်မတန်ရွှေ့လျားပြောင်းလဲနေသော လူ့အဖွဲ့အစည်းနှင့် သဟဇာတဖြစ်ရပါလိမ့်မည်။ ဤအယူအဆကို မည်သို့အကောင်အထည်ဖော်ရမည်ကို နောက်ပိုင်းတွင် ထပ်ပြောပါဦးမည်။

(တ) ပျော်စရာ၊ ကျေနပ်စရာကောင်းခြင်း – နောက်ဆုံးပြောချင်သည့်အချက်မှာ ဝမ်းနည်းစရာ၊ စိတ်ဓာတ်ကျဆင်းစရာမဟုတ်ပါ။ ကျဆုံးသွားသည့် သင့်ခန္ဓာကိုယ်ပေါ်မှ အောင်မြင်မှု၊ အနိုင်ရရှိမှုလည်းမဟုတ်ပါ။ တော်လှန်ရေးအများစုမှာ ရန်သူကို မုန်းတီးမှု၊ သို့မဟုတ် အရေးတော်ပုံအတွက် ပေးဆပ်မှုတို့ကြောင့် အောင်မြင်ခဲ့ခြင်းဖြစ်သော်လည်း သင့်ကိုယ်သင် ကျေနပ်ပျော်ရွှင်မှုရှိရှိအောင်နေပါ။ ကျေနပ်ပျော်ရွှင်မှုရှိရှိနေခြင်းကြောင့် ဘဝ၏အခက်အခဲများကို ခုသာခံသာရှိပြီး၊ သင့်ကို လက်ရှိထက်ပိုတော်၊ ပိုတတ်သည့်ဆရာကောင်းတစ်ယောက်ဖြစ်လာစေလိမ့်မည်။ သင့်တပည့်များကိုလည်း ထိရောက်အကျိုးရှိစွာ လေ့လာမှုလုပ်နိုင်သည့် ဝန်းကျင်တစ်ခုဖန်တီးပေးပါလိမ့်မည်။

၄။ကလာပ်စည်း၏အဓိကတန်ဖိုးများ*Core values of cell.*

ဤနေရာတွင် ကလာပ်စည်း၏အဓိကတန်ဖိုးများကို အကျဉ်းပြောပြပါမည်။ ၎င်းတို့မှာ

(က) ကိုယ့်အားကိုယ်ကိုးခြင်း(အတွင်းပိုင်း) – သင့်ကလာပ်စည်းကို သင်ကိုယ်တိုင်ဦးဆောင်လုပ်ကိုင်နေခြင်းဖြစ်သည်။ မည်သည့် အခြေခံအဆောက်အအုံကိုမျှ၊ မည်သည့် ပညာရေးစနစ်ကိုမှ သင်တာဝန်ခံနေခြင်းမဟုတ်သော်လည်း သင်ဆန္ဒရှိသော ရင်းမြစ်များတိုင်းမှ သင်လိုအပ်သည်ကို ရယူနေခြင်းဖြစ်သည်။ သင် တစ်ယောက်တည်းလည်ပတ်လုပ်ကိုင်နေခြင်းဖြစ်သည်။

(ခ) တိုးပွားစေခြင်း (အပြင်ပိုင်း) – သင်၏ရည်ရွယ်ချက်မှာ တပည့်နှစ်ယောက်ကို ထိုက်သင့်သော လိုအပ်ချက်နှင့် စိတ်ပါဝင်စားမှုအရ လေ့ကျင့်ပေးခြင်းအားဖြင့် သင့်ကိုယ်သင် နောက်ထပ်ပွားများခြင်းဖြစ်သည်။ လေးနက်သော တာဝန်ယူလုပ်ကိုင်မှုတစ်ခုဖြစ်သည်။

(ဂ) ဆရာနှင့် အလုပ်သင်သင်တန်းသား စနစ် – လက်မှုပညာသည်က အလုပ်သင်ကိုလေ့ကျင့်ပေးသလိုမျိုး သင့်တပည့်နှစ်ယောက်ကို သင်လေ့ကျင့်သင်ကြားပေးဖို့ဖြစ်သည်။ တစ်စုံတစ်ယောက်က သင့်ကို လူသစ်စု ဆောင်းသွားပြီး သင့်ဆရာဖြစ်လာနိုင်ဖွယ်ရှိနေသည်။ ကံသေကံမပြောခြင်းတော့ မဟုတ်ပါ။

(ဃ) လက်တွေ့ကျသော ပန်းတိုင်များ – ကိုယ့်ဘဝ၊ ကိုယ့်အလုပ်၊ ကိုယ့်မိသားစုတာဝန်များလည်းသင့်မှာရှိနေသည်။ အရာရာတိုင်းကို သင်ဝင်မပါနိုင်ပါ။ ထို့ကြောင့် တပည့်နှစ်ယောက်၊ ဆရာတစ်ယောက်၊ အဆင့်တူ အင်္ဂလိပ်စာလေ့လာဖက်ဟူ၍ ( အောက်တွင် ၂ယောက်၊ အထက် ၁ ယောက်၊ ဘေးတိုက် ၁ယောက်) ဆိုပြီးရှိနေရပါမည်။ အလွန်အကျွံလုပ်စရာမလိုပါ။

(င) လေ့လာခြင်း(အထက် ၁ ယောက်) – တခြားတစ်ယောက်က သင့်ကို လူသစ်စုဆောင်းသွားပြီဆိုလျှင် ထိုသူမှာ သင့်ထက် အင်္ဂလိပ်ဘာသာစကားအရာတွင် ပိုကောင်းဖို့လိုပါလိမ့်မည်။ သင်က သူတို့ထံမှ အင်္ဂလိပ်စာလေ့လာသူဖြစ်မည်။ သင့်မျှော်လင့်ချက်များကို ပြောပြပါ။ သင့်ကို သူတို့လုပ်ပေးရမည့်တာဝန်မှာ သာမန်နေ့စဉ်သုံး အင်္ဂလိပ်ဘာသာစကားကို အပြည့်အဝအလုပ်ဖြစ်အောင်ပြောတတ်လာဖို့ ကူညီပေးရန်ဖြစ်သည်ကို မမေ့ပါနှင့်။ အမေရိကားသွားဖို့မှာ သင့်ပြဿနာဖြစ်ပြီး သူတို့ကိစ္စမဟုတ်ပါ။

(စ) သင်ပေးခြင်း (အောက် ၂ယောက်) – သင်အဆင်သင့်ဖြစ်ပြီဆိုလျှင် တပည့်နှစ်ယောက်ရှာပြီး လေ့ကျင့်ပေးပါ။ တစ်ယောက်နှင့်တစ်ယောက် သိကျွမ်းလို့မဖြစ်ပါ၊ တစ်ယောက်နှင့်တစ်ယောက် သိကျွမ်းထားပြီးသူများလည်းမဖြစ်ရန်လိုပါသည်။ ထိုနှစ်ယောက်ကို ကူညီနေသည့်ကာလတစ်လျှောက်တွင် သင့်အင်္ဂလိပ်ဘာသာစကား အတွက် အကျိုးရှိလာမည်ဖြစ်သလို၊ သင့်ကိုယ်သင်လည်း ကျေနပ်မှုရလိမ့်မည်ဟု မျှော်လင့်ပါသည်။ အသက်မွေးဝမ်းကျောင်းအရ သင်သည် ဆရာတစ်ယောက်ဖြစ်သည်ဆိုလျှင် သင့်စွမ်းရည်များကို ထပ်မံတိုးတက်လာရန် နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ အလားတူ သင်တစ်ချိန်က တစ်ခြားတစ်ယောက်ထံမှ ရရှိခဲ့သည့် အသိပညာကို လက်ဆင့်ကမ်းပေးခြင်းလည်းမည်ပါသည်။

(ဆ) ဖြစ်ပေါ်တိုးတက်မှု (အဆင့်များ) – ကလာပ်စည်းကို သင်ကြားပေးသည့်လုပ်ဆောင်ချက်တွင် အောက်ပါအဆင့်များရှိနေပါသည်။ စစ်ဆေးခြင်း – လူသစ်စုဆောင်းခြင်း – ညွှန်ကြားခြင်း – သင်ခန်းစာ (၁) ဝါဒဖြန့်ရန် လေ့ကျင့်ပေးခြင်း၊ သင်ခန်းစာ (၂) တိုင်ပင်ဆွေးနွေးခြင်း။ ဤအချက်နှင့်ပက်သက်ပြီး ထပ်မံဆွေးနွေးပါဦးမည်။

(ဇ)အင်္ဂလိပ်ဘာသာစကားကို အရည်ချင်းတူသူနှင့် အသုံးပြုခြင်း (ဘေးတိုက် ၁ ယောက်) – ယခုအချိန်ထိ ဤပုဂ္ဂိုလ်နှင့်ပတ်သက်ပြီး များများစားစား မပြောရသေးပါ။ သင့်တပည့်နှစ်ယောက်ကို သေသေချာချာရွေးချယ်သလို ထိုသူကိုလည်း သေသေချာချာရွေးပါ။ ဘာမှအလျင်လိုစရာမလိုပါ။ ဘဝအခြေအနေကပေးသည့်အတိုင်း သင်တို့နှစ်ဦးသား ဆုံစည်းမိပါစေ။ စစ်မှန်သော အင်္ဂလိပ်ဘာသာစကားအတွက် အဆင့်တူဟု သင့်အတွက်သေချာပါက လေ့လာဖက်အဖြစ်ရွေးလိုက်ပါ။ ထိုသူများမှာ သင့်အတွက် သင့်လျော်သူ၊ ယုံကြည်အားထားရသူဟုတ်မဟုတ်ကို သင်စစ်ဆေးရပါလိမ့်မည်။ ထို့နောက်တွင်တော့ သင် လူသစ်အဖြစ်စုဆောင်းနိုင်ပါသည်။ ထို့နောက် အဖွဲ့လိုက် လုပ်ဆောင်ပါ။ သင်ဘာလုပ်ချင်သည်၊ သင်မည်သို့လုပ်ဆောင်မည်ဆိုသည်ကို နှစ်ဦးသား သိရှိပြီးဖြစ်ပါစေ။ အနည်းဆုံးအနေဖြင့် သင့်တွင် ကျယ်ကျယ်ပြန့်ပြန့်ရေးဆွဲထားသော ယေဘုယျစီမံကိန်းတစ်ခုတော့ ရှိရပါလိမ့်မည်။ အကောင်းဆုံးကတော့ သင့်ဦးတည်ချက်များကို သေသေချာချာ အစီအစဉ်ဆွဲထားသင့်ပါသည်။ သင်တို့နှစ်ဦး၏ ဆက်ဆံရေးမှာ အင်္ဂလိပ်ဘာသာစကားတော်လှန်ရေးအတွက်ဖြစ်သည်ဆိုသည်ကို မမေ့ပါနှင့်။

အကယ်၍ မိတ်ဆွေဆက်ဆံရေးဖြစ်လာပါကအကြောင်းမဟုတ်သော်လည်း၊ အင်္ဂလိပ်ဘာသာစကားကို နေမှုထိုင်မှုအနေဖြင့်၊ ပန်းတိုင်သက်သက်အဖြစ် ပြောဆို၊ လေ့လာ၊ နေထိုင်ရန် နှစ်မြှုပ်လုပ်ကိုင်ခြင်းမှာ လူမှုရေးနှင့် ပုဂ္ဂိုလ်ရေး စာနာထောက်ထားမှုများကို ကျော်လွှန်သင့်ပါသည်။ သင်နှင့် သင့်လေ့လာ

ဖက်တို့ အင်္ဂလိပ်ဘာသာစကားကို များများစားစားလေ့လာဖြစ်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ ဤသည်မှာ သင်ရှာဖွေနေသည့် မိတ်ဆွေဆက်ဆံရေးဖြစ်ပါက နားလည်လက်ခံနိုင်သော်လည်း ထိုဆက်ဆံရေးမျိုးကို တခြားတွင်ရှာဖွေပါ။ နောက်ဆုံးအချက်ပြောလိုသည်မှာ သင့်ဘာသာစကားလေ့လာဖက်ကို မကြော်ငြာမိပါစေနှင့်။ ထိုသို့ကြော်ငြာမိပါက လူကောင်းရော၊ လူဆိုးရော၊ သင့်တော်သူကော ၊မသင့်တော်သူပါ သင့်ဆီရောက်လာကြပြီး သင်ဒုက္ခလှလှတွေ့ပါလိမ့်မည်။ ကျည်တစ်တောင့်တည်း၊ တစ်ချက်တည်းဖြင့်၊ ပစ်မှတ်တစ်ခုတည်းကို တစ်ကြိမ်တည်းပစ်ထည့်လိုက်ရန် အာဖရိကတိုက်တွင် ညစာအတွက် အမဲလိုက်နေသူနှင့် သင်သည် အတူတူပင်ဖြစ်ပါသည်။ ဤအခြေအနေမျိုးတွင် သင်သေသေချာချာရွေးချယ်ရပါမည်။ သင့်တွင် ရွေးချယ်ခြင်းတည်းဟူသော ဖိမ်ခံပစ္စည်းကို အခြေအနေပေးလျှင် ပေးသလိုသုံးခွင့်ရှိနေပါသည်။ ထို့ကြောင့် ဒီကိစ္စတွင် သင်ရမည့်သူ၊ ရမည့်အရာကို ဂရုစိုက်ပါ၊ အကျိုးရလဒ်ကို ခံစားပါ။

၅။ အလုပ်အကျွေးပြုမည့်သူများ***<u>The people served.</u>***

(က) အမြော်အမြင်ရှိခြင်း – အမြော်အမြင်မရှိက ကျဆုံးပျက်စီးမည်ပင် ဟူသည့် ဆိုရိုးအတိုင်းပင်ဖြစ်ပါသည်။ သင်သည် တစ်ကိုယ်တည်းဖြစ်နေလင့်ကစား၊ သင့်ကလာပ်စည်းမှာ တစ်ယောက်နှင့်တစ်ယောက် တစ်ခါမှ မမြင်ဖူးသော၊ တစ်ယောက်အကြောင်းတစ်ယောက် မကြားဖူးသော လူလေးယောက်သာပါနေလင့်ကစား နောက်ဆုံးရလဒ်ကို စိတ်ကူးကြည့်၊ မျှော်မှန်းကြည့်လို့ရနိုင်ပါသည်။ မိမိတို့လုပ်ဆောင်ရမည့် တာဝန်ကြီးမှာ ကြီးလေးလွန်းနေလင့်ကစား နောက်ဆုံးပန်းတိုင်ကို မျက်စိမှိတ်ပြီး မျှော်မှန်းကြည့်လို့ရနိုင်ပါသည်။ တဖြည်းဖြည်းလောင်ကျွမ်းသွားမည့် ဤတော်လှန်ရေးသည် အင်္ဂလိပ်ဘာသာစကားကို အင်္ဂလိပ်ဘာသာစကားအတွက် အသုံးချခြင်းဟူသည့် ထူထောင်မှုကို နိုင်ငံအဝှမ်းတွင် တည်ထောင်ရန် တောင်းဆိုနေခြင်းဖြစ်သည်။ မြန်မာတစ်ပြည်လုံးတွင် တည်ထောင်ရန်ဖြစ်သည်။ စကားပုံတစ်ခုက " တောင်အမြင့်ကြီးကိုတက်လိုက်လျှင် အဝေးကြီးကို မြင်ရသည်။ " ဟုဆိုထားသကဲ့သို့ ထိုသို့ထူထောင်မှုပြုရန်မှာ အလွန်ပင်ကြီးလေးသည့်ကိစ္စဖြစ်သည်။ အားသာချက်တစ်ခုမှာ သင့်အနေဖြင့် သင့်ကလာပ်စည်းနှင့် ယင်း၏ ဝါဒဖြန့်ချိရေးအတွက်သာ ပူပန်ရမည်ဆိုသည့် အချက်ဖြစ်သည်။ ကျန်သည့်အပိုင်းမှာ တွက်ချက်စဉ်းစားစရာကိစ္စဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်းမှာ နည်းလမ်းပေါင်းများစွာထဲမှ တစ်နည်းသာဖြစ်ပြီး လွတ်လပ်မှုရှိသလို၊ အတင်းအကျပ်လုပ်ခိုင်းနေခြင်းလည်းမဟုတ်သည်ကို မမေ့ပါနှင့်။ မလုပ်မနေရဆိုပြီး လုပ်ခိုင်းနေခြင်းလုံးဝမဟုတ်ပါ။ သင့်အတွက် ပျော်စရာကောင်းလိမ့်မည်ဟု မျှော်လင့်ပါသည်။

(ခ) ကိုယ့်ဒေသကို ကျော်လွန်ပြီး တော်လှန်ခြင်း – ဤအင်္ဂလိပ်ဘာသာစကားတော်လှန်ရေးကို တခြားသူများ၏ ကောင်းကျိုးအတွက် အသုံးချနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ဆိုလိုသည်မှာ သင့်ကလာပ်စည်းကို နီးစပ်သည့်ဒေသများရော၊ ဝေးလံသည့်ဒေသများသို့ပါ ပြန့်ပွားအောင်ဆောင်ရွက်ပါ။ ထိုဆောင်ရွက်ချက်မှာ မည်သည့်အဓိပ္ပါယ်ရှိသနည်း။ ပမထမအချက် သင်ဆန္ဒရှိလျှင် သင့်မိတ်ဆွေများ၊ ဩဇာ၊ ငွေကြေးနှင့် အဆက်အသွယ်ရှိသူများကို သင်ပြပေးနိုင်ပါသည်။ တကယ်တမ်းတွင် ပြန်လည်အကျိုးခံစားမှုရရှိပါလိမ့်မည်။ ဂုဏ်ယူပါသည်ဟု သင်အောင်ဟစ်လိုက်သောအသံသည် ပွဲတင်ထပ်သွားပါလိမ့်မည်။ အချိန်ကြာလာသည်နှင့်အမျှ ထိုအသံမှာပျောက်ကွယ်သွားပြီး မေ့လျော့သွားကြပါလိမ့်မည်။ ဒုတိယအချက်အနေဖြင့် သင်ဆန္ဒရှိပါက စက်ရုံလုပ်သားများ၏ သားသမီးများ၊ သို့မဟုတ် ဉာဏ်ကောင်းသော်လည်း ဟိုတယ်ဧည့်ကြိုကောင်တာတွင် ငုတ်တုတ်ထိုင်နေကြရသည့် "ရဲဘော်ရဲဖက်များ"၊ သို့မဟုတ် ဆင်ခြေဖုံးမှ ကုန်စုံဆိုင်တွင် အရောင်းဝန်ထမ်းလုပ်နေရသူများထံသို့သွားပါ။ ထိုသို့သောသူများမှာ မျှော်မှန်းနိုင်မှု အကန့်အသတ်များရှိနေသူများ၊ အဆက်အသွယ်နည်းပါးသူများနှင့် စားဝတ်နေရေးဖူလုံရန်အတွက် ရုန်းကန်နေရသူများဖြစ်ပါသည်။ သင်အကျိုးရလဒ်တစ်ခုတော့ ခံစားရမည်မှာ အမှန်ပင်ဖြစ်ပါသည်။ သင့်ကျောင်းသားများ၏ တိုးတက်မှုက သင့်ကို ကျေနပ်အားရမှုရှိစေမည်ဖြစ်ပါသည်။

မြက်ခင်းနှင့် တောတန်းကို သင်စိုက်ပျိုးပြီးနောက် လှပစိမ်းလန်းသည့် ကွင်းပြင်ကို သင့်ရှေ့မှောက်တွင်တွေ့မြင်လိုက်ရသည်မှာ အံ့သြဖွယ်ရာကောင်းလှပါသည်။ သင်တိုးတက်အောင်လုပ်ထားသည့် ဘဝနှစ်ခုမှာ သူတို့၏ ဘဝသက်တမ်းတစ်လျှောက် ကြီးပွား အောင်မြင်လာကြမည်ဖြစ်သည်။ သူတို့နေထိုင်ရာ ရပ်ရွာဒေသအနီးတွင်ရှိသော သူများကလည်း သူတို့ကို ချစ်ခင်မြတ်နိုးကြပြီး အမှတ်ရနေကြမည်ဖြစ်ပါသည်။ တတိယအချက်မှာ သင့်မိတ်ဆွေများ၊ အတန်းဖော်များကို ထုတ်ပြောဖို့ မဝံ့ရဲလောက်အောင် အရှက်သည်းရသည့် အိပ်မက်တစ်ခုကို ရင်ဝယ်ပိုက်ထားပါက မီးရထားလမ်းဘေးက တဲအိမ်စုများတွင် နေသည့် ပင်ကိုယ်အရည်အချင်းရှိသော လူများကိုသင်ရှာကြည့်နိုင်ပါသည်။ ထိုသူများ၏ မိဘများမှာ အမှိုက်ပုံမှ ရေသန့်ဗူး၊ အချိုရေဗူးနှင့် ကတ်ထူစက္ကူများကောက်သည့်သူများဖြစ်ပါလိမ့်မည်။ ထိုသို့မဟုတ်ပါကလည်း တောကြိုအုံကြား၊ အကြီးစားရေလှောင်တမံ စီမံကိန်းဒေသများတွင် ကုန်တင်ကား၊ ဝန်ချီစက်များမောင်းသည့် ယာဉ်မောင်းများ၏ သားသမီးများကို သင်လိုက်ရှာပြီး သင်ကြားပြသပေးနိုင်ပါသည်။ ထိုကုန်ကားမောင်းသူများကိုပင် သင်က စာသင်ပေးနိုင်ပါသေးသည်။ သို့မဟုတ် လှည်းလမ်းသာ ပေါက်သည့် ကျေးလက်တောရွာလေးတစ်ရွာမှ တွဲဖက်ကျောင်းတစ်ကျောင်းရှိ မူလတန်းပြဆရာတစ်ယောက်ကို သင်ကြားပြသပေးနိုင်ပါသည်။ မူလတန်းပြဆရာက သင်ပေးနေသည့် ကျောင်းသားများမှာ အရွယ်ရောက်သူများတက်သည့် အသက်မွေးသင်တန်းကျောင်းတစ်ကျောင်းသို့ပင် တက်ရောက်ရန် အခွင့်အလမ်းမရှိသူများဖြစ်နေနိုင်ပါသည်။ ( ထိုကျောင်းသားလူငယ်များမှာ ဉာဏ်ကောင်းသူများဖြစ်လင့်ကစား သူတို့ပတ်ဝန်းကျင်ရှိလူတိုင်းက ထိုအခွင့်အလမ်းမရှိသည်ကို သိနေကြသည်။)

သင်ပေးလိုက်သည့်အရာအတွက် တစ်ခုခုပြန်ရမည်တော့ အမှန်ပင်ဖြစ်ပါသည်။ သင့်အတွက် ကျေနပ်အားရမှုဖြစ်ရသလို၊ သူတို့အတွက်တော့ ပျော်ရွှင်မှုနှင့် သူတို့၏ ဉာဏ်ရည်ကို သက်သေထူခွင့်ရခြင်းဖြစ်သည်) ကြိုးပမ်းမှုတိုင်းအတွက် အကျိုးခံစားရမည်။ သံသယနှင့်ဆိုလာသည့် မယုံကြည်သူများ၏ စကားလုံးတိုင်းအတွက် အဖြေထွက်လာမည်။ အဆိုးမြင်သူ၊ ဒုက္ခပေးမည့်သူတိုင်း၏ လှောင်ပြောင်မှုများ အသံတိတ်သွားမည်။ မပြည့်စုံရှာကြသည့် မျှော်လင့်အားထားမှုမှန်သမျှ၏ အော်ညည်းသံကို ကြားခွင့်ရမည်၊ ဖြေဆိုပေးနိုင်မည်၊ ကျေနပ်မှုရကောင်းရစေပါလိမ့်မည်။ ကောင်းပြီ၊ သင်သည် အမှန်ပင် တော်လှန်ပြောင်းလဲသူဖြစ်သည်။ သင်သည် ဇရာမကောက်ရိုးပုံကြီးထဲသို့ မီးခြစ်ဆံလေးတစ်ချောင်းပစ်ထည့်လိုက်ပြီး၊ မီးတောက်မီးလျှံများထဲမှ အလင်းရောင်ကို မြင်ရပါပြီ။ အပူရှိန်ကိုလည်း ခံစားမိပြီ။ သင်ရန်ကုန်မြို့တစ်နံတစ်လျားတွင် သင်ကြားပြသသည်ဆိုပါက သင့်ထံက သင်ယူသူများက သူတို့၏ ရပ်ရွာမှ လူများကို ပြန်လည်သင်ကြားပေးကြပါလိမ့်မည်။ သူတို့သာသိပြီး သင်မသိသည့်သူများကို သင်ကြားပေးကြပေလိမ့်မည်။ ထိုနည်းအားဖြင့် ဒေသတစ်ခုလုံးကို ပြောင်းလဲပစ်လိုက်ပြီး၊ ကြီးမားကျယ်ပြန့်သော ရလဒ်များဖြစ်ပေါ်လာပါလိမ့်မည်။ ထိုသို့ဖြစ်လာရခြင်းမှာ အခြားသူနှစ်ယောက်ကို အင်္ဂလိပ်ဘာသာစကားအား အသုံးချဖို့၊ ပျော်ရွှင်ခံစားဖို့၊ ရှင်သန်နေစေဖို့ သင်ကြားပြသပေးရန် သင်သွားရောက်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

စတုတ္ထအချက်မှာ အထက်ပါ ဥပမာများမှာ ဥပမာများသက်သက်သာဖြစ်ပါသည်။ အခြားရွေးစရာနည်းလမ်းများ အများအပြားရှိနေပါသည်။ သင်စဉ်းစားစေလိုသည့်အချက်မှာ အင်္ဂလိပ်ဘာသာစကားသင်ပေးဖို့ လူနှစ်ဦးကို သင်သွားရှာသည့်အခါ ပင်ကိုယ်စွမ်းရည်ရှိပြီး၊ နှစ်မြှုပ်လုပ်ကိုင်နိုင်သည့်သူနှစ်ဦးကို ရှာဖို့စဉ်းစားပါ။ ထိုသူများမှာ ပင်ကိုယ်အရည်အချင်းရှိပြီး၊ နှစ်မြှုပ်လုပ်ကိုင်နိုင်သော်လည်း ဘဝအခြေအနေအရ သူတို့၏ အိပ်မက်များကို အကောင်အထည်ဖော်ရန်

အခွင့်အလမ်းနည်းပါးနေသူများဖြစ်နိုင်ပါသည်။ နောင့်နှေးနေခြင်းဟူသော ဖုန်နယ်မြေနောက်တွင် သင်ကျန်ရစ်နေလေလေ၊ သင့်အကြောင်းတရား၊ သင့်ကို ဒုက္ခပေးမည့်သူများကိုကြုံရလိမ့်မည်။ တာဝန်ထမ်းဆောင်မှုဟူသည့် ဖုန်နယ်မြေထဲ၊ လိုအပ်ချက်ရှိနေသူများ၏ နယ်ပယ်ထဲ၊ ပေးကမ်းခြင်းနေရာထဲသို့ သင်ရောက်သွားပါမှ သင့်အတွက်ရရှိလာမည့် အခွင့်အလမ်းများ သိသိသာသာကြီး တိုးပွားလာသည်ကို သင်တွေ့ရပါလိမ့်မည်။

၆။ မိမိကိုယ်ကိုယ် အားပေးကူညီခြင်း – ***Helping yourself.***

ဒီနေရာထိရောက်အောင်ဖတ်ပြီးသည့်အခါ စာဖတ်သူအများစုက " ဟေး။ ကလာပ်စည်းအကြောင်း၊ တခြားသူ တွေကို ကူညီရမည့်အကြောင်း၊ ငြိမ်းချမ်းရေး၊ မေတ္တာနဲ့ ညီရင်းအစ်ကို ချစ်ခင်မှုအကြောင်းတွေကို ကြားရသည်မှာ အင်မတန်ကောင်းလှပါသည်။ ကိုယ့်အ တွက် ကိုယ်ကျတော့ရော ဘာလုပ်ရမလဲ " ဟု မေးကြပါလိမ့်မည်။ ကောင်းပြီ၊ သင့်အတွက်လည်း နေရာတစ်နေရာရှိပါသည်။ ဆက်သာဖတ်သွားပါ။

(က) သင့်ကိုယ်ပိုင် အင်္ဂလိပ်ဘာသာစကားလေ့လာသည့်စနစ်ကိုသုံးပါ – ထိုစနစ်သုံးနိုင်ရန် သင့်ကိုယ်ပိုင်စနစ်ကိုဖန်တီးခြင်း၊ တခြားသူတစ်ယောက်၏ စနစ်ကို လိုက်နာခြင်း၊ မှီးခြင်းတို့ ပါဝင်လာပါလိမ့်မည်။ ဘယ်လမ်းကိုလိုက်သည်ဖြစ်စေ သင့်ကိုယ်ပိုင်ဖြစ်အောင်လုပ်ပါ။သင့်အကြိုက်၊ သင့်ဦးစားပေးမှုများ ဖြစ်အောင်လုပ်ပါ။ စာအုပ်ဆိုင်ထဲဝင်သွားလျှင် အင်္ဂလိပ်ဘာသာစကားကိုလေ့လာသည့် စနစ်ပေါင်း ရာထောင်သောင်းကို တွေ့ပါလိမ့်မည်။ သေသေချာချာ ရွေးပြီး၊ ကိုယ့်အတွက် အလုပ်အဖြစ်ဆုံးစာအုပ်ကို ယူလိုက်ပါ။ ထိုစာအုပ်မှ သင်နှင့်ကိုက်သည့်အရာကို ယူပါ။ ရွေးလို့ရသည့် စာအုပ်တိုင်းကသင့်ကိုအလွှမ်းမိုးခံရန်မလိုပါ။ ခေါင်းအေးအေးထားပြီးလုပ်ပါ။

(ခ) ဘာသာစကားစွမ်းရည်လေးမျိုးဖြင့် သင့်စနစ်ကို တည်ဆောက်ပါ – ဆိုလိုသည်မှာ အရေး၊ အဖတ်၊ နားထောင်၊ အပြောဆိုသည့် စွမ်းရည်လေးရပ်ဖြစ်ပါသည်။ သင်သည် စွမ်းရည်တစ်ခုတွင် အခြားစွမ်းရည်များထက် သာချင်သာနေပါလိမ့်မည်။ (ဥပမာပြောရလျှင် မိမိမှာ မြန်မာလိုပြောလျှင် မဆိုးလှပါ။ သို့ရာတွင် နားထောင်သည့်အခါ နားလည်နိုင်စွမ်းဘက်တွင်တော့ ခေလှပါသည်။) အချို့သော ပညာရေးသမားများက ယင်းစွမ်းရည်လေးရပ်စလုံးကို ဘက်ပေါင်းစုံ အင်္ဂလိပ်ဘာသာစကားဟူသည့်ပုံစံဖြင့် နယ်ပယ်လေးခုစလုံးကို ပေါင်းစပ်ပစ်သည်။ သင့်အနေဖြင့် အင်္ဂလိပ်ဘာသာစကားလေ့လာမှုကို ကြောက်စရာသိပ်မကောင်းအောင်လုပ်လိုလျှင် သင့်ဦးတည်ချက်များကို သေးငယ်သည့်အစိတ်အပိုင်းများဖြစ်နိုင်သမျှဖြစ်အောင် အသေးစိတ်ပစ်ရပါမည်။ အထူးသဖြင့် စာဖတ်ခြင်း၊ ရေးခြင်း၊ နားထောင်ခြင်း၊ ပြောခြင်း (နှင့် ဘာသာပြန်ခြင်း ဟူ၍ အပိုင်း ၅ ပိုင်း) ခွဲခြားထားသင့်ပါသည်။

(ဂ) သဘောတရား အစီအစဉ်နှင့် လုပ်ဆောင်ချက် အစီအစဉ်ဟူ၍ လုပ်ထားပြီး ထိုအတိုင်း လိုက်နာဆောင်ရွက်ပါ – ပထမဆုံး သဘောတရားရှုထောင့်မှနေပြီး သင်လုပ်ချင်သည့်အရာကို ချရေးထားပါ။ အောက်ပါပုံစံအတိုင်းချရေးရလိမ့်မည်။ အဖတ်စွမ်းရည် – Ladder Series or Retold စာအုပ်များထဲမှ ၈၀ ရာခိုင် နှုန်းထိနားလည်အောင်ဖတ်နိုင်ရန်။ အပတ်စဉ်၊ နေ့စဉ် အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော ဂျာနယ်တစ်စောင်မှ ဆောင်းပါးတစ်ပုဒ်ကို ၅၀ ရာခိုင်နှုန်း နားလည် ရန်။ အရေးစွမ်းရည် – သဒ္ဒါနည်းတကျဖြင့် အသုံးအနှုန်းရှင်းလင်းစွာရေးသားထားသော စာများကို တခြားမြို့တစ်မြို့မှ သူငယ်ချင်းထံ ရေးသားရန်။ နေ့စဉ်မှတ်တမ်းတွင် တစ်ပတ်တစ်ကြိမ် အဖွင့်စာပိုဒ်နှစ်ပိုဒ်ကို ရေးနိုင်ရန်။ နားထောင်စွမ်းရည် – Myanmar International ရုပ်သံလိုင်းမှ ကမ္ဘာ့သတင်းများ ထုတ်လွှင့်မှုတွင် သတင်းများ၏ အဓိကအကြောင်းအရာကို နားလည်ရန်နှင့် သတင်းတစ်ပုဒ်ကို အသေးစိတ်နားလည်အောင်လုပ်ရန်။ ဗီစီဒီဖြင့်ကြည့်သည့် ရုပ်ရှင်ကားတစ်ကားမှ ဇာတ်ကွက်၊ ဇာတ်လမ်းနှင့် အဖြစ်အပျက်များကို နားလည်ရန်။ အပြောစွမ်းရည် – အတန်းဖော်တစ်ယောက်ကို ဖုန်းခေါ်၍ ပြီးခဲ့သည့်လက မိမိလုပ်ခဲ့သည့်ကိစ္စများ၏ အဓိကရည်ရွယ်ချက်နှင့် အရေးကြီးသည့် အသေးစိတ်အချက်များကို ပြောပြနိုင်ရန်။ လစဉ်သင်သွားလေ့ရှိသည့် အင်္ဂလိပ်လိုပြောကြေးသဘောတူထားသည့်နေရာမှ မရင်းနှီးသည့်လူတစ်ယောက်နှင့် လူမှုရေးကိစ္စအချို့နှင့်ပတ်သက်သော အမြင်ကို ပြန်ဖောက်သည်ချရန် စသည်ဖြင့် ဖြစ်ပါသည်။

အထက်တွင်တင်ပြခဲ့သည်များမှာ နမူနာများသာဖြစ်သည်ကို သတိပြုပါ။ (ယင်းတို့မှာ သင်ခန်းစာ အစီအစဉ်များလည်း မဟုတ်ပါ) သင်ဘာလုပ်မည်၊ သင်မည်သည့်နေရာသို့ ဦးတည်သွားနေသည်ကို အကြမ်းဖျင်းသိရန်လိုပါသည်။ မိမိ တရုတ်စာလေ့လာစဉ်က သဘောတရားအရ ရေးဆွဲထားသည့် အစီအစဉ်မှာ အင်မတန်ပင် ရိုးရှင်းပြီး အကြမ်းဖျင်းနိုင်လှပါသည်။ မိမိ၏အစီအစဉ်တွင် – အဖတ်စွမ်းရည် – စားသောက်ဆိုင် စားသောက်ဖွယ်စာရင်းများ – ဈေးဆိုင်ဆိုင်းဘုတ်များ၊ လက်မှတ်နှင့် အချိန်ဇယား သတင်းအချက်အလက်များ ဖတ်ရှုနိုင်ရန်၊ အရေးစွမ်းရည်တွင် – နဲနဲလေးရေးတတ်လျှင် တော်ပြီ။ (မိမိ တပည့်များက မိမိအတွက် ရေးပေးကြသည်) နားထောင်စွမ်းရည် – သာမန်၊ ခရီးသွားရင်း အလာပသလာပပြောခြင်း၊ မိမိကို မေးလာသည့် မေးခွန်းများဖြေခြင်း၊ စီစီတီဗွီ ရုပ်သံလိုင်း –၁ ၏ သတင်းမှ အဓိကဆိုလိုရင်းကို နားလည်ရန်။ အပြောစွမ်းရည် – ရိုးရှင်းသော မေးမြန်းမှုများ၊ အားလပ်ရက်ခရီးထွက်ရာတွင် (ဟိုတယ်၊ လက်မှတ်၊ စားသောက်ဆိုင်) များနှင့်ပတ်သက်ပြီး မေးမြန်းခြင်း၊ မိမိ၏ ကျောင်းမှ စာသင်နှစ်ဝက်ကာလအတွင်း ရပ်တည်ရေးနှင့် ဆိုင်သော (ဒေသတွင်း စားသောက်ဆိုင်များ၊ နယ်မြို့များတွင် စာအုပ်စာတမ်းဝယ်ယူနိုင်ရေး) မေးခွန်းများမေးမြန်းရန်အတွက် ဟူ၍ဖြစ်ပါသည်။

သင်တွေ့ရသည့်အတိုင်းပင် မိမိ၏ ရည်မှန်းချက်များမှာ အင်မတန်ရိုးရှင်းပါသည်။ နိမ့်ကျလွန်း၍ပင်နေပါသေးသည်။ သို့ရာတွင် ၎င်းတို့မှာ မိမိလိုချင်သမျှ အရာအားလုံးသာဖြစ်ပါသည်။ သင်ကတော့ ရာမှုရှား၊ သူများနှင့်မတူသည့်လူဟု ခံယူထားပါက သင့်အတွက် အကောင်းဆုံးဖြစ်မည့်အရာကိုသာ လုပ်ပါ။ ဒုတိယအချက်မှာ လုပ်ဆောင်ချက် အစီအစဉ်များထဲမှ နေ့စဉ်သင်လုပ်ချင်သည့်အရာများကို အသေးစိတ်ချရေးထားပါ။ လစဉ်၊ အပတ်စဉ် နှင့် နေ့စဉ်ဆိုပြီး အောက်ပါအတိုင်း အစီအစဉ်ကို ချရေးရပါလိမ့်မည်။

လစဉ် (မေလ၊ ၂၀၀၃ ခုနှစ်) – အဖတ်စွမ်းရည် ချားလ်စ်ဒစ်ကင်းရေး Oliver Twist ကို retold ပြန်ရေးထားသည့်စာအုပ်တစ်အုပ်လုံး (သို့မဟုတ်၊ တစ်ရက် စာမျက်နှာ ၃၀ ဖတ်နိုင်ရန်)။ အရေးစွမ်းရည် –  သူငယ်ချင်းထံသို့ စာလေးစောင်ရေးနိုင်ရန်၊ (သို့မဟုတ် တစ်ပတ် တစ်စောင်ရေးရန်)။ နားထောင်စွမ်းရည် – စာအုပ်နံပါတ် – ၁။ စာမျက်နှာ ၁ မှ ၁၀၀၊ (သို့မဟုတ် တစ်ရက် ၃ မျက်နှာ နားထောင်ရန်)။ စကားပြောစွမ်းရည် – နယ်မှ သူငယ်ချင်းတစ်ယောက်ထံ ဖုန်းဆက်ပြီး လက်ရှိအလုပ်အကိုင်များအခြေအနေကို ဆွေးနွေးရန်၊ (တစ်ပတ် ၂ ကြိမ် ဖုန်းဆက်ရန်)။

အပတ်စဉ် – (မေ ၁၉ ရက်မှ ၂၅ ရက်၊ ၂၀၀၃ ခုနှစ်) – အဖတ်စွမ်းရည် – Oliver Twist , retold ကို စာမျက်နှာ ၁၀ မှ ၂၇ ထိဖတ်နိုင်ရန်၊ အရေးစွမ်းရည် – သူငယ်ချင်းထံသို့ ကျောင်းဆရာအလုပ်နှင့်ပတ်သက်ပြီး စာရေးရန်။ နားထောင်စွမ်းရည် – စာမျက်နှာ ၁ မှ ၂၁ ထိနားထောင်ရန်။ အပြောစွမ်းရည် – နယ်က သူငယ်ချင်းနှစ်ယောက်အနက် တစ်ယောက်ကို တနင်္လာတွင် ဖုန်းဆက်ပြီး နောက်တစ်ယောက်ကို ကြာသပတေးတွင် ဖုန်းဆက်ရန်။

နေ့စဉ် (မေ ၁၉၊ ၂၀၀၃ ခုနှစ်) – အဖတ်စွမ်းရည် – Oliver Twist စာအုပ်ကို စာမျက်နှာ ၁၀ မှ ၁၄ အထိဖတ်ရန်။ အရေးစွမ်းရည် – သူငယ်ချင်းထံသို့ ပို့မည့် ပထမစာ မူကြမ်းကို ရေးကြည့်ရန်။ နားထောင်စွမ်းရည် – မနက် ၇ နာရီ၊ ဗွီအိုအေ သတင်း။ စာမျက်နှာ ၁၀ မှ ၁၄ အထိနားထောင်ရန်။ နေ့လည် ၁ နာရီ ဘီဘီစီ နားထောင်ရန်။ နံနက်ကိုးနာရီ – Myanmar International နားထောင်ရန်။ စကားပြောစွမ်းရည် – သူငယ်ချင်းကို ည ၇ နာရီ ဖုန်းဆက်ရန် . . စသည်ဖြင့်

အစီအစဉ်ဆွဲပါ။

တတိယအချက်အနေဖြင့် ချရေးထားသည့် အစီအစဉ်အားလုံးမှာ သင့်အတွက် တနင့်တပိုးဖြစ်ချင်ဖြစ်နေပါလိမ့်မည်။ သို့ရာတွင် သင့်အတွေးအခေါ်များကို စနစ်တကျဖြစ်အောင်၊ သင့်အစီအစဉ်များကို လုပ်ကိုင်ဆောင်ရွက်နိုင်အောင်၊ သင့်တိုးတက်မှုကို အကဲဖြတ်နိုင်အောင် အစီအစဉ်များ ချရေးထားခြင်းက အထောက်အကူပြုပါလိမ့်မည်။ သင်တို့အများစုမှာ (သို့မဟုတ်၊ သင်တို့အားလုံးမှာ) တစ်ကိုယ်တည်းသာဖြစ်ကြပြီး တစ်ချိန်တည်းတွင် ကျောင်းသား၊ ဆရာနှင့် စာမေးပွဲစစ်သူများဖြစ်နေကြသည်ကို မမေ့ပါနှင့်။ သဘောတရားအရ သေသေချာချာ စဉ်းစားရေးဆွဲထားသည့် အစီအစဉ်သည် သင့်အတွက် သင်လိုချင်သည်ကို ရှင်းရှင်းလင်းလင်းသိနိုင်လာစေမည်ဖြစ်သည်။ ထို့အပြင် လစဉ်၊ အပတ်စဉ်၊ နေ့စဉ်ဟူသော လက်တွေ့လုပ်ဆောင်မှု အစီအစဉ်ကို တစ်သမတ်တည်း ချမှတ်ဆောင်ရွက်ခြင်းသည် သင့်အိပ်မက်များကို အမြင်ကျယ်ကျယ်ဖြင့် လက်တွေ့ဆောင်ရွက်နိုင်စေမည်ဖြစ်သည်။ သင်လုပ်ဆောင်နေသည်များကိုလည်း အကဲဖြတ်ရန် အထောက်အကူဖြစ်စေပါလိမ့်မည်။ သင့်အတွက် အကောင်းဆုံးဖြစ်မည့်အလုပ်များကို လုပ်ပါ။ သို့ရာတွင် အစီအစဉ်များတော့ ချမှတ်ထားပါ။ " အောင်မြင်ရန် အစီအစဉ်ဆွဲမထားခြင်းသည် မအောင်မြင်ရန် အစီအစဉ်ဆွဲထားခြင်းဖြစ်သည် " ဆိုသည့် စကားကို မမေ့ပါနှင့်။ ရည်ရွယ်ချက်ရှိရှိဖြင့် အင်္ဂလိပ်ဘာသာစကားကို လေ့လာနေစဉ်တွင် ဖုန်းပိတ်ထားပြီး လူမြင်မခံဖို့ကိုလည်း မမေ့ပါနှင့်။

(ဃ) တစ်ကိုယ်တော်လုပ်ပါ – ဟန်ကျအောင်လုပ်ချင်လျှင်၊ ကိုယ်တိုင်လုပ် ဆိုပြီး အမေရိကန်တွင် ပြောလေ့ရှိကြသည်။ သင့်အတွက်တော့ မှန်ချင်မှမှန်မည့်စကားဖြစ်ပါလိမ့်မည်။ မိမိ၏ ခရီးစဉ်အားလုံး၊ မိမိတရုတ်ပြည်တွင် လုပ်ကိုင်ခဲ့သမျှ အရာအားလုံးမှာ မိမိ တစ်ကိုယ်တည်းလုပ်ကိုင်ခဲ့သည့်အရာများဖြစ်ပါသည်။ ဘယ်သူမှ ကူညီသည့်သူမရှိသလို၊ ဘယ်သူမှလည်း မိမိအား မနှောင့်ယှက်ကြပါ။ ထိုသို့ပြောခြင်းမှာ လူမျိုးရေးဇဟိုပြုပြီး ထုတ်ဖော်ပြောဆိုမှုဖြစ်သည်ကို နားလည်ပါသည်။ (အတ္တဇဟိုပြုလည်းဖြစ်နေသည်)။ သို့ရာတွင် ဤသည်မှာ မိမိမည်သို့ရှင်သန်နေထိုင်ခဲ့သည်ဆိုသည့် အချက်ဖြစ်သည်။ သင်ယူသုံးနိုင်သည်။ ကိုယ့်အခြေအနေနှင့် ကိုက်အောင်လုပ်ယူနိုင်သည်။ ပစ်ပယ်လို့လည်းရသည်။ မည်သို့ပင်ဖြစ်စေ အင်္ဂလိပ်ဘာသာစကားကို ပြင်ပက မည်သည့် လွှမ်းမိုးမှုမှ မပါပဲ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လေ့လာပါ။

(င) သင့်ကိုယ်သင် အလိုလိုက်ပါ – သင့်ကိုယ်သင် ရံဖန်ရံခါဆိုသလို အလိုလိုက်ရသည်ကို ကြိုက်သည်မို့လား။ သင့်ကိုယ်သင် နေသာထိုင်သာရှိပြီး ပျော်ရွှင်ကျေနပ်အောင်လုပ်ဖို့ နှစ်သက်သည်မို့လား။ ဘယ်နေရာရောက်နေနေ နိုင်ငံခြားသားဆရာမရှိပဲ အင်္ဂလိပ်ဘာသာစကားကို ကိုယ်တိုင်ကိုယ်ကျ လေ့လာဖို့ကြိုးပမ်းရင်း သင့်အနေဖြင့် အခက်အခဲများစွာတွေ့ကြုံရပါလိမ့်မည်။ ဒါဆို သင်ဘာကြောင့်များ ထိုခရီးလမ်းကို ကျေနပ်ပျော်ရွှင်မှု အနည်းငယ် မရယူပါသနည်း။ စာအုပ်များ၊ ဗီစီဒီများ၊ တိပ်ခွေများနှင့် အခြား လိုချင်သည့် သင်ထောက်ကူပစ္စည်းများကို သင်ဝယ်ခြမ်းနိုင်ပါသည်။ ပြည်နယ်မြို့တော်သို့ သင်အလည်သွားသည့်အခါ၊ သို့မဟုတ် ရန်ကုန်၊ မန္တလေးစသည့် မြို့ကြီးများသို့ သွားသည့်အခါ အံ့ဘနန်း စာအုပ်ဆိုင်များသို့သွားပြီး အိမ်အပြန်တွင် စာအုပ်သေတ္တာ တစ်ပွေ့တစ်ပိုက်ကြီးဖြင့် ပြန်လာနိုင်ပါသည်။ ဒါဆို သင်ငွေဘယ်နေရာက ရမည်နည်း။ လူများစုအတွက် ငွေကြေးမှာ အခက်အခဲတစ်ခုဖြစ်ပါသည်။ သင့်ဘဝ၏အခြားနေရာအစိတ်အပိုင်းများတွင် ချွေတာနိုင်အောင်လုပ်ပါ။ တတ်နိုင်လျှင် ဈေးကြီးသော စားသောက်ဆိုင်များတွင် ထွက်စားခြင်းမျိုး ခဏခဏမလုပ်ပါနှင့်။ ကြေးကြီးသော ကာရာအိုကေခန်းမများတွင် သင့်အပေါင်းအဖော်များနှင့် ဖျော်ဖြေရေးခဏခဏမလုပ်ပါလေနှင့်။ ဝင်ငွေနည်းနည်းရအောင် အချိန်ပိုင်းအလုပ်လေးတစ်ခုလောက် ဝင်လုပ်ပါ။ ဒါကို နားလည်ထားပါ။ သင့်ကိုယ်သင် အလိုလိုက်ဖို့ ငွေတထောကြီးသုံးစရာမလိုပါ။ ကျေးလက်တောရွာက ကျောင်းလေးတစ်ကျောင်းမှ ကျောင်းဆရာတစ်ယောက်မှာ အင်္ဂလိပ် ဝတ္ထုစာအုပ်လေးတစ်အုပ်ကို စွဲစွဲမြဲမြဲဖြင့် တခုတ်တရဖတ်နေသည်ကို မိမိတွေ့ဖူးသည်။ ထိုသူမျိုးသည် ရန်ကုန်တွင်နေပြီး လိုတာအကုန်ရ၊ အကုန်ဝယ်၊ ဘာမှအသုံးမချသည့်သူမျိုးထက် အများကြီး တာသွားပါသည်။

သင့်အတွက် ဘာအကောင်းဆုံးဆိုသည်နှင့် သင်ဘာလိုချင်သည်ကို သင်သိပြီးဖြစ်သည်။ စက်ကိရိယာအကြောင်းပြောရလျှင် လှိုင်းတို၊ အက်ဖ်အမ်၊ အေအမ်ရေဒီယိုမျိုးမှာ အသံသွင်းတိပ်ခွေကဲ့သို့ပင် လွန်စွာအထောက်အကူပြုနိုင်ပါသည်။ သင်တို့အများစုအတွက် ဗီစီဒီဖွင့်စက်ကိုမေ့ထားလိုက်ဖို့ ပြောချင်ပါသည်။ သင်နေသည့်မြို့တွင် ဝယ်လို့ရသည့် ဗီဒီယိုစီဒီများမှာ စကားပြောခပ်ညံ့ညံ့များပါသည့် အညံ့စားခွေများ ( အင်္ဂလိပ် ဘာသာစကားလေ့လာဖို့ ခက်သည့်ဗီဒီယိုများဖြစ်ပါသည်။ အများအားဖြင့် အကြမ်းပတမ်းကားများ၊ မဟုတ်လျှင်လည်း အညီအဟောက်ကားများသာဖြစ်တတ်သည်။ ထိုကားများကို သင်ကြည့်ချင်သပဆိုလျှင်တော့ ကိုယ်နားလည်သည့် ဘာသာစကားဖြင့်သာ ကြည့်ပါ။ အချုပ်ဆိုရလျှင် သင့်ကိုယ်သင်အလိုလိုက်ပါ။ သင့် လေ့လာသင်ယူမှုများကိုလည်း ပျော်ရွှင်ကျေနပ်မှုရှိနေပါစေ။

(စ) သိုသိုသိပ်သိပ်ရှိပါ – လောကကြီးတွင် စက်ဆုပ်ရွံရှာဖွယ် ငမိုက်သားများ၊ ဆာလောင်နေသည့် မြေခွေးများ၊ ငရဲခွေးလို လူစားများပြည့်နှက်နေပါသည်။ လူတိုင်းကို သင်လုပ်နေသည့်ကိစ္စများကို မပြောပါနှင့်။ သင့်ကလာပ်စည်းဝင် လေးယောက်မှလွဲပြီး ဘယ်သူ့ကိုမှ မပြောလျှင် ပိုတောင်ကောင်းပါသေးသည်။ သူတို့လေးယောက်ကိုပင်လျှင် တစ်ယောက်နှင့်တစ်ယောက် ပေးမသိပဲထားရပါလိမ့်မည်။

နိဂုံး<u>***Conclusion.***</u>

ဤအခန်းတွင် တဖြည်းဖြည်း လောင်မြိုက်ဝါးမျိုးသွားမည့် အင်္ဂလိပ် ဘာသာစကားတော်လှန်ရေးအတွက် လိုအပ်ချက်များနှင့်အညီ လိုက်လျောညီထွေဖြစ်စေမည့် ကလာပ်စည်းများအကြောင်းကို တင်ပြခဲ့ပါသည်။ အစောပိုင်းကွန်မြူနစ်များ၏ ကလာပ်စည်းများထံမှရရှိသော ယင်းကလာပ်စည်းများအတွက် စိတ်ကွန့်မြူးမှု၊ ယင်းတို့၏ တည်ဆောက်ပုံ၊ ထင်ရှားသည့် လက္ခဏာရပ်များ၊ ယင်းတို့၏ အဓိကတန်ဖိုးများ စသည်တို့ကိုတင်ပြခဲ့ပါသည်။ ဝါဒဖြန့် တော်လှန်ရေးတစ်ရပ်အတွက် ထိုကလာပ်စည်းများမှာ ထိရောက်အကျိုးရှိသော ကိရိယာများ အမှန်ပင်ဖြစ်ပါသည်။ ဤစာအုပ်တွင်တော့ ဘယ်နေရာရောက်နေနေ နိုင်ငံခြားသားဆရာမရှိပဲ အင်္ဂလိပ်ဘာသာစကားကို ကိုယ်တိုင်လေ့လာရန်အတွက် ထိရောက်အကျိုးရှိစေမည့် ကလာပ်စည်းများဖြစ်ပါသည်။ တခြားသူများကို ကူညီရန်နှင့် ကိုယ့်ကိုယ်ကိုယ် အားပေးကူညီဖို့လည်း တင်ပြခဲ့ပါသည်။ ဤအပိုင်းတွင် တင်ပြခဲ့သည့်အချက်များတွင် နည်းလမ်းပေါင်းများစွာ၊ နယ်ပယ်ပေါင်းများစွာ ပါရှိခဲ့ပါသည်။ ကလာပ်စည်းမှာ နိုင်ငံရေးဆန်လွန်းသဖြင့် သင်လက်မခံချင်သည့်တိုင်၊ အခြားသူများကို ကူညီရန်ဆိုသည့်အချက်မှာလည်း လက်တွေ့မကျဟု သင်ယူဆသည့်တိုင် လေ့လာသင်ယူမှုဖြစ်စဉ်ကို အပြည့်အဝ သင့်နည်းသင့်ဟန်ဖြင့် ထိန်းချုပ်ပါ၊ စစချင်းကတည်းက ရလဒ်ကို ဆုံးဖြတ်ထားပါ။ သင်နေထိုင်ရမည့် နေမှုထိုင်မှုပုံစံများကို ပြောလို့ပြီးပါပြီ။ နောက်တစ်ခန်းတွင် ယခုတင်ပြခဲ့သော အယူအဆများကို လက်တွေ့အကောင်အထည်ဖော်သည့်အကြောင်းကို ဆွေးနွေးသွားပါမည်။

## အခန်း၆

## အဖြေပေါ်အောင်လုပ်ဆောင်နည်း

## <u>VI. How To Make The Solutions Happen.</u>

မဆိုင်သလိုပြောရလျှင် ဒီအခန်းမှာ သင့်အခက်အခဲများကို ခြုံငုံပြီးပြည့်စုံအောင်ဖြေဆိုနိုင်လောက်မည် မဟုတ်ပါ။ ဒီအခန်းတွင် ရေးထားသည်မှာ လမ်းညွှန်သည့် အကြံဉာဏ်များအနေဖြင့်သာ တင်ပြထားခြင်းဖြစ်ပါသည်။ တကယ်တော့ ဖြေရှင်းနည်းအများစုမှာ သင်ကိုယ်တိုင်လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ထို့အပြင် စာအုပ်ဆိုင်များတွင်ရနိုင်သည့် သင်ရိုးညွှန်းတမ်း၊ ကိုယ်တိုင်လေ့လာနည်းစာအုပ်အများအပြားထဲမှ သုတေသနလုပ်ပြီး ကိုယ်တိုင်ဖြေရှင်းရမည်ဖြစ်ပါသည်။ ဤအခန်းတွင် ယခင်အခန်းများက မိတ်ဆက်ခဲ့သော ခေါင်းစဉ်အချို့ကို ကာလအပိုင်းအခြားတစ်ခုအတွင်း တိုးတက်မှုလေ့လာချက်အချို့ဖြင့် မှတ်ချက်ပြုတင်ပြသွားမည်ဖြစ်ပါသည်။ သင့်အခြေအနေအတွက် ထူးခြားမှုရှိသည့် ပြဿနာများအတွက် အဖြေထုတ်ဖို့ကြိုးစားရင်း ကာလအပိုင်းအခြားအလိုက် တိုးတက်မှုလေ့လာချက်များက သင့်အတွင် စမှတ်တစ်ခုကိုပေးနိုင်ပါလိမ့်မည်။

ကလာပ်စည်းတစ်ခု၏ ထူးခြားသည့်လက္ခဏာရပ်များ<u>***Characteristics of cell.***</u>

(က) လူသိထင်ရှားမရှိခြင်း – လူသိထင်ရှားမရှိအောင် မည်သို့လုပ်မည်နည်း။ ပထမဆုံး ချိန်းတွေ့သည့် စုံတွဲများ၏ ပြုမူပုံကို လေ့လာစူးစမ်းပါ။ အထူးသဖြင့် ရှေးရိုးစွဲ တက္ကသိုလ်တစ်ခုမှ ကျောင်းသားစုံတွဲများ၊ အလုပ်ခွင်တစ်ခုတည်းတွင် အတူအလုပ်လုပ်သည့် စုံတွဲများကို လေ့လာစူးစမ်းပါ။ အင်္ဂလိပ်ဘာသာစကားကို သင်ကြားပေးနေသည်ဟု ကိုယ့်ကိုယ်ကိုယ် မကြော်ငြာမိပါစေနှင့်။ သင့်အိမ်တံခါးမှာ တခြားသူများလိုပဲ ဘာမှ ကြော်ငြာကပ်ထားစရာမလိုပါ။ သင့်အခန်းထဲမှ အခန်းတစ်ခန်းကို လိုက်ကာ ခန်းဆီးများတစ်ချိန်လုံးချထားခြင်းဖြင့် သင့်တိုက်ခန်းမျက်နှာချင်းဆိုင်တွင်နေသည့်သူများမှာ (အခွင့်သာ၍၊ ကြည့်မိသွား၍) ပင် သင့်ကိုသတိထားမိကြတော့မည်မဟုတ်ပါ။ သင့်တပည့်များကို အခန်းကိုရောက်အောင် ဘယ်လိုရှာရမည်ကိုပြောပြပြီးသည့်အခါ စာသင်ဖို့ သူတို့ဘာသာသူတို့လာကြလိမ့်မည်။ သူတို့ဘာသာသူတို့ပြန်သွားကြပါလိမ့်မည်။ သင်နေသည့်အဆောက်အအုံ တည်ဆောက်မှုပုံစံက ထိုသို့လုပ်ရန်အခွင့်သာသည်ဆိုပါက သင့်တပည့်များကို ကွဲပြားခြားနားသည့်လမ်းများမှ အချိန်အနည်းငယ်စီခြားပြီး လာခိုင်းပါ။ သင်အင်္ဂလိပ်ဘာသာစကားလေ့လာနေသည်၊ အင်္ဂလိပ်စာသင်ပေးနေသည်ဆိုပြီး သင့်မိတ်ဆွေများကို လိုက်မကြွားပါနှင့်။ သူတို့ကို ဒီကိစ္စမှာ မပတ်သက်အောင် ဝေးဝေးမှာထားပါ။ စားသောက်ဆိုင်တစ်ဆိုင်မှာ၊ ဒါမှမဟုတ် ကော်ဖီဆိုင်မှာ တွေ့လိုသည်ဆိုပါ သင့်နေသည့်ရပ်ကွက်နှင့်မနီးသည့်နေရာမှ ဆိုင်များကိုရွေးပါ။ ထိုဆိုင်များမှာ သင်နှင့် သိသည့်သူများမလာတတ်သည့်ဆိုင်များဖြစ်ဖို့လိုပါသည်။ တခြားနည်းလမ်းများလည်း အများအပြားရှိနေပါလိမ့်ဦးမည်။ အဓိကအချက်မှာ ဒေသခံများထဲမှ သင့်ကိုအခက်တွေ့စေမည့် သူများမသိအောင်လုပ်ဖို့ပင်ဖြစ်ပါသည်။

(ခ) ထိုးဖောက်ဝင်ရောက်မရနိုင်သည့် လုံခြုံမှု – သင်စာသင်ပေးနေသည့် တပည့်မှာ ရွှေ့ပြောင်းနေထိုင် လုပ်ကိုင်စားသောက်သည့် အလုပ်သမားတစ်ဦး၏ ဆယ်ကျော်သက်သားသမီးဖြစ်နေသည် ဆိုပါစို့။ သင်ကလည်း သူတို့အတွက် ပိုကောင်းသည့်ပညာရေးစနစ်ရရန် စစ်မှန်သည့်တစ်ခုတည်းသော အခွင့်အရေးဖြစ်နေသည်ဆိုပါစို့။ သူတို့၏ အိမ်နီးချင်းများက အနီးကပ်အင်္ဂလိပ်စာသင်ခန်းစာများ ပို့ချပေးနေသည်ဟု ကြားသွားပါက ထိုသူများက မနာလိုမရှုစိမ့်ဖြစ်ကို ဖြစ်လာကြလိမ့်မည်။ တချို့ဆိုလျှင် မခေါ်နိုင်မပြောနိုင်တောင် ဖြစ်လာပါလိမ့်မည်။ တခြားသူများ၏ မနာလို မရှုစိမ့်ဖြစ်မှု၊ ဆန့်ကျင်မှုတို့ကြောင့် သင့်တပည့်များ ပျက်စီးရာပျက်စီးကြောင်းကို သင်အဖြစ်မခံနိုင်ပါ။ ထို့ကြောင့် သင်၏ အင်္ဂလိပ်ဘာသာစကားလေ့လာသည့်နေရာကို ဘယ်သူကမှ မနှောက်ယှက်နိုင်အောင်လုပ်ထားပါ။ သင့်ကိုယ်ပိုင် စနစ်တစ်ရပ်လုပ်ထားပါ။

ပထမဆုံးအနေဖြင့် ဘယ်သူ့ကိုမှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ပြီးဖြစ်စေ မပြောပြပါနှင့်။ သင့်တပည့်များကလည်း သင်လုပ်သလို လိုက်လုပ်ရပါမည်။ ဒုတိယအချက်မှာ မည်သည့် တတိယအုပ်စုကိုမှ ကလာပ်စည်းထဲသို့ အဝင်မခံပါနှင့်။ သင်သည် တခြားအင်္ဂလိပ်စကားပြောသူတစ်ယောက်ကို ပျိုးထောင်နေခြင်းဖြစ်ပါသည်။ အင်္ဂလိပ်စကားပြော အတန်းတစ်တန်းထောင်နေခြင်းမဟုတ်ပါ။ တတိယအချက်မှာ သင့်ကိုအတိုက်အခံပြုမည့်အရာများကို ထည့်စဉ်းစားထားပါ။ အတိုက်အခံအနည်းဆုံး နှစ်မျိုးရှိသည်။ သင်ဘာလုပ်နေသည်ဆိုသည်ကို အနီးအနားပတ်ဝန်းကျင်တွင် လူတိုင်းကိုလိုက်ပြောမည့် အတင်းအဖျင်းများက ပထမအမျိုးအစားဖြစ်သည်။ နောက်တစ်မျိုးက သင်နှင့်တွဲလုပ်လို့မရသဖြင့်၊ သို့မဟုတ် သူတို့၏ မိတ်ဆွေများကို အင်္ဂလိပ်ဘာသာစကား လေ့လာဖို့ သင်ကမကူညီသည့်အတွက် ဒေါသဖြစ်သည့်မနာလိုဖြစ်သူများဖြစ်သည်။ သူတို့ဘယ်သူတွေလဲဆိုတာသိအောင်လုပ်ပြီး ရှောင်ပါ။

(ဂ) စစ်ဆေးခြင်း – သူစိမ်းများကို ခပ်မြန်မြန်စစ်ဆေးခြင်းနှင့် သင်တခါတလေမှတွေ့သည့် လူစုကို ဖြည်းဖြည်းမှ စစ်ဆေးခြင်းဆိုပြီး နည်းလမ်းနှစ်ရပ် အနည်းဆုံးရှိနေသည်။ နည်းလမ်းနှစ်မျိုးစလုံးမှာ အသုံးဝင်မှုရှိပါသည်။ ပထမဆုံး သင်နေ့စဉ်တွေ့နေသည့် သူအများကြီးထဲမှ အလုပ်ခွင်ရှိသူများ၊ လမ်းသွားလမ်းလာများ၊ သင်ရောက်သည့်နေရာ၊ သင်တခုခုသွားလုပ်သည့်နေရာများမှ လူများကို စစ်ဆေးကြည့်ပါ။ သင့်ဘဝတွင် အပြင်ထွက်ရင်းတွေ့ရသည့်သူများထဲမှ အလားအလာရှိသည့်သူ အနည်းအကျဉ်းကိုသင်တွေ့ရမည်။ ဒီလိုနည်းဖြင့် အလုပြမော်ဒယ်များကို ကင်းထောက်များက တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ ဤနည်းလမ်းကိုသုံးပါက ဆိုးကျိုးများလည်းရှိပါသည်။ ဘယ်သူက ဘယ်လိုလူစားမျိုးဆိုသည်ကို မှန်မှန်ကန်ကန်သင်အကဲဖြတ်လို့မရနိုင်ပါ။ ဘယ်သူ့ကို အင်္ဂလိပ်စာသင်ပေးဖို့ သင့်တော်သည်ဆိုသည်ကို မှန်မှန်ကန်ကန်အကဲဖြတ်လို့မရပါ။ သို့ရာတွင် တခဏတွေ့ဆုံလိုက်ရသည့်သူတစ်ယောက်မှာ ထပ်ပြီး စစ်ဆေးကြည့်သင့်လောက်သည့်သူမျိုးဖြစ်နေသည်ကိုလည်း တွေ့ချင်တွေ့တတ်ပါသည်။

အင်္ဂလိပ်စာသင်ပြသူတစ်ယောက်အနေဖြင့် ကျောင်းသား ၅၀ လောက်ပါသည့် အင်္ဂလိပ်စကားပြောသင်တန်းကြီးမျိုးတွေကို သင်ပေးဖူးပါသည်။ ထိုအတန်းများမှာ အောင်အောင်မြင်မြင်မရှိပါ။ တပည့်များကို အဓိပ္ပါယ်ပြည့်ဝပြီး၊ ကိုက်ညီသည့် ထိတွေ့မှုမျိုးပေးလို့မရသောကြောင့် အောင်မြင်မှုမရရှိခြင်းဖြစ်ပါသည်။ သို့ရာတွင် ထိုအတန်းများထဲမှ ထူးထူးခြားခြား နည်းပြလုပ်နိုင်သည့် ကျောင်းသားတစ်ယောက်ထွက်လာဖူးပါသည်။ တခြားတပည့်အများစုကိုမူ အချိန်၏တိုက်စားမှုဖြင့် မေ့မေ့ပျောက်ပျောက်ဖြစ်သွားခဲ့သည်။ ဤနည်းလမ်းမှာ အကောင်းဆုံးမဟုတ်သော်ငြား အဖိုးတန်ရလဒ်တစ်ခါတစ်လေထွက်လာတတ်ပါသည်။ ဒုတိယအချက်မှာ ကန့်သတ်ထားသည့်အဝန်းအဝိုင်းထဲမှ သင့်ကျောင်းသာများကို ရွေးချယ်နိုင်ခြင်းဖြစ်သည်။ သင်နေ့စဉ်တွေ့နေကျ လူများထဲမှ ရွေးချယ်ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ သင်၏ လုပ်ဖော်ကိုင်ဖက်များ၊ သင့်အိမ်နီးချင်းများဖြစ်ရမည်ဟု မဆိုလိုပါ။ တစ်ပတ်တစ်ပတ် သင်သွားနေ လာနေကျနေရာများကို စဉ်းစားကြည့်ပါ။ သင်ကသာ ကြံ့အောင်လုပ်လျှင် သင့်ရှေ့မှောက်သို့ လူပေါင်းစုံကို ဘဝကပို့ဆောင်ပေးပါလိမ့်မည်။ သူတို့ထဲမှ အချို့မှာ သင့်တပည့်များဖြစ်လာဖို့ သင့်တော်သည့်သူများဖြစ်နိုင်ပါသည်။ သူတို့ကို တန်းမရွေးလိုက်ပါနှင့်။ သေသေချာချာ အချိန်ယူစဉ်းစားပါ။ တချို့ကိစ္စများတွင် သင့်ရှေ့မှ ပုဂ္ဂိုလ်မှာ သင်အလိုရှိ

နေသည့်သူဖြစ်သည်ကို တဖြည်းဖြည်းကျမှ ရိပ်စားမိလာတတ်ပါသည်။ ထိုသူမျိုးကို သင်ဟိုးအရင်ကတည်းကသိချင်လည်းသိထားမည်။ သိချင်မှလည်း သိထားပါလိမ့်မည်။ ထပ်ပြောရလျှင် ဂရုတစိုက်ဖြင့် ရှေ့ဆက်ပါ။ ဆရာတစ်ယောက်အဖို့ အကြိုက်ဆုံး၊ အလိုချင်ဆုံးကိုရဖို့ဆိုသည်မှာ မှားယွင်းသည်ဟု အများစုကယူဆထားတတ်ကြသည်။ မိမိကတော့ မိမိအကြိုက်ဆုံး၊ အနှစ်သက်ဆုံးကို အမြဲရှာဖွေလေ့ရှိပါသည်။ အကြောင်းရင်းတွေအများကြီးရှိသည့်အနက်က တစ်ခုမှာ အောက်ပါအတိုင်းဖြစ်သည်။ ကျောင်းသားအများစုမှာ သူတို့၏ လေ့လာမှုများကို တစ်ကိုယ်တည်း ရှေ့တန်းတင်လုပ်ဆောင်ဖို့ မလိုလားသည့်သူများ၊ မလုပ်နိုင်သည့်သူများဖြစ်နေတတ်သည်။ အင်္ဂလိပ်စာကျွမ်းကျင်မှုအတွက် ခလုတ်ကန်သင်းများကို ပြတ်ပြတ်သားသားကျော်လွှားဖို့ မလိုလားသူများဖြစ်နေတတ်ကြသည်။ ထိုသူအများစုထဲတွင် လေ့လာမှုကို ရှေ့တန်းတင်လုပ်ဆောင်လိုပြီး ဆုလာဘ်ရယူသွားနိုင်သည့် အလားအလာရှိသူလူနည်းစုတော့ ရှိနေပါသည်။

ထိုသူများမှာ မိမိစိတ်ဝင်စားသည့် ကျောင်းသားများဖြစ်သည်။ ထို့ကြောင့် သူတို့ကို အလွတ်သဘောပြောဆိုဆွေးနွေးဖို့ အချိန်တစ်ခုပေးလိုက်သည်။ (ကောလိပ်ကျောင်းသားအများစုမှာ အလွတ်သဘောပြောဆိုရသည်ကို နှစ်သက်ကြသည်။ သို့ရာတွင် မတ်တတ်ရပ်ပြီး ပြောခွင့်ပေးဖို့မလုပ်နိုင်ကြတာများသည်) တစ်ဆင့်မြင့် စစ်ဆေးခြင်း၊ လူသစ်စုဆောင်းခြင်းနှင့် သင်ကြားခြင်းတို့ကြားတွင် ထင်ရှားသည့် စည်းတစ်ခုရှိနေပါသည်။ သို့ရာတွင် ထိုသို့ သုံးမျိုးသုံးစားအတန်းအစားခွဲခြားခြင်းမှာ အပေါ်ယံခွဲခြားသတ်မှတ်ခြင်းမျိုးဖြစ်နိုင်ပါသည်။ လူတိုင်းတွင် ထူးခြားထင်ရှားသည့် စရိုက်လက္ခဏာနှင့် ကိုယ်ရည်ကိုယ်သွေးများရှိနေကြသည်။ ထို့ကြောင့် မိမိ၏ စရိုက်နှင့် ကိုယ်ရည်ကိုယ်သွေးကို အခြေအနေနှင့်ကိုက်ညီအောင်ပြောင်းလဲပစ်လိုက်သည်။

တတိယအချက်မှာ တက္ကသိုလ်ပရဝုဏ်တွင် အလုပ်မလုပ်သည့်သူများအဖို့ အဖြစ်အပျက်တစ်ခုပြောပြရပါဦးမည်။ မိမိသည် နေ့တိုင်း ရပ်ကွက်ထဲက ကုန်စုံဆိုင်နားမှ ဖြတ်သွားရသည်။ မိမိအတွက် အခြေခံစားကုန်အများစုနှင့် အခြောက်အခြမ်းများမှာ ထိုဆိုင်ကပင်ဝယ်ရပါသည်။ အရောင်းဝန်ထမ်းဖြစ်သူမှာ လုပ်ဖော်ကိုင်ဖက်ပုံစံမျိုးထက် ညီအစ်မများစုလုပ်သည့်ပုံမျိုးဖြင့် အလုပ်လုပ်သည်ကိုတွေ့ရသည်။ မိမိကိုသိနေပြီး ဆိုင်ထဲဝင်လာလျှင် နောက်တတ်သည်။ တစ်နေ့သူတို့ထဲက ဝန်ထမ်းတစ်ယောက်ကကိုယ်တိုင်လေ့လာဖြေဆိုရမည့် စာမေးပွဲတစ်ခုအတွက် အင်္ဂလိပ်ဖတ်စာအုပ်တစ်အုပ်ကို လေ့လာနေသည်။ ဉာဏ်ကောင်းသော်လည်း ကောလိပ်မတက်ဖူးသည့် လူထောင်ပေါင်းများစွာမှာ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်အောင် ဤနည်းဖြင့် ကြိုးစားနေကြရပါသည်။ ဒါမိမိအတွက်တော့ ပြီးပြည့်စုံသည့် အလားအလာတစ်ခုဖြစ်လို့နေသည်။ သူမ၏ အင်္ဂလိပ်ဘာသာစကားအတွက် အကူအညီလိုသလားဟု မေးလိုက်ရာ၊ ဟင့်အင်းဟု ပြန်ဖြေသည်။ မိမိမှာ သူမကို စစ်ဆေးနေခြင်းသာဖြစ်သဖြင့် ဘာမှ မိမိအတွက် မထောင်းတာလှပါ။ စစ်ဆေးရသည့်ကိစ္စမှာ ဆက်သွားနေသည့်ဖြစ်စဉ်တစ်ရပ်သာဖြစ်ပြီး ဘယ်တော့မှ ပြီးဆုံးမည့်ပုံမပေါ်သည့် ပိုမိုကြီးမားသည့် ရုပ်ပုံကားချပ်၏ အစိတ်အပိုင်းဖြစ်ပါသည်။ စတုတ္ထအချက်မှာ သင့်မိတ်ဆွေတစ်ယောက်မှာ နိုင်ငံရေးပါတီဝင်တစ်ယောက်ဆိုပါက ဘယ်လိုဘယ်ပုံစစ်ဆေးသည်ဆိုသည်ကို သင်ဘာကြောင့်မမေးသနည်း။ နည်းပေးလမ်းပြဖြစ်လာနိုင်ပါသည်။

(ဃ) လူသစ်စုဆောင်းခြင်း – လူအများကြီးထဲမှ လူသစ်စုဆောင်းဖို့ စစ်ဆေးနေရာကနေ လူတစ်ယောက်ထဲကို လူသစ်စုဆောင်းဖို့ ပြောင်းသွားတတ်သည့်အချိန်ရှိတတ်သည်။ လူတစ်ယောက်ကို စုဆောင်းပြီးတော့ နောက်ထပ်တစ်ယောက်ကို ထပ်စုဆောင်းဖို့လုပ်မည်။ ပွင့်ပွင့်လင်းလင်းပြောရလျှင် ဘယ်လိုလူသစ်စုဆောင်းရမလဲဆိုသည်ကို မိမိသေချာမသိပါ။ မိမိတွေးမိသည်များကိုတော့ တင်ပြလိုက်ပါသည်။ သင့်အနေဖြင့် လူသစ်စုဆောင်းရာတွင် ပွင့်ပွင့်လင်းလင်းရှိဖို့လိုပြီး စရန်အနေဖြင့်တော့ စကားစထားရပါမည်။ ဆိုလိုသည်မှာ သင့်တပည့်များကို အင်္ဂလိပ်ဘာသာစကား အတိုင်းအတာတစ်ခုအထိ သင်ကြားပေးမည်ဖြစ်ပြီး၊ အတုံ့အလှည့်အနေဖြင့် အခြားသူနှစ်ယောက်ကို သင့်တပည့်များက သင်တန်းကာလအတွင်းတွင် ပြန်သင်ပေးဖို့အကူအညီပေးရန်ဖြစ်ပါသည်။ သင့်တပည့်များက သဘောတူလျှင် ဆက်လုပ်ပြီး အလုပ်ချက်ချင်းစလို့ရပါပြီ။ သဘောမတူကြလျှင်တော့ သင့်ဘက်က ဘာများမှားသွားသလဲဆိုတာကို သင့်ကိုယ်သင် ပြန်မေးကြည့်ပါ။ အမှားပြင်ပေးပါ။ ဆက်ကြိုးစားပါ။ အပြင်မှာတစ်ယောက်ယောက်ကို ချိန်းတွေ့ဖို့ ခေါ်သလို၊ လုပ်ငန်းတစ်ခု သဘောတူညီချက်ယူသလိုပင် လူသစ်စုဆောင်းခြင်းမှာ ရှင်းပြရခက်ပြီး၊ လုပ်ရလည်းခက်ပါသည်။ သို့ရာတွင် သင်မဖြစ်မနေတော့ လုပ်ရမည့်ကိစ္စဖြစ်သည်။ ထပ်ပြောရလျှင် ပါတီဝင်မိတ်ဆွေတစ်ယောက်ယောက်ကို မေးကြည့်ပါ။ သို့မဟုတ် အရောင်း၊ ဈေးကွက်ရှာဖွေရေးဝန်ထမ်းများကို ဘယ်လိုလုပ်ကိုင်ကြသလဲ မေးကြည့်နိုင်ပါသည်။

(င) ယုံကြည်ကိုးစားနိုင်မှုကို စမ်းသပ်ခြင်း – သင့်လုပ်ဖော်ကိုင်ဖက်မှာ မည်မျှယုံကြည်ကိုးစားထိုက်သည်ဆိုသည်ကို အချက်နှစ်ချက်ဖြင့် စစ်ဆေးကြည့်နိုင်ပါသည်။ သင်နှင့်အပေါင်းအသင်းလုပ်ခြင်းကို မည်မျှလျှို့ဝှက်ထားနိုင်ကြသည် ဆိုသည်နှင့် အင်္ဂလိပ်ဘာသာစကားလေ့လာမှုကို မည်မျှလေးလေးနက်နက်လုပ်ဆောင်နိုင်ကြသည်ဆိုသည့်အချက်နှစ်ချက်ပင်ဖြစ်ပါသည်။ ထိုအချက်နှစ်ချက်က တစ်ချက်ချက်ကို လူသစ်မစုဆောင်းမီ စမ်းကြည့်နိုင်ပြီး၊ နောက်တစ်ချက်ကိုတော့ လူသစ်စုဆောင်းပြီးကာမှ စမ်းသပ်စစ်ဆေးကြည့်နိုင်ပါသည်။ စစ်ဆေးမှုနှင့် လူသစ်စုဆောင်းမှုကာလအတွင်း ကြိုးပမ်းမှုများများ သင်အားထုတ်နိုင်လေလေ၊ သင်နှင့်သင့်လက်တွဲဖော်တို့ ရှေ့ဆက်ကြသည့်အခါ ပိုမိုလွယ်ကူစေပြီး၊ ထိခိုက်ခံစားရမှုနည်းပါးလေလေဖြစ်ပါသည်။ အချိန်နှင့် အင်အားစိုက်ထုတ်မှုများစွာကို သင်ရင်းနှီးမြှုပ်နှံတော့မည်ဖြစ်၍ သေသေချာချာရွေးချယ်ပါ။

(စ)တွေ့ဆုံပွဲများလုပ်ခြင်း – အစောပိုင်းတွေ့ဆုံပွဲများတွင် ကဖေး၊ ပန်းခြံ၊ သို့မဟုတ် လမ်းတစ်လမ်းပေါ်က ဘတ်စ်ကားမှတ်တိုင်၌ပင်လျှင် သင်တွေ့ဆုံချင်တွေ့ဆုံမိပါလိမ့်မည်။ ဘတ်စ်ကားမှတ်တိုင်ဆိုရာတွင် တစ်ရက်နှင့်တစ်ရက် မှတ်တိုင်တစ်ခုပြီးတစ်ခု ပြောင်းသွားပြီး နေရာပြောင်းတွေ့သည့်ပုံစံဖြစ်ပါသည်။ အချိန်ကြာလာသည့်အခါ သင့်လျော်သည်ဟုထင်သည့်အချိန်တွင် သူတို့ကို သင့်အိမ်ရာသို့ခေါ်လာနိုင်ပါသည်။ လူအချို့အတွက် ပုံမှန်တွေ့ဆုံနေကျအချိန်လုပ်ထားခြင်းမှာ အကောင်းဆုံးဖြစ်ပါသည်။ တချို့ကတော့ တိုးသာဆုတ်သာရှိပြီး အချိန်အပြောင်းအလဲဖြင့်တွေ့ဆုံခြင်းမျိုးကို ပိုသဘောကျတတ်ကြပါသည်။ နှစ်ဘက်စလုံးအတွက် အဆင်အပြေဆုံး၊ အကောင်းဆုံးဖြစ်သည်ကိုလုပ်ပါ။ သင့်တပည့်တစ်ဦးစီအတွက် အချိန်ဇယားများကို သပ်သပ်စီဆွဲပေးထားပါ။ တကယ်တော့ သင့်တပည့်များမှာ အမူအကျင့်၊ သင်ယူလေ့လာမှုပုံစံ၊ ကြိုက်သည်နှင့် မကြိုက်သည်များ၊ စရိုက်၊ သင်ရိုးညွှန်းတမ်း စသည်ဖြင့် တစ်ခုနှင့်တစ်ခုမတူညီနိုင်ပါ။ သင်လုပ်သည့် တွေ့ဆုံမှုများကို အင်္ဂလိပ်ဘာသာစကားလေ့လာမှုအပေါ်တွင် အာရုံစိုက်ထားပါ။ လူမှုရေးကိစ္စများအပေါ်တွင် အာရုံမစိုက်ပါနှင့်။ သင်တို့နှစ်ဦးစလုံးမှာ နောက်ဆုံးတွင် ဘယ်နေရာရောက်ရောက် အလုပ်များနေသည့်သူများဖြစ်နေသည်။ သင့်တပည့်များက သင်၏ နှုတ်စောင့်စည်းမှုကို အလေးထားဖို့ သင့်ဘက်က မျှော်လင့်ထားသလိုပင် သင်ကလည်း သူတို့၏ နှုတ်စောင့်စည်းမှုကို အလေးထားပါ။ အင်္ဂလိပ်ဘာသာစကားလေ့လာရန် တွေ့ဆုံကြသည့်နေရာသည် ခံစားမှုပိုင်းအရ လုံခြုံမှုရှိဖို့ လိုပါလိမ့်မည်။

(ဆ) သင့်လျော်သော အသုံးစရိတ်ရအောင်ရှာခြင်းနှင့် ရွေးချယ်ခြင်း – သေသေချာချာ စစ်ဆေးစမ်းသပ်ပြီး လူသစ်စုဆောင်းပြီးသည်နှင့် သင့်လက်တွဲဖော်မှာ ငွေအကုန်အကျခံနိုင် မခံနိုင်ဆိုသည်ကို မေးစမ်းကြည့်ရပါမည်။ အနောက်တိုင်းထုံးစံတွင်တော့ မိမိ၏ တပည့်များကို " ငွေသုံးဖို့ အလုံအလောက်မင့်မှာ ရှိရဲ့လား" ဟု မေးနေကြဖြစ်ပါသည်။ သူတို့က ထိုသို့မေးမြန်းသည်ကို စိတ်အနောက်အယှက်မဖြစ်ကြပါ။ တပည့်များနှင့် အကုန်အကျခံရမည့်ငွေပမာဏကို ကိုက်ညီအောင်လုပ်ရသည်မှာ ကောင်းသည့်အချက်ဖြစ်သည်။ လူအမျိုးမျိုးဖြစ်နေသည့်အတွက် လုပ်ဆောင်ရမည်မှာလည်း အမျိုးမျိုးပြောင်းလဲလာမည်။ ( လိုက်

လျော့ညီထွေဖြစ်အောင် သင်ပြင်ဆင်ရတော့မည်ဖြစ်၍) စိတ်ဝင်စားစရာကောင်းသည့် အလုပ်ဖြစ်လာမည်။ (ကြိုးပမ်းမှုလုပ်တိုင်း စစ်မှန်သည့် တီထွင်ဖန်တီးမှု ထွက်ပေါ်လာတတ်သဖြင့်) လုပ်ရမည့်အလုပ်မှာ စိန်ခေါ်မှုဖြစ်လာမည်။ သင့်တပည့်များအတွက် ငွေအထပ်လိုက်သုံးစရာမလိုသော်လည်း အဆင့်ဆင့်လုပ်ဆောင်ချက်များဖြစ်ပေါ်လာရန်အတွက် ဝယ်ရခြမ်းရမည့်ကိစ္စများရှိနေပါသည်။ ဥပမာ စာအုပ်စာတမ်းအချို့ဝယ်ရမည်။ သင့်တပည့်မှာ တကယ်ပင် ငွေမရှိပါက သင်ကပဲ စာအုပ်များဝယ်ပေးရတော့မည်။ ဝယ်ပေးသည့်စာအုပ်ကို သင့်တပည့်အားငှားရမ်းလိုက်ခြင်းဖြင့် နောက်တပည့်တစ်ယောက်သင်ရသည့်အခါ ထပ်ပြီးငှားနိုင်မည်ဖြစ်ပါသည်။ မဟုတ်လျှင်လည်း ငှားလိုက်သည့်စာအုပ်ပြန်မရပဲ ပျောက်ချင်းမလှပျောက်သွားနိုင်ပါသည်။ မည်သူမည်ဝါဆိုသည်ကို ဖယ်ထုတ်လိုက်ပါက လူတစ်ချို့က လျှင်လျှင်မြန်မြန်လက်ခံလာတတ်သည်မှာ အံ့အားသင့်စရာကောင်းပါသည်။

(ဈ) "သွားရင်းလာရင်း" စဉ်ဆက်မပြတ်လုပ်ဆောင်နည်း – အင်္ဂလိပ်ဘာသာစကားလေ့လာနေသော သင့်ကလာပ်စည်းကို စတင်လည်ပတ်လုပ်ဆောင်သည်နှင့် ဘဝမှာ အတော်ပင်ရိုးရိုးရှင်းရှင်းဖြစ်ပေါ်လာပါလိမ့်မည်။ တွေ့ဆုံကြ၊ လေ့လာကြ၊ နောက်တစ်ကြိမ်တွေ့ဆုံသည့်အခါလုပ်မည့်ကိစ္စများ တိုင်ပင်ကြ၊ အိမ်စာတွေလုပ်ကြ ဖြင့် ပုံမှန်လည်ပတ်လာပါလိမ့်မည်။ သင်နှင့် သင့်ကျောင်းသားတို့ နှစ်ဦးစလုံးမှာ အလုပ်များပြီး၊ တစ်နေရာတည်းတွင်ထိုင်မနေရသော ဘဝနေမှုပုံစံများရှိနေကြသဖြင့် သင်ကော၊ သင့်တပည့်ကောမှာ သွားရင်းလာရင်း အင်္ဂလိပ်ဘာသာစကားလေ့လာကြရမည်ဖြစ်သည်။ ထိုအခြေအနေမျိုးတွင် လေ့လာမှုကို လည်ပတ်လုပ်ဆောင်နိုင်ရန်လိုအပ်ပါသည်။ သင်ဘာလုပ်ရမည်နည်း။ တွေ့ဆုံခြင်း – သင်ခန်းစာများအတွက် ပုံသေအချိန်သတ်မှတ်ပါ။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ထူးခြားမှုရှိလာမည်။ သင်တို့သဘောတူထားသည့်အချိန်ကို အပြောင်းအလဲမလုပ်ဖြစ်အောင်လုပ်ပါ။ အခြားသူများက သူတို့နှင့်တွေ့မည့်အချိန်ကိုစောင့်နိုင်ပါသည်။

(ည) လေ့လာမှု – သင်ခန်းစာလေ့လာသည့်အချိန်အတွက် အင်အားစိုက်ထုတ်မှုအားလုံးကိုမြှုပ်နှံပါ။ သင့်ဖုန်းကိုပိတ်ထားပါ။ အစီအစဉ်ဆွဲခြင်း – ပုံသေအချိန် ဇယားသတ်မှတ်ထားခြင်းမှာ အကောင်းဆုံးဖြစ်သည်။ ပေါ့ပျက်ပျက်လုပ်ထားသည့် အစီအစဉ်မျိုးမှာ သင့်ကိုဖုန်းဆက်ပြီး လေ့လာသင်ယူဖို့တင်ပြလာသူကြောင့်အစီအစဉ်ပျက်သွားတတ်ပါသည်။ ထိုသို့သောတွေးပုံခေါ်ပုံမျိုးနှင့် လုပ်ကိုင်ပုံမျိုးကိုအရင်ရအောင်လုပ်ပါ။ အိမ်စာလုပ်ခြင်း – သင်ဘာတွေပဲလုပ်နေနေ အိမ်စာ ကိုမဖြစ်မနေလုပ်ပါ။ အချို့သော အိမ်စာများကို အိမ်တွင်၊ သင့်အိပ်ခန်းအတွင်းတွင် လုပ်ဆောင်နိုင်ပါသည်။ တချို့အိမ်စာများကိုတော့ အလုပ်သွားအလုပ်ပြန် ဘတ်စ်ကားပေါ်တွင်လုပ်နိုင်သည်။ (တချို့ဟိုတယ်များတွင် မြေညီထပ်အစောင့်လုပ်သူများဆိုလျှင်) အိမ်စာကို အလုပ်ခွင်တွင်လုပ်နိုင်ပါသည်။ အရေးအသား နှင့်ပတ်သတ်သည့် အိမ်စာလုပ်နေခြင်းဖြစ်ပါက လွယ်အိတ်ထဲကိုထည့်လို့ရသည့် အိတ်ဆောင်မှတ်စုစာအုပ်ဖြင့်ရေးပါ။ စာရေးစက္ကူတစ်ထပ်ကြီးဖြင့်မရေးပါနှင့်။ အိမ်စာများမှာ အမျိုးမျိုးဖြစ်နေပြီး၊ စာအုပ်စာတမ်းအများအပြားလိုအပ်ပါက အိမ်တွင်လုပ်ပါ။ ရေဒီယိုပေါက်စလေးကို အပြင်သွားသည့်အခါသယ်သွားပြီး၊ အသံ သွင်းတိပ်ခွေဖွင့်စက်ကိုမူ အိမ်မှာထားပါ။ စိတ်ဝင်စားစရာကောင်းသည့် Ladder Series, retold စာအုပ်မျိုးကိုကိုယ်နှင့်မကွာဆောင်ထားပါ။ နေ့စဉ်နေ့တိုင်း တစ်မိနစ် နှစ်မိနစ်နားရသည့်အချိန်များ၊ ဆယ်မိနစ်အနားရသည့်အချိန်များဖြင့်ပြည့်နေပါသည်။ တချို့အတန်းများအတွက်၊ အလွတ်သဘောပြောဆိုလေ့ကျင့်မှုများအတွက် တယ်လီဖုန်းကိုသုံးပါ။ ဖုန်းခေါ်၊ စကားပြော၊ ဖုန်းချ၊ လုပ်စရာရှိတာဆက်လုပ်လို့ရသဖြင့် ဘာသာစကားအတွက်တွေ့ဆုံမှုများကို မြန်မြန်ထက် ထက်ပြုလုပ်ရန် တယ်လီဖုန်းဆက်သွယ်ရေးမှာ အင်မတန်အသုံးဝင်ပါသည်။ စာအုပ်တစ်အုပ်၊ သဒ္ဒါလေ့ကျင့်ခန်းတစ်ခုကို ဖုန်းဖြင့်သင်ဆွေးနွေးနိုင်ပါသည်။ မိမိတွင် ညဥ့်နက်သန်းခေါင်ကျမှ ဖုန်းဖြင့်အင်္ဂလိပ်ဘာသာစကားလေ့ကျင့်ဖို့လှမ်းလှမ်းဆက်တတ်သည့် တပည့်တစ်ယောက်ရှိပါသည်။ သူ့ကိုဖြေစရာရှိတာ ဖြေပြီးသည်နှင့် သူဖုန်းချသွားသည်။ (ဖုန်းအသုံးပြုခြင်းနှင့်ပတ်သက်ပြီး နောက်မှထပ်ပြောပါမည်) ဆဲလ်ဖုန်းသုံးပြီးအလုပ်လုပ်နေရသူများအဖို့ ဖြစ်နိုင်ခြေတွေ အများကြီးရှိပါသည်။ သို့ရာတွင် လူများစုမှာ မဖွံ့ဖြိုးသေးသည့်ဒေသများတွင်နေသူများဖြစ်သဖြင့် အထက်ပါအခွင့်အရေးများမရှိကြပါ။ သေသေချာချာစီစဉ်ပြီး သင့်စီမံကိန်းများကို သစ္စာရှိရှိဖြင့် ဆောင်ရွက်ပါ။ သင်နှင့် သင့်တပည့်တို့ တူတူထိုင်ပြီး ကိုယ်နေသည့်ဒေသ၏ ပကတိအခြေအနေများအရ ဘာတွေလုပ်လို့ရ နိုင်သည်ဆိုသည်ကို တိုင်ပင်စဉ်းစားကြပါ။

(ဋ) လေ့လာမှုလုပ်ရင်း ပျော်ရွှင်အောင်နေထိုင်နည်း – ပထမဆုံးပြောလိုသည်မှာ ဒီလိုလုပ်နေရသည်ကို မကြိုက်ပါက မလုပ်ပါနှင့်။ ( လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိပါသည်) တခြားသူတစ်ယောက်ကိုကူညီရခြင်းမှာ တစ်နည်းတစ်လမ်းအားဖြင့် သင့်အတွက်လည်းအကျိုးရှိလာပါလိမ့်မည်။ အလုပ်အလွန်အကျွံလုပ်ပြီး ကိုယ့်ကိုယ်ကိုယ် မနှိပ်စက်ပါနှင့်။ ကိုယ်တိုင်အင်္ဂလိပ်စာလေ့လာဖို့ဆန္ဒရှိပါက ဘာမှမပြောလိုပါ။ (သင့်အနေဖြင့် ကမ္ဘာကြီးကိုပြောင်းလဲရန်လုပ်ဆောင်နေခြင်းမဟုတ်ပါ) လူနှစ်ယောက်ကို အင်္ဂလိပ်စာသင်ပေးနေခြင်းသာဖြစ်ပါသည်။ မတူကွဲပြားမှုအမျိုးအမျိုးကိုသင်နှစ်သက်တတ်ပါက တစ်ယောက်နှင့်တစ်ယောက်လုံးဝမတူညီသည့် တပည့်များကိုရွေးပါ။ ထိုသို့မဟုတ်ပါက အသွင်တူတပည့်နှစ်ယောက်ကိုရွေးပါ။ သင့်အင်မတန်စိတ်ဝင်စားသည့် နောက်ခံအခြေအနေမှလာသည့် တပည့်မျိုးကိုရွေးပါက သင့်အလုပ်ကို အသစ်အဆန်းရှာဖွေခြင်းနှင့်ရောမွှေလုပ်ဆောင်နိုင်ပါလိမ့်မည်။ (တစ်နည်းအားဖြင့်ပြောရလျှင် တရုတ်ပြည်အတွင်း အင်္ဂလိပ်စာပြဆရာအဖြစ်လုပ်ကိုင်ရခြင်းမှာ အချက်နှစ်ချက်မှ ပေါက်ဖွားလာခြင်းဖြစ်ပါသည်။ နိုင်ငံခြားတွင်အလုပ်လုပ်ပြီး ခရီးသွားရတာကို မိမိကြိုက်သည်။ နောက်တစ်ချက်ကတော့ လေ့ကျင့်သင်ကြားရင်း ဆရာဖြစ်လာခြင်းဖြစ်သည် ဆိုသည့်အချက်ဖြစ်သည်။) တိုတိုပြောရလျှင် သင့်ကလာပ်စည်းကို သင်စိတ်ပါဝင်စားသည့်သူများနှင့် တပြေးညီလုပ်ကိုင်သွားပါ။ တောကြိုအုံကြားဒေသများတွင်နေထိုင်ပြီး အလုပ်လုပ်ရမည်ကို သင်ကြိုက်ချင်မှကြိုက်ပါလိမ့်မည်။ သို့ရာတွင် မိမိအတွက်တော့ ထိုဒေသများတွင်လုပ်ရမည်မှာ အင်မတန်ကောင်းမွန်ပါသည်။ ထပ်ပြောရလျှင် တည်နေရာ၊ ဘဝနေမှုပုံစံတို့နှင့်သာ ထိုအချက်မှာသက်ဆိုင်ပြီး၊ မိမိပြောနေသည်မှာ ကိုယ်ရည်ကိုယ်သွေးကိစ္စဖြစ်ပါသည်။

ကလာပ်စည်း၏ အဓိကတန်ဖိုးများ ***<u>Core values of cell.</u>***

(က) ပညာရေးဒဿနိကဗေဒရှုထောင့်မှ မိမိကိုယ်ကိုယ်အားကိုးခြင်း – လေ့လာမှုမှဖြစ်စေ၊ မိမိတို့၏ ဆရာများထံမှဖြစ်စေရရှိထားသော ကိုယ်ပိုင် ပညာရေးဒဿနများ မိမိတို့ထံတွင်ရှိပါသည်။ သို့မဟုတ် အကြောင်းအချက်ပေါင်းစုံကို အချိန်ယူစဉ်းစားပြီး ကိုယ်တိုင်သိရှိလာသော ပညာရေးဒဿနလည်းရှိပါသည်။ တစ်နည်းအားဖြင့်ပြောရလျှင် ဤစာအုပ်ထဲတွင် မိမိ၏ ပညာရေးဒဿနများ အများအပြားပါဝင်နေပါသည်။ သင်သဘောကျသည့်အချက်ကို ယူပါ။ ကျန်တာကို ဘေးချိတ်ထားလိုက်ပါ။ အင်္ဂလိပ်ဘာသာစကားကိုလေ့လာနေရင်း သင်တစ်ကိုယ်တည်းဖြစ်နေမည်ဖြစ်ရာ ပညာရေးဒဿနိကရှုထောင့်မှနေပြီး သင်ယုံကြည်သည့်အရာ၏ အခြေခံအယူအဆရှိထားဖို့လိုပါသည်။ သင်ကြားပြသနေရင်းဖြင့် သင့်ကို ဆရာတစ်ယောက်အဖြစ် သက်ဆိုးရှည်စေရန် သင့်ပညာရေးဒဿနကအထောက်အကူပြုဖို့လိုပါသည်။ သင့်ကိုယ်သင် အားကိုးအားထားပြုရမည်။ ဘယ်သူမှသင့်ကိုဆရာမလုပ်ပဲ သင့်နည်းသင့်ဟန်ဖြင့်လုပ်ဆောင်ရမည်ဖြစ်၍ ကိုယ့်ကိုယ်ကိုယ် အားကိုးရန်လိုအပ်ခြင်းဖြစ်သည်။ ( အကယ်၍ သင့်တွင် ဆရာတစ်ယောက်ရှိပါက၊ သူကသင့်ကို အင်္ဂလိပ်ဘာသာစကားသင်ပေးခြင်းသာဖြစ်ပြီး၊ ဘယ်လိုသင်ရမည်ဆိုသည်ကို သင်ပေးခြင်းမဟုတ်သည်ကို မမေ့ပါနှင့်)သင့်တွင် ပညာရေးဒဿနမရှိပါက၊ သို့မဟုတ် သင့်ပညာရေးဒဿနကလည်း

တစ်ဝက်တစ်ပျက်သာ ရုပ်လုံးပေါ်နေသေးပါက၊ သင့်ယုံကြည်ချက်ကို ထိုင်ပြီးစာရွက်ပေါ်ချရေးကြည့်ပါ။ တစ်ချိန်လုံးကျောက်ဆောင်လို မလှုပ်မယှက်လုပ်နေစရာမလိုပါ။ သို့ရာတွင် ထိုသို့သင့်ဒဿနကိုချရေးခြင်းမှာ အစမှတ်တစ်ခုဖြစ်နိုင်ပါသည်။ မေတ္တာ၊ စိတ်ရှည်ခြင်း၊ ထိရောက်မှုရှိမရှိဆိုသည့်အချက်များမှာ မိမိအတွက်အထောက်အကူဖြစ်သည့်အချက်များဖြစ်သည်။ သင်ကတော့ သင့်နည်းလမ်းကို သင့်ဘာသာလွတ်လပ်စွာလုပ်ကြည့်နိုင်သည်။ ( မိမိကို ကြီးကြပ်သူများ၊ ဆရာများ၊ အကန့်အသတ်များထဲမှ လွတ်လပ်ခွင့်ပေးခဲ့သည့် ပါမောက္ခများအားလုံးကို ကျေးဇူးတင်ကြောင်းပြောလိုပါသည်။

(ခ) ပြောင်းလဲဖြစ်ပေါ်တိုးတက်လာသည့် အဆင့်များ – ပြန်လည်သုံးသပ်ရမည်ဆိုပါက ကလာပ်စည်းတစ်ခု၏ တိုးတက်မှုအဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။ လေ့ကျင့်ခန်း(က)ပြန့်ပွားအောင်လုပ်ဆောင်ခြင်း၊ လေ့ကျင့်ခန်း (ခ) တိုင်ပင်ဆွေးနွေးခြင်း။

လမ်းညွှန်ခြင်း – သင့်တပည့်က သင်ယူလိုသည့်အကြောင်းအရာကို သင်ကြားပေးသည်။ လေ့ကျင့်ခန်း (က) – သင့်တပည့်ကို တစ်ပတ်တန်သည်၊ နှစ်ပတ်တန်သည်လွှတ်ထားပြီး သူတို့နည်းသူတို့ဟန်ဖြင့် အင်္ဂလိပ်ဘာသာစကားကို မည်မျှ ကောင်းမွန်စွာလေ့လာနိုင်သည်ကိုကြည့်ခြင်းဖြစ်သည်။ သူတို့၏ အတွေ့အကြုံ၊ အလုပ်ဖြစ်သည့်အရာ၊ အလုပ်မဖြစ်သည့်အရာတို့ကို သင့်တပည့်များမှတ်သားထားနိုင်သည်။ မှတ်သားထားသည်များကို သင်နှင့်နောက်တော့ ဆွေးနွေးနိုင်သည်။ ပြန့်ပွားအောင်လေ့ကျင့်ပေးခြင်း – သင့်တပည့်ဖြစ်သူသည်ပြန့်ပွားအောင်လုပ်ဆောင်ပေးမည်ဟု မျှော်လင့်ရပါသည်။ ထို့ကြောင့် သင့်တပည့်နေထိုင်ရာဒေသ၏အခြေအနေအတိုင်း အသုံးချမည့်ပြန့်ပွားအောင်လုပ်ဆောင်ပုံနှင့်ပတ်သက်ပြီး သင်တို့နှစ်ဦးတိုင်ပင်ဆွေးနွေးနိုင်ပါသည်။ တိုင်းပြည်၏ကွဲပြားခြားနားသောဒေသများတွင် ကွဲပြားခြားနားသည့်အခြေအနေများရှိနေနိုင်ပါသည်။

လေ့ကျင့်ခန်း(ခ) ဤနေရာတွင် မိခင်ခြသေ့်မကြီးက ခြသေ့်သားပေါက်ကလေးကို အမဲလိုက်နည်းသင်ပေးသည့်အတိုင်းပင်ဖြစ်သည်။ သင့်တပည့်ကို သူနေထိုင်သည့်ဒေသရှိအလယ်တန်းကျောင်းတစ်ကျောင်းမှ အင်္ဂလိပ်ဘာသာစကားနှင့်ပတ်သက်ပြီး အကူအညီလိုနေသည့် ကျောင်းသားတစ်ယောက်သွားရှာခိုင်းပါ။ လိုအပ်သည့် အစီအစဉ်များလုပ်ပေးပြီး နည်းပြဆရာတစ်ယောက်အဖြစ် လေ့ကျင့်မှုရရန် သင့်တပည့်ကို ကူညီပါ။ ထိုသို့မဖြစ်နိုင်ပါက သားသမီးရှိသည့်အိမ်နီးချင်းတစ်ယောက်ယောက်ကို သင့်တပည့်သွားရှာကြည့်နိုင်ပါသည်။ သင့်တပည့်အနေဖြင့် သင်မပါပဲ လုပ်ဆောင်ပါက ပိုကောင်းပါသည်။ တိုးတက်မှုကို တယ်လီဖုန်းဖြင့် သင်တို့နှစ်ယောက်ဆွေးနွေးတိုင်ပင်နိုင်ပါသည်။ သင်တို့ထဲမှ တစ်ယောက်ယောက်ကစာသင်ခန်းထဲမှ သင့်တပည့်ဖြစ်သူကို တိုက်ရိုက်ကြီးကြပ်လိုပါက ကြီးကြပ်နိုင်ဖို့ကြိုးစားကြည့်ပါ။

တိုင်ပင်ဆွေးနွေးခြင်း – အချိန်ကြာလာသည်နှင့်အမျှ သင့်တပည့်က သူ့ဘဝသူကျောင်းရင်း သင့်ကိုစွန့်ခွာသွားလိမ့်မည်။ သူ့ကလာပ်စည်းသူလည်ပတ်ရင်း၊ အင်္ဂလိပ်ဘာသာစကားအသုံးချရာတွင် ရင့်ကျက်လာလိမ့်မည်။ သင်နှင့်အဆက်အသွယ်လုပ်ဖို့ တယ်လီဖုန်းနှင့်ဖြစ်စေချိတ်ဆက်ထားခြင်းအားဖြင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။ "တစ်ချိန်လုံးဆရာဖြစ်နေရသည်" ဆိုသည့်စကားပုံအတိုင်းဖြစ်ပါသည်။ သင်တို့တစ်ယောက်နှင့်တစ်ယောက် တစ်နှစ် တစ်ကြိမ်၊ နှစ်ကြိမ်ဆိုသလို အနည်းဆုံးအတိုင်းအတာအားဖြင့် အဆက်အသွယ်ရှိနေလိမ့်မည်ဟု မျှော်လင့်ရပါသည်။ သင့်တပည့်များအား သူတို့ကိုယ်ပိုင် ကလာပ်စည်းများကို စတင်လုပ်ဆောင်ခြင်းအား အားပေးတိုက်တွန်းပါ။

(ဂ) တိုးတက်မှုအဆင့်များကို ကိုင်တွယ်ခြင်းအား အချိန်ပိုင်းခြားလေ့လာမှု – ချင်းကျန်းပြည်နယ်၊ ရန်ကေးမြို့တွင် စာသင်ကြားစဉ်က အတော်ဆုံးတပည့်များနှင့် အတော်ဆုံးအတန်းများကို သင်ပေးခဲ့ရဖူးပါသည်။ ဆရာလုပ်သက်နှစ်ပေါင်းအတော်ကြာမှ တခြားသူများကိုလည်း ဆရာဖြစ်လာအောင် လေ့ကျင့်ပေးဖို့ စိတ်ကူးရလာခြင်းဖြစ်သည်။ မိမိတက္ကသိုလ်က မြို့ထဲက ဟိုတယ်တစ်ခုမှ ဝန်ထမ်းများကို ဗုဒ္ဓဟူးနေ့ညနေတိုင်း အင်္ဂလိပ်စာသင်ပေးဖို့ အစီအစဉ်ကျလာသည်။ သူတို့က မိမိကိုသင်ခိုင်းသည်။ ပထမတော့ မိမိတစ်ယောက်တည်းသွားသွားသင်သည်။ နောက်တော့ အတော်ဆုံးတပည့်နှစ်ယောက်ကိုခေါ်သွားသည်။ သူတို့ကိုဘယ်လိုသင်ပေးရမည်ကိုမိမိကပြောပြသည့်အတိုင်း သူတို့ကလည်း ကောင်းကောင်းသင်ပေးနိုင်ကြသည်။ ပထမပိုင်းမှာတော့ မိမိသင်ပေးသည်များကို တပည့်နှစ်ယောက်က ဘာသာပြန်ပေးကြသည်။ ထို့နောက်အတန်းကို သုံးဖွဲ့ခွဲလိုက်ပြီး တစ်ဖွဲ့စီကို မိမိတို့တစ်ယောက်စီခွဲပြီး သင်ပေးကြသည်။ သူတို့ဘာသာသူတို့သင်နေသည်ကို မိမိစောင့်ကြည့်ပေးသည်။ နောက်ဆုံးတွင် ဘာမှမိမိလုပ်ပေးစရာမလိုတော့၊ သူတို့ဘာသာသူတို့ သင်ပြပေးနိုင်သွားကြတော့သည်။ သူတို့နှစ်ယောက်နှင့် ခုထိအဆက်အသွယ်ရှိနေပြီး၊ သူတို့မှာ ကောင်းကောင်းသင်ကြားပြသပေးနိုင်နေကြပြီဖြစ်သည်။ သူတို့အတွက် အင်မတန်ဂုဏ်ယူမိပါသည်။ ပြုမူဆောင်ရွက်ပုံအတိအကျမှ အနည်းငယ်ကွဲလွဲနိုင်သော်လည်း၊ တိုးတက်မှုအဆင့်တစ်ချို့ကို ဤနေရာတွင်တွေ့နိုင်ပါသည်။ ဟိုတယ်ကိုသွားသည့် ဘတ်စ်ကားစီးခရီးမှာ အချိန်ကြာသည့်အတွက် အတွေ့အကြုံနှင့် သင်ယူခဲ့သည်များကိုဆွေးနွေးခွင့်ရခဲ့ပါသည်။

(ဃ) အလျားလိုက်မိတ်ဆွေ – သင်သည်ကျောင်းဆရာတစ်ယောက်ဖြစ်ပြီး၊ သင့်အင်္ဂလိပ်စာကလည်း မဆိုးလှသည့်အခြေအနေဖြစ်ပါက၊ သင်နှင့်အတူတူတစ်ကျောင်းထဲတွင်လုပ်နေသည့်သူမဟုတ်သည့် တခြားကျောင်းဆရာတစ်ယောက်နှင့် အလျားလိုက်မိတ်ဆွေအဖြစ်မိတ်ဖွဲ့ထားနိုင်ပါသည်။ အလယ်တန်း၊ မူလတန်းကျောင်းဆရာများမှာ တခြားဆရာများနှင့်အင်္ဂလိပ်လိုပြောဖို့လိုလားကြသည်။ သူတို့၏ကျောင်းတာဝန်များမှာ အင်္ဂလိပ်ဘာသာစကားကိုလေ့ကျင့်နိုင်သည့်အတိုင်းအတာကို ကန့်သတ်ထားသည်။ ထိုသို့မဟုတ်လျှင်လည်း သင်နေရင်းထိုင်ရင်း အကြောင်းတိုက်ဆိုင်ပြီးတွေ့လာမည့် အင်္ဂလိပ်စကားပြောဖော်တစ်ယောက်ကို လိုက်ရှာဖို့အသင့်ပြင်ထားပါ။ တခါတလေမှာ လိုက်ရှာခြင်းထက်၊ တွေ့လိုက်ခြင်းက ပိုကောင်းသည့် ဗျူဟာဖြစ်သည်။ အင်္ဂလိပ်လိုပြောကြေးဆိုသည့်နေရာများသို့သွားကြည့်ပါက မည်သူကသင့်နှင့်ကိုက်သည်ဆိုသည်ကိုသိရှိရန် လူအများကြီးကို အကဲခတ်နိုင်ပါသည်။ အင်္ဂလိပ်လိုပြောသည့်လူအုပ်များထဲတွင်ပါတတ်သည့် ခေတ်ဆန်သည့်ကော်ဖီဆိုင်များ၊ အင်တာနက်ကဖေးများတွင်ထိုင်ချင်ကြသည့်သူများနှင့်လည်း သွားပေါင်းပြီး မည်သို့သောအခြေအနေဖြစ်လာသည်ကိုကြည့်ပါ။ တကယ့်အတွေ့အကြုံများကို ပြောလို့ဆိုလို့ရအောင် ဘုံတူညီသည့်အချက်တစ်ခုရှိထားခြင်းက အထောက်အကူပြုပါသည်။

(င) အလျားလိုက်မိတ်ဆွေနှင့် ဆက်ဆံရေးကို အချိန်အပိုင်းအခြားဖြင့်လေ့လာခြင်း – မိမိတွင် အင်္ဂလိပ်လိုပြောသည့် မိတ်ဆွေမရှိသော်လည်း တရုတ်လိုပြော သည့်မိတ်ဆွေတွေအများကြီးရှိသည်။ သူတို့မှာ အများအားဖြင့် ဝန်ဆောင်မှုလုပ်သည့် အလုပ်သမားများ၊ အသေးစားလုပ်ငန်းရှင်များ၊ စားသောက်ဆိုင်ငယ်ပိုင်ရှင်များ၊ လမ်းဘေးတယ်လီဖုန်းဆိုင်ရှင်များ၊ အများသုံးအိမ်သာ အလုပ်ကြပ်များသာဖြစ်သည်။ သူတို့မှာ မိမိ၏တပည့်များမဟုတ်ကြပဲ၊ သူတို့လူ့အဖွဲ့အစည်း တွင် ဩဇာမရှိသည့် ဒေသခံများသာဖြစ်ပါသည်။ သူတို့မှာ မိမိအပေါ် စိတ်ကောင်းရှိပြီး ကြင်နာတတ်ကြသည်။ သူတို့မှာ မိမိသွားလေ့သွားထရှိသည့် လုပ်ငန်း များ၏ ပိုင်ရှင်များဖြစ်သဖြင့် သူတို့ထံပုံမှန်လိုရောက်ဖြစ်သည်။ ထို့ကြောင့် သိပ်အရေးမကြီးသည့် တွေ့ဆုံမှုမျိုးကတော့ နေ့စဉ်လိုရှိနေသည်။ သူတို့ထဲမှ အများ စုမှာ ကောလိပ်မတက်ခဲ့ဖူးကြပါ။ ထို့ကြောင့် မိမိတပည့်များနှင့် တခြားသူများလို အင်္ဂလိပ်လိုအပြောလေ့ကျင့်ဖို့ အလားအလာမရှိသူများဖြစ်သည်။ တိုတိုပြောရ လျှင်တော့ နေ့စဉ်သုံးတရုတ်ဘာသာစကားကို ဝန်ဆောင်မှုလုပ်သားများထံမှ မိမိသင်ယူခဲ့ခြင်းဖြစ်သည်။ ( ဘတ်စ်ကားနှင့် တက္ကစီယာဉ်မောင်းများထံမှ မည် သို့ဆဲရသည်ကို သင်ခဲ့သည်) ထိုသူများမှာ မိမိအတွက် အလျားလိုက်မိတ်ဆွေများဖြစ်ပါသည်။ ထိုနည်းအားဖြင့် နေ့စဉ်သုံး တရုတ်ဘာသာစကားကို ပိုမိုတိုးတက်လာအောင် လုပ်ဆောင်နိုင်ခဲ့ပါသည်။ အဆိုပါ ဝန်ဆောင်မှုလုပ်သားများနှင့် အသေးစားလုပ်ငန်းရှင်များမှာ

နေ့စဉ်သုံးအင်္ဂလိပ်စာကို မပြောတတ်ခြင်းမှာ သူတို့အတွက်နစ်နာလှပါသည်။ သူတို့မှာ ကြင်နာတတ်ပြီး ပွင့်လင်းရိုးသားသည့်သူများဖြစ်သည်။ သူတို့အားလုံးမှာ အင်္ဂလိပ်ဘာသာစကားကို နိုင်ငံခြားသားဆရာမရှိပဲ သွားရင်းလာရင်း ကိုယ်တိုင်ကိုယ်ကျလေ့လာလိုသည့်သူတိုင်းအတွက် အလျားလိုက်မိတ်ဆွေများဖြစ်နိုင်သည့်သူများဖြစ်သည်။ ထိုသူများမှာ မတို့မထိရသေးသော အလားအလာရှိသည့်လူသားများဖြစ်ပြီး တစ်နိုင်ငံလုံးတွင် ရိုက်သတ်လို့မကုန်နိုင်အောင်များပြားလှပါသည်။ သို့ရာတွင် များပြားလှသော အကြောင်းအရင်းများကြောင့် သူတို့တစ်တွေမှာ ကောလိပ်တက်ခွင့်မရခဲ့ကြပဲ၊ သူတို့၏အံ့မခန်းအလားအလာမှာ ဝေဆာပွင့်ဖူးနိုင်ခြင်းမရှိကြပါ။ ထိုအခွင့်အရေးကိုမရကြပဲ ဘဝတွင် တခြားအလုပ်အကိုင်များဖြင့် ရှင်သန်ဖြတ်သန်းနေကြရသည်။ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ၎င်းတို့ထဲမှ အများစုမှာ စဉ်ဆက်မပြတ်၊ အသက်မွေးဝမ်းကျောင်းပညာရေးစနစ်တစ်မျိုးမျိုးကို သင်ကြားခွင့်ရလိမ့်မည်ဟု မျှော်လင့်မိပါသည်။

အလုပ်အကျွေးပြုမည့်သူများ<u>***The people served.***</u>

(က) နေရပ်ကိုကျော်ပြီး အကူအညီပေးခြင်း၊ ဒေသတွင်း၊ နိုင်ငံ၊ ဝေးတမြေခြား – အခြားသူများကို ကူညီလိုပါက သင်အများကြီးလုပ်လို့ရတာတွေရှိသည်။ ၂ပထမဆုံးမှာ သင်နေသည့်နေရာဒေသဝန်းကျင်ကလွဲပြီး တခြားသို့မသွားလိုပါက သင်နေသည့်ရပ်ကွက်ဒေသဝန်းကျင်တွင် အခွင့်အလမ်းတွေအများကြီးရှိနေပါသည်။ အကူအညီပေးလိုသည့်သူများကိုရှာရန် အကောင်းဆုံးနေရာမှာ ပုံကျများအတွက် ဖွင့်ပေးထားသော ကျောင်းများဖြစ်သည်။ ထိုကျောင်းများမှ ဆရာများက လိုလားလျှင် ကျောင်းသားတစ်ယောက်နှင့်ချိတ်ပြီး သူတို့ကိုအကူအညီပေးနိုင်သည်။ ဆရာများကပေးသည့်အကြံပေါ်မူတည်ပြီး ကျောင်းသားများက ရွေးချယ်ကြပါလိမ့်မည်။ တခြားသူများကို သင်အလိုရှိပါက အတည်တကျနေသည့်သူများအတွက် ဖွင့်ထားသည့်ကျောင်းများကို ကြိုးစားကြည့်ပါ။ သင့်အင်္ဂလိပ်စာစွမ်းရည်ပေါ်မူတည်ပြီး သင့်လျော်သည့် အတန်းဖြင့် ချိန်ထိုးကြည့်ပါ။ အလယ်တန်း၊ အထက်တန်းကျောင်းသားများမှာ သင်နှင့်တွဲသင်ဖို့ အင်မတန်လိုလိုလားလားရှိကြပါလိမ့်မည်။ သို့ရာတွင် သူတို့၏အင်္ဂလိပ်ဘာသာစကားကို စိတ်ပါဝင်စားမှုမှာ သူတို့ဖြေရမည့်စာမေးပွဲများက များစွာလွှမ်းမိုးမှုရှိနေလိမ့်မည်။ သင်နေသည့်ဒေသတွင်းတွင် တခြားရွေးစရာလမ်းများလည်းရှိနေပါလိမ့်မည်။ ထို့ကြောင့် သေသေချာချာ လေ့လာ၊ စဉ်းစား၊ ရှာဖွေပါ၊ အေးအေးဆေးဆေး ရွေးချယ်ပါ။ အပူတပြင်းလိုအပ်မှုက သင့်အပေါ် လုံးလုံးလျားလျားလွှမ်းမိုးခြင်းမျိုး အဖြစ်မခံပါနှင့်။

ဒုတိယအချက်အနေဖြင့် အနီးအနား စီရင်စုဒေသတစ်ခု၊ မြို့ပြင်က တောရပ်ပိုင်းတစ်ခုသွားသွားပြီး ထိုနေရာမှ ဒေသခံတစ်ယောက်နှင့် အတူတွဲလုပ်ကြည့်ပါ။ ထိုနေရာသို့ရောက်ဖို့ သုံးနာရီ၊ လေးနာရီလောက် ဘတ်စ်ကားစီးရပါလိမ့်မည်။ ထောက်ပံ့မှုနည်းပါးခြင်းနှင့် အရည်အချင်းပြည့်ဆရာနည်းခြင်းကြောင့်၊ မြို့မှ ဝေးဝေးသွားလေ၊ ပညာရေးဆိုင်ရာ ဝန်ဆောင်မှုအဆင့်အတန်းမှာ နိမ့်ကျလေလေဖြစ်နေသည်ကို တွေ့ရပါလိမ့်မည်။ တတိယအချက်အနေဖြင့် အင်မတန်ဝေးကွာလှသော ဒေသများသို့လည်း ရပ်ကျော်ရွာကျော်သွားကြည့်နိုင်ပါသည်။ ဝေးလံသီခေါင်သည့်နေရာများတွင် လိုအပ်ချက်များမှာ အလွန်များပြားနေမည်မှာ အမှန်ပင်ဖြစ်သည်။ ထို့နည်းတူပင် အခွင့်အလမ်းနှင့် အကျိုးရလဒ်များမှာလည်း များပြားနေမည်ဖြစ်သည်။ အကျိုးရလဒ်များမှာ လက်ဆုပ်လက်ကိုင်ပြနိုင်သည့် ငွေကြေးကဲ့သို့အရာများမဟုတ်သော်လည်း အသပြာကဲ့သို့သော အကျိုးရလဒ်များဖြစ်နေတတ်ပါသည်။ နယ်နိမိတ်မှာ ကျယ်ပြန့်လှပါသည်။

(ခ) နေရပ်ကိုကျော်၍ ကူညီခြင်း – သင့်အတွက်အဆင်ပြေသော ဇုန်နယ်မြေဆိုသည်မှာ ရုပ်ပိုင်းအရရော၊ စိတ်ပိုင်းအရပါ သင့်အတွက်အဆင်ပြေနေသော နေရာဒေသကိုဆိုလိုပါသည်။ သင့်လိုလူများ၊ သင်နှင့် အတိုင်းအတာတစ်ခုထိခြားနားသော လူများ၊ သင်နှင့်အလွန်ခြားနားကွဲပြားသောသူများကို သွားရောက်ကူညီခြင်းကိုလည်း တင်ပြသွားပါမည်။ တစ်ယောက်နှင့်တစ်ယောက်မတူညီသောလူများအတွက် အခြေအနေအမျိုးမျိုးတွင် မတူကွဲပြားခြားနားနေမည်ဖြစ်ပါသည်။ သင့်အတွက် အဆင်ပြေသည့်အနေအထားပေါ်မူတည်ပြီး အင်္ဂလိပ်စာသင်ပေးသည့်ဆရာတစ်ယောက်အနေဖြင့် အခြားသူများနှင့် တွဲလုပ်နိုင်ပါသည်။ ပထမဆုံးအချက်မှာ – သင်ကဲ့သို့သောသူများနှင့်တွဲလုပ်ခြင်းဖြစ်သည်။ သင့်အနေဖြင့် အသားကျပြီးသား ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်နှင့် လူပုဂ္ဂိုလ်များကို သဘောကျပါက ဤနည်းလမ်းကိုသုံးကြည့်ပါ။ သင့်အနေဖြင့် အောင်မြင်ဖို့အတွက် ကမ္ဘာတစ်ဖက်သို့သွားစရာမလိုပါ။ ချက်ချင်းပင် ထလုပ်လို့ရပါသည်။ ယဉ်ကျေးမှုကြောင့်ဖြစ်ရသည့် သွေးလန့်မှုလည်း လုံးဝဖြစ်မည်မဟုတ်ပါ။

ဒုတိယအချက်မှာ သင်နှင့်အတိုင်းအတာတစ်ခုထိ ခြားနားမှုရှိသောသူများနှင့် လုပ်ကိုင်ခြင်းဖြစ်သည်။ သင့်အနေဖြင့် အနည်းငယ်စွန့်စားလိုပြီး၊ အတွေ့အကြုံသစ်လိုချင်သည်ဆိုပါက သင်နှင့်အသားကျနေသည့်ဝန်းကျင်မှထွက်ပြီး အနည်းငယ်မတူကွဲပြားသည့်နေရာသို့သွားလိုက်ပါ။ ကိုယ်နှင့်တူသည့်အချက်များအပေါ်တွင်အခြေခံပြီး လုပ်ကြည့်ရမည်ဖြစ်ပါသည်။ ( အားလုံးမဟုတ်သော်လည်း မိမိတို့အများစုမှာ ဘုံတူညီသည့်အချက်များရှိနေပါသည်) သို့ရာတွင် သင်နှင့်အနည်းငယ်ကွဲပြားခြားနားသူများနှင့် ဆက်ဆံသည့် အတွေ့အကြုံရှိနှင့်ပြီးသားဖြစ်ပါက သင်ကြားပြသရာတွင် အထောက်အကူပြုနိုင်ပါသည်။

တတိယအချက်မှာ သင်နှင့်လုံးဝခြားနားသောသူများနှင့် လုပ်ကိုင်ခြင်းဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာ သွေးလန့်မှုများ၊ တန်ပြန် ယဉ်ကျေးမှုဆိုင်ရာ သွေးလန့်မှုများ၏လွှမ်းမိုးမှုကြောင့် လူများစုအတွက် ကိုယ်နှင့်လုံးဝကွဲပြားခြားနားသူများနှင့် လုပ်ကိုင်ရခြင်းမှာ အကဲစမ်းမှုဖြစ်နေပါသည်။ ထိုအခြေအနေတွင် ယဉ်ကျေးမှု၊ စိတ်ပိုင်းဆိုင်ရာ၊ နေမှုထိုင်မှုဆိုင်ရာ ပြဿနာအများအပြားနှင့်လည်း သင်ရင်ဆိုင်ရနိုင်ပါသည်။ (ယဉ်ကျေးမှုဆိုင်ရာ သွေးလန့်မှုနှင့် တန်ပြန်ယဉ်ကျေးမှုဆိုင်ရာ သွေးလန့်မှုတို့အကြောင်းကို ပိုမိုသိရှိလိုပါက အင်တာနက်နှင့် အခြားစာအုပ်စာတမ်းများတွင် ရှာဖွေဖတ်ရှုသင့်ပါသည်။ ဤလမ်းကိုရွေးတော့မည်ဆိုလျှင် ထိုအယူအဆများမှာ အင်မတန်အရေးကြီးသည့်အယူအဆများဖြစ်ပါသည်။ သင့်ကို အင်မတန်ဝေးလံသီခေါင်ပြီး ကားလမ်း၊ ရထားလမ်းပင်မပေါက်သည့်ဒေသများသို့ မသွားရန်တားနေခြင်းမဟုတ်ပါ။ သင့်အနေဖြင့် ရွေးချယ်တော့မည်လမ်းမှာ အစွမ်းပြရမည့်၊ ခက်ခဲသည့်၊ ကြေကွဲစရာကောင်းချင်ကောင်းမည့်၊ ဘဝနှင့်ချီပြီးရင်းရမည့်ကိစ္စတစ်ခုကို ကြိုးပမ်းတော့မည်ကို သိစေလိုခြင်းသာဖြစ်ပါသည်။

သင့်အနေဖြင့် ဤသို့သောအလုပ်မျိုးကို မလုပ်မီ သင်နေထိုင်သည့်မြို့သို့မဟုတ်၊ ဒေသအတွင်းတွင် ယဉ်ကျေးမှုတစ်မျိုးမက ပေါင်းစပ်ပါဝင်နေသည့်ဘဝနှင့် လုပ်ငန်းအတွေ့အကြုံတို့ကိုရအောင်ယူထားသင့်ပါသည်။ ( သင်တို့ထဲမှ တစ်ချို့ကတော့ ချက်ချင်းထလုပ်လို့ရချင်ရမည်ဖြစ်သည့်အတွက် မိမိဘက်က မှားချင်လည်းမှားနိုင်ပါသည်) ယဉ်ကျေးမှုပေါင်းစုံသည့် ဘဝမျိုးတွင်နေထိုင်ခြင်းဟု ပြောခြင်းအားဖြင့် အနောက်တိုင်းသားများနှင့် အချိန်ဖြုန်းဖို့ဆိုလိုသည်မဟုတ်ပါ။ မြန်မာနိုင်ငံအတွင်းမှာပင် လုံလောက်သော ယဉ်ကျေးမှုပေါင်းစုံရှိနေပြီးသားဖြစ်သောကြောင့် နိုင်ငံ၏ပြင်ပကမ္ဘာအနေဖြင့် မြန်မာနိုင်ငံမှာ သီးခြားဖြစ်နေပါသည်။ မြန်မာနိုင်ငံသားများကို အညာသား၊ တိုင်းရင်းသား၊ အကြေသားစသည်ဖြင့်ခွဲခြားနေသော်လည်း ထိုသူများမှာ ဘယ်နေရာရောက်ရောက်အတူတူပင်ဖြစ်ကြပါသည်။ သို့ရာတွင် မြန်မာနိုင်ငံလမ်းကြိုလမ်းကြားများတွင် ကွမ်းယာရောင်းသူ၊ ပြည်မြို့က အသေးစားလုပ်ငန်းရှင်၊ ရန်ကုန်က လဘက်ရည်ဆိုင်တွင် အဖျော်ဆရာလုပ်သူ စသဖြင့် တစ်ယောက်နှင့်တစ်ယောက်ကို အလုပ်တွဲလုပ်သည့်အခါ နှိုင်းယှဉ်ကြည့်မိပါက အင်မတန်ကွဲပြားခြားနားနေကြသည်ကို တွေ့ရပါလိမ့်မည်။ အချက်သုံးချက်ကိုမမေ့ပါနှင့်။ ပထမအချက် – ကျန်ကမ္ဘာ့နိုင်ငံများအနေဖြင့်မြန်မာနိုင်ငံမှအလည်လာမည့်သူများနှင့်အလုပ်လာလုပ်မည့်သူထောင်ပေါင်းများစွာကို တစ်ကမ္ဘာလုံးအနှံ့သွားလာဖို့လက်ခံရန် အဆင်သင့်မဖြစ်ကြသေးပါ။ ဒုတိယအချက် – ကမ္ဘာအငယ်စားလေးဟု ခေါ်ရမည့် မြန်မာပြည်မှာ သင့်နိုင်ငံဖြစ်သည့်

အတွက် ပြည်ဝင်ခွင့်ဗီဇာမလိုပါ။ မိမိအတွက်တော့ လိုသည်။ တတိယအချက်မှာ – အချိန်ကျသည့်အခါ ထူးချွန်သူ မြန်မာလူမျိုးအများအပြားအတွက် မဝေးတော့သည့်အနာဂတ်တွင် လမ်းဖွင့်ပေးလာပါလိမ့်မည်။ ထိုနိုင်ငံများထဲတွင် အထူးသဖြင့် အာဖရိကတိုက်၊ တောင်အမေရိက၊ အရှေ့အလယ်ပိုင်း၊ အရှေ့ဥရောပ၊ တောင်ပစိဖိတ်သမုဒ္ဒရာကျွန်းစုနိုင်ငံများပါဝင်လာပါလိမ့်မည်။ ယဉ်ကျေးမှုပေါင်းစုံထဲတွင် အလုပ်လုပ်ဖူးသည့်အတွေ့အကြုံကိုမြန်မာပြည်ထဲတွင် ရယူထားသူများအနေဖြင့် ပြည်ပနိုင်ငံများသို့ အလုပ်သမားအဖြစ်သွားရောက်ခွင့်ကြုံသည့်အခါ ကောင်းကောင်းအံဝင်ခွင်ကျဖြစ်စေပါလိမ့်မည်။ (ခိုင်မာသည့်အဆက်အသွယ်များရှိနေခြင်းကလည်း အထောက်အကူဖြစ်သည်မှာ အမှန်ပင်ဖြစ်ပါသည်။) အချုပ်ဆိုရလျှင် အင်္ဂလိပ်ဘာသာစကား သွားသင်ပေးမည့်နေရာကိုရွေးချယ်ရာတွင် သင်နှင့်ယဉ်ကျေးမှုအရမည်မျှအထိ ကွဲပြားခြားနားသည်ဆိုသည့်အပေါ်မူတည်ပြီး ရွေးချယ်နိုင်ပါသည်။ သင်တို့အများစုအတွက် ဘယ်တော့မှ မမေ့နိုင်သည့် ဘဝနေထိုင်မှုအတွေ့အကြုံဖြစ်မည်ဆိုသည်မှာ အသေအချာဖြစ်ပါသည်။

(ဂ) အချိန်ကာလကိုကျော်လွန်ပြီး ကူညီခြင်း – သီတင်းပတ်ကုန် အလည်အပတ်၊ နွေရာသီကာလ၊ တစ်နှစ်၊ နှစ်နှစ်ကြာကာလ၊ နှစ်ပေါင်းများစွာကြာမြင့်သည့်ကာလအတိုင်းအတာဖြင့် အကူအညီပေးခြင်း။ သင်တို့အားလုံး၊ သို့မဟုတ် အများစုအတွက် အချိန်၏အကန့်အသတ်များမှာ အင်မတန်အရေးကြီးပြီး၊ ရှောင်လွှဲလို့မရနိုင်ပါ။ ထို့ကြောင့် အင်္ဂလိပ်ဘာသာစကားကိုလေ့လာခြင်း၊ သင်ကြားပေးခြင်းကို အချိန်ကာလကို ကျော်လွန်ပြီး အကူအညီပေးရန် စီစဉ်ရမည်ဖြစ်ပါသည်။ ပထမဆုံးအချက် – သီတင်းပတ်ကုန်အလည်အပတ်။ သင့်ကလာပ်စည်းဝင် တပည့်ဖြစ်သူများ အနီးအနားတွင်နေသူဖြစ်ပါက ခဏခဏတွေ့နိုင်သဖြင့် ဘဝကသာမန်ပင်ဖြစ်သည်။ မြို့စွန်တွင်နေကြသူများဖြစ်နေပါက တစ်ပတ်ကို လေးနာရီလောက်သွားတွေ့ခြင်းက ပိုကောင်းပါလိမ့်မည်။ တခြားခြောက်ရက်တွင်မူ သင့်အနေဖြင့် တယ်လီဖုန်းကို အဆက်မပြတ်အသုံးပြုနိုင်ပါသည်။ အကြောင်းမှာ တယ်လီဖုန်းသုံးခြင်းက သင်သွားရင်းလာရင်း ကုန်မည့်အချိန်များကို သက်သာစေ၍ဖြစ်ပါသည်။ သင်၏ပထမဆုံး နည်းပြဆရာအတွေ့အကြုံမှာ ထိုနည်းနှင့်နှင့်ဖြစ်နိုင်ပါသည်။ ဒုတိယအချက်မှာ – နွေရာသီကာလ။ နွေရာသီကာလတွင် သင်ကြုံတွေ့ရနိုင်သည့်အရာများမှာ အံ့အားသင့်ဖွယ်ရာများဖြစ်နိုင်ပါသည်။ သုံးလေးရက်အတွင်း သင်ကြုံတွေ့ရနိုင်သည့်အရာများမှာလည်း အံ့အားသင့်ဖွယ်ရာများဖြစ်လာနိုင်ပါသည်။

မိမိအနေဖြင့် တရုတ်ပြည်သို့ ၁၉၉၄ ခုနှစ် နွေရာသီတွင်သင်ကြားရေးအစီအစဉ်တစ်ခုအတွက် ရောက်လာခဲ့ခြင်းဖြစ်သည်။ သင်ကြားရေးကာလ သီတင်းပတ်ငါးပတ်အကုန်တွင် တရုတ်ပြည်သို့ပြန်လာချင်မိသည်ကို သိနားလည်သွားသည်။ ထိုခရီးစဉ်မတိုင်မီက ၁၉၇၉ ခုနှစ်တွင် စေတနာ့ဝန်ထမ်းကျောင်းသားအဖွဲ့တစ်ဖွဲ့နှင့် လန်ဒန်မြို့တွင် ချိတ်ဆက်လုပ်ကိုင်ဖူးသည်။ ယင်းအတွေ့အကြုံမှာလည်း နက်ရှိုင်းစွာလွှမ်းမိုးမှုရှိနေပါသည်။ သင့်အနေဖြင့် လူတစ်စုနှင့် ချိတ်ဆက်မိပြီး၊ တစ်နေရာရာသို့ အကူအညီပေးရန်သွားရောက်ဖူးပါက၊ သို့မဟုတ် မိတ်ဆွေအချို့နှင့်ဖြစ်စေ၊ တစ်ယောက်တည်းဖြစ်စေ အကူအညီပေးရန် ဒေသတစ်ခုခုသို့ သွားရောက်ဖူးပါက ထိုသို့သော လုပ်ဆောင်မှုမျိုး၏အရသာကို သင်သိနိုင်ပါသည်။ သင်တို့အများစုမှာ ကောလိပ်ကျောင်းသားများဖြစ်နိုင်သည့်အတွက် နွေရာသီကျောင်းပိတ်ရက်များမှာ ထိုသို့သွားရောက်လုပ်ဆောင်ဖို့ အကောင်းဆုံးအချိန်ပင်ဖြစ်ပါသည်။

တတိယအချက် – တစ်နှစ်၊ နှစ်နှစ်ကြာကာလ။ ဆိုပါစို့၊ သင်ကောလိပ်ကျောင်းပြီးကာစမှာ သေသေချာချာလိုက်ရှာထားရသည့်အလုပ်ကို သွားမလုပ်ပဲ၊ မိတ်ဆွေများနှင့် မိသားစုကိုစွန့်ခွာပြီး တောင်ပေါ်ဒေသက ကျောင်းလေးတစ်ကျောင်းသို့သွားပြီဆိုပါစို့။ ဒါမှမဟုတ် စက်မှုလုပ်ငန်းစွန့်ပစ်မြေစာများဖြင့် ပြန်းတီးမြေတစ်ခု သို့သွားသည်ဆိုပါစို့။ သင်ထိုနေရာတွင် နှစ်နှစ်ကြာနေသည်။ သင့်အလုပ်ကိုသင်လုပ်ပြီး၊ တစ်ဖက်တွင်လည်း အင်္ဂလိပ်ဘာသာစကားလေ့လာနေသည့် ကလာပ်စည်းဝင် တပည့်နှစ်ဦးကိုလည်း လေ့ကျင့်သင်ကြားပေးသည်။ ထို့နောက်တွင်တော့ သင့်ခရီးကို သင်ဆက်သည်။ ထိုသို့သောနေပုံထိုင်ပုံမှာ လုံးဝအရူးထခြင်းဖြစ်သည်ဟု သင်တို့ထဲမှ အများစုက ယူဆကြပါလိမ့်မည်။ နေရထိုင်ရခက်ခဲကြမ်းတမ်းသည့် မြန်မာပြည်၏ဒေသတစ်ခုခုတွင် နှစ်နှစ်ကြာတာဝန်ထမ်းဆောင်ပြီးနောက် အလုပ်တစ်ခုရဖို့သေချာပါက သင်ထိုဒေသသို့သွားမည်လော။ ဆိုင်းငံ့အလုပ်ခန့်ထားခြင်းဆိုသည့်အယူအဆကို အလုပ်ခွင်များက ပို၍ပို၍စဉ်းစားလာမည်ဟု မိမိမျှော်လင့်ပါသည်။ နောင်နှစ်နှစ်ကြာမှ အလုပ်ခန့်ထားမည်ဟု ကတိခံထားပြီးနောက် ထက်မြက်ပြီး၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိရှိဖြင့် တက်တက်ကြွကြွလုပ်ကိုင်တတ်သူ လူထောင်ပေါင်းများစွာကို မြန်မာပြည်၏ ဆင်းရဲချို့တဲ့သော ဒေသများသို့စေလွှတ်ကြပါလိမ့်မည်။

စတုတ္ထအချက် – နှစ်ပေါင်းများစွာအချိန်ယူခြင်း – တချို့တလေကသာ ဝေးလံသည့်ဒေသသို့ သွားရောက်ကူညီကြပြီး အသက်မွေးဝမ်းကျောင်းတစ်ခုခုတွေ့သွားကြပြီး ဘယ်တော့မှပြန်မလာကြတော့တာမျိုးလည်းဖြစ်လာနိုင်သည်။ ယနေ့ခေတ်တွင် မြန်မာပြည်အရပ်ရပ်ရှိ ဝေးလံသီခေါင်သည့်ဒေသများသို့ တောလမ်းစက်ဘီးစီးရန်၊ တောနင်းစခန်းချရန်နှင့် တောင်တက်ရန်အတွက် လူငယ်အများအပြားက ခရီးထွက်နေကြပြီဖြစ်သည်။ ထိုသို့ခရီးထွက်ခြင်းမျိုးမှာ တောနင်းစခန်းချသူများအတွက်တင်မဟုတ်ပဲ အင်္ဂလိပ်စာသင်ပြမည့် ဆရာများအတွက်လည်းဖြစ်လာနိုင်သည်မဟုတ်ပါလော။ ထိုသို့သော ဝေးတစ်မြေခြားသို့ သွားရောက်ကူညီခြင်းမှာ သဘာဝဆီသို့ပြန်သွားချင်သူများ၊ အငြိမ်းစားများ၊ ကိုယ့်သီးပင်စားပင်ကို ကိုယ့်ဘာသာစိုက်စားလိုသူများနှင့် အနုပညာရှင်များအတွက်လည်း အဟုတ်ဖြစ်လာနိုင်သည်မဟုတ်လား။ အမေရိကန် စာရေးဆရာ သော်ရူးရေးဖွဲ့ခဲ့သလို “ များရာစုလူထုကြီးသည် တိတ်တိတ်လေး မျှော်လင့်ချက်ပျက်သုဉ်းမှုဆီသို့ ဦးတည်နေကြခြင်းဖြစ်သည် ” ဟုဆိုရမည်ဖြစ်သည်။ ယနေ့ခေတ်တွင် “ ဖွံ့ဖြိုးတိုးတက်မှု ” ဆိုသည်မှာ လူတိုင်းပါးစပ်ဖျားတွင်ရောက်နေသည့်စကားလုံးဖြစ်သည်။ အချိန် ကြာလာသည့်အခါ သူတို့ရင်ထဲရှိနေသည့်အရာ အပြင်သို့ထွက်လာပါလိမ့်မည်။ လူ့အဖွဲ့အစည်းတွင် ဖြစ်ပေါ်လာသည့် ထိုအပြောင်းအလဲ၏တိုက်ရိုက်အကျိုးကျေးဇူးကိုခံစားရမည့်သူများသည် အများမေ့လျော့နေကြသည့် ထိုဒေသများတွင်နေထိုင်သည့်သူများဖြစ်လာမည်ဟု မျှော်လင့်မိပါသည်။ ထိုသို့သောဒေသများရှိ ပင်ကိုထူးချွန်သည့်သူများကို လေ့ကျင့်သင်ကြားပေးလိုသည့်သူတွေများ မရှိကြဘူးလားဟု မေးလိုက်ချင်သည်။

ကိုယ့်ကိုယ်ကိုယ် ဖေးမခြင်း***<u>Helping yourself</u>***

(က) စာအုပ်စာတမ်း၊ သင်ထောက်ကူပစ္စည်းများအတွက် အကြံပြုချက်အချို့ – ကိုယ်နှင့်မဆိုင်သလိုပြောရပေဦးမည်။ တစ်ခုခုကို မိမိကအကြံပြုခြင်း၊ လျစ်လျူရှုလိုက်ခြင်းအားဖြင့် ဆိုးသည်၊ ကောင်းသည်ဟု ပြောခြင်းမဟုတ်ပါ။ ကောင်းသည့်၊ ဆိုးသည့်၊ ဘာမှမထူးခြားသည့် သင်ထောက်ကူပစ္စည်းများ တောင်ပုံရာပုံရှိနေပါသည်။ သင့်ကိုယ်ပိုင် တန်ဖိုးဖြတ်ချက်ကို အသုံးပြုပါ။ မိမိတွင်လည်း ကိုယ်ပိုင်သဘောထားအမြင်များတော့ရှိပါသည်။

(၁) အဖတ်စွမ်းရည် – ကိုယ်သိထားသည့်စကားလုံး၊ ဝေါဟာရအနည်းအများအလိုက် အဆင့်လိုက်ဖတ်နိုင်သော စာအုပ်များ (ladder series)၊ အားနက်စ် ဟဲမင်းဝေးရေးသည့် the Old Man and the Sea စာအုပ်၊ အာဗီလိစ်၊ ဆိုဖိုကလီ၊ ယူရီပိဒီ၊ အရစ်စတိုဖိန်းတို့ရေးသားသည့် ရှေးခေတ်ဂရိပြဇာတ်များ၊ မြန်မာစာရေးဆရာများ၏ ထင်ရှားသည့်လက်ရာများကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုထားသည့်စာအုပ်များ၊ <u>Tuck Everlasting </u>(Natalie Babbitt). <u>Island of the Blue Dolphins</u> (Scott O'Dell). <u>The Odyssey</u> (Homer). <u>Robinson Crusoe</u> (Daniel Defoe). <u>The Vicar of Wakefield</u> (Oliver Goldsmith). <u>Jane Eyre</u> (Charlotte Bronte). <u>Agnes Grey</u> (Anne Bronte). <u>Typee</u> (Herman Melville)

စသည့်စာအုပ်များကို ညွှန်းလိုပါသည်။ အောက်မှ မျဉ်းသားထားသည်များမှာ စာအုပ်နာမည်များဖြစ်ပြီး ကွင်းထဲက စာရေးဆရာနာမည်များဖြစ်သည်။ ဤစာအုပ်များမှာ အစသာဖြစ်ပြီး တခြားစာအုပ်များအများအပြားအပြင်တွင်ရှာကြည့်နိုင်ပါသည်။ သင်နှစ်သက်သည့်စာအုပ်ကို သွားဝယ်ချည်ပါ။

(၂)အရေးစွမ်းရည် - A Handbook Of Writing (ISBN-7-5600-0700-7). New College English Writing (ISBN-7-81026-970-4). The Old Man And The Sea (Ernest Hemingway). The Vicar Of Wakefield (Oliver Goldsmith). The Elements Of Style (Strunk & White) စသည့်စာအုပ်များကို ညွှန်းလိုပါသည်။

(၃) နားထောင်စွမ်းရည် - BBC World Service…and certain other countries' English-language radio stations (Russia, Holland, Vietnam, and others) စသည့်အစီအစဉ်များကိုညွှန်းလိုပါသည်။ အင်္ဂလိပ်စကားပြော၊ အင်္ဂလိပ်စာတန်းထိုးပါသည့် ရုပ်ရှင်ကားတစ်ကားကိုရွေးပါ။ စကားပြောများမှာ ရိုးရှင်းပြီး၊ ဒေသကိုလိုက်ပြီး ကွဲလွဲနေသည့် အသံထွက်များပါဝင်သည့် ဇာတ်ကားများမဖြစ်သင့်ပါ။ ဇာတ်လမ်း၊ အကြောင်းအရာ စသည်တို့မှာလည်း စိတ်ဝင်စားစရာကောင်းပြီး သင့်ပညာရေးအတွက် အထောက်အကူဖြစ်စေရပါမည်။ ထိုရုပ်ရှင်ဇာတ်ကားကို အထပ်ထပ်ကြည့်ရှုနားထောင်နိုင်ပါသည်။

(၄) အပြောစွမ်းရည် - သင့်ကလာပ်စည်းထဲမှ အဆင့်တူ ကလာပ်စည်းဝင်နှင့် ပြောဆိုနိုင်ပါသည်။ နှောက်ယှက်မည့်သူမရှိပဲ ဆိတ်ငြိမ်သည့်အခန်းတစ်ခန်းထဲတွင် နံရံ၌ ကိုယ်လုံးပေါ်မှန်တစ်ချပ်ချိတ်ထားပြီး စာအုပ်စာတမ်းအချို့(သို့မဟုတ်) ရိုတ်စပီးယားပြဇာတ်ထဲမှ စကားအသုံးအနှုန်းများကို မှန်ကြည့်ပြီး ရွတ်ဆိုလေ့ကျင့်ကြည့်နိုင်ပါသည်။ အင်္ဂလိပ်စာလေ့လာသူများနားထောင်လေ့ရှိသည့် စကားပြောခွေများကိုလည်း နားထောင်ရင်း လိုက်ပြောကြည့်နိုင်ပါသည်။

(ခ) အတွင်းပိုင်း၊ အပြင်ပိုင်း စိတ်ဓာတ်လှုံ့ဆော်မှုနှင့်ပတ်သက်ပြီး အကြံပြုချက်များ - အတွင်းပိုင်းအပြင်ပိုင်း စိတ်ဓာတ်လှုံ့ဆော်မှုများမှာ ဩဇာကြီးမားသည့်အတွက် အရေးကြီးသည့်အချက်များဖြစ်သည်။ ပထမဆုံး - ထိုစိတ်ဓာတ်လှုံ့ဆော်မှုများမှာ မည်သည့်အရာများဖြစ်သည်ကို သိအောင်လုပ်ပါ။ ထို့နောက် စာရွက်တစ်ရွက်တွင် ချရေးပါ။ ဒုတိယ - ယင်းတို့မှာ အန္တရာယ်လည်းမရှိ၊ မှားယွင်းခြင်းလည်းမရှိပါက အဆိုပါစိတ်ဓာတ်လှုံ့ဆော်မှုများ၏ ငုပ်လျှိုးနေသော တွန်းအားများကို အင်္ဂလိပ်ဘာသာစကားတိုးတက်အောင်လုပ်ဆောင်သည့် လုပ်ငန်းတာဝန်အဖြစ်သို့ရောက်အောင် ဦးတည်ပါ။ ဥပမာပေးရလျှင် အစားအစာအမျိုးမျိုးကို မိမိနှစ်သက်သည်။ အချို့သော စားသောက်ဖွယ်ရာများ၏မြန်မာနာမည်များကို လေ့လာလိုပါက တပည့်တစ်ယောက်ကိုခေါ်ပြီး အကောင်းဆုံး ဆူပါမားကတ်တစ်ခုသို့လိုက်ပို့ခိုင်းမည်ဖြစ်သည်။ ကုန်ပစ္စည်းတန်းတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း စားသောက်ဖွယ်ရာများ၏ မြန်မာနာမည်နှင့် အင်္ဂလိပ်နာမည်တို့ကို ဖလှယ်ကြည့်ပါမည်။ ထိုနည်းအားဖြင့် မြန်မာဝေါဟာရကို အလျှင်အမြန်သင်ယူနိုင်ပါလိမ့်မည်။ လူတိုင်းတွင် ကိုယ့်ကိုယ်ကိုယ် စိတ်ဓာတ်လှုံ့ဆော်မှုရအောင်လုပ်သည့်နည်းလမ်းကိုယ်စီရှိကြပါသည်။ သင်လည်း သင့်နည်းလမ်းကိုသုံးကြည့်ပါ။

(ဂ) သင်လုပ်တာကိုနှစ်သက်ပြီး၊ သင်နှစ်သက်တာကိုလုပ်ခြင်း - အင်္ဂလိပ်ဘာသာစကားကို သင်လေ့လာလိုသည့်ဆန္ဒရှိသဖြင့် လေ့လာသည်။ ပြင်ပကပုဂ္ဂိုလ်များ၊ အကြောင်းအချက်များက သင့်ကိုတွန်းအားအပေးမခံပါနှင့်။ ဘာသာစကားတစ်ခုကို စိတ်ပါဝင်စားခြင်းမှာ အောင်ပွဲတစ်ဝက်ရခြင်းပင်ဖြစ်သည်။

(ဃ) အလုပ်နှင့် သာယာမှုကိုတွဲဖက်ခြင်း - အင်္ဂလိပ်စာလေ့လာမှုမှာ သင့်အလုပ်ဖြစ်သည်။ သင့်အတွက် သာယာမှုမှာ သင်လုပ်ချင်သည့်အရာကိုလုပ်ရခြင်းဖြစ်သည်။ သင့်အနေဖြင့် အင်္ဂလိပ်ဘာသာစကားလေ့လာမှုကို ခုံမင်ပါက ပိုပြီးလေ့လာနိုင်ပါလိမ့်မည်။ ရိုတ်စပီးယားကဲ့သို့သော နာမည်ကျော်စာရေးဆရာများ၏စာအုပ်များကို မဖတ်ချင်ပါက မဖတ်ပဲနေပါ။ သဲထိတ်ရင်ဖိုဝတ္ထုများ၊ ရုပ်ပြဇာတ်လမ်းစာအုပ်များကဲ့သို့ အပျော်ဖတ်များကို ဖတ်လိုပါက ယင်းစာအုပ်များကို သာဖတ်ပါ။ အင်္ဂလိပ်စာလေ့လာရာတွင် ပျော်စရာကောင်းမည့်နည်းလမ်းကို ရှာပါ။

(င) အလုပ်တစ်ခုမဟုတ်ပဲ၊ ဘဝနေနည်းတစ်ခုအဖြစ်သဘောထားခြင်း - ဘဝနေနည်းတစ်ခုအဖြစ်သဘောထားသည့်အခါ သင်အတွက် ခုံမင်စရာဖြစ်လာတတ်သည်။ သင်၏ လေ့လာမှုသည်လည်း အံ့မခန်းတိုးတက်လာတတ်ပါသည်။ တစ်နည်းဆိုရလျှင် ဘာသာတစ်ခုသို့ ပြောင်းလာကာစသူများသည် ထိုအချက်ကြောင့်ပင် မြန်မြန်ထက်ထက်ဖြင့် အများအပြားလေ့လာနိုင်ကြခြင်းဖြစ်သည်။ အင်္ဂလိပ်ဘာသာစကားကို ဘဝနေနည်းတစ်ခုအဖြစ်လုပ်ဆောင်နိုင်ပါက သင့်အနေဖြင့် ခပ်များများကို ခပ်လွယ်လွယ်ဖြင့် လေ့လာနိုင်ပါလိမ့်မည်။ ထိုအချက်ကြောင့်ပင် စာသင်ခန်းတွင်အင်္ဂလိပ်ဘာသာစကားကိုသင်ကြားပြီး ယင်းကို နေ့စဉ်သုံးကိရိယာအဖြစ်သို့ ပြောင်းလဲရန်အတွက် နိုင်ငံခြားသို့သွားရောက်ကြခြင်းဖြစ်သည်။ စာသင်ခန်းတွင်းမှ အင်္ဂလိပ်စာကို ဘဝနေနည်းဖြစ်အောင် လုပ်ဆောင်ကြခြင်းဖြစ်သည်။

(စ) အတည်တကျလုပ်ထားသော နည်းလမ်းနှင့် လွတ်လပ်သည့်နည်းလမ်း - သင့်လျော်သည့်အကန့်အသတ်များထဲမှ သင့်နည်းလမ်းကိုရအောင်ရှာပါ။ ဆိုလိုသည်မှာ အင်္ဂလိပ် ဘာသာစကားလေ့လာမှုအားဖြင့် သင်လုပ်ချင်သည့်နည်းလမ်းကိုလိုက်ရန်ဖြစ်သည်။ ထို့ပြင် လွတ်လပ်သည့်နည်းလမ်းကို လိုက်ရန်အတွက်လည်း သင်သွားလိုသည့်နေရာသို့သွားရန် လွတ်လွတ်လပ်လပ်နေပြီး၊ သင်လုပ်ချင်သည်ကိုလည်းလုပ်ပါ။ မျိုးဆက်သစ်များမှာ ချမ်းသာသူ၊ ဩဇာရှိသူ၊ အဆက်အသွယ်ကောင်းသူများတွင်မပါဝင်ပဲ၊ ဖန်တီးမှုရှိသူ၊ စိတ်ကူးကောင်းသူ၊ လုံ့လဝီရိယရှိသူ၊ လူသိထင်ရှားမရှိသူ၊ ရှေ့ရေးကိုမျှော်တွေးတတ်သူများတွင် ပါဝင်နေပါသည်။

(ဆ) သင့်အစီအစဉ်ကို သင့်လိုအပ်ချက်၊ ဆန္ဒနှင့် စွမ်းရည်တို့နှင့် ကိုက်ညီအောင်လုပ်ခြင်း - အင်္ဂလိပ်ဘာသာစကားအတွက် စွမ်းရည်လေးရပ်တွင် စွမ်းရည်တစ်ရပ်စီအတွက် သင့်လိုအပ်ချက်၊ ဆန္ဒနှင့် စွမ်းရည်တို့ကို ကိုက်ညီအောင်လုပ်ရမည်။ သင်လိုအပ်သည့်အရာဘာလဲသိအောင်လုပ်။ သင်အားသာသည့်အချက်၊ အားနည်းသည့်အချက်သိအောင်လုပ်။ သိလာသည့်အတိုင်း လေ့လာမှုအစီအစဉ်ကိုဆွဲပါ။ ရေး၊ ဖတ်၊ ပြော၊ နားထောင်ဟူသည့် စွမ်းရည်လေးရပ်အတွက် စွမ်းရည်တစ်ရပ်ချင်းစီကို တစ်ကြိမ်စီသုံးသပ်ကြည့်ခြင်းဖြင့် လေးကြိမ်လုပ်ပါ။ သင်ဆန္ဒရှိပါက ဘာသာပြန်ခြင်းအတွက်လည်း ထိုသို့သုံးသပ်လုပ်ဆောင်ပါ။ သင့်နည်းသင့်ဟန်ဖြင့် စခန်းသွားနိုင်ရန် လုံလောက်သည့် မြေပုံတစ်ခုကိုရရှိလာပါလိမ့်မည်။

(ဇ) တစ်ကိုယ်တည်းလုပ်ဆောင်ခြင်း - ထပ်ပြီးပြောရလျှင် တစ်ကိုယ်တည်းလုပ်ဆောင်ပါ။ ထိုသို့လုပ်ဆောင်ခြင်းက ဘဝကိုပိုမိုရိုးရှင်းစေပြီး၊ ပြောင်းသာပြင်သာရှိလာစေပါလိမ့်မည်။ သင်တို့ထဲမှ အချို့အတွက် အများနှင့်ဆိုင်သော အင်္ဂလိပ်စာ (အခန်း ၃ နှင့် ၄ ကြည့်) ရလာမည်ဖြစ်ပြီး၊ ကိုယ်ပိုင်အင်္ဂလိပ်စာ (အခန်း ၅ နှင့် ၆ ကြည့်) ကိုလည်းရရှိနိုင်ပါသည်။ ထိုနည်းအားဖြင့် သင့်အနေဖြင့် တစ်ကိုယ်တည်းထီးထီးကြီး နေစရာမလိုပါ။ သင်ဆုံးဖြတ်နိုင်ပါသည်။

(ဈ) သိုသိုသိပ်သိပ်ရှိခြင်း - တစ်ချိန်လုံး သိုသိုသိပ်သိပ်ရှိနေလို့မရပါ။ ငမိုက်သားများ၊ မနာလိုမှုများ၊ မစ္ဆရိယစိတ်များရန်မှ အကောင်းဆုံးအကာအကွယ်မှာ အမည်မဖော်ခြင်းနှင့် သိုသိုသိပ်သိပ်ရှိခြင်းပင်ဖြစ်သည်။

(ည) သင့်ကိုယ်သင် အလိုလိုက်ခြင်းကို အချိန်ပိုင်းပြီး လေ့လာခြင်း - တရုတ်ပြည်မှ နေရတာသဘောကျသည်။ သို့ရာတွင် တခါတစ်လေတော့ ပင်ပန်း

နွမ်းနယ်၊ အထီးကျန်၊ စိတ်ဓာတ်ကျလာပြီး တောင်တောင်အီအီတွေ တွေးမိကုန်သည်။ (ဤသည်မှာ မိမိအမှုအကျင့်ဖြစ်သည်) ဒါဆို မိမိဘာလုပ်ရမလဲ။ တခါတရံတွင် မိမိကိုယ်ကိုယ် အလိုလိုက်ဖို့လိုလာသည်။ လူတိုင်းတွင် အထူးတလည်ကိစ္စကိုယ်စီရှိကြသည်။ မိုးစက်၏ တေးသွားများကိုနားထောင်ခြင်း၊ လမ်းလျှောက် ထွက်ခြင်း၊ ရေသွားကူးခြင်း၊ အချိန်အကြာကြီးစကားပြောဖို့ မိတ်ဆွေတစ်ယောက်ကို ဖုန်းဆက်ခြင်း စသည်ဖြင့် ကိုယ့်အထူးတလည်ကိစ္စများကို လုပ်ဆောင်တတ်ကြသည်။ မိမိတို့လုပ်လိုက်သည့်ကိစ္စအတွက် နောက်ခံအကြောင်းတရားမှာ ကိုယ့်ဆင်ခြင်တုံတရားကို တည်တံ့စေရန်ပင်ဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက်လုပ်ကိုင်သည့် ကိစ္စများ မတူကြပါ။ ဆင်ခြင်တုံတရား( အပြစ်ကင်းစင်မှုလိုပင်)သည် အရေးပါသည့်အရာဖြစ်သည်။ ဆင်ခြင်တုံတရားမဲ့သွားလျှင်ပြန်လည်ဖာထေးမရနိုင်တော့ပေ။ အင်္ဂလိပ်ဘာသာစကားကို အလုပ်ဖြစ်အောင်သင်ယူလေ့လာသည့် ခရီးသည် ရှည်လျားပြီး ခက်ခဲလှသည်။ အဟာရဖြည့်တင်းမထားလျှင် အားအင်ကုန်ခမ်းခြင်း၊ သို့မဟုတ် စိတ်ဖောက်သွားသည်အထိ ဖြစ်နိုင်သည်။ ထို့ကြောင့် သင့်ကိုယ်သင် အလိုလိုက်ဖို့လိုသည်။ အစားကြူးစရာမလိုပါ။ သို့ရာတွင် ကိုယ့်ကိုယ်ကိုယ် အလိုလိုက်ခြင်းသည် မဖြစ်ခင်က ကြိုတင်ကာကွယ်မှုနှင့်ဆိုင်သော၊ အားသစ်လောင်းပေးသည့် ဆေးတစ်လက်ဖြစ်ပါသည်။

(ငှ) အင်္ဂလိပ်စာကို လေ့လာခြင်းမဟုတ်ပဲ၊ စမ်းသပ်ခြင်း – တစ်ရက်သားတွင် တပည့်တစ်ယောက်က ဤသို့စောဒကတက်ပါသည်။ " ဒီအင်္ဂလိပ်စာတွေအကုန်လုံးကို ဘယ်လိုလုပ်ပြီး လေ့လာကျက်မှတ်နိုင်ပါ့မလဲ" " ဒီလောက်အများကြီး၊ ခက်လွန်းပါတယ်" ဟုဆိုလာသည်။ များလည်းများ၊ ခက်လည်းခက်သည်မှာအမှန်ပင်ဖြစ်ပါသည်။ ဤသို့တွေးကြည့်ပါ။ သင်သည် အခြားသူငယ်ချင်းကိုးဦးနှင့် ဒင်းဆမ်းစားသောက်ဆိုင်တစ်ဆိုင်ထဲတွင်ရောက်နေသည်ဟု စိတ်ကူးကြည့်ပါ။သင်တို့ဆယ်သီးမှာ ဇရာမစားပွဲဝိုင်းကြီးတစ်ဝိုင်းတွင်ဝိုင်းထိုင်နေကြသည်။ ကြေးဝါရေနွေးကရားကြီးကိုကိုင်ထားသည့် စားပွဲထိုးများကလည်း စားပွဲဝိုင်းများကြား ဟိုမှသည် ရေနွေးကြမ်းပန်းကန်လွတ်ကို လိုက်ရှာရင်း ကူးချည်သန်းချည်ဖြစ်နေကြသည်။ အခြားဝန်ထမ်းများက သူတို့လက်တွန်းလှည်းဖြင့်ဟိုဟိုသည်သည်သွားရင်း သင့်စားပွဲအတွက်ကျသင့်ငွေကို လာတွက်ပေးသည်။ သင်တို့ဆယ်ယောက်က ဟင်းပွဲဆယ်ပွဲစီမှာလိုက်သဖြင့် စုစုပေါင်း ဟင်းပွဲက ၁၀၀ ရှိသွားသည်။ ထို့နောက် လူတိုင်းက ဟင်းပွဲတရာထဲမှ အပိုင်းအစလောက်သာရှိသည့် ဟင်းဖတ်တစ်ဖတ်ကို မြည်းကြည့်သည်။ ထိုနည်းအားဖြင့် ဟင်းပွဲအားလုံးကို သင်လိုက်ကြည့်ပြီး၊ မြည်းကြည့်နိုင်မည်ဖြစ်သည်။ ထိုဟင်းပွဲများထဲမှ သင်ကြိုက်သည်က ဟင်းပွဲ ၅ ပွဲလောက်ပဲဖြစ်ချင်ဖြစ်မည်။ နောက်တစ်ခေါက် သင်ထိုဆိုင်သို့သွားသည့်အခါ မည်သည့်ဟင်းပွဲကိုမှာရမည်ကို သင်သိသွားပြီ။ သင်အင်္ဂလိပ်ဘာသာစကားလေ့လာလျှင်လည်း ထိုနည်းလမ်းအတိုင်းလေ့လာနိုင်ပါသည်။

သင့်ကျောင်းစာကြည့်တိုက်မှ စာအုပ်အားလုံးကို အလွတ်ကျက် အာဂုံဆောင်စရာမလိုပါ။ ပညာကိုဘယ်မှာရှာရမည်ဆိုသည်နှင့် မည်သို့မည်ပုံ ပညာရအောင်လုပ်ရမည်ဆိုသည်ကိုသာ သိအောင်လုပ်ပါ။ မိမိအတွက်တော့ အသိပညာဟူသည် " ကွမ်းသီး "လိုဖြစ်ပြီး၊ ပညာရေးကတော့ "ကွမ်းညှပ်" ကဲ့သို့ဖြစ်ပါသည်။ သင့်အနေဖြင့် ကွမ်းသီးတစ်လုံး (စာအုပ်တစ်အုပ်၊ ဆောင်းပါးတစ်ပုဒ် စသည်)ကို မည်သို့ လှီးညှပ်ရမည်ကို သိပြီဆိုပါက ကွမ်းသီးပင်ခြံထဲတွင် ကွမ်းသီးအများစုကို လှီးညှပ်တတ်သွားပါလိမ့်မည်။ တကယ်တော့ မိမိတို့ထက် ဉာဏ်ရည်နိမ့်သည့် ရှဉ့်များ ကွမ်းသီးကို အခွံကွဲအောင်ခွဲတတ်ကြပါသည်။ အင်တာနက်တွင် မွှေနှောက်ရှာဖွေခြင်း၊ စာမြည်းခြင်း၊ စေ့စေ့စပ်စပ်လိုက်ဖတ်ခြင်း၊ စာအုပ်နံပါတ်များ( စာအုပ်အရောင်းနံပါတ်နှင့် စာကြည့်တိုက်ဖုန်းနံပါတ်များ)ကို မှတ်သားပါ။ အင်တာနက်လိပ်စာနှင့် ဝဘ်ဆိုက်လိပ်စာများကို မှတ်သားပါ။ သင့်စိတ်ကြိုက် ကဗျာတစ်အုပ်ကို အလွတ်ကျက်ဖို့ကိစ္စကို ဘေးဖယ်ထားလိုက်ပါ။

အကူအညီယူခြင်း***<u>Getting help.</u>***

နိုင်ငံခြားသားဆရာမရှိပဲ ကိုယ်တိုင် အင်္ဂလိပ်ဘာသာစကားကို ဘယ်နေရာရောက်နေနေ လေ့လာခြင်းဆိုသည့် မသိခြင်းကမ္ဘာလောကထဲသို့ ကိုယ်တိုင်သွားရောက်ဖို့ ခြေလှမ်းမိခြင်းမှာ အင်မတန်ခက်ခဲသည်ဟု သဘောပေါက်သွားသူများ ရှိချင်ရပါလိမ့်မည်။ ကောင်းပါပြီ။ ဤအခန်းမှာ ထိုသို့သောသူမျိုးအတွက်ဖြစ်သည်။ ဒီနေရာထိရောက်အောင်ဖတ်လာရသည်မှာ သင့်အတွက် ပြဿနာတက်နေပြီလို့ မျှော်လင့်မိပါသည်။ သို့မဟုတ် မိတ်ဆွေတစ်ယောက်က စာအုပ်ထဲမှ ဤအခန်းကိုသင့်ကိုဖတ်ခိုင်းချင်ဖတ်ခိုင်းလိမ့်မည်။ သင်သည်လည်း အရေးပါပါသည်။ သင့်ကိုဒီအတိုင်းအတာထက်ကျော်ပြီး မိမိအကူအညီမပေးနိုင်ပါ။ တခြားသူတစ်ယောက်က အကူအညီပေးနိုင်ကောင်းပေးနိုင်ပါလိမ့်မည်။

(က) တစ်ဦးချင်းပညာရေး အစီအစဉ်အကြောင်း – ပညာရေးစနစ်တွင်ပါဝင်သည့် အစီအစဉ်တစ်ခုဖြစ်ပါသည်။ ရံဖန်ရံခါတွင် စာသင်နှစ်တစ်နှစ်အတွက်၊ သက်ဆိုင်ရာ ကျောင်းသားတစ်ယောက်အတွက်ရေးဆွဲထားသည့် အစီအစဉ်မျိုးလည်းဖြစ်တတ်သည်။ ကိုယ့်စိတ်ကြိုက်ဆင်ထားသည့် ကားတစ်စီး၊ ဆရာဝန်က ကိုယ့်အတွက်ရေးပေးသည့် ဆေးစာကဲ့သို့ သင့်အတွက် အထူးတလည်လုပ်ပေးထားသည့် အရာမျိုးဖြစ်သည်။ တစ်ဦးချင်း ပညာရေးအစီအစဉ်ကို ရေးဆွဲပေးမည့်သူသင့်တွင်ရှိပါက သင်ခြေလှမ်းစရန် မြေပုံတစ်ချပ်ရသွားပါလိမ့်မည်။ အမေရိကားတွင်တော့ ထိုပညာရေးအစီအစဉ်မျိုးမှာ အင်မတန်ရှုပ်ထွေးလှသည်။ သင့်အနေဖြင့် ရှုပ်ရှုပ်ထွေးထွေးဖြစ်လို့မရပါ။ ရိုးရိုးရှင်းရှင်းသာရှိပါစေ။ အရေး၊ အဖတ်၊ အပြော၊ နားထောင်ဟူသည့် အင်္ဂလိပ်ဘာသာစကား၏ စွမ်းရည်လေးရပ်တွင်မူတည်ပြီး သင့်ပညာရေးအစီအစဉ်ကို ရေးဆွဲရန် အကြံပြုလိုပါသည်။ သင့်အနေဖြင့် တစ်နှစ်ကြာမြင့်မည့်ကာလအတွင်း လုပ်ဆောင်မည့်ပညာရေးအစီအစဉ်ကိုရေးဆွဲသင့်ပါသည်။ သင့်တဦးချင်းပညာရေးအစီအစဉ်ကိုအကုန်ရေးဆွဲပြီးပါက လစဉ်၊ အပတ်စဉ်၊ နေ့စဉ် ဆိုပြီး အသေးစိတ်ထပ်မံရေးဆွဲလို့ရမည်ဖြစ်ပါသည်။ ယခုသင့်ကို မည်သူကူညီနိုင်သနည်းလိုက်ကြည့်ပါ။ အင်္ဂလိပ်စာသင် အလယ်တန်းပြဆရာနှင့် ကောလိပ်အင်္ဂလိပ်စာအထူးပြုယူထားသူတို့ကို မိမိအကြံပြုလိုပါသည်။

(ခ) အင်္ဂလိပ်စာသင် အလယ်တန်းပြထံမှ အကူအညီယူခြင်း – အင်္ဂလိပ်စာလေ့လာမှု နောက်ခံအားဖြင့်ကြည့်လျှင်ဖြစ်စေ၊ တစ်ဦးချင်းပညာရေးအစီအစဉ်ရေးဆွဲနည်းကို သိရှိမှုရှုထောင့်မှကြည့်လျှင်ဖြစ်စေ ဤပုဂ္ဂိုလ်၏အကူအညီကပိုကောင်းသည်။ သို့ရာတွင် ထိုကျောင်းဆရာများမှာ အင်မတန်အလုပ်များနိုင်ပါသည်။ သင့်ကိုအကူအညီပေးရန် လိုလိုလားလားရှိသည့် ဆရာတစ်ယောက်ကို သင့်အနေအထားကို ရှင်းပြနိုင်ပါက တစ်ဦးချင်း(သီးသန့်) ပညာရေးအစီအစဉ်ကို သင့်အားရေးဆွဲပေးကောင်းပေးပါလိမ့်မည်။ သူတို့အပေါ်မမှီခိုပါနှင့်။

(ဂ) ကောလိပ်ကျောင်းမှ အင်္ဂလိပ်အထူးပြုယူထားသူ – အင်္ဂလိပ်ဘာသာစကားဆိုင်ရာ နောက်ခံမှာ အကန့်အသတ်ဖြင့်ရှိနေသော်လည်း ကောလိပ်မှ အင်္ဂလိပ်စာ အထူးပြုကျောင်းသားများမှာ အကူအညီပေးရန်တက်ကြွမှုရှိသူများဖြစ်သည်။ ဆရာအတတ်သင်ကျောင်းတစ်ကျောင်းမှ ထိုသို့သော ကျောင်းသားမျိုးကိုသင်ရှာလို့ရပါက အင်မတန်ကံကောင်းပါသည်။ ကောလိပ်ကျောင်းအုပ်ချုပ်ရေးအဖွဲ့၊ ဘာသာရပ်ဆိုင်ရာဌာနများမှအကူအညီတောင်းခံခြင်းထက် ကျောင်းသားများထံမှ အကူအညီယူဖို့လိုပါသည်။ တစ်စုံတစ်ယောက်ကိုသင်တွေ့ပါက သင့်အင်္ဂလိပ်စာအဆင့်ကိုပြောပြပါ။ သင်၏ တစ်နှစ်တာအင်္ဂလိပ်စာလေ့လာမှုအတွက် အစီအစဉ်ဆွဲရန် သူတို့ကိုအကူအညီတောင်းခံပါ။ မျှော်လင့်ထားရန်မဟုတ်သော်လည်း သင်၏လေ့လာမှုများကို ကျောင်းသားတစ်ယောက်က အကူ

အညီပေးရန်ကမ်းလှမ်းလာပါလိမ့်မည်။

နိဂုံး***Conclusion.***

အကြိတ်အနယ်လေ့လာသင်ယူထားရသော သင်၏ အင်္ဂလိပ်ဘာသာစကားအသိကို ဘာသာစကားအရာတွင် ပရမ်းပတာဖြစ်နေသော ဘွဲ့ယူပြီးကာလ အလွန်ကမ္ဘာလောကတွင် ဆက်လက်ရှင်သန်စီးမျောနိုင်ရန် သင်ကြိုးစားနေရင်း တွေ့ကြုံလာရသည့် အခက်အခဲအများအပြားကို ဤအပိုင်းအထိ ဆွေးနွေးတင်ပြခဲ့ပြီးပါပြီ။ သင့်ဘဝတွင်ကြုံရသည့်အခက်အခဲအများအပြားကိုမည်သို့အနိုင်ယူရမည်ကို အတော်များများပြောခဲ့ပြီးဖြစ်ပါသည်။ သင်တတ်နိုင်သမျှ ထိုအခက်အခဲများကို ဘယ်လိုနည်းဖြင့် အကောင်းဆုံးကျော်လွှားရမည်ဆိုသည်ကိုလည်း ပြောခဲ့ပြီးပါပြီ။ ဤသည်မှာ အင်္ဂလိပ်စာလေ့လာရာတွင် ကြုံလာရသည့်အတိုင်း တုံ့ပြန်ဆောင်ရွက်သည့် ချဉ်းကပ်ပုံဖြစ်သည်။ တစ်နည်းဆိုရလျှင် တောနက်ထဲတွင် ရှင်သန်ရပ်တည်နိုင်ရေးပင်ဖြစ်သည်။ ထို့နောက်သင့်အတွက်ရနိုင်သည့် အဖြေများကိုဆွေးနွေးပြီး၊ မည်သို့မည်ပုံအဖြေပေါ်အောင်လုပ်ဆောင်ရမည်ကို ဆွေးနွေးခဲ့သည်။ ဤသည်မှာ မဖြစ်ခင်က ကြိုတင်ပြီးဆောင်ရွက်သည့် ချဉ်းကပ်ပုံဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာစကားကို နိုင်ငံခြားသားဆရာမရှိပဲ ကိုယ်တိုင် ဘယ်နေရာရောက်နေနေလေ့လာမှုအား မဖြစ်ခင်ကြိုတင်ဆောင်ရွက်သည့်နည်းဖြင့်ချဉ်းကပ်ပုံဖြစ်ပါသည်။

တစ်သတ်မတ်တည်းသောနည်းလမ်းကိုပြောနေခြင်းမဟုတ်ပါ။ ယနေ့ခေတ်ကာလတွင်အသုံးပြုနေကြသော နည်းလမ်းတောင်ပုံရာပုံထဲမှ နည်းလမ်းတစ်ခုသာဖြစ်ပါသည်။ ယခုအခါ နားလည်ရန်၊ ကျော်လွှားရန်၊ အကျိုးအမြတ်ရရှိရန်၊ အောင်နိုင်ရန် စာဖတ်သူသင့်လက်ထဲတွင် ကိရိယာတန်ဆာပလာအချို့ ရရှိသွားပါပြီ။ နောက်တစ်ဆင့်တွင် မိမိတို့ဆွေးနွေးခဲ့သော “ နမူနာ ကလာပ်စည်း ” ပုံစံမှာ သမိုင်းတွင်အောင်မြင်မှုရရှိခဲ့ပြီးသားဖြစ်သည်။ ယနေ့ခေတ်တရုတ်ပြည်သည် တစ်ချိန်က ကလာပ်စည်းများထဲတွင်လုပ်ဆောင်ခဲ့သောလူများက မှန်းဆပြီး ဖွံ့ ဖြိုးတိုးတက်အောင်လုပ်ဆောင်ခဲ့သည့်တိုင်းပြည်ဖြစ်ပါသည်။ ကလာပ်စည်းအယူအဆကို သင့်အတွက်ကိုက်ညီသည့်အတိုင်း အသုံးချနိုင်ပါသည်။ အင်္ဂလိပ်ဘာသာစကားကိုလေ့လာရာတွင် မဖြစ်ခင်ကကြိုတုံ့ပြန်သည်နည်းနှင့် ဖြစ်လာမှ တုံ့ပြန်ဆောင်ရွက်သည့် ချဉ်းကပ်ပုံနှစ်မျိုးစလုံးကို ရွေးချယ်သည့်အခါ လိုက်လျောညီထွေရှိအောင် ပြင်ဆင်မှုများလုပ်ပါက သင့်အတွက် အားသာချက်ဖြစ်ပေါ်စေမည့် အကျိုးကျေးဇူးကိုရရှိလိမ့်မည်။ ကံကောင်းပါစေ၊ ကောင်းမွန်သောလေ့လာမှုဖြစ်ပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

## အခန်း ၇

## ထည့်စဉ်းစားရမည့် အခြားအယူအဆများ

## ***VII. Other Ideas For Consideration.***

ဤအပိုင်းသည် ယခင်အခန်းများကတင်ပြခဲ့သည်များအတွက် နောက်ဆက်တွဲအနေဖြင့်ထည့်သွင်းထားခြင်းဖြစ်ပါသည်။ အပိုဆောင်းထည့်သွင်းထားခြင်းမျိုးပင်ဖြစ်ပါသည်။ ဤစာအုပ်၏အဓိကအစိတ်အပိုင်းများနှင့် လျော့တိလျော့ရဲချိတ်ဆက်မှုတော့ရှိနေသည့် အယူအဆအချို့လည်း ဤအခန်းတွင်ပါရှိနေပါသည်။ သို့ရာတွင် ယင်းအယူအဆများမှာ ထည့်သွင်းရန်အရေးကြီးသည့် အယူအဆများဖြစ်သဖြင့် ထည့်သွင်းလိုက်ခြင်းဖြစ်ပါသည်။ ဤအယူအဆများကို အသုံးပြုပြီး လုပ်ဆောင်ကြည့်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

တော်လှန်ရေးဟူသည် အယူအဆ( သို့မဟုတ် အတွေးအခေါ် )၊ လူတစ်ချို့(သို့မဟုတ် တော်လှန်ရေးသမားများ)၊ နှင့် ကိရိယာတန်ဆာပလာတစ်ခု (သို့မဟုတ် လက်နက်) များလိုအပ်စမြဲပင်ဖြစ်သည်။ ဤအပိုင်းသည် အင်္ဂလိပ်ဘာသာစကားကို နိုင်ငံခြားသားဆရာမရှိပဲ သင့်နည်းသင့်ဟန်ဖြင့် ဘယ်နေရာရောက်နေနေ လေ့လာနေရင်း သင်အသုံးပြုနိုင်သည့် ကိရိယာတန်ဆာပလာများကို တင်ပြထားခြင်းဖြစ်သည်။ လူသည် အရေးပါသော်လည်း အသုံးချနိုင်သည့်နည်းပညာအနည်းငယ်ရှိမှသာ လုပ်မည့်အလုပ်ကို ပို၍ထိရောက်မြန်ဆန်စွာလုပ်ကိုင်နိုင်မည်ဖြစ်သည်။ အခြားသူများထံသို့ အင်္ဂလိပ်စာပြဆရာတစ်ဦးအနေဖြင့် သွားရောက်ကူညီသည့်ကိစ္စနှင့်ပတ်သက်ပြီးစဉ်းစားသည့်အခါ ကြီးကျယ်သည့် ဂယက်ရိုက်မှုများလည်းရှိပါသည်။ ဤအခန်းတွင် ဗီဒီယိုတယ်လီဖုန်းများ၊ အင်တာနက်အခြေပြုစုံတွဲရှာဖွေသည့် ဝန်ဆောင်မှုများနှင့် တစ်နိုင်ငံလုံးတွင် အင်္ဂလိပ်စာကိုသုံးစွဲမှုတွင်ကျယ်စေရန် သင်အသုံးပြုနိုင်သည့် အသစ်ပေါ်ပေါက်လာသည့် နည်းပညာများအကြောင်းကို တင်ပြဆွေးနွေးသွားမည်ဖြစ်ပါသည်။ အယူအဆအချို့ကို မွေးစားပြီးပါက မြို့ပြ၏ပင်ကိုယ်စွမ်းရည်နှင့် ကျေးလက်လိုအပ်ချက်များကို ကြီးမားသည့်အတိုင်းအတာဖြင့် ပေါင်းကူးပေးနိုင်ပါလိမ့်မည်။

ဗီဒီယိုတယ်လီဖုန်းဆက်သွယ်ရေးဖြင့် အဝေးသင်သင်ခန်းစားများရယူခြင်း***Long-distance tutorials by video-telephone.***

(က) စနစ်ကို ယေဘုယျသရုပ်ဖော်ခြင်း – ပထမဆုံးပြောလိုသည်မှာ တစ်နိုင်ငံလုံးရှိ ဒေသအသီးသီးမှ တပည့်ဟောင်းများကို စကားပြောရင်း နာရီပေါင်းရာနှင့်ချီပြီး မိမိဖုန်းပြောလေ့ရှိပါသည်။ ထိုသို့ဆက်သွယ်ပြောဆိုရခြင်းမှာ အံ့သြဖွယ်ဖြစ်သည်။ တယ်လီဖုန်းလိုင်းတစ်လိုင်းထဲတွင် ကမ္ဘာ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်းကို ပြောဆိုဆက်သွယ်နိုင်သည်။ ဤသည်မှာ ထိရောက်အကျိုးရှိသည့် အင်္ဂလိပ်အပြောဘာသာစကားဆိုင်ရာ ကိရိယာတစ်ခုဖြစ်သည်။ သို့ရာတွင် ယင်းတွင် အကန့်အသတ်များအမှန်တကယ်ပင်ရှိနေသည်။ မိမိဘက်မှ မျက်စိဖြင့်မြင်နေရခြင်းမဟုတ်သဖြင့် အရေးအသားများကို အမှားပြင်ဆင်ပေးခြင်းမျိုးကတော့မဖြစ်နိုင်ပါ။ ဒုတိယအချက်မှာ ဂျပန်နိုင်ငံတွင် ခရီးသွားနေစဉ်က တိုက်ရိုက်ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်များကို နောက်ဆုံးပေါ်ဗီဒီယိုဖုန်းများဖြင့် အပြန်အလှန်ပေးပို့နေကြသော အထက်တန်းကျောင်းသားများကို တွေ့ခဲ့ဖူးပါသည်။ စီးပွားရေးလုပ်ငန်းများတွင်လည်း ဗီဒီယိုကွန်ဖရင့်ဟူသည့်နည်းပညာကို သုံးစွဲလျက်ရှိပါသည်။

ဗီဒီယိုဆဲလ်ဖုန်းနှင့် ပိုပြီးဈေးကြီး ရှုပ်ထွေးသည့် ဗီဒီယိုကွန်ဖရင့်ကိရိယာများကြားတွင် အလယ်အလတ်ကျသော နည်းပညာတစ်ခုအဘယ့်ကြောင့်မပေါ်လာသေးသနည်း။ တစ်နည်းအားဖြင့်ပြောရလျှင် ဗီဒီယိုကင်မရာနှင့် ဗီဒီယိုထုတ်လွှင့်ပြသသည့် ဖန်သားပြင်ပါသည့် နေအိမ်သုံး တယ်လီဖုန်းများကို အဘယ့်ကြောင့်မတီထွင်ကြသနည်း။ ဤဖုန်းများကိုသုံးနိုင်ပါက ကိုယ့်ဘေးတွင်ထိုင်မနေသည့် တပည့်များကို ဆရာဖြစ်သူက သင်ကြားပြသပေးနိုင်လာမည်ဖြစ်ပါသည်။ တပည့်တစ်ယောက်က ရန်ကုန်မှာ၊ တခြားတပည့်တစ်ယောက်က မန္တလေးမှာရှိနေသော်လည်း နှစ်ယောက်စလုံးကို တစ်ပြိုင်တည်းသင်ပေးလာနိုင်မည်ဖြစ်သည်။ ဂယက်ရိုက်မှုများမှာ အင်မတန်ပင် ကြီးမားကျယ်ပြန့်မည်မှာ အမှန်ပင်ဖြစ်ပါသည်။

(ခ) ဆရာ၏ အခန်းကဏ္ဍကို ပုံဖော်ခြင်း – (အထူးသဖြင့် မြို့ကြီးပြကြီးတွင်နေသည့်) ဆရာများတွင် အများအားဖြင့် စာအုပ်စာတမ်းအားလုံးရှိနေတတ်သည်ဟု ယူဆသည်မှာ မှူတပါသည်။ ဆရာဖြစ်သူက စာအုပ်တစ်အုပ်ကိုယူ တပည့်တစ်ယောက်ကို ဖုန်းခေါ်၊ ဗီဒီယိုကင်မရာရှေ့မှာ စာအုပ်ကိုချ၊ အတန်းကိုစနိုင်ပါသည်။ နှစ်ဖက်စလုံးမှ စာအုပ်ဘယ်နေရာကိုရောက်နေသည်ဆိုသည်ကို ခဲတံတစ်ချောင်းဖြင့် ထောက်ပြနိုင်ပါသည်။ ထိုနည်းအားဖြင့် နားလည်မှုလည်း မလွဲနိုင်တော့ပါ။ တပည့်ဘက်မှလည်း စာအုပ်များလိုက်ရှာနေရသည့် ဒုက္ခမှ လွတ်မြောက်သွားပါလိမ့်မည်။

(ဂ) ကျောင်းသား၏အခန်းကဏ္ဍ – ကျောင်းသားက အရေးအသားတစ်ခုရေးထားပါက ဗီဒီယိုကင်မရာရှေ့ချပြီး ဆရာဖြစ်သူ၏ ဝေဖန်အကြံပြုချက်ကို ရယူနိုင်ပါသည်။ ဆရာဖြစ်သူက သတ်ပုံအကျအပေါက်စစ်ပေးခြင်းကို နားထောင်ပြီး တပည့်ကလိုက်ပြင်နိုင်ပါလိမ့်မည်။ ဆရာဖြစ်သူကိုပြစရာ၊ ပြောစရာရှိပါက အင်မတန်လွယ်ကူစေပါလိမ့်မည်။ တစ်နည်းဆိုရလျှင် ကျောင်းသား၏အခန်းကဏ္ဍမှာ သာမန်သာဖြစ်သည်။

(ဃ) ဤလေ့လာသင်ကြားမှုကို အထောက်အကူပြုရန် တယ်လီဖုန်းတပ်ဆင်ခြင်း – မိမိသည် နည်းပညာပိုင်းတွင် ပင်ကိုယ်အစွမ်းအစရှိသူမဟုတ်သော်လည်း  ဗီဒီယိုတယ်လီဖုန်းနှင့်ပက်သက်ပြီး အယူအဆအချို့ကို တင်ပြလိုပါသည်။ ပထမဆုံးအနေဖြင့် –  ထိုကိရိယာမျိုးကို လက်ရှိကြိုးဖုန်းဆက်သွယ်ရေးစနစ်တွင် အသုံးပြုနိုင်ပါသည်။ ဗီဒီယိုကင်မရာမှာလည်း စာအုပ်တစ်အုပ်ကိုဖတ်လို့ရလောက်ရုံ ကင်မရာမျိုးဖြစ်သည်။ ဈေးမကင်မရာကြီးများနှင့် ဈေးမ ဖန်သားပြင်ကြီးများမှာမူ နောက်ဆုံးပေါ်နည်းဖြင့် ဝါယာကြိုးဆက်သွယ်မှုများလိုအပ်မည်ဖြစ်၍ ဤနေရာတွင် မလိုအပ်ပါ။ ဒုတိယအချက်မှာ ကင်မရာနှင့် ဖန်သားပြင်အစိတ်အပိုင်းမှာ တယ်လီဖုန်း၏ အစိတ်အပိုင်းဖြစ်စရာမလိုပါ။ ၎င်းတို့ကို ရှိပြီးသားတယ်လီဖုန်းတွင် ပလပ်ထိုးလိုက်ရုံသာဖြစ်သည်။

သင့်အတွက် တယ်လီဖုန်းအသစ်တစ်လုံးဝယ်စရာမလိုသဖြင့် ငွေချွေတာရာရောက်မည်ဖြစ်သည်။ တတိယအချက်မှာ – ကင်မရာအစိတ်အပိုင်းမှာ ထောက်တစ်ခုပေါ်တွင်တပ်ဆင်ထားရမည်ဖြစ်သည်။ ကင်မရာကို စာအုပ်ထားချထားရာ စာကြည့်စားပွဲပေါ်မှ စီးမိုးပြီး အောက်သို့စိုက်ချထားရမည်။ ကင်မရာမှာ အော်တိုဖိုးကပ်စ် ကင်မရာအမျိုးအစား၊ သို့မဟုတ် စာအုပ်ကိုင်ထားသည့် လူက လက်ဖြင့်ပြုပြင်နိုင်သည့်ကင်မရာဖြစ်ရပါမည်။ တစ်နည်းအားဖြင့်ပြောရလျှင် ရှုပ်ထွေးမှုနည်းပြီး၊ အကုန်အကျသက်သာအောင် တစ်ဦးနှင့်တစ်ဦး အလေးထားနေခြင်းဖြစ်သည်။ စတုတ္ထအချက်မှာ ကင်မရာမှာ မျက်လုံးတစ်လုံးသာဖြစ်ပြီး ကွန်ပြူတာနှင့်ချိတ်ဆက်ထားခြင်းမျိုး လုံးဝလုပ်ရန်မလိုပါ။ ပဉ္စမအချက်မှာ ကင်မရာသည့် တကယ့်ရုပ်သံစက်တစ်ခုဖြင့်ချိတ်ဆက်နိုင်သည့် ကင်မရာမျိုးဖြစ်ချင်ဖြစ်လိမ့်မည်။ ထိုသို့သော ကင်မရာမျိုးဖြစ်ပါက ကင်မရာကို ဖန်သားပြင်ကျယ်ကျယ်တီဗွီကြီးတစ်လုံးဖြင့် ချိတ်ဆက်ထားပြီး စာသင်ခန်းလုံးပြည့်ကျောင်းသားများကို ဆရာတစ်ယောက်က တခြားတစ်နေရာမှ လှမ်းသင်ပေးနိုင်ပါလိမ့်မည်။ အတိုချုပ်ပြောရလျှင် ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်များ၊ နည်းပညာတက္ကသိုလ်မှ ဘွဲ့ရကျောင်းသားများအနေဖြင့် တယ်လီဖုန်းချိတ်ဆက်နည်းပညာသစ်တစ်ခုကို တီထွင်ပြီး အရေးအသားနှင့် ဖတ်ရှုခြင်းတို့ကို အဝေးသင်နည်းစနစ်ဖြင့် သင်ကြားလာနိုင်စေမည့် အယူအဆများကို တင်ပြလိုက်ခြင်းဖြစ်ပါသည်။ အဆိုပါ ဗီဒီယိုတယ်လီဖုန်းများမှာ အလွန်အမင်းဈေးကြီးမည်မဟုတ်ပဲ၊ (အနည်းဆုံး ရွာတစ်

ရွာတွင် ကျောင်းတစ်ကျောင်းလောက်က) ဝယ်ယူသုံးစွဲနိုင်လိမ့်မည်ဟု မျှော်မှန်းရပါသည်။ ဤနည်းအားဖြင့် တစ်နိုင်ငံလုံးတွင် ၎င်းတို့၏အရည်အချင်းများကို အင်္ဂလိပ်စာပြဆရာများက မျှဝေနိုင်ပါလိမ့်မည်။

အင်တာနက် အောင်သွယ်လုပ်ငန်းများ*Internet "matchmaking" service.*

(က) အင်တာနက်ပေါ်မှ အောင်သွယ်လုပ်ငန်း – အမျိုးသားများ၊ အမျိုးသမီးများကို သူတို့၏အနာဂတ်လက်တွဲဖော်နှင့် ဆုံဆည်းနိုင်ရန် အကူအညီပေးနေသည့် အောင်သွယ်လုပ်ငန်းများလုပ်ကိုင်နေကြသည်မှာ အတော်ပင်ကြာပြီဖြစ်ပါသည်။ အမျိုးသားငယ်၊ အမျိုးသမီးငယ်များ တစ်ဦးနှင့်တစ်ဦးတွေ့ဆုံနိုင်ရန် ယနေ့ခေတ်တွင် အင်တာနက်ကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလျက်ရှိသည်။

(ခ) အောင်သွယ်လုပ်ငန်းလုပ်ဆောင်ပုံ – တယ်လီဖုန်းဖြင့် စာသင်ပေးမည့်ဆရာများနှင့် တယ်လီဖုန်းဖြင့် စာသင်လိုသူတပည့်များကိုချိတ်ဆက်ပေးမည့် အောင်သွယ်လုပ်ငန်းမျိုးကို မိမိအဆိုပြုလိုပါသည်။ တယ်လီဖုန်းဖြင့်ဆက်သွယ်သင်ကြားမည့် ဆရာ၊တပည့်အတွဲအဖက်ကိုရပြီဆိုသည့်အခါ သူတို့အချင်းချင်း မည်သို့မည်ပုံသင်ကြားကြမည်ဆိုသည်ကို စီစဉ်ကြလိမ့်မည်။ (စကားမစပ်ပြောရလျှင်၊ အင်္ဂလိပ်စာအထူးပြုကျောင်းသားများနှင့် စကားပြောဖော်လိုနေသော အမေရိကန် သက်ကြီးရွယ်အိုများကိုချိတ်ဆက်ပေးရန် ရည်ရွယ်ချက်ဖြင့် အလားတူ တစ်ဦးနှင့်တစ်ဦးချိတ်ဆက်ပေးသည့် ဝန်ဆောင်မှုကို တည်ထောင်နိုင်ပါသည်။ ဤကား စကားချပ်)

(ဂ) သတင်းအချက်အလက် ကူးသန်းရောင်းဝယ်ခြင်း – တယ်လီဖုန်းမှ သင်ကြားရေးအတွက် ချိတ်ဆက်ပေးသည့် ဝန်ဆောင်မှုနှင့်ပတ်သက်ပြီး အင်တာနက်ပေါ်မှ မည်သည့်သတင်းအချက်အလက်ကို မျှဝေပေးသင့်သနည်း။ အသက်၊ ပညာအရည်အချင်း၊ အင်္ဂလိပ်စာလေ့လာသည့်ကာလ၊ လေ့လာလိုသည့်အင်္ဂလိပ်ဘာသာစကားနယ်ပယ်၊ ကျောင်းသားဘက်မှ တယ်လီဖုန်းဖြင့်သင်ကြားရာတွင် ပေးနိုင်သည့်အချိန်ပမာဏ စသည်တို့ကိုသာ ဖော်ပြရန်လိုပြီး အချက်အလက် များများစားစားဖော်ပြရန်မလိုပါ။ ဆရာများက ကျောင်းသားများကိုရှာခြင်းက ကျောင်းသားများက ဆရာများကိုရှာခြင်းထက်ပိုကောင်းပါသည်။ ဆရာဘက်မှလည်း ဖော်ပြပါအခြေခံအချက်များနှင့် စာသင်ရန်ပေးနိုင်သည့် အချိန်တို့ကို ဖော်ပြပေးဖို့လိုပါသည်။ လုံခြုံရေးကိစ္စ (အထူးသဖြင့် ငယ်ရွယ်သူကျောင်းသားများ၏ ကိုယ်ရေးအချက်အလက်များ အွန်လိုင်းပေါ်သို့ ရောက်သွားခြင်း) ကိုလည်းဖြေရှင်းရပါမည်။ ထပ်ပြောရလျှင် ဤကိစ္စများရော၊ အခြားကိစ္စများပါ ဖြေရှင်းရမည်ဖြစ်သည်။

(ဃ) အကျိုးအမြတ်ကိစ္စ – မည်သူ့အတွက်မှ ဤကိစ္စတွင် အကျိုးအမြတ်မရှိသင့်ပါ။ တစ်ဦးနှင့်တစ်ဦးချိတ်ဆက်ပေးသည့်ဝဘ်ဆိုက်ကိုယ်၌ကပင်လျှင် အမြတ်မယူသည့် ဝဘ်ဆိုက်ဖြစ်ရပါမည်။ ပညာရေးဝန်ကြီးဌာနက ထောက်ပံ့ကြေးပေးထားသည့် ဝဘ်ဆိုက်မျိုးဖြစ်ရန်လိုပါသည်။ ယင်း၏အလုပ်သမားများကိုလည်း ဝန်ကြီးဌာနထောက်ပံ့မှုပေးသင့်ပါသည်။ ဤကိစ္စနှင့် အခြားကိစ္စများကို သေသေချာချာဆွေးနွေးသင့်ပါသည်။

အင်တာနက်ပေါ်မှ အယူအဆသစ်များနှင့် ပတ်သက်၍*On some kind of "new ideas" board, on the internet.*

(က) ရည်ရွယ်ချက်၊ စိတ်ကူးများတစ်ဆင့်မြင့်လာစေရန်၊ နှိုးဆွပေးရန် – လူထုထဲတွင် တီထွင်ဖန်တီးမှုအများအပြားစီးမျောနေသည်ဟု ထင်ရသည်။ လူ့အဖွဲ့အစည်းကိုအကျိုးပြုစေမည့် စိတ်ကူးစိတ်သန်းကောင်းများ လူအများအပြားတွင်ရှိနေကြသည်။ ပညာရေးနယ်ပယ်တွင်လည်း အလားတူပင် ရှိနေကြပါသည်။ သို့ရာတွင် လူများစုမှာ သူတို့စိတ်ကူးများကို အကောင်အထည်မဖော်နိုင်ကြ။ ငွေမရှိသဖြင့်၊ အချိန်မရသဖြင့်၊ အဆက်အသွယ်မရှိသဖြင့် စသည့်အကြောင်းအမျိုးမျိုးကြောင့် စိတ်ကူးကို အကောင်အထည်မဖော်နိုင်ကြပါ။ ထို့ကြောင့် တိရိစ္ဆာန်ဆေးရုံအပြင်ဘက်တွင် မလိုချင်တော့သော အိမ်မွေးတိရိစ္ဆာန်ကို ထားရစ်ခဲ့ကြသလို၊ မိမိတို့၏စိတ်ကူးများကို အခြားသူများအကောင်အထည်ဖော်စေနိုင်ခြင်းငှာ စိတ်ကူးများတင်ပြနိုင်သည့် ဝဘ်ဆိုက်တစ်ခုလွှင့်တင်လျှင် မကောင်းဘူးလား။ ထိုဝဘ်ဆိုက်မှနေပြီး လူထုထဲမှ အကြမ်းဖျဉ်းစိတ်ကူးထည်များရနိုင်ပြီး၊ အခြားသူများက ထိုစိတ်ကူးများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီး၊ တိုင်းပြည်၏တီထွင်ဖန်တီးမှုအလားအလာကို ထိန်းကျောင်းလာနိုင်စေမည်ဖြစ်သည်။ ဤတိုင်းပြည်တွင် ပင်ကိုယ်အရည်အချင်းရှိသူများ ဒုနှင့်ဒေးဖြစ်သည်။ အသုံးချခွင့်အပြည့်အဝမရကြသေးခြင်းသာဖြစ်သည်ကို ထပ်ပြီးပြောလိုပါသည်။

(ခ) အလုပ်လုပ်ပုံ၊ လက်ခံ၊ စစ်ဆေး၊ အသုံးချ – လူတစ်ယောက်မှာ အကြံရှိသည်။ သူတို့က ထိုအကြံကို အကျဉ်းချုပ်ရေးပြီး "စိတ်ကူးသစ်များ" ဝဘ်ဆိုက်ပေါ်သို့တင်လိုက်သည်။ မကြာခဏဆိုသလို ဝဘ်ဆိုက်မှ မန်နေဂျာများက လက်ခံရရှိလာသော အကြံဉာဏ်ပေါင်းများစွာကို စစ်ဆေးကြမည်။ ထို့နောက် သင့်လျော်သည့် ပညာရှင်ထံသို့ ထိုအကြံများကို ပို့လိုက်သည်။ ထိုပညာရှင်များက အကြံများကို အသုံးချလို့ ရ၊ မရဆုံးဖြတ်ပေးမည်။ အကြံတစ်ခုခုက အသုံးဝင်သည်ဆိုပါက ထုတ်ကုန်တစ်ခုကိုထုတ်လုပ်လာနိုင်မည်ဖြစ်သည်။

ပထမဆုံးအချက်မှာ "စိတ်ကူးသစ်များ" ဝဘ်ဆိုက်ကို (သိပ္ပံ၊ စိုက်ပျိုးရေး၊ လျှပ်စစ်၊ အိမ်ထောင်စု) စသည်ဖြင့် အမျိုးအစားများ ခွဲခြားနိုင်ပါသေးသည်။ ထိုသို့ခွဲခြားထားခြင်းအားဖြင့် စစ်ဆေးမှုဖြစ်စဉ်ကို ပိုမိုလွယ်ကူစေမည်ဖြစ်သည်။ ဒုတိယအချက်မှာ ထိုအကြံများကို တိုင်းပြည်အတွက်ပေးအပ်ခြင်းဖြစ်သည်။ မူပိုင်ခွင့်ယူပြီး၊ ငွေရှာလိုပါက လမ်းလွဲသွားပါလိမ့်မည်။ ဤစနစ်သည် အခမဲ့ပေးလှူခြင်းများအတွက်သာဖြစ်ပါသည်။

(ဂ)စနစ်ကို တာဝန်ယူလုပ်ဆောင်မည့်သူ – ဝဘ်ဆိုက်နှင့် ဝဘ်ဆိုက်ကို တာဝန်ယူလုပ်ဆောင်သည့်သူများသည် ဗဟိုအစိုးရ၏ ထိန်းချုပ်မှုအောက်တွင် ထားရှိနိုင်ပါသည်။ ဗဟိုအစိုးရက ဝဘ်ဆိုက်အတွက်အလုပ်လုပ်ပေးသည့်သူများကို လခပေးရပါလိမ့်မည်။

(ဃ) အမြတ်အစွန်းနှင့် မူပိုင်ခွင့် – စိတ်ကူးကိုတင်ပြခြင်းသာဖြစ်ပြီး၊ ဤသို့သောကိစ္စမျိုးနှင့်ပတ်သက်ပြီး ဥပဒေရေးဆွဲထားခြင်းရှိမရှိဆိုသည်ကို မိမိလည်းမသိပါ။ အကြံဉာဏ်တစ်ခုခုကို တင်ပြပြီးသည့်အခါ ယင်းသည် ဗဟိုအစိုးရပိုင် ပစ္စည်းဖြစ်သွားပါလိမ့်မည်။ အစိုးရက ယင်းကိုအသုံးချရင်ချ၊ တခြားကုမ္ပဏီတစ်ခုခုကိုပေးလျှင်ပေးနိုင်ပါသည်။

ဘာသာစကားလေ့လာရာတွင် အမှားကို ဆန်းစစ်ခြင်း*On "error analysis" in language learning.*

(က) မိမိတို့လုပ်သည့် အမှားများနှင့် ယင်းတို့၏ အသွင်အမျိုးမျိုး – မိမိတို့အထဲမှ အတော်ဆုံးဆိုသူများပင်လျှင် ကိုယ့်ဘာသာစကားကိုယ်ပြောရင်း အမှားပါတတ်သည်။ ဘာသာစကားတစ်ခုကိုလေ့လာနေသည့်သူများသည် အမှားတွေအများကြီးလုပ်မိနိုင်ပါသည်။ အများအားဖြင့် ယင်းအမှားများတွင် အသွင်အမျိုးမျိုးရှိနေပါသည်။

(ခ) အမှားကိုဆန်းစစ်ခြင်း၊ သဘောတရား၊ အသုံးပြုခြင်း၊ လက်တွေ့အသုံးချခြင်း၊ တကယ်တမ်း ကန့်သတ်ချက်များ – အမှားကို ဆန်းစစ်ဝေဖန်ခြင်းဟူသော နယ်ပယ်မှာ အင်မတန်ကြီးကျယ်သည့် ဘာသာရပ်တစ်ခုဖြစ်သည်။ ဤစာအုပ်တွင် ပါဝင်သည့်အတိုင်းအတာ၏ အလွန်တွင်ရှိသည့် ဘာသာရပ်ဖြစ်ပါ

သည်။ သို့ရာတွင် လေ့လာသူတစ်ဦး၏ လေ့လာမှုဖြစ်စဉ်ကို ၎င်းတို့လုပ်မိသည့်အမှားများ၏ သွင်ပြင်လက္ခဏာများကိုလေ့လာပြီး ဆုံးဖြတ်ကြည့်နိုင်ပါသည်။ လူတစ်ဦးချင်းစီ၏ လက်ဗွေရာကဲ့သို့ပင်ဖြစ်သည်။ ဤအချက်ကိုမူတည်ပြီး ကျောင်းသားတစ်ယောက်၏ လိုအပ်သည့်အကူအညီကို သိရှိနိုင်သည်။ အမှားနှင့် အမှန် အဖြေပုံစံတစ်ခုအတွင်းတွင် ကျောင်းသားတစ်ဦးလုပ်မိသော အမှားတိုင်းကို သင်မှတ်တမ်းတင်ထားမည်ဆိုပါက ယင်းကျောင်းသား၏ ပညာရေးကို အထောက်အကူပြုရန်လိုအပ်သော သတင်းအချက်အလက်မှုကြမ်းကိုသင်ရရှိနိုင်မည်ဖြစ်သည်။ ထိုအချက်အလက်များမှာ အင်မတန်တန်ဖိုးရှိပါသည်။ သို့ရာတွင် ကျောင်းသားတစ်ယောက်လုပ်သော အမှားများကို ချရေးရန်၊ ဆန်းစစ်ရန် အချိန်အများကြီးပေးရမည်ဖြစ်၍ လက်တွေ့ကျသည့်လုပ်ငန်းတော့မဟုတ်ပါ။ ကျောင်းသား အယောက် ၅၀ ရှိသော အတန်းတစ်တန်းအတွင်းမှ ကျောင်းသားတစ်ယောက်ချင်းစီအတွက် အမှားဆန်းစစ်ချက်လုပ်ရန် တွေးကြည့်ပါ။ ထို့ကြောင့် အမှားဆန်းစစ်ချက်ကို အပြည့်အဝအသုံးချသည့် ဆရာများမှာ မရှိသလောက်ပင်ရှားသည်။

(ဂ) အင်္ဂလိပ်ဘာသာစကားတွင် အသုံးပြုသော အမှားဆန်းစစ်ချက်၊ အလားအလာနှင့် စိန်ခေါ်မှုများ – ကျောင်းသားတစ်ယောက်လုပ်သော အမှားများကို ဆန်းစစ်ကြည့်သည့်အခါ အမှားများကို မည်သို့သော အမျိုးအစားခွဲများဖြင့် အစီအစဉ်ချထားသင့်သနည်း။ အက္ခရာများပါသည့် အင်္ဂလိပ်ဘာသာစကားကို အက္ခရာတစ်လုံးချင်းစီအဖြစ် စိတ်ပိုင်းကြည့်နိုင်သည်။ အက္ခရာ ၂၆ လုံးရှိသည်။ အင်္ဂလိပ်ဘာသာစကားသည် ၈၅ ရာခိုင်နှုန်း အသံထွက်ပုံမှန်ရှိပြီး၊ ၁၅ ရာခိုင်နှုန်းမှာ အသံထွက်ပုံမှန်မရှိသည့် ဘာသာစကားဖြစ်သည်။ ထို့ကြောင့် သဒ္ဒါအမှားများကိုထည့်မတွက်ပဲ အသံထွက်တစ်ခုတည်းကိုသာ ထည့်တွက်မည်ဆိုပါက ကျောင်းသားတစ်ဦး၏ ဖတ်ရှုခြင်းအမှားများကို အမျိုးအစားခွဲရန် တစ်ပြုံကြီးရလာလိမ့်မည်။ (အချိန်တွေအများကြီးရပြီး၊ မှတ်စုစာအုပ်တစ်အုပ်၊ ဘောပင်တစ်ချောင်း) ကိုင်ထားသည့် စိတ်ရှည်သော ဆရာတစ်ဦးဖြစ်ပါက ကျောင်းသားတစ်ယောက်၏ အမှာများကို မှတ်သားပြီး ဆန်းစစ်ကြည့်နိုင်ပါသည်။ အသံကို မှတ်မိသိရှိသောနည်းပညာသုံးထားသည့် ကွန်ပြူတာပရိုဂရမ်ကိုသုံးပြီး အမှားဆန်းစစ်မှုကိုလုပ်ရန်ခက်ပါသည်။ အကြောင်းမှာ ပုံသေမဟုတ်သော အသံထွက်အမျိုးမျိုးကို ရွေးချယ်ရန်များလွန်း၍ဖြစ်ပါသည်။ ထို့ကြောင့် ကွန်ပြူတာနည်းပညာသုံးပြီး ဖတ်ရှုမှုအမှားများကို လေ့လာဆန်းစစ်သည့် အလိုအလျောက်စနစ်မျိုးမှာ အင်္ဂလိပ်ဘာသာစကားအတွက် ယခုအချိန်ထိ ဖြစ်နိုင်ခြေမရှိသေးခြင်းဖြစ်သည်။

နိဂုံး**Conclusion**

ဤအခန်းတွင် ဗီဒီယိုတယ်လီဖုန်းများဖြင့် အဝေးသင်စနစ်ပညာရေးအကြောင်း၊ အင်တာနက်ပေါ်မှ အောင်သွယ်(တစ်ဦးနှင့်တစ်ဦးချိတ်ဆက်ပေးသည့်) ဝန်ဆောင်မှုအကြောင်း၊ အင်တာနက်အခြေပြု "အကြံဉာဏ်သစ်များ" တင်ပြနိုင်သည့် သတင်းလွှာ၊ ဘာသာစကားလေ့လာရာတွင် အမှားကိုဆန်းစစ်ခြင်းအကြောင်းတို့ကို ဆွေးနွေးတင်ပြခဲ့ပါသည်။ ဤသည်မှာ ယခင်အခန်းများ၌ တင်ပြခဲ့သည့်အကြောင်းအရာများ၏ နောက်ဆက်တွဲသာဖြစ်ပါသည်။ အလားတူနောင်ဖြစ်ပေါ်လာမည့်ကိစ္စရပ်များ၏ အဦးအစဟုလည်း ဆိုနိုင်ပါသည်။ တကယ့်စာအုပ်စစ်စစ်မှာမူ မြန်မာလူမျိုးများကိုယ်တိုင်ရေးပြီးမှ ထွက်ရှိလာမည့်စာအုပ်ဖြစ်ပါသည်။ ဤစာအုပ်မှာ ကောက်ရိုးပုံထဲသို့ ခြစ်ပြီးပစ်ထည့်လိုက်သည့် မီးခြစ်ဆံတစ်ချောင်းမျှသာ ဖြစ်ပါသည်။ ဤအခန်း ၇ နှင့် အလားတူအခန်းများမှာ လက်ရှိစတင်ပြီးဖြစ်သော၊ အောင်မြင်ပြီးမြောက်ပြီးဖြစ်သော အရာများအပေါ်တွင် တည်ဆောက်မည့် နက်ရှိုင်းသော ယဉ်ကျေးမှုနှင့် တီထွင်ဖန်တီးမှု အခြေခံအဆောက်အအုံကို မြန်မာလူမျိုးများအကြားပေါ်ပေါက်လာစေရန် စေ့ဆော်တိုက်တွန်းနိုင်လိမ့်မည်ဖြစ်သည်။

# အခန်း ၈
# နိဂုံး
# VIII. Conclusion.

ဤစာအုပ်မှာ ပြီးခါနီးပါပြီ။ ဤနေရာထိရောက်အောင် စိတ်ရှည်ရှည်ဖြင့် ဖတ်ခဲ့ပါပကောလား။ အထောက်အကူဖြစ်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

နားထောင်မည့်သူတိုင်းအတွက် သတင်းစကားတစ်ခုပါးရန် ဤစာအုပ်ကိုရေးခဲ့ခြင်းဖြစ်သည်။ သင်ပဲဖြစ်ဖြစ်၊ မည်သူ့ကိုပဲဖြစ်ဖြစ် ဖျော်ဖြေရန်ရည်ရွယ်ပြီး ဤစာအုပ်ကိုရေးထားခြင်းမဟုတ်ပါ။ ယခု ၂၀၀၃ ခုနှစ်တွင် မိမိသည် တရုတ်ပြည်၌ အင်္ဂလိပ်ဘာသာစကားသင်ပေးလာသည်မှာ ၇ နှစ်ရှိပါပြီ။ ထို ၇ နှစ်တာကာလအတွင်းတွင် စာသင်ခန်းထဲတွင်ဖြစ်စေ၊ မိမိနေထိုင်ရာ တိုက်ခန်းတွင်ဖြစ်စေ၊ မိမိလှည့်လည်နေထိုင်ခဲ့ရာ မြို့ကြီးများ၊ မြို့ငယ်များ၏ လမ်းများပေါ်တွင် သွားရင်းလာရင်းဖြစ်စေ၊ နိုင်ငံအဝှမ်း ခရီးလှည့်လည်သွားလာရာတွင်ဖြစ်စေ အကြောင်းအရာပေါင်းစုံကို မိမိ မြင်ခဲ့၊ တွေ့ခဲ့၊ ကြားခဲ့၊ တွေးတောကြည့်ခဲ့မိပါသည်။ မိမိရှာဖွေတွေ့ရှိခဲ့သည်များကို အများသူငါသိရှိအောင်ပြောဖို့လိုသည်ဟု မိမိတကယ့်ကိုထင်မြင်မိသည်။

ဤစာအုပ်ကို ၂၀၀၃ ခုနှစ် ဆားစ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ရေးသားခဲ့ခြင်းဖြစ်သည်။ မိမိသင်နေကျ သင်တန်းအများအပြားကို ပိတ်ထားလိုက်ရသည်။ မိမိမှာ လုပ်စရာလည်းမရှိ၊ ဘယ်မှလည်းသွားလို့မရဖြစ်နေသည်။ မိမိအနေဖြင့် "ပီကင်းတွင် ရက်ပေါင်း ၅၀ " နေနေစဉ်ကာလအတွင်း ဤစာအုပ်ကိုရေးမည်ဟု ဆုံးဖြတ်လိုက်ပါသည်။ စိတ်ကူးများ မိမိဦးနှောက်ထဲမှထွက်လာပြီး ထိုမှတစ်ဆင့် စာမျက်နှာပေါ်သို့ချရေးဖြစ်ပါတော့သည်။ ဤစာအုပ်အား ၂၀၀၁ ခုနှစ်စာသင်နှစ်အတန်းအတွက် ရေးသားခဲ့ခြင်းဖြစ်သည်။ ထိုအချက်ကြောင့်ပင် ဤစာမူတွင်အစီအစဉ်နှင့် ပုံစံတကျရေးသားမှုနောက်ကို အရှူးအမူးလိုက်ခဲ့ခြင်းဖြစ်သည်။ စာအုပ်၏ ကောက်ကြောင်းနှင့် တကယ်ချရေးဖြစ်သည့် စာတို့မှာ စာအရေးအသားပုံစံတစ်ရပ်အဖြစ် အသုံးဝင်စေလိမ့်မည်ဟု မျှော်လင့်ပါသည်။ အင်္ဂလိပ်ဘာသာစကားကိုလေ့လာနေပြီး ဘယ်လမ်းကိုလိုက်ရမည်မသိဖြစ်နေသူအားလုံးအတွက် ဤစာအုပ်ကိုရေးသားထားခြင်းဖြစ်သည်။ ဤအခန်းတွင် ယခင်အခန်းများက တင်ပြခဲ့သည်များကို ပြန်လည်သုံးသပ်သွားမည်ဖြစ်သည်။ သင့်အတွက် မေးခွန်းတစ်ခုချန်ထားရစ်ခဲ့ပါမည်။ တကယ်တမ်းတော့ အင်္ဂလိပ်ဘာသာစကားအတွက် မေးခွန်းပေါင်းများစွာ၊ ဆွေးနွေးရန်အကြောင်းအရာများမှာ ကုန်ဆုံးသည်မရှိပါ။

စာအုပ်ကိုအကျဉ်းချုပ်ပြန်လည်သုံးသပ်ခြင်း***Brief review of the book.***

ယနေ့ခေတ်တွင် အင်္ဂလိပ်ဘာသာစကားကိုလေ့လာနေသည့်သူများအများအပြားပင်ရှိသည်။ ကျိုင်းကောင်များလို၊ အာတိတ်ဒေသမှ အုပ်စုလိုက် တစ်ဖွတ်ထိုးအစာရှာထွက်ကြသော လစ်မင်ကြွက်များလို စိတ်မြဲမြံမှုဖြင့် အင်္ဂလိပ်ဘာသာစကားနောက်ကို လိုက်ကြသည်။ ဖွံ့ ဖြိုးတိုးတက်ခြင်းမရှိသော ဒေသများတွင် စိတ်အားတက်ကြွမှု တစ်စတစ်စဆုတ်ယုတ်အားလျော့သွားကြသည့်လူဦးရေပမာဏမှာ မြင့်မားလှသည်။ မည်သူမျှ အင်္ဂလိပ်ဘာသာစကားတွင်နှစ်မြှုပ်လုပ်ကိုင်နိုင်ကြခြင်းမရှိကြပါ။ လူများစုမှာ မူလတန်း၊ အလယ်တန်းပြ အင်္ဂလိပ်ဆရာများအဖြစ် ဘဝတစ်လျှောက်လုံးလုပ်သွားကြသူများလည်းရှိပါသည်။ အင်္ဂလိပ်စာသုံးစွဲမှုနည်းပါးလှသော အလုပ်ခွင်ဟူသည့် အက်ကွဲကြောင်းထဲသို့ချော်ကျသွားသူများမှာမူ ၎င်းတို့၏ အင်္ဂလိပ်ဘာသာစကားစွမ်းရည်များလုံးလုံးလျားလျားဆုံးရှုံးသွားကြပြီး ဘာသာစကားအားဖြင့် သေဆုံးသွားကြတော့သည်။ လူအများအပြားမှာ သူတို့ဖြူကာပြာကာကျအောင်လေ့လာခဲ့ကြရသော အင်္ဂလိပ်ဘာသာစကားစွမ်းရည်များဆုံးရှုံးခံလိုက်ကြရတော့သည်။

ဤစာအုပ်မှာ အတွေးအခေါ်ပိုင်းဆိုင်ရာစာအုပ်ဖြစ်သည်မှာ အမှန်ပင်ဖြစ်သည်။ အင်္ဂလိပ်စာလေ့လာနည်း စာအုပ်မဟုတ်ပါ။ အင်္ဂလိပ်စာလေ့လာမှုနှင့် ပတ်သက်ပြီး ဤနိုင်ငံတွင်ယနေ့ကြုံရသည့် အဓိကပြဿနာမှာ အတွေးအခေါ်များနှင့် သဘောထားများနှင့် ပတ်သက်နေပါသည်။ ယင်းလိုအပ်ချက်များကို လမ်းမှန်သို့ရောက်အောင်လုပ်ရပါမည်။ ထိုလိုရင်းအချက်ကိုရောက်ရန် မဖြစ်ခင်ကကြိုပြီးဆောင်ရွက်သည့်ပုံစံကိုလိုက်သည့် အဖြေများ၊ ဖြစ်လာမှ ဖြေရှင်းသည့်ပုံစံကိုလိုက်သည့် အဖြေများနှင့် အခြားသောအကြံပြုချက်များကိုပါ တင်ပြခဲ့ပါသည်။ အဖြေအားလုံးပေးထားသည်ဟု အခိုင်အမာမပြောလိုပါ။ ပဟေဠိတစ်ခုအတွင်းရှိ လျှို့ဝှက်ဆန်းကြယ်မှုထဲမှ စကားထာတစ်ခုဟုဆိုရမည့် မေးခွန်းများသာ တကယ်တမ်းတွင်ကျန်ရစ်ခဲ့ပါသည်။

ကြီးကျယ်သောမေးခွန်းများ***The Big Questions.***

အင်္ဂလိပ်စာလေ့လာနေသည့် တရုတ်ပြည်မှလူတိုင်းကို ယင်းမေးခွန်းများမေးခဲ့ပါသည်။ အင်္ဂလိပ်စာလေ့လာသည့်အခါ သင်ဘာတွေလုပ်သနည်း။ ဘာကြောင့် လေ့လာသနည်း။ အင်္ဂလိပ်ဘာသာစကားကို အသုံးချသည့်သူတစ်ယောက်အနေဖြင့် နောင်ကျဘာလုပ်မည်နည်း။ ထိုသို့သောသူမျိုးဖြစ်လာရန် ဘယ်လိုလုပ်မည်နည်း။ အင်္ဂလိပ်စာမှာ နည်းလမ်းလား၊ ပန်းတိုင်လား။ သင်ရည်မှန်းသည့်နေရာသို့ရောက်သည့်အခါ သင်ဘာလုပ်မည်နည်း။ အင်္ဂလိပ်စာမှာ ပိုကောင်းမွန်သည့်အနာဂတ်အတွက် ပေါင်းကူးအဖြစ်ပြောလေ့ရှိကြသည်။ သို့ရာတွင် ထိုပေါင်းကူးတံတားနှင့်တံတားအောက်မှချောက်၊ တံတား၏ အခြားတစ်ဖက်ကို သေသေချာချာလေ့လာဖူးပါသလား။

အခက်အခဲများ***Problems.***

အင်္ဂလိပ်စာအသိပညာမှာ ကမ္ဘာပြုဖြစ်စဉ်၏ မရှိမဖြစ်အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု တစ်ချို့က ဆိုကြပါလိမ့်မည်။ သို့မဟုတ် တခြားအရာရောမဖြစ်နိုင်ဘူးလား။ လူတော်တော်များများက အင်္ဂလိပ်ဘာသာစကားကို ကောင်းကင်ဘုံသို့တက်သည့်လှေကားလို ဖက်တွယ်ထားကြသည်။ ပြီးခဲ့သည့်နှစ်ပေါင်းနှစ်ဆယ်လောက်အတွင်းဖြစ်ပေါ်ခဲ့သည်များမှာ စီးပွားရေးနှင့် လူအစုအဖွဲ့များ၏ စိတ္တဗေဒ၏ တွန်းအားကြောင့်ဖြစ်ပေါ်လာသည့် ရိုက်စားလုပ်မှု၊ ယုံကြည်မှုလှည့်ကွက်ကြီးတစ်ခုပင်ဖြစ်သည်ဟု မိမိထင်သည်။ ထိုအချက်က " ဂေါ်ဒေါ့ကို စောင့်လို့မပြီးသည့် "၊ " အယ်လ်ဒိုရာဒိုကို လိုက်ရှာနေသည့် " မျိုးဆက်တစ်ဆက်လုံးကို လှည့်ဖျားလိုက်ခြင်းပင်ဖြစ်သည်။ လုံးဝဥဿုံတိုးတက်မှုမဟုတ်ပဲ၊ နှိုင်းရတိုးတက်မှုနောက်ကိုလိုက်နေသည့် မျိုးဆက်တစ်ဆက်လုံးကို လှည့်ဖျားလိုက်ခြင်းဖြစ်သည်။ ပါတီပွဲတစ်ခုအကြောင်းကောလာဟလထွက်လာပြီး အားလုံးကိုဖိတ်ခေါ်ကြောင်း ပြောသံဆိုသံတွေထွက်လာသည်။ လူတိုင်းက သူတို့၏ ညနေခင်းပွဲတက်အဝတ်အစားများကိုဝတ်ကြ၊ ပွဲကိုတက်လာကြပြီးနောက် ဘာမှမဟုတ်သည့် အချီးနှီးကိစ္စဆိုသည်ကို ရုတ်တရက်သိလိုက်ကြရသည်။ လူအနည်းငယ်ကသာ အမှန်ကိုသိမြင်လိုက်ကြရသည်ဟု မိမိထင်ပါသည်။

စလုပ်ကြည့်ပါ***Take action.***

လူတိုင်းကိုဘာလုပ်ကြပါဟု မိမိအနေဖြင့်မပြောသင့်ဟုထင်ပါသည်။ မိမိ၏ တပည့်ဆိုးများကိုပင် ဘာလုပ်ပါဟု မိမိမပြောသင့်ဟုထင်သည်။ သို့ရာတွင်

အင်္ဂလိပ်ဘာသာစကားပုပေါင်းကြီးမပေါက်မီ အောက်ပါတို့ကို စဉ်းစားပါ။ ဘေးကိုခဏထွက်ရပ်လိုက်ပါ။ တစ်ချက်ရပ်ပြီး စဉ်းစားပါ။ သင့်အစီအစဉ်များကိုဆွဲပြီး ယင်းတို့ကိုအကောင်အထည်ဖော်ဆောင်ရွက်ပါ။ သက်သောင့်သက်သာရှိပါစေ။ တခြားသူများမှာ သင့်အရင် ပန်းတိုင်ကိုရောက်နှင့်ကြပြီဖြစ်ပြီး၊ ပါတီတွင် ကျွေးမွေးသည်များကို အားလုံးစားပစ်လိုက်ကြပြီဖြစ်သည်။ သင့်အတွက် စားကြွင်းစားကျန်များသာကျန်တော့သည်။ အင်္ဂလိပ်ဘာသာစကားကို ပန်းတိုင်တစ်ခုအဖြစ် မေ့လျော့ပါ။ ပန်းတိုင်ကိုသွားသည့်နည်းလမ်းအဖြစ် မခံယူပါနှင့်။ သင့်နည်းသင့်ဟန်ဖြင့် အင်္ဂလိပ်ဘာသာစကားကို လေ့လာပါ။ ဤအချက်နှင့်အခြားအချက်များမှာ နိုင်ငံခြားသားဆရာမရှိပဲ အင်္ဂလိပ်ဘာသာစကားကို ဘယ်နေရာရောက်နေနေ ကိုယ်တိုင်လေ့လာရန် နည်းလမ်းများ၏အစိတ်အပိုင်းပင်ဖြစ်ပါသည်။ ကြိုးစားကြည့်ပါ။ အင်္ဂလိပ်ဘာသာစကားပုပေါင်း၏ပရိယာယ်များကလွဲပြီး သင့်အတွက်ဆုံးရှုံးစရာမရှိပါ။

စာအုပ်၏ရည်ရွယ်ချက်***Purpose of this book.***

ဤစာအုပ်ကိုအခြားစာအုပ်များနှင့် ယှဉ်ထိုးရန်မဟုတ်ပါ။ တကယ်တော့ အခြားစာအုပ်များနှင့် ယှဉ်ထိုးခြင်းမပြုနိုင်ပါ။ အကြောင်းမှာ ယနေ့ဤနိုင်ငံတွင် မရှိသေးသော ဆွေးနွေးမှုခေါင်းစဉ်များကို လမ်းဖွင့်ပေးလိုက်သဖြင့် အခြားစာအုပ်များနှင့် ယှဉ်ထိုးလို့မရခြင်းဖြစ်သည်။ သင့်အတွက် လက်တွေ့အခြေအနေကို စစ်ဆေးကြည့်ခြင်း၊ လှုပ်နှိုးလိုက်ခြင်းသာဖြစ်သည်။ သင့်ကိုမေးခွန်းများမေးမြန်းခြင်း၊ သင်တွေးတောမိလာအောင်စေ့ဆော်ခြင်းသာဖြစ်သည်။ ဆက်လုပ်ရမည်မှာ သင့်အပေါ်တွင်သာမူတည်ပါသည်။

နိဂုံး***Conclusion.***

နိဂုံးချုပ်ပါတော့မည်။ အတော်များများပြောခဲ့ပြီးပါပြီ။ ဆားစ်ရောဂါဖြစ်ပွားမှုရပ်သွားပြီဟု ကြေညာပြီးနောက်တွင် မိမိအတွက် တခြားလုပ်စရာတွေပေါ်လာပါလိမ့်မည်။ ယခု သင်နှင့်သင့်အပေါင်းအသင်းများအနေဖြင့် ဆက်လက်ဆွေးနွေးကြရန်သာဖြစ်ပါသည်။ အကယ်၍ ဤစာအုပ်ကိုနှစ်သက်သည်ဆိုပါက တခြားသူများကိုလည်း လက်ဆင့်ကမ်းလိုက်ပါ။ စာအုပ်ကိုဝင်ရောက်ဖတ်ရှုနိုင်သည့် ဝဘ်ဆိုက်လိပ်စာကို တခြားတစ်ယောက်ကို ၊ ဒါမှမဟုတ် နှစ်ယောက်ကိုပေးလိုက်ပါ။ အင်္ဂလိပ်စာလေ့လာနေသည့် မြန်မာပြည်မှ လူတွေအားလုံး အင်္ဂလိပ်စာကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြံဆသုံးစွဲနိုင်ကြမည်ဟု မျှော်လင့်ပါသည်။ နိုင်ငံခြားသားဆရာမရှိပဲ ဘယ်နေရာရောက်နေနေ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အင်္ဂလိပ်စာကိုလေ့လာနိုင်ကြမည်ဟု မျှော်လင့်ပါသည်။

စတီဖင်၊ ဗန်၊ ဝှစ်။ **—by Stephen C. Van Wyck.**

မြန်မာပြန် – ကျော်သွင်ကို